# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# နှစ်ပတ်လည် အစီရင်ခံစာ

## ၂၀၁၈ ခုနှစ်

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ မေလ

# နှစ်ပတ်လည် အစီရင်ခံစာ

## ၂၀၁၈ ခုနှစ်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ
ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း ■ ပထမအကြိမ်
၂၀၁၉ ခုနှစ်၊ ဇွန်လ

အုပ်ရေ ■ ၁၀၀၀

အဖုံးနှင့် အတွင်းပုံနှိပ် ■ ပုံရိပ်ရှင် ပုံနှိပ်လုပ်ငန်း
အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ၉ ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ ■ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း ၀၁ ၆၅၄၆၈၁၊ ၀၁၆၅၄၆၇၀

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၂၀၁၈ ခုနှစ် အစီရင်ခံစာ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **နိဒါန်း** | ၁ |
| | ▪ ကော်မရှင်ဖွဲ့စည်းခြင်း | ၁ |
| | ▪ ကော်မရှင်ရုံးဖွဲ့စည်းမှု | ၁ |
| ၂။ | **လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ အလုပ်ရုံသင်တန်းများ ကျင်းပခြင်း | ၂ |
| | ▪ ၂၀၁၈ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော အလုပ်ရုံသင်တန်းများ | ၂ |
| | ▪ ကော်မရှင်ရုံးဝန်ထမ်းများအတွက် ကျေးလက်ဒေသ လူ့အခွင့်အရေး ပညာပေးသူများသင်တန်း | ၅ |
| | ▪ ရပ်ရွာလူထုအတွင်း လူ့အခွင့်အရေး အသိပညာပေးဆွေးနွေးပွဲများ ကျင်းပခြင်း | ၆ |
| | ▪ တပ်မတော်စစ်ကျောင်းကြီးများတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချခြင်း | ၆ |
| | ▪ ရဲအရာရှိ ရဲအတတ်သင်ကျောင်းများနှင့် အကျဉ်းဦးစီးဌာနများတွင် သွားရောက်ပို့ချခြင်း | ၆ |
| | ▪ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းအကြိုသင်တန်းများ သွားရောက် ပို့ချခြင်း | ၇ |
| | ▪ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သွားရောက်ပို့ချခြင်း | ၇ |
| | ▪ ပြင်ပသင်ခန်းစာများ သွားရောက်ပို့ချခြင်း | ၇ |
| | ▪ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဆောင်ရွက်ချက်များ | ၇ |
| | ▪ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို တိုင်းရင်းသားဘာသာဖြင့် မိတ်ဆက်ဖြန့်ချိခြင်း | ၈ |
| | ▪ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း နှစ် (၇၀) ပြည့် အထိမ်းအမှတ် စကားဝိုင်း ပြုလုပ်ခြင်း | ၈ |
| | ▪ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနား ပြုလုပ်ခြင်း | ၈ |
| | ▪ စာကြည့်တိုက် (Resource Center) ဖွင့်လှစ်ထားရှိခြင်း | ၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | **လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ ၂၀၁၈ ခုနှစ်အတွင်း တိုင်တန်းချက်များအပေါ် ဆောင်ရွက်မှု အခြေအနေ - | ၉ |
| | ▪ တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း ------ | ၁၄ |
| | ▪ အကျဉ်းထောင်များ၊ အလုပ်စခန်းများ၊ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံး အချုပ်ခန်းများ၊ ဆေးရုံအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခြင်း ------ | ၂၁ |
| | ▪ လူငယ်သင်တန်းကျောင်းများအား ကြည့်ရှုစစ်ဆေးခြင်း ------------ | ၃၃ |
| | ▪ ကော်မရှင်ရုံးသို့ ခေါ်ယူစစ်ဆေးခြင်း ---------------------------- | ၃၄ |
| ၄။ | **ဥပဒေရေးရာဆောင်ရွက်ချက်များ** | |
| | ▪ တရားဥပဒေရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မှုများ -- | ၃၆ |
| | ▪ အကြံပြုချက်နှင့် သဘောထားမှတ်ချက်များ ပေးပို့ခြင်း ------------- | ၃၇ |
| ၅။ | **နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း -------------------------- | ၃၉ |
| | ▪ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း -------------------------------------- | ၄၁ |
| | ▪ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (GANHRI) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ------------------------ | ၄၂ |
| | ▪ အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်စွာ ပြုကျင့်သည့် ရာဇဝတ်မှုများ ဆန့်ကျင်ရေး ကမ္ဘာလုံးဆိုင်ရာ အရေးယူဆောင်ရွက်မှု တတိယအကြိမ် ကမ္ဘာ့အစည်းအဝေးသို့ ပါဝင် တက်ရောက်ခြင်း ----------------- | ၄၄ |
| | ▪ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း --- | ၄၅ |
| | ▪ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ------------------------------------ | ၄၅ |
| | ▪ Democracy Reporting International (DRI) အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း -------------------------------------- | ၄၆ |
| | ▪ ကော်မရှင်အဖွဲ့ဝင်များ ပြည်ပ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများ တက်ရောက်ခြင်း ------------------------------------------ | ၄၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- ကော်မရှင်ရုံး ဝန်ထမ်းများ ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေး တက်ရောက်မှုများ ---------------------------- ၄၈
- ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ လာရောက်တွေ့ဆုံမှုများ ------- ၄၈
- နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ထူးခြားဆောင်ရွက်ချက်များ ------- ၄၈

၆။ **စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များ**

- ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ---------------------------------- ၅၀
- စီမံရေးရာကိစ္စရပ်များ ---------------------------------------- ၅၁
- ဝန်ထမ်းရေးရာကိစ္စရပ်များ ---------------------------------- ၅၁
- ကော်မရှင်ရုံး အဆောက်အဦအခြေအနေ ---------------------- ၅၃
- ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ ------------------------------- ၅၅
- ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စုဆောင်းငွေ ---- ၅၅
- ကော်မရှင်ရုံး ဝန်ထမ်းများလူမှုဖူလုံရေးစနစ်သို့ ဝင်ရောက်ခြင်း ------- ၅၅

၇။ **ကော်မရှင် တစ်ရပ်လုံးပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ**

- ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း --------------- ၅၆
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများနှင့် တွေ့ဆုံခြင်း ------------------------------- ၅၈
- နိုင်ငံတွင်းလူ့အခွင့်အရေးဆိုင်ရာ ကော်မတီများတွင် ပါဝင်ဆောင်ရွက်မှုများ - ၅၉

၈။ **သုံးသပ်ချက်များ**

- လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ သုံးသပ်ချက်များ -- ၆၁
- အကျဉ်းထောင်၊ အကျဉ်းစခန်းများ စစ်ဆေးမှုအပေါ် သုံးသပ်ချက် ---- ၆၃
- ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ်သုံးသပ်ချက် - ၆၆
  - ➢ ကာကွယ်ရေးဝန်ကြီးဌာန -------------------------------- ၆၆
  - ➢ ပြည်ထဲရေးဝန်ကြီးဌာန ----------------------------------- ၆၈
  - ➢ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန - ၇၀
  - ➢ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ---------------------------------------------- ၇၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် သုံးသပ်ချက် ---------- ၇၄
    - ➢ ရန်ကုန်တိုင်းဒေသကြီး ---------- ၇၄
    - ➢ မန္တလေးတိုင်းဒေသကြီး ---------- ၇၅
    - ➢ ပဲခူးတိုင်းဒေသကြီး ---------- ၇၅
    - ➢ ရခိုင်ပြည်နယ် ---------- ၇၅
    - ➢ ရှမ်းပြည်နယ် ---------- ၇၆
    - ➢ ဧရာဝတီတိုင်းဒေသကြီး ---------- ၇၆
- အခြားဌာန၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် သုံးသပ်ချက် - ၇၇

၉။ **အကြံပြုချက်များ**

- အကျဉ်းထောင်ဆိုင်ရာ အကြံပြုချက်များ ---------- ၇၈
- ဥပဒေရေးရာဆိုင်ရာ အကြံပြုချက် ---------- ၈၄

၁၀။ **ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

- လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ---------- ၈၄
- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ---------- ၈၅
- နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ---------- ၈၅
- စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ---------- ၈၆

၁၁။ **နိဂုံး** ---------- ၈၇

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၂၀၁၈ ခုနှစ် အစီရင်ခံစာ
# နိဒါန်း

## ကော်မရှင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် ၂၁ ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၃/၂၀၁၄) ဖြင့် အဖွဲ့ဝင် ၁၁ ဦး ပါဝင်သည့် "မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်" ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ၄ ဦး ဆန္ဒအလျောက် နုတ်ထွက်သွားခဲ့ကြပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့၌ နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၂၀/၂၀၁၈) ဖြင့် ကော်မရှင်အဖွဲ့ဝင် ၃ ဦးအား ဖြည့်စွက်ခန့်ထားခဲ့သဖြင့် ၂၅-၄-၂၀၁၈ ရက်နေ့မှစ၍ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အောက်ဖော်ပြပါ ပုဂ္ဂိုလ် ၁၀ ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

| | | |
|---|---|---|
| (က) | ဦးဝင်းမြ | ဥက္ကဋ္ဌ |
| (ခ) | ဦးစစ်မြိုင် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးယုလွင်အောင် | အဖွဲ့ဝင် (စီမံ/ဘဏ္ဍာနှင့် ကာကွယ်စောင့်ရှောက်) |
| (ဃ) | ဦးညွန့်ဆွေ | အဖွဲ့ဝင် (နိုင်ငံတကာ) |
| (င) | ဒေါက်တာမြင့်ကြည် | အဖွဲ့ဝင် (ကာကွယ်စောင့်ရှောက်) |
| (စ) | ဦးခင်မောင်လေး | အဖွဲ့ဝင် (မြှင့်တင်/ပညာ) |
| (ဆ) | ဦးစိုးဘုန်းမြင့် | အဖွဲ့ဝင် (ဥပဒေ) |
| (ဇ) | ဦးစိန်သန်း | အဖွဲ့ဝင် (ဥပဒေ) |
| (ဈ) | ဦးညွန့်တင် | အဖွဲ့ဝင် (မြှင့်တင်/ပညာ) |
| (ည) | ဒေါက်တာဒေါ်တင်မေထွန်း | အဖွဲ့ဝင် (ကာကွယ်စောင့်ရှောက်) |

## ကော်မရှင်ရုံးဖွဲ့စည်းမှု

၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးရှိ ဌာနကြီး ၅ ခုမှာ-

(က) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၊ (မြှင့်တင်/ပညာ)

(ခ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊ (ကာကွယ်စောင့်ရှောက်)

(ဂ) ဥပဒေရေးရာဌာန၊ (ဥပဒေ)

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန၊ (နိုင်ငံတကာ)

(င) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန၊ (စီမံ/ဘဏ္ဍာ) တို့ဖြစ်ကြပါသည်။

## လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### အလုပ်ရုံသင်တန်းများ ကျင်းပခြင်း

၃။ လူ့အခွင့်အရေးကို အလေးထားသည့် ယဉ်ကျေးမှုထွန်းကားလာစေရေးနှင့် ငြိမ်းချမ်းသော ဒီမိုကရေစီ လူ့ဘောင်တည်ဆောက်ရာတွင် နိုင်ငံ့ဝန်ထမ်းများသည် အဓိကကျသည့် အခန်းကဏ္ဍ၌ ပါဝင်သဖြင့် နိုင်ငံ့ဝန်ထမ်းများအတွင်း အသိပညာများ တိုးပွားစေရန် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ အရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းများကို ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်းတွင် လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ၄ ကြိမ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း ၃ ကြိမ်၊ အကျဉ်းထောင်အရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း ၂ ကြိမ် ပြုလုပ်ပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်အတွင်းတွင် ခရိုင်အဆင့်များအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း ၄ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

### ၂၀၁၈ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော အလုပ်ရုံသင်တန်းများ

၄။ ခရိုင်အဆင့် နိုင်ငံ့ဝန်ထမ်း အရာထမ်းများအတွက် အလုပ်ရုံသင်တန်း ၆ ကြိမ်၊ ခရိုင်အဆင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဝင်များအတွက် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း ၆ ကြိမ်[၁]၊ အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း ၆ ကြိမ်တို့ကို အောက်ပါတိုင်းဒေသကြီး ၅ ခု အတွင်းရှိ ခရိုင် ၆ ခုတွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်–

(က) ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊
(ခ) ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊
(ဂ) မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊
(ဃ) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊
(င) တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊
(စ) မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊

၅။ **အလုပ်ရုံ သင်တန်းများပြုလုပ်ရသည့် ရည်ရွယ်ချက်များ**။ အလုပ်ရုံ သင်တန်းများပြုလုပ်ရသည့် ရည်ရွယ်ချက်များမှာ အောက်ပါတို့ဖြစ်ပါသည်–

---

၁ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် NGOs Child Rights Working Group (NCRWG) အဖွဲ့များက ကော်မရှင်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြပါသည်။

(က) လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတများကို ခရိုင်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာ တာဝန်ရှိသူများမှတစ်ဆင့် ပြန့်ပွားစေရန်၊

(ခ) နိုင်ငံ့ဝန်ထမ်း အရာထမ်းများသည် လူ့အခွင့်အရေး၏ အခြေခံ အယူအဆများ၊ သဘောတရားများ၊ ဗဟုသုတများမှန်ကန်စွာသိရှိပြီး နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် လူ့အခွင့်အရေး အသိတရားများဖြင့် ယှဉ်တွဲဆောင်ရွက်နိုင်ကြစေရန်၊

(ဂ) လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာများကို လေးစားခြင်း၊ လိုက်နာကျင့်သုံးခြင်းဖြင့် လူ့အခွင့်အရေး စံနှုန်းမြင့်မားသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်တည်ရေးကို အထောက်အကူပြုစေရန်။

၆။ ခရိုင်အဆင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီဝင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းများတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းမှ အောက်ပါပုဂ္ဂိုလ်များ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြပါသည် –

| | | | |
|---|---|---|---|
| (က) | ဦးမင်းသိန်း | NCRWG | |
| (ခ) | ဦးဖြိုးသူစိုး | NCRWG | |
| (ဂ) | ဒေါ်စုသွဲ့ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်းဦးစီးဌာန |
| (ဃ) | ဒေါ်သီရိသိန်းမြင့် | မှုကြိုကျောင်းအုပ် | လူမှုဝန်ထမ်းဦးစီးဌာန |
| (င) | ဒေါ်နန်းမောက်ဆိုင် | ဦးစီးအရာရှိ | လူမှုဝန်ထမ်းဦးစီးဌာန |

၇။ **အလုပ်ရုံသင်တန်းများတွင် ပို့ချခဲ့သော ဘာသာရပ်များ**။ အလုပ်ရုံသင်တန်းများတွင် ပို့ချခဲ့ သော ဘာသာရပ်များမှာ အောက်ပါတို့ဖြစ်ပါသည်–

(၁) လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆများ၊

(၂) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊

(၃) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊

(၄) စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊

(၅) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊

(၆) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊

(၇) နယ်မြေအတွင်းတိုင်တန်းချက်နှင့် နယ်မြေအတွင်းလူ့အခွင့်အရေးဖြစ်စဉ်များ၊

(၈) ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊

(၉) ကလေးသူငယ်ဥပဒေ၊

(၁၀) ကလေးသူငယ်အခွင့်အရေးဆိုင်ရာဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း။

၈။ **ဆွေးနွေးသည့်ပုံစံ**

(က) **အဖွဲ့လိုက်ဆွေးနွေးခြင်း။** What are Human Rights ဇာတ်လမ်းတိုအား ထုတ်နုတ်ပြသ၍ အဆိုပါ ဇာတ်လမ်းပါ အချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်စေခဲ့ပါသည်။

(ခ) **သင်တန်းပြီး အကဲဖြတ်ပုံစံများ ဖြည့်သွင်းခြင်းနှင့် သီးခြားတင်ပြချက်များ။** သင်တန်းဆင်းပွဲ မပြုလုပ်မီ အကဲဖြတ်ပုံစံများကို ဖြည့်သွင်းစေခဲ့ရာ သင်တန်းကာလ တိုးမြှင့်ပေးစေလိုကြောင်း၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာသင်တန်း၊ မသန်စွမ်းသူများ အခွင့်အရေး ဆိုင်ရာသင်တန်း၊ လက်တွေ့ကွင်းဆင်းမှု ပါဝင်သောသင်တန်း၊ နိုင်ငံရေးနယ်ပယ်တွင် ဖြစ်ပွားလေ့ရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ အလုပ်ရုံသင်တန်းနှင့် ပြည်သူလူထုထံ ပြန်လည်ချပြ အသုံးဝင်သောသင်တန်းများ ဖွင့်လှစ်စေလိုကြောင်း အကြံပြုကြပါသည်။

(ဂ) **မေးခွန်းများ မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း။** သင်တန်းသားများ၏ လွတ်လပ်စွာ မေးမြန်းမှုများကို သင်တန်းနည်းပြများက လူ့အခွင့်အရေးရှုထောင့်မှ ပြန်လည်ဖြေကြားခဲ့ကြပါသည်။ [၂]

၉။ အလုပ်ရုံသင်တန်းများတွင် တက်ရောက်ခဲ့သော သင်တန်းသားအင်အားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ခရိုင် | နိုင်ငံ့ဝန်ထမ်းအရာထမ်းများအတွက်အလုပ်ရုံသင်တန်း | ကလေးသူငယ်အခွင့်အရေးဆိုင်ရာအလုပ်ရုံသင်တန်း | အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက်အလုပ်ရုံသင်တန်း |
|---|---|---|---|---|
| ၁ | ရန်ကုန်မြောက်ပိုင်းခရိုင် | ၅၃ | ၂၄ | ၄၆ |
| ၂ | တောင်ငူခရိုင် | ၅၀ | ၂၅ | ၅၅ |
| ၃ | မိတ္ထီလာခရိုင် | ၅၀ | ၂၀ | ၄၉ |
| ၄ | ပြင်ဦးလွင်ခရိုင် | ၄၅ | ၂၅ | ၄၅ |
| ၅ | ကော့သောင်းခရိုင် | ၅၁ | ၂၆ | ၄၈ |
| ၆ | ပခုက္ကူခရိုင် | ၄၇ | ၂၆ | ၄၉ |

[၂] သင်တန်းသားများမေးမြန်းသည့် မေးခွန်းများနှင့် အဖြေများ၊ နောက်ဆက်တွဲ (က)

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် ကျေးလက်ဒေသ လူ့အခွင့်အရေးပညာပေးသူများသင်တန်း

၁၀။ ကော်မရှင်ရုံးဝန်ထမ်းများအတွက် ကျေးလက်ဒေသ လူ့အခွင့်အရေးပညာပေးသူများ သင်တန်းကို ၂၃-၇-၂၀၁၈ ရက်နေ့မှ ၂၄-၈-၂၀၁၈ ရက်နေ့အထိ ကော်မရှင်ရုံးတွင် ဖွင့်လှစ်ခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုယ်တိုင် သင်ခန်းစာများ ပို့ချခဲ့ပြီး ပြင်ပ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများကလည်း လာရောက်ပို့ချပေးခဲ့ပါသည်။ သင်တန်းတွင် လူ့အခွင့်အရေးနှင့် ပတ်သက်သော အခြေခံအယူအဆနှင့် အဓိကဘာသာရပ်များအပြင် အခြားဆက်စပ်သည့် ဘာသာရပ်များကိုလည်း ထည့်သွင်းပို့ချခဲ့ပြီး လက်တွေ့ ကွင်းဆင်းနိုင်သည်အထိ ရည်ရွယ်၍ နမူနာဟောပြောမှုများကိုလည်း လေ့ကျင့်သင်ကြား ပေးခဲ့ပါသည်။

၁၁။ **ရည်ရွယ်ချက်**။ အဆိုပါသင်တန်းကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည်-

(က) ကော်မရှင်ရုံး ဝန်ထမ်းများ၏ လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတများ တိုးပွားစေရန်၊

(ခ) ကော်မရှင်ရုံးဝန်ထမ်းများအား ကျေးလက်ဒေသ လူ့အခွင့်အရေး ပညာပေးသူများအဖြစ်လေ့ကျင့်ပေးခြင်းဖြင့် ရပ်ရွာအတွင်း လူ့အခွင့်အရေးအသိပညာပေး ဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ဆောင်ရွက်ရာတွင် ပါဝင်ဆွေးနွေး ဟောပြောနိုင်စေရန်။

၁၂။ **သင်တန်းတက်ရောက်ကြသူများ**။ သင်တန်းသို့ ဌာနအသီးသီးမှ ကျေးလက်ဒေသ လူ့အခွင့်အရေး အသိပညာပေး ဆွေးနွေးရေးအတွက် စိတ်ပါဝင်စားသူများဖြစ်ကြသည့် စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနမှ လူ့အခွင့်အရေးအရာရှိ ၁ ဦး၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာနမှ အကြီးတန်းစာရေး ၁ ဦးနှင့် အငယ်တန်းစာရေး ၃ ဦး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ အငယ်တန်းစာရေး ၁ ဦး၊ ဥပဒေရေးရာဌာနမှ အငယ်တန်းစာရေး ၁ ဦး၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ အငယ်တန်းစာရေး ၁ ဦး၊ စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနမှ အငယ်တန်းစာရေး ၁ ဦး၊ စုစုပေါင်း ၉ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

၁၃။ **သင်ခန်းစာပို့ချမှုဆောင်ရွက်သည့်ပုံစံ**။ အပြန်အလှန်မေးမြန်းဆွေးနွေးခြင်း၊ သင်တန်းသား ဗဟိုပြုသင်ကြားပို့ချခြင်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ပို့ချသည့်သင်ခန်းစာများကို Review ပြန်လည် ရေးသားခြင်းနှင့် အောက်ပါလူမှုဝန်ထမ်းသင်တန်းကျောင်းများသို့ သွားရောက်လေ့လာပြီး အစီရင်ခံစာ ရေးသား အကဲဖြတ်ခြင်းများ ပြုလုပ်ခဲ့ပါသည်-

(က) ရွှေဂုံတိုင် ကလေးပြုစုစောင့်ရှောက်ရေးစင်တာ၊

(ခ) အမျိုးသမီးများ အသက်မွေးပညာသင်ကျောင်း၊

(ဂ) ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်း၊

(ဃ) မသန်စွမ်း သက်ငယ်သင်တန်းကျောင်း၊

(င) အခြေအနေမဲ့ ပပျောက်ရေးစီမံချက် (နာနတ်တော)၊

(စ) ကြည့်မြင်တိုင်မျက်မမြင်သင်တန်းကျောင်း။

## ရပ်ရွာလူထုအတွင်း လူ့အခွင့်အရေးအသိပညာပေးဆွေးနွေးပွဲများကျင်းပခြင်း

၁၄။ မြို့နယ် ၉ မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၇ ခုသို့ သွားရောက်၍ ကော်မရှင်အဖွဲ့ဝင်များ ဝန်ထမ်းများနှင့် လူ့အခွင့်အရေး ပညာပေးသူများ ကွန်ရက် Human Rights Educators Network (HREN) မှ နည်းပြများပါဝင်၍ ဟောပြောပို့ချခဲ့ကြပါသည်။ [၃]

## တပ်မတော်စစ်ကျောင်းကြီးများတွင် လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာသွားရောက်ပို့ချခြင်း

၁၅။ **နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်**။ ၃၀-၇-၂၀၁၈ ရက်နေ့တွင် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်အမှတ်စဉ် (၁၇) သို့ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင် သွားရောက်ပို့ချခဲ့ရာ သင်တန်းသား ၆၅ ဦး တက်ရောက်ခဲ့ပါသည်။

၁၆။ **စစ်ဦးစီးတက္ကသိုလ်**။ ၄-၇-၂၀၁၈ ရက်နေ့တွင် စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၆၆) သို့ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင် သွားရောက်ပို့ချခဲ့ရာ သင်တန်းသား ၂၁ ဦး တက်ရောက်ခဲ့ပါသည်။

၁၇။ **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း**

(က) ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၈၅) နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၉၆) သို့ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေး သွားရောက် ပို့ချခဲ့ပါသည်။

(ခ) ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၄၅) နှင့် မတ်လ ၃၀ ရက်နေ့တွင် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၅၂) သို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင် သွားရောက်ပို့ချခဲ့ပါသည်။ [၄]

## ရဲအရာရှိ ရဲအတတ်သင်ကျောင်းများနှင့် အကျဉ်းဦးစီးဌာနများတွင် သွားရောက်ပို့ချခြင်း

၁၈။ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်းနှင့် အကျဉ်းဦးစီးဌာနတို့တွင် ဖွင့်လှစ်သော ပုံမှန်သင်တန်းများ အတွင်း၌လည်း သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ [၅]

---

[၃] ရပ်ရွာလူထုအတွင်း လူ့အခွင့်အရေး အသိပညာပေးဆွေးနွေးပွဲများ၊ နောက်ဆက်တွဲ (ခ)

[၄] တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းသင်တန်းများ၊ နောက်ဆက်တွဲ (ဂ)

[၅] ရဲသင်တန်းအရာရှိအတတ်သင် သင်တန်းကျောင်းနှင့် အကျဉ်းဦးစီးဌာနသင်တန်းများ၊ နောက်ဆက်တွဲ (ဃ)

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းအကြိုသင်တန်းများ သွားရောက်ပို့ချခြင်း

၁၉။ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း၊ မင်္ဂလာဒုံရှိ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၄) လုပ်ငန်းအကြိုသင်တန်း အမှတ်စဉ် (၁/၂၀၁၈) မှ သင်တန်းသား ၂၁ ဦးတို့အား ၂၆-၄-၂၀၁၈ ရက်နေ့တွင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။

## ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သွားရောက်ပို့ချခြင်း

၂၀။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တို့တွင် ပြုလုပ်သော အောက်ပါသင်တန်းများ[၆] တွင် သင်တန်းသားဦးရေ ၂၉၁၂ ဦးကို လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များ သွားရောက်ပို့ချခဲ့ပါသည်-

(က) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း (၁) ကြိမ်

(ခ) အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်း (၃) ကြိမ်၊

(ဂ) အလယ်အလတ်ဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း (၁) ကြိမ်၊

(ဃ) အရာထမ်း အခြေခံသင်တန်း (၆) ကြိမ်၊

(င) အရာထမ်းငယ် အခြေခံသင်တန်း (၈) ကြိမ်၊

(စ) စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်း (၂) ကြိမ်၊

## ပြင်ပသင်ခန်းစာများ သွားရောက်ပို့ချခြင်း

၂၁။ ၇-၈-၂၀၁၈ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး၊ ဥပဒေနှင့် နိုင်ငံရေးသိပ္ပံ ကျောင်းသူ၊ ကျောင်းသား ၅၁ ဦးကို ကော်မရှင်ဥက္ကဋ္ဌ၊ ဦးဝင်းမြက လူ့အခွင့်အရေး ဘာသာရပ် သွားရောက်ပို့ချခဲ့ပါသည်။

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များ

၂၂။ ကလေးသူငယ်အခွင့်အရေးနှင့် စပ်လျဉ်း၍ ကော်မရှင် ဒုတိယဥက္ကဋ္ဌက Focal Person အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး NGO Child Rights Working Group (NCRWG) နှင့် သုံးလတစ်ကြိမ် ပုံမှန်တွေ့ဆုံကာ ကလေးသူငယ် အခွင့်အရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ မေလအတွင်းတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် NCRWG တို့ပူးပေါင်းပြီး အမျိုးသားအဆင့် ကလေးသူငယ်များတွေ့ဆုံပွဲ National Children Forum ကို ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပနိုင်ခဲ့ပါသည်။ ပြစ်မှုရင်ဆိုင်နေရသော ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာ သင်တန်းကျောင်း

[၆] ဗဟိုဝန်ထမ်းတက္ကသိုလ်သင်တန်းများ၊ နောက်ဆက်တွဲ (င)

များသို့ သွားရောက်စစ်ဆေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အသီးသီးသို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့ခဲ့ပါသည်။

၂၃။ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များနေ့ အခမ်းအနားကို ၂၀-၁၁-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာနတွင် NGOs Child Rights Working Group နှင့် ပူးပေါင်းကျင်းပခဲ့ပြီး အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များနေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဓာတ်လမ်းတိုပြိုင်ပွဲ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို တိုင်းရင်းသားဘာသာဖြင့် မိတ်ဆက်ဖြန့်ချိခြင်း

၂၄။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် မြန်မာဘာသာဖြင့်သာမက ကချင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ စကောကရင်၊ မွန်၊ ရှမ်းစသည့် တိုင်းရင်းသား ဘာသာစကားများဖြင့် ယခင်နှစ်များက ဘာသာပြန်ဆို ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ၁၄-၆-၂၀၁၈ ရက်နေ့တွင် ကယားဘာသာဖြင့်လည်းကောင်း၊ ၂၄-၇-၂၀၁၈ ရက်နေ့တွင် ချင်း (ခူမီး)၊ ချင်း (ဖလမ်း)၊ ချင်း (အရှို)၊ ချင်း (ချို)၊ ချင်း (ဇိုမီး) စသည့် ချင်းဘာသာ (၅) မျိုးဖြင့်လည်းကောင်း ဘာသာပြန်ဆိုထားသည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မိတ်ဆက်ဖြန့်ချိသည့် အခမ်းအနားကို ကော်မရှင်ရုံး၊ Function Room ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့ပြင် မြေပြန့် ပအိုဝ်း၊ လိုင်ဟားခါး၊ ကယန်း၊ ရဝမ်နှင့် လီဆူ စသည့် တိုင်းရင်းသားဘာသာများဖြင့်လည်း ပြန်ဆိုထုတ်ဝေရန် စီစဉ်လျက်ရှိပါသည်။

## ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း နှစ် (၇၀) ပြည့်အထိမ်းအမှတ်စကားဝိုင်း ပြုလုပ်ခြင်း

၂၅။ ၁၉-၁၁-၂၀၁၈ ရက်နေ့တွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း နှစ် (၇၀) ပြည့် အထိမ်းအမှတ် စကားဝိုင်းကို ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေး၊ မသီတာ (စမ်းချောင်း)၊ ရွှေမင်းသားဖောင်ဒေးရှင်းမှ ဦးမြတ်သူဝင်း၊ ၂၀၁၆ ခုနှစ် စာစီစာကုံး အလယ်တန်းအဆင့် ပထမဆုရှင် မဆုမွန်မြတ်တို့က ပါဝင်ဆွေးနွေးခဲ့ကြပြီး MRTV-4 ရုပ်သံလိုင်း မှ အများပြည်သူ သိရှိစေရန် ထုတ်လွှင့်ခဲ့ပါသည်။

## ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း နှစ် (၇၀) ပြည့်အထိမ်းအမှတ်အခမ်းအနား ပြုလုပ်ခြင်း

၂၆။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC) ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာနအနေဖြင့် "လူ့အခွင့်အရေးရပ်တည်ပေး" ခေါင်းစဉ်ဖြင့် ကမ္ဘာ့လူ့အခွင့်အရေးနေ့ စာစီစာကုံးပြိုင်ပွဲ (အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်)၊ ပန်းချီပြိုင်ပွဲ (အလယ်တန်းအဆင့်၊

အထက်တန်းအဆင့်) တို့အား ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့ပြီး ဆုများချီးမြှင့်ပေးခဲ့ပါသည်။ သီချင်းရေးဆရာ အကယ်ဒမီမိရာမိုရ် ရေးစပ်ပြီး တေးသံရှင် အောင်ထက်နှင့် ဂျူဝယ်လ်တို့ စုံတွဲသီဆိုထားသည့် "အားလုံးအတွက် လူ့အခွင့်အရေး" သီချင်း ၁ ပုဒ်ကိုလည်း မြန်မာ့အသံနှင့် FM အသံလွှင့်ဌာနများမှတစ်ဆင့် ထုတ်လွှင့်နိုင်ခဲ့ပါသည်။

### စာကြည့်တိုက် (Resource Center) ဖွင့်လှစ်ထားရှိခြင်း

၂၇။ ကော်မရှင်ရုံးဝန်ထမ်းများ လေ့လာဖတ်ရှုကိုးကားနိုင်စေရန်အတွက် စာကြည့်တိုက်[၇] တစ်ခု ဖွင့်လှစ်ထားရှိပါသည်။ စာကြည့်တိုက်တွင် Raoul Wallenberg Institute (RWI) မှ ပေးပို့ လှူဒါန်းထားသော လူ့အခွင့်အရေးဆိုင်ရာနှင့် ပတ်သက်သည့် စာအုပ်များနှင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး ကိုးကားနိုင်စေမည့်စာအုပ်များ၊ အဘိဓာန်များ၊ ဥပဒေစာအုပ်များ၊ ဂျာနယ်များကို စုဆောင်းထားရှိရာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအထိ မြန်မာဘာသာဖြင့် ၁၆၀၃ အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် ၇၈၁ အုပ်၊ စုစုပေါင်းအုပ်ရေ ၂၃၈၄ အုပ်အား သိမ်းဆည်းထားရှိပြီး ဖြစ်ပါသည်။ ၎င်းတို့အနက်မှ ၉၀၀ အုပ်ခန့်ကို e-books များအဖြစ် ပြောင်းလဲပြီး ဖြစ်ပါသည်။

၂၈။ ကော်မရှင်မှ အခါအားလျော်စွာ ထုတ်ပြန်သည့် ကြေညာချက်နှင့် ကော်မရှင်၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ပြည်သူများအချိန်နှင့် တစ်ပြေးညီ သိရှိစေနိုင်ရန်အတွက် လူမှုကွန်ရက် www.facebook.com/myanmarnhrc နှင့် ကော်မရှင်ဝက်ဘ်ဆိုဒ် www.mnhrc.org.mm တို့ကိုလည်း တည်ထောင်ထားပြီး အချိန်နှင့်တစ်ပြေးညီ ဖော်ပြလျက်ရှိပါသည်။

## လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### ၂၀၁၈ ခုနှစ်အတွင်း တိုင်တန်းချက်များအပေါ် ဆောင်ရွက်မှု အခြေအနေ

၂၉။ ၂၀၁၈ ခုနှစ်အတွင်း တိုင်တန်းချက် ၃၂၈၁ စောင်ကို လက်ခံရရှိခဲ့ရာ ၁၀၄၂ မှုကို စုံစမ်းစစ်ဆေးရေး အဖွဲ့အစည်းအဝေးများထိုင်၍ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း | ၆၆၈ မှု |
| (ခ) | တိုင်တန်းသူများသို့ အကြောင်းကြားခြင်း | ၃၂၇ မှု |
| (ဂ) | ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | ၁၄ မှု |
| (ဃ) | မှတ်တမ်း | ၃၂ မှု |
| (င) | ကာယကံရှင်အမှုပိတ် | ၁ မှု |

[၇] Resource Center

## ဇယား(၁)

## ပြည်တွင်းတိုင်တန်းချက်များအပေါ် ဆောင်ရွက်ထားရှိမှု

| စဉ် | တိုင်တန်းချက် | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ |
|---|---|---|---|---|---|
| ၁ | ယခင် တိုင်ကြားစာ လက်ကျန် | ၂၂၉ | ၃၁၄ | မရှိ | **မရှိ** |
| | ယခု တိုင်ကြားစာ လက်ခံရရှိမှု | ၁၂၈၇ | ၆၁၁ | ၁၁၂၅ | ၃၂၈၁ |
| | တစ်နှစ်အတွင်း တိုင်ကြားစာ စုစုပေါင်း | ၁၅၁၆ | ၉၂၅ | ၁၁၂၅ | ၃၂၈၁ |
| | ကော်မရှင်နှင့် သက်ဆိုင်ခြင်း မရှိသည့်အမှု | - | - | ၆၇၁ | **၁၉၅၁** |
| | **ကော်မရှင်မှ ဆောင်ရွက်ပြီးအမှု** | **၁၅၁၆** | **၉၂၅** | **၄၅၄** | **၁၀၄၂** |
| ၂ | **ဆောင်ရွက်မှု** | | | | |
| | သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း | ၂၈၈ | ၄၁၉ | ၂၉၁ | **၆၆၈** |
| | တိုင်တန်းသူများသို့ အကြောင်းကြားခြင်း | ၂၉၅ | ၂၃၈ | ၁၃၇ | **၃၂၇** |
| | တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း | ၁၀ | ၅ | - | **-** |
| | မှတ်တမ်းတင်ခြင်း | ၅၉၁ | ၂၅၃ | ၆ | **၃၂** |
| | ကာယကံရှင်ဆန္ဒအရ ရုပ်သိမ်းခြင်း | ၁၀ | ၅ | ၃ | **၁** |
| | ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | ၈ | ၅ | ၁၇ | **၁၄** |
| ၃ | **တစ်နှစ်အတွင်းဆောင်ရွက်မှု စုစုပေါင်း** | **၁၂၀၂** | **၉၂၅** | **၄၅၄** | **၁၀၄၂** |
| ၄ | **လက်ကျန်အမှု** | **၃၁၄** | **မရှိ** | **မရှိ** | **၂၈၈** |

၃၀။ ၂၀၁၈ ခုနှစ်အတွင်း တိုင်ကြားမှုပေါင်း ၃၂၈၁ စောင်ကို လက်ခံရရှိခဲ့သည့်အနက် လူ့အခွင့်အရေးနှင့် မသက်ဆိုင်ဟုလည်းကောင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိဟုလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) နှင့် (ခ) အရ တရားရုံးစီရင်ဆဲအမှုနှင့် တရားရုံးစီရင်ပြီးပြတ်ပြီးဖြစ်သဖြင့် ကော်မရှင်၏ လုပ်ပိုင်ခွင့် မကျရောက်ဟုလည်းကောင်း သတ်မှတ်သည့် တိုင်တန်းချက် **၁၉၅၁** စောင်ကို မှတ်တမ်းအဖြစ် သီးခြားထားရှိပြီး ကျန် ၁၀၄၂ မှုကို ကိုင်တွယ်ဖြေရှင်း ပေးခဲ့ပါသည်။ လက်ကျန် ၂၈၈ မှု ကျန်ရှိပါသည်။

## ဇယား(၂)
## တိုင်တန်းချက်များကို အမှုအမျိုးအစား ခွဲခြားထားရှိမှု
## ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ

| စဉ် | အမှုအမျိုးအစား | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | မြေအငြင်းပွားမှု | ၉၄၄ | ၆၂၆ | ၂၇၄ | ၁၃၆ | ၂၅၅ | **၂၂၃၅** |
| ၂ | တရားရေး | ၁၆၆ | ၁၄၁ | ၈၀ | ၄၁ | ၁၂၅ | **၅၅၃** |
| ၃ | ရဲမှု | ၈၆ | ၇၃ | ၄၃ | ၇၁ | ၁၃၇ | **၄၁၀** |
| ၄ | ဝန်ထမ်းရေးရာ | ၁၄၇ | ၉၂ | ၃၆ | ၃၀ | ၃၈ | **၃၄၃** |
| ၅ | အုပ်ချုပ်ရေးမှူး | ၉၆ | ၅၃ | ၂၄ | ၁၀ | ၅၇ | **၂၄၀** |
| ၆ | စည်ပင်သာယာ | ၄၂ | ၄၄ | ၁၅ | ၁၄ | ၄၀ | **၁၅၅** |
| ၇ | ငွေကြေး | ၄၄ | ၃၆ | ၂၅ | ၁၄ | ၃၂ | **၁၅၁** |
| ၈ | အမျိုးသမီး | ၁၇ | ၂၀ | ၉ | ၁၅ | ၅၉ | **၁၂၀** |
| ၉ | အလုပ်သမား | ၂ | ၁၅ | ၈ | ၁၄ | ၃၇ | **၇၆** |
| ၁၀ | အကျဉ်းထောင်မှု | ၄ | ၅ | ၁၀ | ၉ | ၂၀ | **၄၈** |
| ၁၁ | အကြမ်းဖက်မှု | ၁၇ | ၆ | ၃ | ၆ | ၉ | **၄၁** |
| ၁၂ | သာသနာရေး | ၈ | ၉ | ၂ | ၂ | ၇ | **၂၈** |
| ၁၃ | တပ်မတော် | ၂ | ၃ | ၂ | ၅ | ၁၇ | **၂၉** |
| ၁၄ | လူကုန်ကူး | ၁၁ | ၂ | ၂ | ၂ | ၄ | **၂၁** |
| ၁၅ | ကလေးသူငယ် | ၀ | ၄ | ၃ | ၅ | ၆ | **၁၈** |
| ၁၆ | ကလေးစစ်သား | ၅ | ၂ | ၁ | ၅ | ၃ | **၁၆** |
| ၁၇ | ရှေ့နေလိုင်စင်အမှု | ၃ | ၃ | ၃ | ၃ | ၀ | **၁၂** |
| ၁၈ | Business and Human Rights | ၀ | ၀ | ၀ | ၀ | ၁၀ | **၁၀** |
| ၁၉ | လက်နက်ကိုင်အဖွဲ့အစည်း | ၀ | ၀ | ၁ | ၂ | ၃ | **၆** |
| ၂၀ | နိုင်ငံသားဖြစ်ခွင့် | ၀ | ၀ | ၀ | ၀ | ၃ | **၃** |
| ၂၁ | အခြား | ၂၄၅ | ၁၅၀ | ၇၀ | ၇၀ | ၁၈၀ | **၇၁၅** |
| | **စုစုပေါင်း** | **၁၈၃၉** | **၁၂၈၄** | **၆၁၁** | **၄၅၄** | **၁၀၄၂** | **၅၂၃၀** |

၃၁။ တိုင်ကြားစာများအနက် မြေယာနှင့်သက်ဆိုင်သည့် တိုင်ကြားစာ ၂၂၃၅ စောင်ရှိပြီး စုစုပေါင်း တိုင်ကြားစာ၏ ၄၂.၇၃ % ရှိသဖြင့် အများဆုံးဖြစ်ပါသည်။ တရားရေးနှင့် သက်ဆိုင်သော အမှု ၅၅၃ စောင်ရှိပြီး စုစုပေါင်းတိုင်ကြားမှု၏ ၁၀.၅၇ % ရှိသဖြင့် ဒုတိယ အများဆုံး ဖြစ်ပါသည်။ ရဲတပ်ဖွဲ့နှင့် သက်ဆိုင်သည့် တိုင်ကြားစာ ၄၁၀ စောင်ရှိပြီး စုစုပေါင်း တိုင်ကြားမှု၏ ၇.၈၃% ရှိသဖြင့် တတိယအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား (၃)**
**တိုင်တန်းချက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခွဲခြားထားရှိမှု**
**၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ**

| စဉ် | တိုင်းဒေသကြီးနှင့် ပြည်နယ် | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်း | ၃၃၅ | ၂၂၈ | ၁၆၇ | ၃၃၅ | **၁၀၆၅** |
| ၂ | မန္တလေးတိုင်း | ၃၀၆ | ၇၂ | ၅၉ | ၁၃၂ | **၅၆၉** |
| ၃ | ဧရာဝတီတိုင်း | ၁၆၈ | ၅၁ | ၆၃ | ၁၂၄ | **၃၈၆** |
| ၄ | ပဲခူးတိုင်း | ၁၁၀ | ၈၄ | ၆၀ | ၁၂၉ | **၃၈၃** |
| ၅ | စစ်ကိုင်းတိုင်း | ၇၅ | ၄၃ | ၁၉ | ၁၀၃ | **၂၄၀** |
| ၆ | မွန်ပြည်နယ် | ၅၀ | ၁၉ | ၂၉ | ၃၃ | **၁၃၁** |
| ၇ | မကွေးတိုင်း | ၆၃ | ၉ | ၁၂ | ၃၁ | **၁၁၅** |
| ၈ | ရခိုင်ပြည်နယ် | ၄၄ | ၂၅ | ၁၅ | ၂၉ | **၁၁၃** |
| ၉ | ရှမ်းပြည်နယ် | ၅၂ | ၁၁ | ၂၀ | ၃၄ | **၁၁၇** |
| ၁၀ | နေပြည်တော် | ၄၀ | ၁၁ | ၅ | ၂၂ | **၇၈** |
| ၁၁ | ကရင်ပြည်နယ် | ၁၅ | ၃၁ | ၁၀ | ၂၆ | **၈၂** |
| ၁၂ | ကချင်ပြည်နယ် | ၃၁ | ၈ | ၉ | ၁၉ | **၆၇** |
| ၁၃ | တနင်္သာရီတိုင်း | ၁၅ | ၁၇ | ၃ | ၁၈ | **၅၃** |
| ၁၄ | ချင်းပြည်နယ် | ၃ | ၁ | ၁ | ၆ | **၁၁** |
| ၁၅ | ကယားပြည်နယ် | ၀ | ၁ | ၂ | ၁ | **၄** |
| | **စုစုပေါင်း** | **၁၂၈၇** | **၆၁၁** | **၄၅၄** | **၁၀၄၂** | **၃၃၉၄** |

၃၂။ အထက်ပါဇယားအရ တိုင်ကြားစာ အများဆုံးဒေသမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး တိုင်ကြားစာ စုစုပေါင်း၏ ၃၀.၇၈ % ရှိပါသည်။ ဒုတိယအများဆုံးမှာ မန္တလေးတိုင်း ဒေသကြီးဖြစ်ပြီး တိုင်ကြားစာ စုစုပေါင်း၏ ၁၆.၇၆ % ရှိပါသည်။ တိုင်ကြားမှု အနည်းဆုံးမှာ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့ ဖြစ်ကြောင်း တွေ့ရပါသည်။

၃၃။ ၂၀၁၈ ခုနှစ်အတွင်း ပြည်ပတိုင်တန်းချက် ၁၃၃ စောင် လက်ခံရရှိခဲ့ပြီး အဆိုပါ တိုင်တန်းချက်များအနက် ၁၃၂ စောင်သည် ရိုက်တာသတင်းသမား ၂ ဦး ဖမ်းဆီးခံရသည့် ကိစ္စတစ်ရပ်တည်းနှင့် ပတ်သက်သည့် တိုင်တန်းချက်များဖြစ်ပြီး ၎င်းတို့အား ဖမ်းဆီး ထိန်းသိမ်းထားစဉ် ညှဉ်းပန်းနှိပ်စက်မှု မခံရစေရေး၊ ကျန်းမာရေး စောင့်ရှောက်မှု ရရှိစေရေး၊ မိသားစုဝင်များနှင့် တွေ့ဆုံခွင့်၊ ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိရေးတို့ အပါအဝင် ၎င်းတို့ ရပိုင်ခွင့် ရှိသော အခြေခံလူ့အခွင့်အရေးများ ရရှိခံစားနိုင်စေရေးအတွက် ဆောင်ရွက်ပေးသင့်ကြောင်း ကို ကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁၄/၂၀၁၇) နှင့် (၉/၂၀၁၈) တို့ဖြင့် တိုက်တွန်း ခဲ့ပြီးဖြစ်သဖြင့် မှတ်တမ်းအနေဖြင့်သာ ထားရှိခဲ့ပါသည်။ ၎င်းတို့အမှုကိစ္စနှင့် စပ်လျဉ်း၍

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် အများပြည်သူရှေ့မှောက်၌ အမှုစစ်ဆေးနေစဉ်အတွင်း ကော်မရှင်က အခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့သည့်အပြင် ကော်မရှင်ရုံး အရာရှိများကိုလည်း တရားရုံးသို့ စေလွှတ်၍ သွားရောက်လေ့လာစေခဲ့ရာ ၎င်းတို့နှစ်ဦး သည် မိသားစုနှင့် တွေ့ဆုံခွင့်၊ ရှေ့နေနှင့် တွေ့ဆုံခွင့်တို့ရရှိခဲ့ပြီး ခုခံဖြေရှင်းခွင့်လည်း ရရှိခဲ့ သည်ကို တွေ့ရှိရပါသည်။

၃၄။ ကျွန် ၁ စောင်သည် တပ်မတော်၏ ပစ်ခတ်မှုကြောင့် ကရင်လူမှုအဖွဲ့အစည်း ခေါင်းဆောင် ဦးမိုး (KNU အဖွဲ့ဝင်နှင့် Mutraw Emergency Assistance Team, MEAT အဖွဲ့ဝင်) ဆိုသူ သေဆုံးခဲ့ကြောင်း Thomson Reuters Foundation မှ သတင်းထောက် တစ်ဦးဖြစ်သူ Rina Chandran ဆိုသူ၏ တိုင်တန်းချက်ဖြစ်ပါသည်။ အဆိုပါ တိုင်တန်းချက် နှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနသို့ ပေးပို့အကြောင်းကြားခဲ့ရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ၅-၄-၂၀၁၈ ဖြစ်စဉ်တွင် အသေဖမ်းဆီး ရမိခဲ့သူမှာ ကေအင်(န်)ယူ အဖွဲ့ဝင် စောကလိုပါးဖြစ်ပြီး ဦးမိုးဆိုသူ မဟုတ်ကြောင်း၊ တပ်မတော် သတင်းမှန် ပြန်ကြားရေး အဖွဲ့မှ သတင်းထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း ပြန်ကြားလာပါသည်။ သို့ဖြစ်၍ ဦးမိုးနှင့် စောကလိုပါးမှာ တစ်ဦးတည်းဖြစ်ကြောင်း မှန်ကန်မှု ရှိ မရှိ ၃၀-၈-၂၀၁၈ ရက်နေ့တွင် တိုင်တန်းသူထံသို့ ပြန်လည်မေးမြန်းထားသော်လည်း တစ်စုံတစ်ရာ အကြောင်းပြန်ကြား ခြင်း မရှိသေးပါ။

**ဇယား(၄)**

**ပြည်ပတိုင်တန်းချက်များအပေါ် ဆောင်ရွက်ထားရှိမှု**

**၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ**

| စဉ် | (ပြည်ပ) ဆောင်ရွက်မှု | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ |
|---|---|---|---|---|---|
| ၁ | **လက်ခံရရှိမှု** | | | | |
| | ယခင်လက်ကျန် | | ၈၂၀ | မရှိ | မရှိ |
| | ယခုလက်ခံရရှိမှု | ၂၅၉၈ | ၁၂၇၄ | ၁၀၆ | ၁၃၃ |
| | တစ်နှစ်အတွင်းဆောင်ရွက်ရန် စုစုပေါင်း | **၂၅၉၈** | **၂၀၉၄** | **၁၀၆** | **၁၃၃** |
| ၂ | **ဆောင်ရွက်မှု** | | | | |
| | သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း | ၆၀၇ | ၁၈၅ | ၄၈ | ၁ |
| | တိုင်တန်းသူများသို့ အကြောင်းကြားခြင်း | ၃၁၂ | ၉၁၅ | ၅၇ | - |
| | မှတ်တမ်းတင်ခြင်း | ၈၅၉ | ၉၉၄ | ၁ | ၁၃၂ |
| ၃ | **တစ်နှစ်အတွင်းဆောင်ရွက်မှု စုစုပေါင်း** | **၁၇၇၈** | **၂၀၉၄** | **၁၀၆** | **၁၃၃** |
| ၄ | **လက်ကျန်အမှု** | **၈၂၀** | **မရှိ** | **မရှိ** | **မရှိ** |

၃၅။ **အကြောင်းပြန်ကြားစာရရှိမှု**။ ၂၀၁၈ ခုနှစ်အတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြန်ကြားစာ ၅၉၆ စောင် လက်ခံရရှိခဲ့ပါသည်။ ယင်းပြန်ကြားစာ ၅၉၆ စောင်အား အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်–

| | | |
|---|---|---|
| (က) | သက်ဆိုင်ရာဌာနများမှ ပြန်ကြားစာအပေါ် ပြန်လည်မေးမြန်းခြင်း | ၄၃ စောင် |
| (ခ) | တိုင်တန်းသူများသို့ အကြောင်းပြန်ကြားခြင်း | ၄၄၁ စောင် |
| (ဂ) | မှတ်တမ်းထားရှိခြင်း | ၇၇ စောင် |
| (ဃ) | သက်ဆိုင်ရာဌာနများမှ ပြန်ကြားစာ စောင့်ဆိုင်းခြင်း | ၃၅ စောင် |
| | **စုစုပေါင်း** | **၅၉၆ စောင်** |

၃၆။ ၂၀၁၈ ခုနှစ်အတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့ရုံးများမှ ပြန်ကြားစာ ၅၉၆ စောင် လက်ခံရရှိခဲ့သည့်အနက် ၄၉၆ စောင်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ ၂၀၁၈ ခုနှစ်အတွင်း ပေးပို့ခဲ့သည့်စာများကို ဤနှစ်အတွင်း ပြန်ကြားလာခြင်းဖြစ်ပါသည်။ ကျန်ရှိသည့် ပြန်ကြားစာ ၁၀၀ စောင်မှာ ယခင်နှစ်များက ပေးပို့ခဲ့သောစာများအပေါ် ပြန်ကြားချက်များဖြစ်သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်–

| | | |
|---|---|---|
| (က) | ၂၀၁၅ ခုနှစ် လက်ကျန်စာပြန်ကြားချက် | ၁ စောင် |
| (ခ) | ၂၀၁၆ ခုနှစ် လက်ကျန်စာပြန်ကြားချက် | ၈ စောင် |
| (ဂ) | ၂၀၁၇ ခုနှစ် လက်ကျန်စာပြန်ကြားချက် | ၉၁ စောင် |
| (ဃ) | ၂၀၁၈ ခုနှစ် ပေးပို့စာပြန်ကြားချက် | ၄၉၆ စောင် |
| | **စုစုပေါင်းပြန်ကြားချက်** | **၅၉၆ စောင်** |

**မှတ်ချက်**။ ၂၀၁၈ ခုနှစ်အတွင်း ကိုင်တွယ်ဖြေရှင်းခဲ့သည့် အမှုပေါင်း ၁၀၄၂ မှုအနက် ၆၆၈ မှုအတွက် ကော်မရှင်မှ သက်ဆိုင်ရာဌာနများသို့ စာပေါင်း ၇၂၆ စောင် ညှိနှိုင်းမေးမြန်းခဲ့ရာ ၄၉၆ စောင်သာ ပြန်ကြားချက်ရရှိခဲ့သဖြင့် ၂၃၀ စောင် ပြန်ကြားရန် လိုအပ်နေသည်ကို တွေ့ရှိရပါသည်။[၈]

## တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း

၃၇။ ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင်သည် တိုင်တန်းချက်အရသော်လည်းကောင်း၊ လူမှုကွန်ရက်နှင့်မီဒီယာ သတင်းများအရသော်လည်းကောင်း လူ့အခွင့်အရေး ဖောက်ဖျက်မှုဖြစ်စဉ် ၁၄ ခုနှင့်စပ်လျဉ်း၍ အခင်းဖြစ်ပွားရာဒေသများသို့ အောက်ပါအတိုင်း ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဌာနများသို့ အကြံပြုချက်များ ပေးပို့ခဲ့ပါသည်–

---

[၈] ပြန်ကြားစာများ၊ နောက်ဆက်တွဲ (စ)

(က) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် ပန်းလှိုင်ဂုံးတံတားအောက်နေ အသက် ၄ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး အဓမ္မပြုကျင့်ခြင်းခံရကြောင်း လူမှုကွန်ရက်နှင့် မီဒီယာသတင်းများအရ ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၉-၂-၂၀၁၈ ရက်နေ့တွင် ရန်ကုန်ကလေးဆေးရုံကြီးသို့ သွားရောက်၍ မိန်းကလေးနှင့် တွေ့ဆုံအားပေးခြင်း၊ ကလေးမိခင်ထံ အလှူငွေပေးအပ်ခြင်း၊ အခင်းဖြစ်ပွားရာ ပန်းလှိုင်ဂုံးတံတားအောက်သို့ စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကာ အမှုအခြေအနေအား ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၄/ကာကွယ်/၂၀၁၈) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။ တရားခံမှာ တရားရင်ဆိုင်နေစဉ်အတွင်း သေဆုံးသွားခဲ့သဖြင့် အမှုပြီးပြတ်သွားပြီဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနမှ ကလေး၏မိခင်အား အလှူငွေ ၆ သိန်း ထောက်ပံ့ပေးပြီး World Vision အဖွဲ့နှင့် ချိတ်ဆက်၍ ရွှေပြည်သာမြို့နယ်တွင် နေအိမ်ငှားရမ်းပေးခဲ့ကြောင်း သိရှိရပါသည်။

(ခ) ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်တွင် အသက် ၁၃ နှစ်အရွယ် အမျိုးသမီးတစ်ဦး အဓမ္မပြုကျင့်ခံရခြင်းကြောင့် ရဲစခန်းသို့ တိုင်ကြားခဲ့သော်လည်း ကျူးလွန်သူသည် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆွေမျိုးတော်စပ်သဖြင့် ထိရောက်စွာ အရေးယူမှု မရှိကြောင်း တိုင်တန်းချက်ကို ပြည်သူ့လွှတ်တော်မှ ကော်မရှင်သို့ ပေးပို့လာသဖြင့် ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၁၉-၃-၂၀၁၈ ရက်နေ့မှ ၂၁-၃-၂၀၁၈ ရက်နေ့ထိ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး သက်ငယ်မုဒိမ်းမှုကျူးလွန်ခဲ့သူအား အမြန်ဆုံးဖမ်းဆီး၍ ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၁၁/ကာကွယ်/၂၀၁၈) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။ ဤအမှုတွင် တရားခံကို ဖမ်းဆီးရရှိရေးအတွက် တရားခံပြေး သွားလာတတ်သည့် မြို့နယ်များသို့ တရားခံပြေးပြစ်မှု ၂၈/ရဲ ၆၂ ပုံစံ အားပေးပို့ထားရှိပြီး အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က အနီးကပ်ကြီးကြပ်ကွပ်ကဲ လျက်ရှိကြောင်း၊ ဖမ်းဆီးရမိပါက ထိရောက်သော ပြစ်ဒဏ်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြောင်းမြခရိုင်ရဲတပ်ဖွဲ့ နယ်မြေအတွင်းရှိ တပ်ဖွဲ့ဝင်များအားလုံးမှ ရဲစခန်းတွင် လာရောက်တိုင်ကြားသော အမှုကိစ္စများနှင့် စပ်လျဉ်း၍ ဘက်လိုက်ခြင်းမပြုရန် ညွှန်ကြားထားပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

(ဂ) ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်မှ အသက် ၁၇ နှစ်အရွယ် အမျိုးသမီး တစ်ဦး အဓမ္မပြုကျင့် ခံရခြင်းကြောင့် ရဲစခန်းတွင် အမှုဖွင့်လှစ်ခဲ့ရာ ရဲစခန်းမှူး ၏ဇနီးမှ ကာယကံရှင် မိန်းကလေးကို သားသမီးချင်း မစာနာဘဲ မကြားဝံ့ မနာသာ ပြောဆိုဆက်ဆံ စစ်ဆေးခဲ့ကြောင်း တိုင်တန်းချက်ကို ပြည်သူ့လွှတ်တော်ရုံးမှ ကော်မရှင်သို့ ပေးပို့လာသဖြင့် ကော်မရှင်ကွင်းဆင်းစုံစမ်း စစ်ဆေးရေးအဖွဲ့သည် ၁၉-၃-၂၀၁၈ ရက်နေ့မှ ၂၁-၃-၂၀၁၈ ရက်နေ့အထိ ကွင်းဆင်းစစ်ဆေးကာ လူပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာနှင့် လုံခြုံမှုကို ထိပါးစေပြီး ရဲလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိသည့် ဆောင်ရွက်မှုများအတွက် ထိရောက်စွာ အရေးယူရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုခဲ့ပါသည်။ ထို့ပြင် ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၁၀/ကာကွယ်/ ၂၀၁၈) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။ ဤအမှုတွင် မြို့မ ရဲစခန်းမှူးအား ရဲစည်းကမ်းထိန်းသိမ်းရေး နည်းဥပဒေ ၁၅ (က) (ခ) (ဂ) (ဃ) တို့နှင့်အညီ အရေးယူပြီး စခန်းမှူး၏ဇနီး ဖြစ်သူအား တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌမှ မှတ်တမ်းဝင် ခေါ်ယူသတိပေး လက်မှတ်ရေးထိုးခြင်း ပြုလုပ်ခဲ့ကြောင်း သိရပါသည်။

(ဃ) ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ဒေါင့်ချောင်းကျေးရွာနေ မသက်ဘ တရားခံ ၂ ဦးအား ပိုးလောင်းရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်အချို့က ညှဉ်းပန်း နှိပ်စက်ခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင် ကွင်းဆင်းစုံစမ်း စစ်ဆေးရေးအဖွဲ့သည် ၂၉-၃-၂၀၁၈ ရက်နေ့မှ ၁-၄-၂၀၁၈ ရက်နေ့အထိ ကွင်းဆင်းစုံစမ်းစစ်ဆေး ခဲ့ပြီး လူ့အခွင့်အရေး ဖောက်ဖျက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များကို ထိရောက်စွာ အရေးယူသင့်ကြောင်း စသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၁၃/ကာကွယ်/၂၀၁၈) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။ ဤအမှု တွင် လပွတ္တာမြို့နယ် ရဲတပ်ဖွဲ့ရဲမှူးအား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးမှ အပြစ် ဖော်ပြမှတ်တမ်းဝင် သတိပေး လက်မှတ်ရေးထိုးစေခြင်း၊ ရဲတပ်သား ၂ ဦးအား ရဲအချုပ်တွင် ၆၀ ရက် ပြစ်ဒဏ်၊ ရဲတပ်ကြပ်အား ရဲဒုတပ်ကြပ်အဆင့်သို့ ၂ နှစ် လျှော့ချ ပြစ်ဒဏ်နှင့် ရဲဒုတပ်ကြပ်အား ရဲတပ်သားအဆင့်သို့ ၂ နှစ် လျှော့ချ ပြစ်ဒဏ်များ ချမှတ်ခဲ့ပြီး ရဲအုပ် ၁ ဦးအား ရဲမှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပစ် ခြင်း၊ ရဲဒုတပ်ကြပ် ၁ ဦးအား ရဲတပ်သားအဆင့်သို့ လျှော့ချ၍ ရဲမှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပစ်ပြီး နယ်ဘက် အကျဉ်းထောင်တွင် အလုပ်ကြမ်းနှင့်ထောင် ဒဏ် ၂ နှစ် ကျခံစေခြင်း၊ ရဲတပ်သား ၂ ဦးအား ရဲမှုထမ်းခြင်းမှ အမြဲတမ်း

ထုတ်ပစ်ပြီး နယ်ဘက် အကျဉ်းထောင်တွင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ် ကျခံစေခြင်း ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရပါသည်။

(င) ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အင်းသဇင်ကျေးရွာအုပ်စု၊ ကတတ်မြောင် ကျေးရွာဘုန်းကြီးကျောင်းတွင် ငွေကျပ် ၁၁ သိန်းခန့် ပျောက်ဆုံးခဲ့သည့်အတွက် မသက်ာတရားခံ ကျော်ကျော်အား ဖောင်တော်သီ နယ်မြေရဲစခန်းမှ သက်သေခိုင်လုံခြင်းမရှိဘဲ ညှဉ်းပန်းနှိပ်စက်၍ အတင်းအကြပ် ဝန်ခံခိုင်းခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာ ဒေသသို့ ၂-၄-၂၀၁၈ ရက်နေ့မှ ၃-၄-၂၀၁၈ ရက်နေ့ထိ ကွင်းဆင်းစုံစမ်း စစ်ဆေးခဲ့ပါသည်။ တရားခံကို စစ်ဆေးရာတွင် ရဲလက်စွဲ၊ ရဲကျင့်ဝတ်များ၊ လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ ကျင့်သုံးလိုက်နာ ဆောင်ရွက်နိုင်ရေးနှင့် ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုအပေါ် အထင်အမြင် လွဲမှားမှုများ မဖြစ်ပေါ်စေရေး အတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သင့်ပါ ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၁၆/ကာကွယ်/ ၂၀၁၈) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။ အမှုဖြစ်စဉ်တွင် တရားခံ ကျော်ကျော်နှင့်အတူ အချုပ်ခန်းထဲ၌ ချုပ်နှောင်ထားသော အချုပ်သားမျိုးနိုင်၏ ထွက်ဆိုချက်အရ ရဲတပ်ဖွဲ့ဝင်များမှ နှိပ်စက်ညှဉ်းပန်းခဲ့ခြင်းမပြုကြောင်းနှင့် တရားခံ ကျော်ကျော် ၏ ခန္ဓာကိုယ်တွင် နှိပ်စက်ခံထားရသည့် ဒဏ်ရာများမတွေ့ရှိသဖြင့် ရဲတပ်ဖွဲ့ ဝင်များအား အရေးယူရန် ခိုင်လုံမှုမရှိသည့်အတွက် ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၁ အရ ပလပ်ခဲ့ကြောင်း ပြန်ကြားလာပါသည်။

(စ) ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ငှက်ပေါက် ကုန်ထုတ်စခန်းတွင် တာဝန်ရှိဝန်ထမ်းများက အကျဉ်းသားများ၏လုပ်အားများကို ၎င်းတို့၏အကျိုး စီးပွားအတွက် မတရားခိုင်းစေလျက်ရှိကြောင်း တိုင်တန်းချက်နှင့် စပ်လျဉ်း၍ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ငှက်ပေါက် ကျောက်ထုတ် စခန်းသို့ ၁၈-၄-၂၀၁၈ ရက်နေ့မှ ၂၀-၄-၂၀၁၈ ရက်နေ့ထိ ကွင်းဆင်းစစ်ဆေး ခဲ့ပြီး အကျဉ်းသားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ ဆုံးရှုံးမှု မရှိစေ ရေးအတွက် အကျဉ်းဦးစီးဌာနသို့ အကြံပြုခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန မှ တနင်္ဂနွေနှင့် အစိုးရရုံး ပိတ်ရက်များတွင် အကျဉ်းသားများအား အနားပေး ရေး၊ သတ်မှတ်အရေအတွက်ထက် ပို၍ မခိုင်းရေး၊ ဖိအားပေးခိုင်းစေသည့် အသွင် မဖြစ်ပေါ်စေရေး၊ ကျန်းမာရေးကြောင့် အလုပ်မလုပ်ကိုင်နိုင်သူများအား အနားပေးရေး၊ လုပ်ငန်းနှင့် သင့်လျော်မှုမရှိသူများအား အကျဉ်းထောင်များသို့

ပြန်လည် ပြောင်းရွှေ့ပေးရေး၊ လုပ်ငန်းခွင်အတွင်းအနားယူရန် ယာယီရွက်ဖျင်တဲ ဆောက်လုပ်ပေးရေးတို့ကို ညွှန်ကြားဆောင်ရွက်ပြီးဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဆ) ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မလက်တိုကျေးရွာအုပ်စု၊ ဒေသခံလယ်သမားများ၏ လယ်မြေ ၅၅၀ ဧကကို ၁၉၉၉ ခုနှစ်က စပါး/ငါး စီမံကိန်းအကောင်အထည်ဖော်ရန် အော့ချက်(ဒ်)ကုမ္ပဏီသို့ လွှဲပြောင်းပေးခဲ့ရာ ကုမ္ပဏီမှ လက်တွေ့ ဆောင်ရွက်ခြင်းမရှိသဖြင့် မူလလက်ငုတ်လယ်သမားများက ဝင်ရောက်ထွန်ယက်စိုက်ပျိုး လုပ်ကိုင်ကြသည်ကို ရဲတပ်ဖွဲ့မှ အကြမ်းဖက်ဖြိုခွင်းနှိမ်နင်းခဲ့ကြောင်း တိုင်တန်းချက်နှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်ရုံးမှ ကော်မရှင်သို့ အမှုလွှဲပြောင်း ပေးပို့လာပါသည်။ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၃-၅-၂၀၁၈ ရက်နေ့မှ ၂၄-၅-၂၀၁၈ ရက်နေ့အထိ သွားရောက်၍ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး အကြံပြုချက်များ ပါဝင်သော အစီရင်ခံစာကို အမျိုးသားလွှတ်တော်ရုံးသို့ ပြန်လည်ပေးပို့ခဲ့ပါသည်။ ထို့ပြင် အော့ချက်(ဒ်)ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာက ကျူးကျော်လယ်သမားများကို တရားဥပဒေနှင့်အညီ အရေးယူပြီးဖြစ်သော်လည်း ငါးကန် ဧက ၅၅၀ အား ကုမ္ပဏီ၏ လက်ဝယ်ပြန်လည် မရရှိသေးသဖြင့် လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့်ရရှိရေး ကော်မရှင်သို့ တိုင်တန်းစာပေးပို့လာရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် အကြောင်းကြားခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးက "ခွင့်ပြုထားသော မြေဧရိယာအား လုပ်ပိုင်ခွင့်ရရှိသူ ဒေါက်တာမြင့်စိန်မှ ဆောင်ရွက်ခွင့်ရရှိရေး ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးရန်" ဆုံးဖြတ်ခဲ့ပါသည်။

(ဇ) ဒေးဒရဲမြို့နယ်၊ ညောင်တပင်ကျေးရွာနေ ကိုဇော်မင်းထွန်းဆိုသူအား ငါးဖမ်းပိုက် ၄ ခု ပျောက်ဆုံးမှုနှင့်စပ်လျဉ်း၍ ဒေးဒရဲမြို့မရဲစခန်းတွင် ရဲတပ်ဖွဲ့ဝင်များက ရိုက်နှက်ခဲ့သဖြင့် အချုပ်ခန်းအတွင်း၌ သေဆုံးခဲ့ကြောင်း တိုင်တန်းချက်နှင့်စပ်လျဉ်း၍ အခင်းဖြစ်ပွားရာဒေသသို့ ၂၃-၇-၂၀၁၈ ရက်နေ့မှ ၂၄-၇-၂၀၁၈ ရက်နေ့အထိ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပါသည်။ မသင်္ကာတရားခံကို ရဲစခန်း၌ ဖမ်းဆီးချုပ်နှောင် စစ်ဆေးမေးမြန်းချိန်တွင် သေဆုံးသွားသဖြင့် အဓိကတာဝန်ရှိသူ ဒုရဲအုပ်နှင့် ပါဝင်ပတ်သက်သူ ရဲတပ်ဖွဲ့ဝင်များကို ထိရောက်စွာ အရေးယူရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုခဲ့ပါသည်။ ဤအမှုတွင် ဒေးဒရဲမြို့နယ် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးအား ရဲအုပ်အဆင့်သို့ ၂ နှစ်လျှော့ချသည့်

ပြစ်ဒဏ်၊ ဒုတိယရဲအုပ်အား ရဲအရာခံအဆင့်သို့ ၂ နှစ်လျှော့ချသည့် ပြစ်ဒဏ်၊ ဒုတိယရဲအုပ် နောက်တစ်ဦးအား လျှော့ချ၍ ရဲမှုထမ်းခြင်းမှ အမြဲတမ်း ထုတ်ပစ်ပြီး နယ်ဘက် အကျဉ်းထောင်တွင် ထောင်ဒဏ် ၁ နှစ်၊ ရဲတပ်သား ၂ ဦးအား ရဲမှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပစ်ပြီး နယ်ဘက်အကျဉ်းထောင်တွင် အလုပ် ကြမ်းနှင့် ထောင်ဒဏ် ၆ လ ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရပါသည်။

(ဈ) မရမ်းကုန်းမြို့နယ်တွင် အသက် ၁၃ နှစ်အရွယ် အိမ်အကူ မိန်းကလေးငယ်ကို အိမ်ရှင်ဖြစ်သူ အမျိုးသမီးက ကာလရှည်ကြာ ညှဉ်းပန်းနှိပ်စက်သဖြင့် ဒဏ်ရာများ ရရှိသောကြောင့် ဘုရင့်နောင်နယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်ထားကြောင်း အင်တာနက်သတင်းအရ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၁၂-၁၁-၂၀၁၈ ရက်နေ့တွင် မလိခ အမျိုးသမီး ကလေးများ သင်တန်းကျောင်းသို့ သွားရောက်၍ မိန်းကလေးငယ်နှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။ ထို့ပြင် ဘုရင့်နောင် နယ်မြေရဲစခန်းသို့ သွားရောက်ပြီး အမှုအား အမြန်ဆုံး တရားစွဲတင်နိုင်ရေး ရဲလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ အိမ်အကူ မိန်းကလေးငယ်အား နှိပ်စက်ညှဉ်းပန်းသည့် အိမ်ရှင်အမျိုးသမီးကို ဥပဒေ အကြံပြုချက်နှင့်အညီ မရမ်းကုန်းမြို့နယ် တရားရုံးတွင် ရုံးတင်စစ်ဆေးလျက် ရှိပြီး အချုပ်လွတ်ထုချေခွင့်ဖြင့် တရားရင်ဆိုင်လျက်ရှိကြောင်း သိရှိရပါသည်။

(ည) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့မ ရဲစခန်း အချုပ်ခန်းတွင် အငှားယာဉ်မောင်း ကိုအောင်အောင်ကို ခိုးမှုမသင်္ကာသဖြင့် ဖမ်းဆီးချုပ်နှောင်ပြီး ရဲတပ်ဖွဲ့ဝင်များက နည်းမျိုးစုံ နှိပ်စက်ညှဉ်းပန်း စစ်ဆေးခဲ့သောကြောင့် ရရှိခဲ့သော ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သေဆုံးသူ၏ မိခင်ဖြစ်သူက ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာသဖြင့် အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၀-၁၁-၂၀၁၈ ရက်နေ့တွင် တိုင်တန်းသူ မိသားစုဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအားလည်းကောင်း၊ ၂၃-၁၁-၂၀၁၈ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်ရှိ အမှုမှ အခြားတရားခံ ၂ ဦးကိုလည်းကောင်း၊ ၂၆-၁၁-၂၀၁၈ ရက်နေ့တွင် လိုအပ်သောသက်သေကို ကော်မရှင်ရုံးသို့ ခေါ်ယူ၍လည်းကောင်း၊ ၂၈-၁၁-၂၀၁၈ ရက်နေ့တွင် သန်လျင်မြို့မရဲစခန်း ရဲတပ်ဖွဲ့ဝင်များအားလည်းကောင်း တွေ့ဆုံစစ်မေး၍ အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ အကြောင်းကြားခဲ့ပြီး Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်

အမှတ်စဉ် (၃၃/ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ဤအမှုတွင် ရင်ခွဲစစ်ဆေးချက်အရ သေဆုံးသူသည် ကျောက်ကပ်ပျက်စီးမှုကြောင့် သေဆုံးခြင်းဖြစ်ပြီး ပြင်ပဒဏ်ရာ မတွေ့ရှိခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်များအား အရေးယူဆောင်ရွက်ရန် မသင့်ပါကြောင်း ပြန်ကြားလာပါသည်။

(၄) မြဝတီမြို့ရှိ ထိုင်း-မြန်မာ ချစ်ကြည်ရေး တံတားအမှတ် (၂) နှင့် ဆက်စပ်လမ်းမကြီးတည်ဆောက်စဉ် လမ်းဧရိယာအတွင်း ပါဝင်နေသည့် နေအိမ်အချို့ ဖြိုဖျက်ခံရခြင်း ကိစ္စနှင့်ပတ်သက်၍ တိုင်တန်းချက်အရ အဆိုပါနေရာသို့ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၄-၁၂-၂၀၁၈ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ပြီး ယင်းဖြိုဖျက်ခံရသည့် နေအိမ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများအား မေးမြန်းခြင်း၊ အထောက်အထား စာရွက်စာတမ်းများ ကြည့်ရှုခြင်းများ ပြုလုပ်ပြီး နေအိမ်ဖြိုဖျက်ခံရသူ မိသားစုများအား အဖွဲ့လိုက် တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်များနှင့် နေအိမ်ဖြိုဖျက်ခံ မိသားစုများ၏ တင်ပြချက်များအပေါ် အခြေခံပြီး အကြံပြုချက်များကို နိုင်ငံတော်သမ္မတရုံးသို့ ၂-၁-၂၀၁၉ ရက်နေ့တွင် အစီရင်ခံစာ ပေးပို့တင်ပြခဲ့ပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ထူးခြားမှု ရှိ မရှိ သိရှိလိုပါသောကြောင့် နောက်ဆုံးဖြစ်ပေါ်နေသည့် အခြေအနေများအား ပြန်ကြားပေးပါရန် နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့တင်ပြခဲ့သည့် အစီရင်ခံစာအား ပူးတွဲလျက် ကရင်ပြည်နယ်အစိုးရအဖွဲ့ထံ ၂၂-၄-၂၀၁၉ ရက်နေ့တွင် ညှိနှိုင်းမေတ္တာရပ်ခံထားပါသည်။

(၅) ဒိုက်ဦးမြို့နယ်၊ လယ်ကြားမြောင်ရွာနေ နော်သောသွဲ့ထူးအား တရားမဝင် ငွေစက္ကူအတုကိုင်ဆောင်မှုဖြင့် တရားစွဲဆိုခံနေရသည့်ကိစ္စကို သတင်းမီဒီယာများတွင် ဖော်ပြပါရှိမှုကြောင့်လည်းကောင်း၊ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီတွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးမေးမြန်းမှုများအရ လည်းကောင်း ကော်မရှင်ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၆-၁၂-၂၀၁၈ ရက်နေ့တွင် အခင်းဖြစ်ပွားရာ ဒိုက်ဦးမြို့နယ်သို့ သွားရောက်၍ ကွင်းဆင်းစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး သုံးသပ်ချက်နှင့် အကြံပြုချက်များကို နိုင်ငံတော် သမ္မတရုံးနှင့် သက်ဆိုင်ရာဌာနများသို့ ပေးပို့ခဲ့ပါသည်။ ဤအမှုတွင် နော်သောသွဲ့ထူးသည် အချုပ်လွှတ်ထုချေ တရားရင်ဆိုင်ခွင့်ရခဲ့ပြီး စင်္ကာပူနိုင်ငံရှိ ၎င်း၏ အလုပ်ရှင်က လုပ်အားခငွေများကို ထပ်မံပေးပို့ခဲ့ကြောင်း သိရှိ

ရပါသည်။ ဒိုက်ဦးမြို့နယ်တရားရုံးမှ နော်သောသွဲ့ထူးကို ၁၈-၄-၂၀၁၉ ရက်နေ့တွင် အမှုမှ အပြီးအပြတ် လွှတ်ပေးခဲ့ပါသည်။

(ဍ) အကျဉ်းဦးစီးဌာန၊ မန္တလေးဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသူတစ်ဦးက ထောင်အရာရှိဆရာမများ၊ ဝန်ထမ်းဆရာမများသည် လာဘ်ပေးလာဘ်ယူပြုလုပ်ကာ ကိုယ်ကျိုးရှာနေခြင်းကြောင့် အကျဉ်းသားများ၏ အခွင့်အရေး ဆုံးရှုံးရသည်ဟု အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှတစ်ဆင့် တိုင်ကြားစာ ရောက်ရှိခဲ့ရာ ကော်မရှင်ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၁၄-၁-၂၀၁၉ ရက်နေ့မှ ၁၅-၁-၂၀၁၉ ရက်နေ့ထိ မန္တလေးဗဟိုအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ပြီး အမှုတွင်ပါဝင်ပတ်သက်သော အကျဉ်းဦးစီးဝန်ထမ်းများကို စီမံခန့်ခွဲမှု နည်းလမ်းအရ အရေးယူ ဆောင်ရွက်သင့်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုခဲ့ရာ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ တာဝန်ရှိသူဝန်ထမ်း ၅ ဦးအား၊ အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးမှ ခေါ်ယူသတိပေးပြီးဖြစ်ကြောင်း ပြန်ကြားလာပါသည်။

**အကျဉ်းထောင်များ၊ အလုပ်စခန်းများ၊ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများ၊ ဆေးရုံအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခြင်း**

၃၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်အတွင်း အကျဉ်းထောင် ၂၅ ခု၊ အလုပ်စခန်း ၂၅ ခု၊ ရဲစခန်းအချုပ်ခန်း ၃၅ ခု၊ တရားရုံးအချုပ်ခန်း ၂၀ ခုနှင့် ဆေးရုံအချုပ်ခန်း ၁၆ ခုတို့ကို အောက်ပါအတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

(က) **ပြည်မြို့နှင့်ပေါင်းတည်မြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၅-၁-၂၀၁၈ ရက်နေ့တွင် ပြည်အကျဉ်းထောင်၊ ပြည်မြို့ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံ အချုပ်ခန်းများကိုလည်းကောင်း၊ ၁၆-၁-၂၀၁၈ ရက်နေ့တွင် ပေါင်းတည်အချုပ်ထောင်နှင့် ပေါင်းတည်မြို့ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ စာကြည့်တိုက်တွင် စာအုပ်စာပေများ ထပ်မံဖြည့်ဆည်းပေးပြီး ယခုထက်ပိုမို၍ လွတ်လပ်စွာ ဖတ်ရှုခွင့်ပြုပေးသင့်ကြောင်း၊ မိလ္လာပိုက်များကို ချို့ယွင်းချက် ရှိ မရှိ စစ်ဆေးခြင်းနှင့် ရေအလုံအလောက် သုံးစွဲနိုင်ရေး စီစဉ်ပေးခြင်းများ ပြုလုပ်ပေးသင့်ကြောင်း၊ အကျဉ်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားပါက အခြားအခန်းမှ အကျဉ်းသား တန်းစီးများက ဝင်ရောက်ထိုးကြိတ် ဆုံးမမှုများရှိနေသဖြင့် တာဝန်ရှိသူများမှ ကြပ်မတ်သင့်ကြောင်း၊ ဝတ်စုံ လုံလုံလောက်လောက် ထုတ်ပေးသင့်ကြောင်း၊ ရေမြောင်း

များကို သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းစေရန် ပြုပြင်သင့်ကြောင်း စသည့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၂/ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ခ) **ရွှေဘိုမြို့နှင့် မုံရွာမြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၃၁-၁-၂၀၁၈ ရက်နေ့တွင် ရွှေဘိုအကျဉ်းထောင်နှင့် ရွှေဘိုမြို့ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံ အချုပ်ခန်းများ၊ ၁-၂-၂၀၁၈ ရက်နေ့တွင် မုံရွာအကျဉ်းထောင်နှင့် မုံရွာမြို့ရှိ ရဲစခန်း၊ တရားရုံးအချုပ်ခန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး ခဲ့ပါသည်။ စာကြည့်တိုက်တွင် စိတ်ကိုတိုးတက်ပြောင်းလဲစေမည့် စာအုပ်၊ စာပေများအား ထပ်မံဖြည့်ဆည်းပေးပြီး ယခုထက် ပိုမို လွတ်လပ်စွာ ဖတ်ရှု ခွင့်ပြုပေးသင့်ကြောင်း၊ ကျန်းမာရေးမကောင်းသည့် အကျဉ်းသား ၅ ဦးအား စစ်ဆေးကုသပေးပြီး လိုအပ်ပါက ဆေးရုံတင်ပို့ ကုသပေးသင့်ကြောင်း၊ မိသွား နှင့် ထောင်ဝင်စာတွေ့ဆုံခန်းကို တိုးချဲ့ဆောက်လုပ်သင့်ကြောင်း၊ ART ဆေး သောက်နေရသည့် အကျဉ်းသား/သူများကို ဖြည့်စွက်စာများ ကျွေးမွေးသင့် ကြောင်း၊ တက္ကသိုလ်ဝင်တန်း ဖြေဆိုလိုသူ အကျဉ်းသား၊ အကျဉ်းသူများအား ဖြေဆိုခွင့်ရရှိရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ မိုးယိုနေသည့် အိပ်ဆောင်များ ကို ပြုပြင်သင့်ကြောင်းစသည့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၃/ ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ဂ) **လှည်းကူးမြို့နယ်**။ ရန်ကုန်တိုင်းဒေသကြီး၊ မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတွင် အကျဉ်းသားများအပေါ် ညှဉ်းပန်း နှိပ်စက်ကြောင်း တိုင်တန်းချက်အရ ၁၄-၂-၂၀၁၈ ရက်နေ့တွင် မင်းကုန်း စိုက်/မွေးစခန်းသို့ သွားရောက်၍ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်ရှိသည့် အကျဉ်းထောင်ဝန်ထမ်းများကို လိုအပ်သည့် စိစစ် မှုများပြုလုပ်ပြီး ထိုက်သင့်သလို အရေးယူသင့်ကြောင်း ပြည်ထဲရေးဝန်ကြီး ဌာနသို့ အကြံပြုချက်များပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့ တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၅/ကာကွယ်/၂၀၁၈) ဖြင့် သတင်းထုတ်ပြန် ခဲ့ပါသည်။ ဤအမှုတွင် စခန်းတာဝန်ခံ ဦးစီးအရာရှိအား “စာဖြင့်သတိပေး ခြင်း”၊ ဒုတိယစခန်းတာဝန်ခံနှင့် လက်ထောက်ကြီးကြပ်ရေးမှူး-၁ အား “နှစ်တိုး လစာ တစ်နှစ်ရပ်ဆိုင်းခြင်း”၊ အကျဉ်းထောင်တပ်ကြပ် ၁ ဦးနှင့် အကျဉ်း ထောင်

တပ်သား ၃ ဦးအား "စာဖြင့်သတိပေးခြင်း" ပြစ်ဒဏ်များချမှတ် အရေးယူခဲ့ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(ဃ) **မော်လမြိုင်မြို့နှင့် ဘားအံမြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၁-၂-၂၀၁၈ ရက်နေ့ တွင် မော်လမြိုင်အကျဉ်းထောင်နှင့် မော်လမြိုင်မြို့ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကိုလည်းကောင်း၊ ၂၂-၂-၂၀၁၈ ရက်နေ့တွင် ဘားအံအကျဉ်းထောင်၊ လက္ခဏာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ မာလာဖူးကုန်ထုတ်စခန်း၊ တောင်စွန်းကုန်ထုတ်စခန်းနှင့် ဘားအံမြို့ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ နွေရာသီတွင် သုံးရေအဆင်ပြေစေရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ စက်ရေတွင်း အဆင်မပြေပါက မြစ်ရေတင်၍ ရေလှောင်ကန် တည်ဆောက်ပေးပြီး ရေလုံလောက်စေရေး ဆောင်ရွက်ပေးသင့်ကြောင်း စသည့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၆/ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(င) **ကသာမြို့နှင့်ဗန်းမော်မြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၃-၃-၂၀၁၈ ရက်နေ့နှင့် ၁၄-၃-၂၀၁၈ ရက်နေ့များတွင် ကသာအကျဉ်းထောင်နှင့် ကသာမြို့ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကိုလည်းကောင်း၊ ၁၅-၃-၂၀၁၈ ရက်နေ့တွင် ဗန်းမော်အကျဉ်းထောင်နှင့် ဗန်းမော်မြို့ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ ဆေးယဉ်ပါး TB နှင့် HIV ရောဂါသည် အကျဉ်းသားတစ်ဦးကို ဆေးရုံရှိသည့် အကျဉ်းထောင်တစ်ခုခုသို့ ပြောင်းရွှေ့ကုသပေးသင့်ကြောင်း၊ အကျဉ်းသားနှင့် မိလ္လာအချိုးမှာ မျှတမှု မရှိသောကြောင့် တိုးချဲ့ ဆောက်လုပ်ပေးသင့်ကြောင်း၊ အကျဉ်းထောင် စာကြည့်တိုက်တွင် ဗဟုသုတရရှိစေပြီး စိတ်ကိုတိုးတက်ပြောင်းလဲစေမည့် စာအုပ်များ ထပ်မံဖြည့်ဆည်းသင့်ကြောင်းစသည့် အကြံပြုချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၇/ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(စ) **ပူတာအိုမြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၃-၃-၂၀၁၈ ရက်နေ့တွင်

ပူတာအိုအကျဉ်းထောင်၊ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများအား ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ စာကြည့်တိုက်တွင် ဗဟုသုတ ရရှိစေမည့် စာအုပ်များ ပိုမို ဖြည့်ဆည်းသင့်ကြောင်း၊ ဆေးခန်းလိုက် အကျဉ်းသား/သူများကို ကျန်းမာရေး စောင့်ရှောက်မှု ပိုမို ကောင်းမွန်စေရေးအတွက် တာဝန်ရှိသူများမှ စိစစ် ကြပ်မတ်သင့်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများကို ဌာန ဆိုင်ရာများနှင့် ညှိနှိုင်း၍ ဖွင့်လှစ်သင်ကြားပေးသင့်ကြောင်း စသည့် အကြံပြု ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၉/ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ဆ) **ပေုတောမြို့နယ်**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည် တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၈-၄-၂၀၁၈ ရက်နေ့နှင့် ၁၉-၄-၂၀၁၈ ရက်နေ့ထိ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်ရှိ ငှက် ပေါက် ကုန်ထုတ်စခန်းအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ ချိုးရေ လုံလောက်စွာ ရရှိရေး၊ သောက်သုံးရေ သန့်ရှင်းစေရေး ဆောင်ရွက်ပေးသင့် ကြောင်း၊ ရေချိုးချိန်နှင့် ထမင်းစားချိန် လုံလောက်စွာ ပေးသင့်ကြောင်း၊ စခန်း ဆေးခန်းတွင် ဆေးဝါးလုံလောက်စွာ ထားရှိသင့်ကြောင်း၊ အကျဉ်းသားများ၏ လုပ်ငန်းမှာ ပင်ပန်းကြမ်းတမ်းသဖြင့် နံနက်စာ ဆန်ပြုတ်အစား ထမင်းကြော် ကျွေးသင့်ကြောင်း၊ စာကြည့်တိုက်တစ်ခု ထူထောင်ပေးသင့်ကြောင်း စသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၁၅/ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ဇ) **ထားဝယ်မြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၈-၅-၂၀၁၈ ရက်နေ့နှင့် ၉-၅- ၂၀၁၈ ရက်နေ့များတွင် ထားဝယ်အကျဉ်းထောင်၊ ရဲစခန်း၊ တရားရုံးနှင့် ဆေးရုံအချုပ်ခန်းများအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ အိပ်ဆောင် များတွင် ကြမ်းပိုးသတ်ဆေး ပုံမှန်ဖြန်းပေးသင့်ကြောင်း၊ အတန်းပညာ ဆက်လက်သင်ယူရန် ဆန္ဒရှိသူများကို သင်ယူနိုင်ရေး တင်ပြဆောင်ရွက်သင့် ကြောင်း၊ နေ့စဉ်ထုတ်သတင်းစာနှင့် အပတ်စဉ်ထုတ်ဂျာနယ်အချို့ကို လွယ်ကူ စွာ ဖတ်ရှုနိုင်ရေးဆောင်ရွက်ပေးသင့်ကြောင်း၊ အိပ်ဆောင် (၁) အပေါ်ထပ် သည် မျက်နှာကြက်နှင့် ကြမ်းပြင် နီးကပ်လွန်းသောကြောင့် လိုအပ်သလို ပြုပြင်ပေးသင့်ကြောင်း၊ ထောင်ဝင်စာတွေ့ဆုံခန်းမှာ ကျဉ်းလွန်းပြီး တစ်ဖက် သို့ မမြင်ရသဖြင့် နည်းလမ်းရှာဖွေဆောင်ရွက်သင့်ကြောင်း စသည့် အကြံပြု

ချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၁၈/ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ ပါသည်။

(ဈ) **အင်းစိန်မြို့နယ်**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဒေါက်တာမြင့်ကြည်နှင့် ဒေါက်တာ ဒေါ်တင်မေထွန်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၁-၅-၂၀၁၈ ရက်နေ့တွင် အင်းစိန်ဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခဲ့ ပါသည်။ ဘူဂေးရီးယားနိုင်ငံသား အကျဉ်းသား Milen Atavasov Tasev ၏ သတင်းပို့ချက်အရ ၎င်း၏ဇနီး လာရောက်တွေ့ဆုံချိန်တွင် အခြားနိုင်ငံခြားသား အကျဉ်းသားများနည်းတူ အချိန်ကြာကြာ တွေ့ဆုံခွင့်ရရှိနိုင်ရေး လုပ်ထုံး လုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း၊ အကျဉ်းထောင် တာဝန်ခံအရာရှိသည် အကျဉ်းသားများ၏ အခက်အခဲများကို အဆင်ပြေစေရန် ဖြေရှင်းပေးသည့်အပြင် အကျဉ်းသားအများစုမှ တာဝန်ခံအရာရှိအပေါ်တွင် ယုံကြည်ကိုးစားမှုရှိသည်ဟု သိရှိရသဖြင့် အစဉ်အလာကောင်းကို ဆက်လက် ထိန်းသိမ်းထားသင့်ကြောင်း စသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီး ဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက် ချက်အမှတ်စဉ် (၁၉/ ကာကွယ်/ ၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ည) မအူပင်မြို့။ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်နှင့် ခေတ္တညွှန်ကြားရေး မှူးချုပ် ဦးဘုန်းကြွယ်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၄-၅-၂၀၁၈ ရက်နေ့တွင် မအူပင်အကျဉ်းထောင်အား သွားရောက်ကြည့်ရှုစစ်ဆေး ခဲ့ပါသည်။ ဘာသာအားလုံးအတွက် သီးသန့်ဝတ်ပြုနိုင်ရန် အခန်းတစ်ခုစီ စီစဉ်ပေးသင့်ကြောင်း၊ ART ဆေးမရရှိသေးသည့် အကျဉ်းသားတစ်ဦးအား ဆေးရရှိရေး အလျင်အမြန် ဆောင်ရွက်ပေးသင့်ကြောင်း၊ ကျောက်ကပ်ရောဂါ ခံစားနေရသော အချုပ်သားတစ်ဦးအား ကုသပေးရန်နှင့် မိသားစုမှ ရောဂါနှင့် သက်ဆိုင်သောဆေးဝါးများ လာရောက်ပေးပို့ပါကလည်း အမြန်စိစစ်၍ ခွင့်ပြု ပေးသင့်ကြောင်း၊ အိပ်ဆောင်များတွင် အပူဒဏ် သက်သာစေရေး ဆောင်ရွက် ပေးသင့်ကြောင်း စသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၂၁/ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

**(ဋ) ရွှေမြယာ စိုက်/ မွေးစခန်း၊ ဘုရားငါးဆူ ကုန်ထုတ်စခန်းနှင့် မိတ္ထီလာမြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင် သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၄-၆-၂၀၁၈ ရက်နေ့တွင် ရွှေမြယာ

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကိုလည်းကောင်း၊ ၅-၆-၂၀၁၈ ရက်နေ့တွင် ဘုရားငါးဆူ ကုန်ထုတ်စခန်းကိုလည်းကောင်း၊ ၆-၆-၂၀၁၈ ရက်နေ့တွင် မိတ္ထီလာအကျဉ်းထောင်နှင့် မိတ္ထီလာမြို့ရှိ ရဲစခန်း၊ တရားရုံးနှင့် ဆေးရုံအချုပ်ခန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ မိခင်နှင့်အတူ ပါလာသည့် ၂ နှစ်အောက် ကလေးငယ်အား ဖြည့်စွက်အစာနှင့် ကလေးအသုံးအဆောင်များ ဖြည့်ဆည်းသင့်ကြောင်း၊ စာကြည့်တိုက်တွင် ဗဟုသုတ ရရှိစေသည့် စိတ်ခွန်အားဖြည့် စာအုပ်များ ထပ်မံ ဖြည့်ဆည်းသင့်ကြောင်း၊ စည်းကမ်းဖောက်ဖျက်သည့် အကျဉ်းသားများကို အပြစ်ပေးရာတွင် ညှဉ်းပန်းနှိပ်စက်သည့်အသွင် မဖြစ်စေဘဲ ဥပဒေနှင့်အညီသာ အပြစ်ပေးသင့်ကြောင်း၊ အကျဉ်းသားအချင်းချင်း အုပ်ချုပ်ရာတွင် လိုအပ်သည်ထက် အခွင့်အာဏာမသုံးစေရေး ကြပ်မတ်ဆောင်ရွက်သင့်ကြောင်း စသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၂၂/ကာကွယ်/ ၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(၄) **မိုးညှင်းမြို့နှင့် မြစ်ကြီးနားမြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၈-၆-၂၀၁၈ ရက်နေ့တွင် မိုးညှင်းအကျဉ်းထောင်နှင့် မိုးညှင်းမြို့ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများ၊ ၁၉-၆-၂၀၁၈ ရက်နေ့တွင် ဟိုပင်ရဲစခန်းအချုပ်ခန်း၊ ၂၀-၆-၂၀၁၈ ရက်နေ့ မြစ်ကြီးနား အကျဉ်းထောင်နှင့် ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ ARTဆေး မရရှိသေးသော အချုပ်သား ၂၃ ဦးနှင့် အကျဉ်းသား ၃ ဦးတို့အတွက် ဆေးအမြန်ရရှိရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ HIV အကျဉ်းသားများအား အင်အားဖြည့် အစားအစာများ ကျွေးမွေးနိုင်ရေး ဆောင်ရွက်ပေးသင့်ကြောင်း ဘွဲ့ရ အကျဉ်းသား/သူများဖြင့် စာမတတ်မြောက်သူများကို သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ သံမံတလင်းပေါ်တွင် အိပ်စက်နေရသော အကျဉ်းသားအချို့ ရှိနေဆဲဖြစ်သဖြင့် လိုအပ်သလို ဆောင်ရွက်ပေးသင့်ကြောင်း စသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၂၄/ကာကွယ်/ ၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(၃) **ပခုက္ကူ၊ မန္တလေးနှင့် ကျောက်ဆည်မြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည်

၁၀-၇-၂၀၁၈ ရက်နေ့တွင် ပခုက္ကူအကျဉ်းထောင်နှင့် ပခုက္ကူမြို့ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများ၊ ၁၁-၇-၂၀၁၈ ရက်နေ့တွင် ထုံးဘို (၁)၊ (၂)၊ ထုံးဘို (မ)၊ ဘဲလင်း (၁)၊ (၂) ကုန်ထုတ်စခန်းများနှင့် ကျောက်ဆည်မြို့ရှိ ရဲစခန်း အချုပ်ခန်းများ၊ ၁၂-၇-၂၀၁၈ ရက်နေ့တွင် မန္တလေး ဗဟိုအကျဉ်းထောင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ HIV ရောဂါပိုးရှိသူများကို ART ဆေးနှင့် လိုအပ်သော ကုသမှုရရှိရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ မျက်လုံး ကောင်းမွန်စွာ မမြင်ရသည့်အပြင် အောက်ပိုင်းမသန်သည့်ရောဂါ ဖြစ်နေသော အကျဉ်းသားကို ပြင်ပအထူးကုဖြင့် ပြသနိုင်ရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ အိပ်ဆောင်အားလုံး အရေးပေါ် မီးအလင်း[၉] များ တပ်ဆင်ပေးသင့်ကြောင်း၊ ဝန်ထမ်းအင်အားနှင့် လိုင်းခန်း မျှတမှုမရှိသဖြင့် တိုးချဲ့တည်ဆောက်ပေးသင့် ကြောင်း စသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၂၅/ ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ဃ) **ညောင်တုန်းမြို့နှင့် ဖျာပုံမြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၃-၇-၂၀၁၈ ရက်နေ့တွင် ညောင်တုန်းမြို့နယ်ရှိ ဆားမလောက် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ ၂၄-၇-၂၀၁၈ ရက်နေ့တွင် ဖျာပုံအကျဉ်း ထောင်နှင့် ဖျာပုံမြို့ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကို ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ အကျဉ်းသားများအတွက် ယဉ်ကျေးလိမ္မာသင်တန်း၊ "အ" သုံးလုံး သင်တန်းများကို လစဉ် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ နောက်တစ်ဆင့် အယူခံတက်လိုသူရှိပါက အချိန်မီ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကူညီပေးသင့်ကြောင်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသားတစ်ဦး ဖြစ်သည့် အချုပ်သားတစ်ဦးအား ကျောင်းဆက်လက် တက်ရောက်နိုင်ရေး သက်ဆိုင်ရာတရားရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသင့်ကြောင်း၊ ဖယောင်း ပုဆိုးစုတ်ပြဲနေသော အိပ်ဆောင်များတွင် အသစ်လဲလှယ်ပေးသင့်ကြောင်း၊ စာကြည့်တိုက်တွင် စိတ်ဓာတ် တိုးတက်ပြောင်းလဲစေနိုင်မည့် စာအုပ်များ ထပ်မံဖြည့်ဆည်းပေးသင့်ကြောင်း၊ အကျဉ်းသားများ ထမင်းစားရန်နေရာတွင် အမိုး ပြုလုပ်ပေးသင့်ကြောင်း၊ အကျဉ်းသူများနှင့် အတူပါရှိလာသော ကလေး ငယ် ၃ ဦးကို ဖြည့်စွက်စာ ကျွေးမွေးနိုင်ရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ လေဝင်လေထွက် မကောင်းသည့် အိပ်ဆောင်များကို သင့်လျော်သလို စီစဉ် ဆောင်ရွက်သင့်ကြောင်း စသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာန

[၉] Emergency light

သို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၂၇/ကာကွယ်/ ၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ဏ) **လှိုင်ကော်မြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည် တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၉-၈-၂၀၁၈ ရက်နေ့တွင် လှိုင်ကော် အကျဉ်းထောင်နှင့် လှိုင်ကော်မြို့ရှိ ရဲစခန်းအချုပ်ခန်းများအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုမည့် အကျဉ်းသား ၃ ဦးကို မန္တလေးဗဟိုအကျဉ်းထောင်သို့ အမြန်ဆုံး ပြောင်းရွှေ့ ခြင်း (သို့မဟုတ်) လှိုင်ကော်အကျဉ်းထောင်၌ပင် စာမေးပွဲဖြေဆိုနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း၊ ဘွဲ့ရနှင့် တက္ကသိုလ်တက်ဆဲ အကျဉ်းသား ၅၆ ဦးကို အခြား စာမတတ် အကျဉ်းသား/သူများအား အတန်း ပညာများ ပြန်လည်သင်ကြားပြသနိုင်ရေး စည်းရုံးတာဝန်ပေးသင့်ကြောင်း၊ စာကြည့်တိုက်တွင် စိတ်ကိုပြုပြင်ပြောင်းလဲစေနိုင်မည့် စာအုပ်များ ထပ်မံ ဖြည့်ဆည်းပေးသင့်ကြောင်း၊ အကျဉ်းထောင်အတွင်း အားကစား ပြုလုပ်နိုင် ရန် နေရာတစ်ခု သတ်မှတ်ပေးသင့်ကြောင်း၊ တိုက်ထဲရှိ အကျဉ်းသားများ လမ်းလျှောက်ချိန်၊ အားကစား ပြုလုပ်ချိန်ကို ယခုထက် ပိုမိုပေးသင့်ကြောင်း၊ ဖယောင်းပုဆိုး စုတ်ပြဲနေသည့် အိပ်ဆောင်များ၌ ဖယောင်းပုဆိုးအသစ်များ လဲလှယ်ပေးသင့်ကြောင်း၊ အမျိုးသားအိပ်ဆောင် ၁ ရှိ ဝင်ပေါက်တံခါးများကို ပြုပြင်ပေးသင့်ကြောင်းစသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာန သို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၂၈/ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(တ) **ဒိုက်ဦးမြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာဒေါ်တင်မေထွန်း တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၃-၈-၂၀၁၈ ရက်နေ့တွင် ဒိုက်ဦး အကျဉ်းထောင်၊ ကျိုက်စကော စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင် စခန်းများအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ အိပ်ဆောင် ၁ တွင် လျှပ်စစ်မီးကြိုးများ သွယ်တန်းရာတွင် ရှုပ်ထွေးနေသဖြင့် ပြုပြင်သင့် ကြောင်း၊ အိပ်ဆောင်များရှိ ညမိလ္လာများအား သန့်ရှင်းရေး ပိုမို ဆောင်ရွက် စေသင့်ကြောင်း၊ ART ဆေး မရရှိသေးသူ အကျဉ်းသား ၈ ဦးအား ဆေး အမြန် ရရှိရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ ရေသန့်ဘူးများ သန့်ရှင်းမှု မရှိသဖြင့် သန့်ရှင်းရေး ဆောင်ရွက်စေသင့်ကြောင်း၊ ခြေထောက်ဒဏ်ရာအား ထပ်မံခွဲ စိတ်ရန် လိုအပ်သည့် အကျဉ်းသားတစ်ဦးကို ဆေးရုံရှိသော အကျဉ်းထောင် တစ်ခုသို့ ပြောင်းရွှေ့ကုသပေးသင့်ကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှု အား

နည်းသည်ဟု အကျဉ်းသားအများစုက သတင်းပို့ တင်ပြကြသဖြင့် တာဝန်ရှိသူများမှ ကြပ်မတ်သင့်ကြောင်း၊ အကျဉ်းထောင်တွင် သတင်းစာ၊ ဂျာနယ် များကို လွတ်လပ်စွာ ဖတ်ရှုခွင့်ပြုပေးသင့်ကြောင်း၊ မျက်လုံး ရောဂါဖြစ်နေသော အကျဉ်းသားတစ်ဦးနှင့် အူကျ၊ သွေးတိုး၊ လိပ်ခေါင်းရောဂါ ဖြစ်နေသည့် အကျဉ်းသားတစ်ဦးတို့အား ကုသပေးနိုင်ရေး ဆောင်ရွက်ပေးသင့်ကြောင်း ညာဒူးစတီးရိုး ထည့်ထားသည့် အကျဉ်းသားတစ်ဦးမှ ဆေးရုံနှင့်နီးသည့် ပဲခူးအချုပ်ထောင်သို့ ပြောင်းရွှေ့လိုကြောင်း သတင်းပို့သဖြင့် လိုအပ်သလို ဆောင်ရွက်ပေးသင့်ကြောင်း၊ နေ့လယ် ၁၂ နာရီမှ ၂ နာရီထိ တန်းပိတ်ချိန်များတွင် လျှပ်စစ်မီး ပိတ်ထားသဖြင့် တီဗွီကြည့်ရန် အခက်အခဲရှိကြောင်း သတင်းပို့တင်ပြသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးသင့်ကြောင်း၊ ဧည့်တွေ့ဆောင်သည် သံဇကာ ၄ ထပ် ကာထားသဖြင့် ဧည့်သည်နှင့် အကျဉ်းသား အပြန်အလှန်မမြင်တွေ့ရခြင်းကြောင့် လိုအပ်သလို ပြင်ဆင်သင့်ကြောင်း စသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၂၉/ကာကွယ်/ ၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ထ) **ညောင်ရွှေမြို့နှင့် တောင်ကြီးမြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၃၀-၈-၂၀၁၈ ရက်နေ့တွင် ညောင်ရွှေအကျဉ်းထောင်၊ ထီးခမ်း၊ ဘန်းကန်၊ တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများ၊ ၃၁-၈-၂၀၁၈ ရက်နေ့တွင် တောင်ကြီးအချုပ်ထောင်နှင့် တောင်ကြီးမြို့ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ လူအင်အားနှင့် မိလ္လာ မမျှတသဖြင့် လိုအပ်သလို ထပ်မံ တည်ဆောက်ပေးသင့်ကြောင်း၊ အကျဉ်းသားတစ်ဦး၏ မိခင်ဖြစ်သူမှာ အသက်အရွယ်ကြီးရင့်ပြီဖြစ်၍ လာရောက်မတွေ့ဆုံနိုင်ခြင်းကြောင့် မိခင်နှင့်နီးရာ လွိုင်ကော်အကျဉ်းထောင်သို့ ပြောင်းရွှေ့လိုကြောင်း တင်ပြသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးသင့်ကြောင်း၊ ရောဂါနှင့်ဆေးဝါး မှန်ကန်မှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးသင့်ကြောင်း၊ ထောင်တွင်း အယူခံတက်လိုသည့် အကျဉ်းသားတစ်ဦးကို လိုအပ်သလို ကူညီဆောင်ရွက်ပေးသင့်ကြောင်း၊ နှစ်ကြီးအကျဉ်းသားများအား အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးသင့်ကြောင်း စသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၃၀/ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ဒ) **ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၂-၉-၂၀၁၈ ရက်နေ့တွင် တာချီလိတ်အချုပ်ထောင်နှင့် တာချီလိတ်မြို့ရှိ ရဲစခန်း၊ တရားရုံးအချုပ်ခန်းများ၊ ၁၃-၉-၂၀၁၈ ရက်နေ့တွင် ကျိုင်းတုံအကျဉ်းထောင်နှင့် ကျိုင်းတုံမြို့ရှိ ရဲစခန်း၊ တရားရုံးနှင့် ဆေးရုံအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ TB ဆရာဝန်ကြီးများ ဖိတ်ခေါ်စစ်ဆေးကုသပေးသင့်ကြောင်း၊ ART ဆေးမရရှိသေးသည့် အကျဉ်းသား ၃ ဦးနှင့် အကျဉ်းသူ ၁ ဦးကို အမြန် ရရှိရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ အကျဉ်းသူများနှင့်အတူပါရှိလာသော ကလေးငယ် ၃ ဦးကို ဖြည့်စွက်အစာများ ကျွေးမွေးသင့်ကြောင်း၊ စာကြည့်တိုက်တွင် ဗဟုသုတရရှိစေမည့် စာအုပ်များ ထပ်မံဖြည့်ဆည်းပေးသင့်ကြောင်း၊ တာချီလိတ် ရဲအချုပ်ထောင်ရှိ မိလ္လာခန်းများကို သန့်ရှင်းရေးဆောင်ရွက်ပေးသင့်ကြောင်း စသည့်အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၃၁/ကာကွယ်/ ၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ဓ) **ခန္တီးမြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၈-၉-၂၀၁၈ ရက်နေ့တွင် ခန္တီးအကျဉ်းထောင်၊ ခန္တီးမြို့ရှိ ရဲစခန်း၊ တရားရုံးနှင့် ဆေးရုံအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ခန္တီးသို့ လာရောက်ရသည်မှာ ခက်ခဲဝေးလံသဖြင့် နယ်ဝေးမှ ထောင်ဝင်စာတွေ့လာသူများ ညအိပ်တည်းခိုရန် သင့်တင့်သော အဆောက်အဦတစ်ခု တည်ဆောက်ပေးသင့်ကြောင်း၊ အကျဉ်းထောင် စာကြည့်တိုက်တွင် စိတ်ကိုနူးညံ့ သိမ်မွေ့စေမည့် စာအုပ်များကို ဖြည့်ဆည်းပေးသင့်ကြောင်း၊ ဝန်ထမ်းများ၊ အကျဉ်းသားများ သောက်သုံးနေသည့် ချောင်းရေကို ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ အဆိပ်အတောက် မပါရှိစေရေး ဆောင်ရွက်ပေးသင့်ကြောင်း စသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၃၂/ကာကွယ်/ ၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(န) **ပြင်ဦးလွင်မြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၆-၁၁-၂၀၁၈ ရက်နေ့တွင် ပြင်ဦးလွင်မြို့ရှိ ဂယ်လောင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ ၂၇-၁၁-၂၀၁၈ ရက်နေ့တွင် ကြူအင်း၊ ဟိုခိုစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင် စခန်းများ၊ ၂၈-၁၁-၂၀၁၈ ရက်နေ့တွင် လွင်ကြီးနှင့်

ကုန်းစံစိုက်ပျိုး မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများ၊ ပြင်ဦးလွင်မြို့ရှိ ရဲစခန်းအချုပ်ခန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ ဂယ်လေဝင်းစိုက်/မွေးစခန်း တည်နေရာသည် အုပ်ချုပ်မှုအရ အလှမ်းဝေးကွာသောနေရာတွင် တည်ရှိသဖြင့် ဝန်ထမ်းအင်အားကို အဓိကထား ဖြည့်ဆည်းပေးသင့်ကြောင်း၊ အကျဉ်းသားအချို့တွင် ပွေး၊ ဝဲ၊ ယားနာအချို့ တွေ့ရှိရသဖြင့် လိမ်းဆေးနှင့် သောက်ဆေးများ ဖြည့်ဆည်းပေးသင့်ကြောင်း၊ လျှပ်စစ်မီး လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ ငှက်ဖျားတိုက်ဖျက်ရေးနှင့် ညှိနှိုင်းပြီး ကာကွယ်ဆေးကျွေးခြင်းနှင့် ခြင်ဆေး ပုံမှန်ဖြန်းပေးသင့်ကြောင်း၊ အသည်းရောင်စီပိုးရှိသော အကျဉ်းသားနှင့် အစာအိမ်ရောဂါရှိသော အကျဉ်းသားတို့ကို သင့်လျော်သည့် အကျဉ်းထောင်သို့ ပြောင်းရွှေ့ကုသပေးသင့်ကြောင်း၊ သံမံတလင်းပေါ်တွင် သစ်သားကြမ်းခင်းများ ခင်းပေးသင့်ကြောင်း စသည့် အကြံပြုချက်များ၊ ကောင်းမှုစခန်းအတွက် ကျန်းမာရေးမှူးသို့မဟုတ် သူနာပြု ၁ ဦး သီးခြားတောင်းခံ ဖြည့်ဆည်းပေးသင့်ကြောင်း၊ ဟိုခိုစိုက်/မွေးစခန်းတွင် အကျဉ်းသားအများစုမှာ တီဗွီသတင်းကြည့်ရှုလိုကြသဖြင့် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း၊ မိလ္လာရေခပ်သည့် စနစ်အစားရေလောင်းမိလ္လာစနစ်ကို ပြုလုပ်ပေးသင့်ကြောင်း၊ ထောင်တွင်းအယူခံတင်လိုသော အကျဉ်းသားတစ်ဦးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသင့်ကြောင်း၊ လွင်ကြီး စိုက်/မွေးစခန်းတွင် ဘယ်ဘက်မျက်ခုံး၌ အကြိတ်ပေါက်နေသည့် အကျဉ်းသားတစ်ဦး၊ တစ်ကိုယ်လုံးနီးပါး ဝဲ၊ ယားနာရောဂါကာလကြာရှည် ဖြစ်နေသော အကျဉ်းသားတစ်ဦးနှင့် လည်ပင်းတွင် အကြိတ်ဖြစ်နေသော အကျဉ်းသားတစ်ဦးတို့ကို လိုအပ်သလို ကုသပေးသင့်ကြောင်း ပြင်ပတွင် ဆိုင်ကယ်မှောက်သည့် ဒဏ်ရာဖြင့် အူဖြတ်၍ဖိုက်ခွဲထားပြီး ခြေလက်များ အဆစ်ပြုတ်ထားသည့် အကျဉ်းသားတစ်ဦးနှင့် ပြင်ပတွင် ဗိုက်ခွဲပြီး ကျောက်ကပ်ထုတ်ထားရသည့် အကျဉ်းသားတစ်ဦးတို့ကို အကျဉ်းထောင်သို့ ပြောင်းရွှေ့ပေးရေး လိုအပ်သလို ဆောင်ရွက်ပေးသင့်ကြောင်း၊ ကုန်းစံစိုက်/မွေးစခန်းတွင် မိလ္လာ လုံလောက်မှုမရှိကြောင်း သိရှိရသဖြင့် လိုအပ်သလို ဆောက်လုပ်ပေးသင့်ကြောင်း၊ သုံးရေ မလောက်ငသည်ကို လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း၊ ရေသန့်စက်ပျက်နေကြောင်း သိရသဖြင့် အမြန်ပြင်ဆင်သင့်ကြောင်း၊ နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များကို ရရှိရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ အိပ်ဆောင် (၃) တွင် လေပန်ကာများ တပ်ဆင်ပေးသင့်ကြောင်း၊ အကျဉ်းသားအချို့တွင် ပွေး၊ ဝဲ၊ ယားနာများ ပေါက်နေကြောင်း တွေ့ရှိရသဖြင့် လိုအပ်သော ဆေးဝါးများ ဖြည့်ဆည်း ကုသပေးသင့်ကြောင်း

စသည့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၃၄/ကာကွယ်/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ပ) **မြိတ်မြို့**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၂-၁၂-၂၀၁၈ ရက်နေ့တွင် မြိတ်အကျဉ်းထောင်နှင့် မြိတ်မြို့ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများ၊ ၁၃-၁၂-၂၀၁၈ ရက်နေ့တွင် နတ်စင်ကုန်း၊ ကျောက်ဖြူတောင် ကုန်ထုတ်စခန်းများ၊ ဆင်ဖြူရှင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ မြိတ်အကျဉ်းထောင်တွင် HIV, TB ရောဂါခံစားနေရသော အကျဉ်းသားတစ်ဦးအား လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ပါက မိသားစုနှင့်နီးရာ အကျဉ်းထောင်တစ်ခုခုသို့ ပြောင်းရွှေ့ပေးသင့်ကြောင်း၊ မိသားစုနှင့် အဆက်အသွယ်မရရှိသေးသည့် အကျဉ်းသားတစ်ဦးအား အဆက်အသွယ်ရရှိရေး ဆောင်ရွက်ပေးသင့်ကြောင်း၊ နတ်စင်ကုန်းစခန်း လုပ်ငန်းခွင်တွင် လုပ်အားရှင်များ နားရန်နေရာနှင့် ဆေးခန်းတို့ကို အမြန် ဆောက်ပေးသင့်ကြောင်း၊ ကျန်းမာရေးမှူးအား အပတ်စဉ် နတ်စင်ကုန်းစခန်းသို့ ပင့်ဖိတ်ကုသနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊ TB ရောဂါဖြစ်ဖူးပြီး အသက်ရှု မဝဘဲ ရင်ဘတ်အောင့်နေသော အကျဉ်းသားတစ်ဦးကို စစ်ဆေးကုသပေးသင့်ကြောင်း၊ ဆင်ဖြူရှင် စိုက်/မွေး စခန်းရှိ အကျဉ်းသားတစ်ဦးမှာ မျက်စိမှုန်နေပြီး မျက်မှန်တပ်ဆင်လိုကြောင်း တင်ပြသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးသင့်ကြောင်း၊ လုပ်ငန်းခွင်တွင် မိလ္လာမရှိခြင်းနှင့် အိပ်ဆောင်များတွင် ညမိလ္လာ ၁ လုံးစီသာ ရှိခြင်းကြောင့် ထပ်မံတိုးချဲ့ တည်ဆောက်ပေးသင့်ကြောင်း၊ စာကြည့်တိုက်တွင် ဗဟုသုတ ရရှိစေပြီး စိတ်ကို နူးညံ့စေမည့် စာအုပ်စာပေများ ထပ်မံဖြည့်ဆည်းပေးသင့်ကြောင်း၊ ကုန်ထုတ်စခန်းများ၊ စိုက်/မွေးစခန်းများတွင် ဖွဲ့စည်းပုံအရ ကျန်းမာရေး ဝန်ထမ်းများ ဖြည့်တင်းရန် အခက်အခဲရှိနိုင်သဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ ရှေးဦးသူနာပြုသင်တန်းနှင့် သူနာပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသင့်ကြောင်း စသည့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၃၆/ကာကွယ်/ ၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

## လူငယ်သင်တန်းကျောင်းများအား ကြည့်ရှုစစ်ဆေးခြင်း

၃၉။ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူငယ် သင်တန်းကျောင်းများဖြစ်သော ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ ဧပြီလ ၂ ရက်နေ့၊ ၃ ရက်နေ့နှင့် ၃၀ ရက်နေ့များတွင်လည်းကောင်း၊ သန်လျင်လူငယ် သင်တန်း ကျောင်းသို့ မေလ ၃၀ ရက်နေ့တွင်လည်းကောင်း၊ အမျိုးသမီးသက်မွေး ပညာသင်ကျောင်း သို့ မေလ ၁၅ ရက်နေ့တွင်လည်းကောင်း သွားရောက်ခဲ့ပြီး အမှုရင်ဆိုင်နေရသော ကလေး သူငယ်များနှင့် စပ်လျဉ်း၍ ကလေးသူငယ် အခွင့်အရေးနှင့်အညီ ထိန်းသိမ်းထားရှိခြင်း၊ ချုပ်နှောင်ဖမ်းဆီးခြင်း၊ ခုခံခြေပခွင့် ကိစ္စရပ်များ၊ အမှုရင်ဆိုင်ဆဲကာလ ကြန့်ကြာနေရခြင်း အခြေအနေများနှင့် စပ်လျဉ်း၍ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

၄၀။ အဆိုပါသင်တန်းကျောင်း ၃ ကျောင်းရှိ ကလေးသူငယ် ၁၀၅ ဦးအား တွေ့ဆုံမေးမြန်း ချက်များအရ ချုပ်နှောင်ဖမ်းဆီးခံရစဉ်အတွင်း အခြားပြစ်မှုကျူးလွန်သူများနှင့်အတူ အချုပ် ခန်းတွင် နေထိုင်ခဲ့ရသူ ၉၂ ဦး၊ အချုပ်စကြံ့တွင် နေထိုင်ခဲ့ရသူ ၆ ဦး၊ တာဝန်ကျရဲတပ်ဖွဲ့ဝင် အိမ်တွင် နေထိုင်ခဲ့ရသူ ၄ ဦး၊ သီးခြားအချုပ်ဖြင့် နေထိုင်ခဲ့ရသူ ၃ ဦးရှိကြောင်း သိရှိခဲ့ရပါ သည်။ ရဲအချုပ်တွင် နေထိုင်ခဲ့ရမှုမှာ အနည်းဆုံး တစ်ပတ်မှ သုံးပတ်ခန့်အထိ နေထိုင်ခဲ့ရ ကြောင်း သိရှိရပါသည်။

၄၁။ ကလေးသူငယ် ၉၄ ဦးအား မေးမြန်းချက်အရ အမှုရင်ဆိုင်စဉ်ကာလအတွင်း ရှေ့နေ လိုက်ပါ ဆောင်ရွက်သူ ၄၁ ဦးရှိပြီး အစိုးရရှေ့နေမှ လိုက်ပါဆောင်ရွက်ပေးသည်ဟု ဖြေဆို သူ ၂ ဦးရှိပါသည်။ ရှေ့နေငှားရမ်းနိုင်ခြင်း မရှိသူများသည် ငွေကြေးချို့တဲ့မှု၊ အသိပညာ အားနည်းမှုတို့ကြောင့်ဖြစ်ပြီး ခုခံထုချေခွင့် ဆုံးရှုံးကြောင်း တွေ့ရှိရပါသည်။

၄၂။ ကလေးသူငယ်များအား ဖမ်းဆီးချုပ်နှောင်စဉ်ကာလအတွင်း တာဝန်ကျ ရဲတပ်ဖွဲ့ ဝင်များမှ ရိုက်နှက်၊ ကန်ကျောက်မှုများရှိကြောင်း ကလေး ၁၉ ဦးက ဖြေကြားခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်များအရ အောက်ဖော်ပြပါ အချက်များပါဝင်သော အကြံပြုချက်များကို သက်ဆိုင်ရာ ဌာနများသို့ ပေးပို့ခဲ့ပါသည်–

(က) အမှုရင်ဆိုင်နေသော ကလေးသူငယ်များအား ကလေးသူငယ် ဥပဒေပုဒ်မ ၄၂ (င) နှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အမြန်ဆုံး တရားစီရင် ပြီးပြတ်နိုင် ရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ကလေးသူငယ်များအား ဖမ်းဆီးချုပ်နှောင်ရာတွင် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၃၇ နှင့် ကလေးသူငယ်ဥပဒေပုဒ်မ ၃၇

တို့နှင့်အညီ ဆောင်ရွက်ရေးနှင့် ညှဉ်းပန်းနှိပ်စက်မှုမရှိရေးကို အပြည့်အဝ ကာကွယ်ဆောင်ရွက်သင့်ပါသည်။

၄၃။ လူငယ်သင်တန်းကျောင်းများ၌ ပြစ်ဒဏ်ကျခံနေဆဲ ကလေးသူငယ်များ ၁ နှစ်ပြည့် ချိန်တွင် ကလေးသူငယ်ဥပဒေပုဒ်မ ၄၈ (ခ) အရ ပြင်ဆင်မိန့်ချမှတ်ပေးရန် မူလပြစ်မှု ဖြစ်ပွားခဲ့သည့် ဒေသရှိ တရားရုံးများတွင် လျှောက်ထားသည့်အခါ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၀၃ အရ သက်ဆိုင်ရာ လူငယ်သင်တန်းကျောင်းမှ ဝန်ထမ်းကို သက်သေအဖြစ် လာရောက်ခြင်းမှ ခွင့်လွှတ်ရေး ယင်းတရားရုံးသို့ လျှောက်ထားခြင်းကို အချို့တရားရုံးများ က ခွင့်ပြု၍ အချို့တရားရုံးများက ခွင့်မပြုခြင်းကြောင့် ကလေးသူငယ်အချို့မှာ ဥပဒေပါ အခွင့်အရေးများ ဆုံးရှုံးမှုရှိခဲ့ကြောင်း သိရှိရပါသည်။ ကလေးသူငယ်များအနေဖြင့် ၎င်းတို့၏ ပြစ်ဒဏ်ပြင်ဆင်ခွင့် အခွင့်အရေးကို ကလေးသူငယ် ဥပဒေနှင့်အညီ ရရှိနိုင်ရေးအတွက် ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းရှိ ကလေးသူငယ်များအား ကော့မှူးမြို့နယ်တရားရုံး သို့လည်းကောင်း၊ မန္တလေးလူငယ်သင်တန်းကျောင်းရှိ ကလေးသူငယ်များအား မန္တလေးမြို့ ရှိ ကလေးသူငယ်တရားရုံးသို့လည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၀၃ နှင့်အညီ ကော်မရှင်စာထုတ်ဆင့်ခွင့်ပြုနိုင်ရေးအတွက် လိုအပ်သလိုညွှန်ကြားပေးပါရန် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ပေးပို့ခဲ့ရာ ကလေးသူငယ်ဥပဒေပုဒ်မ ၄၈ (ဂ) အရ ပြင်ဆင်မိန့်ချမှတ်ပေးရန် တင်ပြလျှောက်ထားချက် များတွင် သက်ဆိုင်ရာသင်တန်းကျောင်း တာဝန်ရှိသူသည် နီးစပ်ရာတရားရုံး၌ ကော်မရှင်နာ ဖြင့် စစ်ဆေးခွင့်ပြုရန်လျှောက်ထားသည့်အခါ သက်ဆိုင်ရာကလေးသူငယ် တရားသူကြီး က ဥပဒေနှင့်အညီ ဆောင်ရွက်ရန်” ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ညွှန်ကြားပြီး ဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

**ကော်မရှင်ရုံးသို့ ခေါ်ယူစစ်ဆေးခြင်း**

၄၄။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေကုန်းကျော်တံတားအနီး၊ Ocean Centre ရှေ့တွင် ဖြစ်ပွားခဲ့သော ဆန္ဒဖော်ထုတ်ခဲ့သည့် ဖြစ်စဉ်တွင် အရပ်ဝတ်လူတချို့က ဝိုင်းဝန်းချုပ်နှောင် ဖမ်းဆီးခြင်းများရှိကြောင်း တိုင်တန်းချက်များ ရရှိခဲ့သည့်အပြင်၊ ပြည်သူ့လွှတ်တော်ရုံးမှ လည်း ယင်းကိစ္စနှင့်စပ်လျဉ်း၍ စိစစ်အရေးယူပေးပါရန် ကော်မရှင်ရုံးသို့ အမှုတွဲ လွှဲပြောင်း ပေးပို့လာခဲ့သဖြင့် တိုင်တန်းသူများနှင့် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များ တန်ပြန်ဆန္ဒပြသူများ အပါအဝင် အမှုနှင့်ပတ်သက်ဆက်စပ်သည့် လူပုဂ္ဂိုလ် ၁၃ ဦးကို ကော်မရှင်ရုံးသို့ ခေါ်ယူ စစ်ဆေးခဲ့ပါသည်။ တွေ့ရှိချက်များအရ အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website နှင့် Facebook တို့ တွင်လည်း သတင်းထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်ဟု သိရှိရပါသည် –

(က) သတင်းရယူသည့် မီဒီယာသမားအချို့ကို ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရန်ပြုခြင်းပြုလုပ်ခဲ့ကြသည့် တန်ပြန်ဆန္ဒပြသူ ဦးတင့်လွင်၊ ဦးရဲစိုးအောင်၊ သာထက် (ခ) နိုင်သူလတ်၊ သီဟဇော် (ခ) ကျော်ကဲ၊ ညောင်ကန်ကိုကိုမောင် (ခ) ကိုကိုမောင်၊ မိုးဇာမင်း (ခ) မင်းမင်း၊ ဇင်ကိုဦး၊ ဦးအုန်းမြင့်တို့ ၈ ဦးကို ရဲတပ်ဖွဲ့က အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပြန်ကြားလာပါသည်။

(ခ) တရားမဝင်ဆန္ဒပြမှုကို ဦးဆောင်သူ မအိအိမိုး (ပါ) ၁၇ ဦးတို့အား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၀ ဖြင့် ဗဟန်း မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ပြီး တရားမဝင်ဆန္ဒပြသူများကို တာဝန်ရှိသူများမှ ဝိုင်းဝန်းဖမ်းဆီးခဲ့သည့် အချိန်တွင် ရဲတပ်ဖွဲ့မှ အကူအညီတောင်းခံခြင်းမရှိဘဲ ဝင်ရောက် ဖမ်းဆီးပေးခဲ့သည့် ဦးတင့်လွင် (ပါ) ၈ ဦးအား ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူးမှ ဗဟန်းမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားပြီး အမှုဖွင့်လှစ်ထားကြောင်းနှင့် ရဲတပ်ဖွဲ့အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီသာ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များအပေါ် အရေးယူ ဆောင်ရွက်ရန် မသင့်ပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာခဲ့ပါသည်။

(ဂ) မအိအိမိုး (ပါ) ၁၇ ဦးအား ဗဟန်းမြို့နယ်တရားရုံးမှ ၁-၃-၂၀၁၉ ရက်နေ့ထိ စုစုပေါင်း ရုံးချိန်း ၂၂ ချိန်း စစ်ဆေးခဲ့ကြောင်းနှင့် ဦးတင့်လွင် (ပါ) ၈ ဦးအား ဗဟန်းမြို့နယ် တရားရုံးမှ လက်ခံစစ်ဆေးသည့်အမှုတွင် ၆ ဦးသာ တရားရုံးသို့ ရောက်ရှိ သတင်းပို့ခဲ့သဖြင့် သီဟဇော် (ခ) ကျော်ကဲနှင့် ကိုကိုမောင် (ခ) ညောင်ကန်ကိုကိုမောင်တို့အား တရားခံပြေးမှုဖြင့် ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်း၊ ၁၉-၂-၂၀၁၉ ရက်နေ့ထိ ရုံးချိန်း ၁၂ ချိန်းစစ်ဆေးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြန်ကြားလာခဲ့ပါသည်။

၄၅။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးသန်းတိုးအောင်ဆိုသူကို ကျောက်တံတားမြို့နယ်ရဲစခန်းမှ အရပ်ဝတ် ဝတ်ထားသော ရဲတပ်ဖွဲ့ဝင်အချို့က စစ်ဆေးမေးမြန်းမှုအပေါ် အထင်အမြင် လွဲမှားပြီး ထွက်ပြေးသဖြင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခြင်းခံရကြောင်း တိုင်တန်းချက်နှင့်ပတ်သက်၍ သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် သက်သေများကို ကော်မရှင်ရုံးသို့ ခေါ်ယူစစ်ဆေးပြီး အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ အများပြည်သူနှင့် ထိတွေ့ဆက်ဆံသည့် လှည့်ကင်းများ ဆောင်ရွက်သည့်အခါ ရဲတပ်ဖွဲ့ဝတ်စုံကို ပြည့်စုံစွာ ဝတ်ဆင်ထားရေး၊ **POLICE** စာတမ်းပါ မီးတန်းယာဉ်များ၊ မော်တော်ဆိုင်ကယ်များကိုပါ အသုံးပြုရေးကို လက်အောက်ရဲတပ်ဖွဲ့ဝင်များသို့ ချပြရှင်းလင်းပြီးဖြစ်ကြောင်း၊ လူမှုကွန်ရက် စာမျက်နှာပေါ်တွင် မှုခင်း

သတင်းဖော်ပြရာ၌ လူတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုများကို မထိခိုက်စေရန် အလေးအနက်ထား ဆောင်ရွက်စေရန်ကိုလည်း ချပြရှင်းလင်း ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

## ဥပဒေရေးရာဆောင်ရွက်ချက်များ

## တရားဥပဒေရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မှုများ

၄၆။ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်သည် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဖိတ်ကြားချက်အရ ၂-၂-၂၀၁၈ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် တရားဥပဒေ စိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ပဋ္ဌမအကြိမ် အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

၄၇။ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်သည် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့၏ ဖိတ်ကြားချက်အရ ၇-၃-၂၀၁၈ ရက်နေ့မှ ၈-၃-၂၀၁၈ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ညီလာခံသို့ တက်ရောက်ခဲ့ပါသည်။

၄၈။ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်သည် United Nations Development Programme and United Nations Population Fund တို့၏ ဖိတ်ကြားချက်အရ ၂၆-၄-၂၀၁၈ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် တရားဥပဒေ စိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းနှင့်ဆက်စပ်၍ တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှု အားကောင်းစေရေး စီမံချက်[၁၀] အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

၄၉။ ၂၃-၅-၂၀၁၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်မှ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ တင်သွင်းရန်နှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့် တက်ရောက်ပြီး တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများကို ကော်မရှင်က စုံစမ်းစစ်ဆေးမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းနှင့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ကုလသမဂ္ဂက ချမှတ်ထားသည့် ပါရီ အခြေခံမူများနှင့် ကွဲလွဲမှုရှိခြင်းတို့ကို ဆွေးနွေးတင်ပြခဲ့ပါသည်။

---

[၁၀] Strengthening Accountability and Rule of Law Project– SARL

၅၀။ ဩစတြေးလျနိုင်ငံ၊ မိုနာ့ခ်တက္ကသိုလ် [၁၁] မှ ပြစ်မှုဗေဒဘာသာရပ်ဆိုင်ရာ Senior Lecturer ဖြစ်သူ Dr. Lennon Yao-chung Chang ဦးဆောင်သော ကျောင်းသားကျောင်းသူ ၂၀ ဦးတို့ ကော်မရှင်သို့ ၁၀-၇-၂၀၁၈ ရက်နေ့တွင် လာရောက်လေ့လာရာ၌ ကော်မရှင် ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေနှင့် ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းကိုလည်းကောင်း၊ အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်က ပြစ်မှုဗေဒ [၁၂] နှင့် ဆက်စပ်၍ မြန်မာနိုင်ငံ၌ ပြစ်မှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှု [၁၃] အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး မိုနာ့ခ်တက္ကသိုလ် ကျောင်းသားကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က သက်ဆိုင်ရာ အကြောင်းအရာများ အလိုက် ပြန်လည်ဖြေကြားခဲ့ပါသည်။

၅၁။ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနတွင် ၁၉-၁၁-၂၀၁၈ ရက်နေ့၌ ကျင်းပပြုလုပ်သည့် အမုန်းစကားများ ကာကွယ်တားဆီးရေးဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်းသော အစည်းအဝေးသို့ တက်ရောက် ဆွေးနွေးခဲ့ပါသည်။

## အကြံပြုချက်နှင့် သဘောထားမှတ်ချက်များပေးပို့ခြင်း

၅၂။ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ တင်သွင်းလိုကြောင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရုံးက ကော်မရှင်သို့ ၅-၁-၂၀၁၈ ရက်နေ့တွင် ပေးပို့ခဲ့သဖြင့် ကော်မရှင်၏ သဘောထားမှတ်ချက်ကို ၁၁-၁-၂၀၁၈ ရက်နေ့ တွင် ပြည်သူ့လွှတ်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံးနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့သို့ ပေးပို့ခဲ့ပါသည်။ ယင်းသဘောထားမှတ်ချက်တွင် နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများကို ကော်မရှင်က စုံစမ်းစစ်ဆေးမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းနှင့် ကုလသမဂ္ဂက ချမှတ်ထားသည့် အခြေခံမူများ (ပါရီအခြေခံမူများ) နှင့် ကွဲလွဲမှုရှိခြင်းတို့ဖြင့် ငြိစွန်းနိုင်ပါကြောင်း အကြံပြုခဲ့ပါသည်။

၅၃။ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ “ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော် ကျင့်သုံးကြရမည့်

---

[၁၁] Monash University

[၁၂] criminology

[၁၃] Criminal Practices in Myanmar

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေများဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန် ကျင့်သုံးပေးပါရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း” အဆိုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ (က) (၂) နှင့် အကျုံးဝင်သည့် အဖွဲ့အစည်းဖြစ်ပြီး လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားရှိပြီးဖြစ်ပါကြောင်း ကော်မရှင်၏ သဘောထားမှတ်ချက်ကို ၆-၃-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့သို့ ပေးပို့ခဲ့ပါသည်။

၅၄။ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲ၍ သေဒဏ် ချမှတ်သည်အထိ ပြစ်ဒဏ် တိတိကျကျ ရေးဆွဲပြဋ္ဌာန်းပေးရန် အဆိုပြုချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကြီးလေးသောရာဇဝတ်မှု ကျူးလွန်သူများအပေါ် ဥပဒေနှင့်အညီ သေဒဏ်ချမှတ်ခြင်း ရှိသော်လည်း၊ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် သေဒဏ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း (ကွပ်မျက်စီရင်ခြင်း)[၁၄] မရှိပါကြောင်း၊ သေဒဏ်နှင့် စပ်လျဉ်း၍ ယေဘုယျအားဖြင့် ကမ္ဘာ့နိုင်ငံများတွင် သေဒဏ်ဖျက်သိမ်းသည့် နိုင်ငံ၊ သေဒဏ်မဖျက်သိမ်းသည့်နိုင်ငံ၊ သေဒဏ်ကို လက်တွေ့ကျင့်သုံးခြင်း မရှိသည့်နိုင်ငံဟူ၍ အမျိုးအစားခွဲခြားထားရာတွင် မြန်မာနိုင်ငံ၌ သေဒဏ် ချမှတ်ခြင်းရှိသော်လည်း လက်တွေ့တွင် အကောင်အထည်ဖော် အတည်ပြုဆောင်ရွက်ခြင်း မရှိသည့်အတွက် သေဒဏ် လက်တွေ့ကျင့်သုံးခြင်း ရပ်ဆိုင်းသည့်နိုင်ငံ[၁၅] အဖြစ် မြန်မာနိုင်ငံကို ကုလသမဂ္ဂက ရှုမြင်ထားသဖြင့် သက်ငယ်မုဒိမ်းမှုများနှင့် စပ်လျဉ်း၍ သေဒဏ်ပါရှိသော အထူးဥပဒေတစ်ရပ် ပြဋ္ဌာန်းသင့် မသင့်ကို ကျယ်ပြန့်စွာ စဉ်းစားသင့်သည်ဟု သဘောရရှိပါကြောင်း အကြံပြုချက်ကို ၂၁-၅-၂၀၁၈ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၅၅။ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မသန်စွမ်းသူ (အသက်ကန့်သတ်မထား) အပေါ်ကျူးလွန်သော မုဒိမ်းမှုအတွက်လည်းကောင်း၊ အသက် ၁၂ နှစ်အောက်ရှိ ကလေးသူငယ် အမျိုးသမီးအပေါ် ကျူးလွန်သောမုဒိမ်းမှု (သက်ငယ်မုဒိမ်း) အတွက်လည်းကောင်း ထောင်ဒဏ် အနှစ် ၂၀ အထိ သို့မဟုတ် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ပေးရန်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် သင့်မြတ်မှုရှိပါကြောင်း၊ သို့ရာတွင် မုဒိမ်းမှု ကျူးလွန်ခံရသူ အမျိုးသမီးအဖို့ သက်ကြီးမုဒိမ်း၊ သက်ငယ်မုဒိမ်း မခွဲခြားဘဲ အဓိကပင်ရင်း စဉ်းစားရန်သင့်သည်မှာ မုဒိမ်းမှုပင်ဖြစ်ပါကြောင်း၊ မုဒိမ်းမှုကို ကျူးလွန်ခြင်းခံရသူ

---

[၁၄] execution

[၁၅] abolitionist in practice

အမျိုးသမီး [၁၆] ထုအဖို့ သက်ကြီးပင်ဖြစ်စေ၊ သက်ငယ်ပင်ဖြစ်စေ မုဒိမ်းမှု ကျူးလွန်ခံရလျှင် ကိုယ်ခန္ဓာပိုင်းဆိုင်ရာ နစ်နာမှုဒုက္ခ[၁၇] သာမက၊ စိတ်ပိုင်းဆိုင်ရာ နစ်နာမှုဒုက္ခ[၁၈]အပြင် နှစ်မျိုးစလုံး ဂုဏ်သိက္ခာ ထိခိုက်နစ်နာမှုကို တစ်သက်တာပတ်လုံး ခံစားသွားရမည်ဖြစ်ပြီး၊ အထူးအားဖြင့် စိတ်ပိုင်းဆိုင်ရာ ခံစားချက်များ [၁၉] မှာ ပိုမိုလွန်ကဲစွာ ခံစားရမည်ဖြစ်သောကြောင့် မုဒိမ်းမှုကို အမျိုးသမီးများအပေါ် ကျူးလွန်သော အကြမ်းဖက်မှုအဖြစ် လူ့အသိုင်းအဝိုင်းတွင် လက်မခံလိုကြတော့ပါကြောင်း၊ သို့ဖြစ်ပါ၍ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ ၃၇၆ ကို အပိုင်း (၃) ပိုင်းအစား အပိုင်း (၂) ပိုင်းဖြင့်သာ ပြင်ဆင်သင့်ပါကြောင်း၊ ပြင်ဆင်ချက်ဥပဒေကြမ်း ပုဒ်မ ၃၇၆၊ ပုဒ်မခွဲ (၁) နှင့် (၃) ကို ပေါင်းစည်း၍ မသန်စွမ်းသူနှင့် အသက် ၁၂ နှစ်အောက်ရှိ ကလေးသူငယ်အမျိုးသမီးများ အပါအဝင် အမျိုးသမီးများအပေါ် မုဒိမ်းမှု ကျူးလွန်သူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ အနှစ် ၂၀ ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်ရမည် ဟူ၍ ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း၊ ထို့ပြင် နစ်နာကြေးကိုလည်းပေးစေရန် အမိန့်ချမှတ်ရမည့် ပြင်ဆင်ချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်ဟု သဘောရရှိပါကြောင်းကို လူ့အခွင့်အရေး ရှုထောင့်မှနေ၍ အကြံပြုချက်ကို ၁၀-၉-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။

## နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (SEANF)[၂၀] နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း

၅၆။ **ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး။** SEANF ၏ ၂၀၁၈ ခုနှစ်အတွက် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပသော SEANF ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ယမန်နှစ်က ကျင်းပခဲ့သော ၁၄ ကြိမ်မြောက် SEANF နှစ်ပတ်လည် အစည်းအဝေးအပြီး အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်မှုများ၊ SEANF အမြဲတမ်း အတွင်းရေးမှူးချုပ်ရုံး

[၁၆] victim

[၁၇] physical suffering

[၁၈] mental suffering

[၁၉] trauma

[၂၀] South East Asia National Human Rights Institutions Forum – SEANF

တည်ထောင်ရေးကိစ္စရပ်များ၊ ၂၀၁၈ ခုနှစ်အတွင်း ဖိုရမ်အနေဖြင့် ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များနှင့် ဖိုရမ်၏ ၂၀၁၇-၂၀၂၀ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၏ ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးကို ဆွေးနွေးခဲ့ကြပြီး ၁၅ ကြိမ်မြောက်ဖိုရမ် နှစ်ပတ်လည် အစည်းအဝေး၏ ဘာသာရပ်ခေါင်းစဉ်အဖြစ် "စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေး" ဘာသာရပ်ကို ရွေးချယ်သတ်မှတ်ရန် သဘောတူညီခဲ့ကြပါသည်။

၅၇။ **ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး။** ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပသော SEANF ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဦးညွှန့်ဆွေနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးအပြီး အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်မှုများ၊ ဖိုရမ်၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးကိစ္စရပ်များ၊ ၂၀၁၈ ခုနှစ်အတွင်း ဖိုရမ်အနေဖြင့် ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များ၊ ဖိုရမ်နှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဖိုရမ်၏ ၂၀၁၇-၂၀၂၀ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး စသည်တို့ကို ဆွေးနွေးခဲ့ကြပါသည်။

၅၈။ **ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ဖိုရမ်၏ ၁၅ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး။** ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှ ၁၄ ရက်နေ့အထိကျင်းပသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် SEANF ၏ (၁၅) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးညွှန့်ဆွေတို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်မှုများ၊ SEANF အမြဲတမ်း အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေး ကိစ္စရပ်များနှင့် ဖိုရမ်၏ ၂၀၁၇-၂၀၂၀ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ် အကောင်အထည်ဖော်ရန် လုပ်ငန်းစီမံချက်များကို ဆွေးနွေးခဲ့ကြပါသည်။ အစည်းအဝေးတွင် သက်ကြီးရွယ်အိုများ အခွင့်အရေးနှင့်စပ်လျဉ်းသော သက်ဆိုင်ရာနိုင်ငံများ၏ အချက်အလက်များပါဝင်သည့် "Baseline Paper on the Rights of Older Persons in Southeast Asia" ကို ဖိုရမ်၏စာတမ်းအဖြစ် ရိုက်နှိပ်ထုတ်ဝေရန်နှင့် နောင်ကျင်းပမည့် ဖိုရမ်အစည်းအဝေးများတွင် ဖိုရမ်အဖွဲ့ဝင်နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်

လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးရန် သဘောတူညီခဲ့ကြပါသည်။

**အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (APF)** [၂၁] **နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၅၉။ ကော်မရှင်သည် **APF** ၏ ပံ့ပိုးမှုဖြင့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ နေပြည်တော်ရှိ Hotel Max တွင် ကျင်းပခဲ့သော "သေဒဏ်ကို တရားဝင်ဆိုင်းငံ့မှုနှင့် စပ်လျဉ်းသည့် အလုပ်ရုံ ဆွေးနွေးပွဲ" ၏ အပြီးသတ်အစီရင်ခံစာကို ၂၂-၂-၂၀၁၈ ရက်နေ့တွင် APF သို့ ပေးပို့ခဲ့ပါသည်။ အစီရင်ခံစာတွင် အလုပ်ရုံဆွေးနွေးပွဲအပြီး ထုတ်ပြန်ချက်ကို ပူးတွဲဖော်ပြထားပြီး ယင်းထုတ်ပြန်ချက်ကို နောက်ဆက်တွဲဖြင့် တင်ပြအပ်ပါသည်။ [၂၂]

၆၀။ ကော်မရှင်သည် ဟောင်ကောင်မြို့၌ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပသော ဖိုရမ်၏ ၂၃ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးညွန့်ဆွေတို့ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ ညီလာခံတွင် ခါဂျစ်သမ္မတနိုင်ငံ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းအား "B" အဆင့် အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ရာ APF တွင် အဖွဲ့ဝင်ပေါင်း ၂၅ နိုင်ငံ ရှိပြီဖြစ်ပါသည်။ ဖိုရမ်၏ တစ်နှစ်တာ အစီရင်ခံစာနှင့် နှစ်ပတ်လည်အစီရင်ခံစာတွင် ပါရှိချက်များအနက် သီရိလင်္ကာ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အား "A" အဆင့်အဖွဲ့ဝင်အဖြစ် တိုးမြှင့်သတ်မှတ်ခံရကြောင်း၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် အိန္ဒိယနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များအနေဖြင့် ၎င်းတို့၏စွမ်းဆောင်ရည် သုံးသပ်မှုခံယူခြင်းတို့ကို ၂၀၁၈ နှစ်ကုန်ပိုင်းတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း စသည့်အချက်များ ပါဝင်ပါသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေး ဘာသာရပ်များ ဆွေးနွေးခြင်း၊ ကော်မရှင် အသီးသီး၏ ဆောင်ရွက်ချက်များတင်ပြခြင်း၊ APF နှင့် NGO အဖွဲ့အစည်းများ တွေ့ဆုံခြင်း၊ APF အတွင်း ဥက္ကဋ္ဌအသစ်နှင့် အခြားတာဝန်ယူမည့် အဖွဲ့အစည်းများအား မဲစနစ်ဖြင့် ရွေးချယ်ခြင်းနှင့် သေဒဏ်ဖျက်သိမ်းမှုနှင့် စပ်လျဉ်းသည့် စားပွဲဝိုင်း ဆွေးနွေးပွဲကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင် ဥက္ကဋ္ဌကလည်း ကော်မရှင်၏ တစ်နှစ်တာအတွင်း ဆောင်ရွက်ချက်များကို တင်ပြရာတွင် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အလုပ်စခန်းများသို့ သွားရောက်စစ်ဆေးခဲ့ပုံကို ဆွေးနွေးတင်ပြပါသည်။[၂၃] ထို့နောက်လာမည့်သက်တမ်းအတွက် APF ဥက္ကဋ္ဌအဖြစ် ဩစတြေးလျနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ Ms.

---

[၂၁] Asia-Pacific Forum of National Human Rights Institutions (APF)

[၂၂] နောက်ဆက်တွဲ (ဆ)

[၂၃] နောက်ဆက်တွဲ (ဇ)

Rosalind Croucher AM က ဆောင်ရွက်ပြီး ၂၀၁၉ ခုနှစ်အတွက် APF နှစ်ပတ်လည် အစည်းအဝေးကို ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပရန် သဘောတူခဲ့ကြပါသည်။

၆၁။ APF ၏ နှစ်ပတ်လည် အစည်းအဝေး ကျင်းပပြီးနောက် ၂၀-၉-၂၀၁၈ ရက်နေ့နှင့် ၂၁-၉-၂၀၁၈ ရက်နေ့များတွင် APF နှင့် ဟောင်ကောင်အခြေစိုက် တန်းတူရည်တူ အခွင့်အလမ်းရှိရေး ကော်မရှင်[၂၄] တို့ ပူးပေါင်းကျင်းပသည့် "အာရှ-ပစိဖိတ်ဒေသတွင်း တန်းတူရည်တူရှိရေး ညီလာခံ" သို့ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်ဦးညွန့်ဆွေတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အဆိုပါညီလာခံတွင် ဟောင်ကောင်ရှိ တက္ကသိုလ်အသီးသီးက ပါမောက္ခများ၊ လူ့အခွင့်အရေး ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အာရှ-ပစိဖိတ်နှင့် ဟောင်ကောင်တွင် တန်းတူရည်တူ အခွင့်အလမ်းရှိရေး ဆောင်ရွက်ချက်တိုးတက်မှု အခြေအနေသုံးသပ်ခြင်း၊ အမျိုးသမီးများအား တန်းတူရည်တူ ဆက်ဆံရေး ကိစ္စရပ်များ၊ လူနည်းစုများအတွက် အတားအဆီးများ၊ မသန်စွမ်းသူများအား တန်းတူရည်တူ ဆက်ဆံရေးကိစ္စရပ်များ စသည့်ဘာသာရပ်များနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးခဲ့ကြပါသည်။

**အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (GANHRI) [၂၅] နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၆၂။ **နှစ်ပတ်လည်အစည်းအဝေး- ၂၀၁၈ သို့ တက်ရောက်ခြင်း**။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပသော ကုလသမဂ္ဂက ကမကထပြု၍ ဖွဲ့စည်းထားသည့် GANHRI ၏ နှစ်ပတ်လည် အစည်းအဝေး-၂၀၁၈ သို့ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်ဦးညွန့်ဆွေတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများရော ဖွံ့ဖြိုးပြီးနိုင်ငံများပါ စိတ်ပါဝင်စားစွာ ဆွေးနွေးဆောင်ရွက်လျက်ရှိသော သက်ကြီးရွယ်အိုများ အခွင့်အရေးနှင့် မသန်စွမ်းသူများ အခွင့်အရေးဘာသာရပ် တို့ကို ဆွေးနွေးကြပါသည်။

၆၃။ **အခြားအစည်းအဝေးများသို့ တက်ရောက်ခြင်း**။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့သည် သက်ကြီးရွယ်အိုများ အခွင့်အရေးနှင့် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ အခန်းကဏ္ဍ အသိပညာဖလှယ်မှုဆွေးနွေးပွဲသို့လည်းကောင်း၊ GANHRI နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့ ပူးပေါင်းကျင်းပသည့် မသန်စွမ်းသူများ အခွင့်အရေးနှင့် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ အခန်းကဏ္ဍ ဆွေးနွေးပွဲသို့လည်းကောင်း၊ APF အစည်းအဝေးသို့လည်းကောင်း၊ SEANF အဖွဲ့ဝင်များနှင့်

---

[၂၄] Hong Kong Equal Opportunities Commission

[၂၅] Global Alliance of National Human Rights Institutions

ဂျီနီဗာမြို့ အခြေစိုက် ညှဉ်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေးအဖွဲ့[၂၆]မှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ အဖွဲ့အစည်းနှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးသည့် အစည်းအဝေးသို့လည်းကောင်း ပါဝင်တက်ရောက်ခဲ့ပါသည်။

၆၄။ **အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး၏ ၁၃ ကြိမ်မြောက် နိုင်ငံတကာ ညီလာခံသို့ တက်ရောက်ခြင်း**။ GANHRI၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) နှင့် မော်ရိုကိုနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကောင်စီ (CNDH) တို့ပူးပေါင်း၍ မော်ရိုကိုနိုင်ငံ၊ မားရားကက်ရှ်မြို့၌ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပသော အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး၏ ၁၃ ကြိမ်မြောက် နိုင်ငံတကာညီလာခံသို့ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေ ပါဝင်တက်ရောက်ခဲ့ပါသည်-

(က) အဆိုပါညီလာခံတွင် "လူ့အခွင့်အရေး ကာကွယ်သူများ၊ အထူးသဖြင့် အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်သူများ၏ လုပ်ဆောင်နိုင်မှု ချဲ့ထွင်နိုင်ရေး၊ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ ဆောင်ရွက်ရာတွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ" ဘာသာရပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ၁၂-၁၀-၂၀၁၈ ရက်နေ့ နေ့လယ်ပိုင်းတွင် ကြေညာချက်မူကြမ်း ပြုစုရေးအဖွဲ့က ပြုစုတင်ပြသောမူကြမ်းကို ဆွေးနွေးသဘောတူပြီး "မားရားကက်ရှ် ကြေညာစာတမ်း" ကို အပြီးသတ် ထုတ်ပြန်ခဲ့ပါသည်။

(ခ) ယင်းကြေညာစာတမ်းတွင် အဓိကအားဖြင့် နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များတွင် ပါဝင်ချုပ်ဆို၍ အကောင်အထည်ဖော်ကြပါရန် တောင်းဆိုကြောင်း၊ နိုင်ငံများအနေဖြင့် ဥပဒေပြုရေး၊ မူဝါဒချမှတ်ရေးတို့ ဆောင်ရွက်ရာတွင် မိမိနိုင်ငံက ဆောင်ရွက်ရန်ရှိသည့် နိုင်ငံတကာ လူ့အခွင့်အရေး တာဝန်ရှိမှုများနှင့် လိုက်လျောညီထွေရှိစေရန် အကြံပြုကြောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား အကာအကွယ်ပေးသည့် အမျိုးသားစနစ်များ တည်ထောင်ကြရာတွင် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်းနှင့် အောက်ပါ တိုက်တွန်းချက်များ ပါဝင်ပါသည်-

(၁) ကုလသမဂ္ဂက ထုတ်ပြန်ခဲ့သည့် "လူ့အခွင့်အရေး ကာကွယ်သူများဆိုင်ရာ ကြေညာချက်" ကို သိရှိစေရေး မြှင့်တင်ဆောင်ရွက်ရန်နှင့် ဒေသဆိုင်ရာ ဘာသာစကားဖြင့် ပြန်ဆို၍ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိအသိပေးရန်၊

---

[၂၆] Association for the Prevention of Torture

(၂) ကျား-မ တန်းတူရည်တူရှိရေးကို မဟာဗျူဟာချမှတ်၍ ဆောင်ရွက်ရန်၊ လူ့အခွင့်အရေးကာကွယ်သူများ လုပ်ဆောင်နိုင်မှု ချဲ့ထွင်နိုင်ရေးအတွက် စောင့်ကြည့်မှုနှင့် အစီရင်ခံမှုများကို ဆောင်ရွက်ကြရန်၊

(၃) နိုင်ငံအစိုးရများ၏ဆောင်ရွက်ချက်များသည် လူ့အခွင့်အရေး ကာကွယ်သူများ၏ လုပ်ဆောင်နိုင်မှုကို ထိပါးစေနိုင်မှု ရှိ မရှိ ခွဲခြမ်း စိတ်ဖြာလေ့လာရန်၊ မိမိတို့ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းတွင်း၌ ထိရောက်သော ကြိုတင်အသိပေးခြင်း ယန္တရားများ ထူထောင်ရန်၊

(၄) နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူ့အခွင့်အရေး ကာကွယ်သူများကို ပံ့ပိုးဆောင်ရွက်ပေးရန်၊ GANHRI အတွင်း၌ လူ့အခွင့်အရေး ကာကွယ်သူများအတွက် ယန္တရားတစ်ရပ် တည်ထောင်ရန် အစရှိသည့် တိုက်တွန်းချက်များ ပါဝင်ပါသည်။

**အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်စွာ ပြုကျင့်သည့် ရာဇဝတ်မှုများ ဆန့်ကျင်ရေး ကမ္ဘာလုံးဆိုင်ရာ အရေးယူဆောင်ရွက်မှု တတိယအကြိမ် ကမ္ဘာ့အစည်းအဝေးသို့ ပါဝင်တက်ရောက်ခြင်း**

၆၅။ ယူဂန်ဒါနိုင်ငံ၊ ကမ်ပါလာမြို့တွင် ၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပသည့် အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်စွာ ပြုကျင့်သည့် ရာဇဝတ်မှုများ ဆန့်ကျင်ရေး ကမ္ဘာလုံးဆိုင်ရာအရေးယူဆောင်ရွက်မှု တတိယအကြိမ် ကမ္ဘာ့အစည်းအဝေး[27] သို့ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေ ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံ ပေါင်း ၃၅ နိုင်ငံမှ အစိုးရကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ပညာရှင်များစုစုပေါင်း ၂၀၀ ကျော်ပါဝင် တက်ရောက်ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ဒေသအုပ်စု ၄ ခု ခွဲကာ မိမိတို့ ဒေသအတွက် နောင် ၂ နှစ်အကြာတွင် ကျင်းပရန်ရှိသည့် GAAMAC IV မတိုင်မီ ၂ နှစ် အတွင်း ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်သတ်မှတ်ရေး ဆွေးနွေးကြရာ ဩစတြေးလျနိုင်ငံ ကိုယ်စားလှယ်က မိမိတို့ အာရှ-ပစိဖိတ်ဒေသအတွက် ဒေသတွင်းရှိ နိုင်ငံအားလုံးနှင့် သက်ဆိုင်သည့် ဘာသာရပ်ဖြစ်သော “Hate Speech, Fake News and Discrimination” ကို ရှေ့လုပ်ငန်းစဉ်အဖြစ် စဉ်းစားရန် အဆိုပြုပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့က “Rohingya issue” ကို ရှေ့လုပ်ငန်းစဉ်အဖြစ် သတ်မှတ်ကာ ဆွေးနွေးဆောင်ရွက်သင့်ကြောင်း အဆိုပြုရာ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေက ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့ အဆိုပြုသော ဘာသာရပ်သည် အစည်းအဝေးနှင့်သက်ဆိုင်မှုမရှိသဖြင့် ကန့်ကွက်ကြောင်းနှင့် ၎င်းအသုံးအနှုန်း

---

[27] Third Global Meeting of Global Action against Mass Atrocity (GAAMAC III)

သုံးစွဲခြင်းကိုလည်း ကန့်ကွက်ကြောင်း၊ ဩစတြေးလျနိုင်ငံမှ တင်သွင်းသည့် hate speech, fake news စသည့် ဘာသာရပ်သည် ဒေသတွင်းရှိ နိုင်ငံအားလုံးနှင့်သက်ဆိုင်သဖြင့် ၎င်း ဘာသာရပ်ကိုသာ ရှေ့လုပ်ငန်းစဉ်အဖြစ် ရွေးချယ်ရန် ထောက်ခံကြောင်း ပြောကြားခဲ့ပါ သည်။ ကျန်ကိုယ်စားလှယ်အဖွဲ့များကလည်း ၎င်းဘာသာရပ်ကိုသာ ရွေးချယ်ရန်ထောက်ခံ ကြသဖြင့် "hate speech, fake news and discrimination" ဘာသာရပ်ကို ရှေ့လုပ်ငန်း စဉ်အဖြစ် ရွေးချယ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

## ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၆၆။ ကော်မရှင်သည် UNDP နှင့်ပူးပေါင်း၍ "စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲ" ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့က နေပြည်တော်၌ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ် များ၊ အစိုးရဌာန/ အဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုန်သည်များ၊ စက်မှုလက်မှု လုပ်ငန်း ရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ စသည်ဖြင့် ၁၀၀ ဦးခန့် တက်ရောက် ကြပါသည်။ ဆွေးနွေးပွဲတွင် "စီးပွားရေး လုပ်ငန်းနှင့် လူ့အခွင့်အရေး" ဆိုင်ရာကိစ္စရပ် များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ရရှိသည့် အကြံပြုချက်များကို နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့တင်ပြခဲ့ပါသည်။ အကြံပြုချက်များတွင် မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖွင့်လှစ်ကြိုဆိုလျက်ရှိရာ ၎င်းရင်းနှီးမြှုပ်နှံမှုများသည် ပြည်သူများ၏ လူ့အခွင့်အရေးကို မထိပါးရေး၊ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများနှင့်အညီ ဥပဒေပြုစုထားရှိ ခြင်းအားဖြင့်ရင်းနှီးမြှုပ်နှံသူများ ယုံကြည်မှုရှိစွာလာရောက် ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ပြည်တွင်း ရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း ဖြစ်စေရေးတို့အတွက် ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများကို ကျယ်ကျယ် ပြန့်ပြန့် သိရှိစေ ရန် ဆောင်ရွက်သင့်ကြောင်းနှင့် ထိုမှတစ်ဆင့် မိမိတို့၏ လက်ရှိအခြေအနေ လေ့လာခြင်းကို ဆောင်ရွက်၍ အမျိုးသား ရှေ့လုပ်ငန်းစဉ်ရေးဆွဲရေးကို ဆောင်ရွက်သင့်ကြောင်း စသည်တို့ ပါဝင်ပါသည်။ ဆွေးနွေးပွဲအပြီး၌ ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါသည်။ [၂၈]

## ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၆၇။ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် OHCHR မှ Chief of Asia-Pacific Section Ms. Jyoti Sanghera ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကော်မရှင်ရုံး၌ ၂၆-၄-၂၀၁၈ ရက်နေ့တွင် တွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံရာတွင် OHCHR မှ ကော်မရှင်အတွက် နည်း ပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးရန် ဆွေးနွေးခဲ့ပြီး ကော်မရှင်က UPR အကြံပြုချက်များ အကောင်

[၂၈] နောက်ဆက်တွဲ (ဈ)

အထည်ဖော်ဆောင်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရပိုင်းကို အကြံပြုတိုက်တွန်းရန် အတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ အစိုးရဌာန/အဖွဲ့အစည်းများအား လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် ပတ်သက်၍ အသိပညာပေးရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံသင်တန်းများ ကျင်းပခြင်း၊ "စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေး" ဘာသာရပ်နှင့် စပ်လျဉ်း၍ အစိုးရဌာန/ အဖွဲ့အစည်းများနှင့် ပြည်သူများကို အသိပညာပေးမှုများ ဆောင်ရွက်ခြင်း၊ ကော်မရှင်ရုံးဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် OHCHR မှ နည်းပညာပိုင်းနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ ပံ့ပိုးခြင်းစသည့်ကဏ္ဍများတွင် ကော်မရှင်နှင့် OHCHR တို့ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း အကြံပြု ဆွေးနွေးခဲ့ပါသည်။

## Democracy Reporting International (DRI) အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၆၈။ ကော်မရှင်သည် လူ့အခွင့်အရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် DRI နှင့် နားလည်မှု စာချွန်လွှာ (MOU) ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ MOU တွင် ကော်မရှင်၏ မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း၊ လေ့လာရေးခရီးစဉ်များ သွားရောက်ခြင်း၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) စွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့နှင့် စပ်လျဉ်း၍ ကော်မရှင်အား DRI မှ နည်းပညာ ပံ့ပိုးပေးရေးတို့ အပါအဝင် လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းနှစ်ရပ် အကြား ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များ ပါဝင်ပါသည်။

၆၉။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ကော်မရှင်မှ စောင့်ကြည့်လေ့လာခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် DRI မှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့၌ ကော်မရှင်ရုံးတွင် သင်တန်းပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်းဆိုင်ရာ နိုင်ငံတကာစံနှုန်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ နောက်ဆက်တွဲ အငြင်းပွားမှုများအား လေ့လာစောင့်ကြည့်ခြင်းနှင့် အစီရင်ခံစာ ရေးသားခြင်း စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။ ကော်မရှင်မှ လေ့လာစောင့်ကြည့်ရေး အဖွဲ့များသည် DRI မှ အကြံပြုသည့် check list ကို အသုံးပြု၍ လေ့လာစောင့်ကြည့်ခဲ့ပါသည်။

## ကော်မရှင်အဖွဲ့ဝင်များ ပြည်ပ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများ တက်ရောက်ခြင်း

၇၀။ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ခြင်းနှင့် ပတ်သက်သည့် အတွေ့အကြုံများ ရရှိစေပြီး ကောင်းမွန်သည့် စံနမူနာများလည်း ရရှိစေရန်အတွက် ကော်မရှင်သည် ၂၀၁၈ ခုနှစ်အတွင်း ပြည်ပအဖွဲ့အစည်းများမှ ဖိတ်ကြားသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ ကော်မရှင် ကိုယ်စားလှယ်များ တက်ရောက်ခြင်း၊ အခြားသော လူ့အခွင့်အရေး

ကော်မရှင်များနှင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်–

(က) ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ Dr. Surakiart Sathirathai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် စင်္ကာပူနိုင်ငံ၌ “စင်္ကာပူနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌဦးဝင်းမြ ပါဝင်တက်ရောက်ခြင်း၊

(ခ) နီပေါနိုင်ငံတွင် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပသည့် “Identifying Challenges, Assessing Progress, Moving Forward: Addressing Impunity and Realizing Human Rights in Southeast Asia” အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ညီလာခံသို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည် တက်ရောက်ခြင်း၊

(ဂ) စင်္ကာပူနိုင်ငံတွင် ၂၀၁၈ ခုနှစ်၊ မေလ ၇ ရက်နေ့၌ ကျင်းပသည့် “Symposium on the Rakhine Crisis: Perspectives and Initiatives” သို့ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ တက်ရောက်ခြင်း၊

(ဃ) ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပသည့် “AICHR Interregional Dialogue on Business and Human Rights and associated NHRI side events” သို့ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေ တက်ရောက်ခြင်း၊

(င) ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့တွင် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့၌ ကျင်းပသည့် “ရခိုင်ပြည်နယ် အကြံပေးကော်မရှင် ဆွေးနွေးပွဲ” သို့ ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးခင်မောင်လေးတို့ တက်ရောက်ခြင်း၊

(စ) ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပသည့် “အရှေ့တောင်အာရှ ဒေသတွင်း၌ နယ်စပ်ကျော်လွန်သက်ရောက်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် တာဝန်ရှိမှုများနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ” သို့ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေနှင့် ဦးစိုးဘုန်းမြင့်တို့ တက်ရောက်ခြင်း၊

(ဆ) ထိုင်းနိုင်ငံ၊ ချင်းရိုင်ပြည်နယ်တွင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပသည့် “The 8th Regional Conference on Human Rights and Business in South East Asia” သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည် တက်ရောက်ခြင်း၊

(ဇ) မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ မှ ၂၁ ရက်နေ့အထိ ကျင်းပသည့် "OHCHR Workshop on Human Rights, Non–Discrimination and Promoting Tolerance in South–East Asia" သို့ ကော်မရှင် အဖွဲ့ဝင် ဦးညွန့်ဆွေ တက်ရောက်ခြင်း၊

**ကော်မရှင်ရုံး ဝန်ထမ်းများ ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေး တက်ရောက်မှုများ**

၇၁။ ကော်မရှင်သည် ကော်မရှင်ရုံး ဝန်ထမ်းများအား လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးတွင် အတွေ့အကြုံ ဖလှယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ပြည်ပအဖွဲ့အစည်းများမှ ဖိတ်ကြားသည့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ စေလွှတ်တက်ရောက်စေခဲ့ရာ ၂၀–၁၁–၂၀၁၈ ရက်နေ့မှ ၂၁–၁၁–၂၀၁၈ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ကျင်းပသော "Regional Blended Learning Course on Human Rights and Environments in the framework for Agenda: 2020: Workshop" သို့ ကော်မရှင် ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင် ပါဝင်တက်ရောက်ခဲ့ပါသည်။

**ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ လာရောက်တွေ့ဆုံမှုများ**

၇၂။ ကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးအတွက် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ သံရုံးများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ မှ ကိုယ်စားလှယ်များကို ၅၇ ကြိမ် လက်ခံတွေ့ဆုံခဲ့ပါသည်။ [၂၉]

**နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ထူးခြားဆောင်ရွက်ချက်များ**

၇၃။ ကော်မရှင်သည် လူ့အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာ အဆင့်အဖွဲ့အစည်းများနှင့် ၂၀၁၈ ခုနှစ်အတွင်း ပူးပေါင်းဆောင်ရွက်ချက်များအနက် အောက်ပါတို့ ကို အလေးထား ဖော်ပြအပ်ပါသည်–

(က) **ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်[၃၀] နှင့်စပ်လျဉ်း၍ ကော်မရှင်၏ ဆောင်ရွက်ချက်။** UPR လုပ်ငန်းစဉ်အရ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ကုလသမဂ္ဂ၌ ဒုတိယ အကျော့အဖြစ် သုံးသပ်မှု ခံယူခဲ့ရာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက ပေးသည့် အကြံပြုတိုက်တွန်းချက်များအနက် အကြံပြုတိုက်တွန်းချက်ပေါင်း ၁၆၆ ချက်ကို လက်ခံခဲ့ပါသည်။ အဆိုပါအကြံပြု တိုက်တွန်းချက်များကို ၂၀၂၀ ခုနှစ်တွင် ပြုလုပ်မည့် တတိယအကျော့ သုံးသပ်မှု မခံယူမီတွင် အကောင်အထည်ဖော်

[၂၉] ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံသည့်မှတ်တမ်း၊ နောက်ဆက်တွဲ (ည)

[၃၀] Universal Periodic Review – UPR

ရန် တာဝန်ရှိပါသည်။ ကော်မရှင်သည် မြန်မာနိုင်ငံက UPR လုပ်ငန်းစဉ် အရ ဒုတိယအကျော့ သုံးသပ်မှုခံယူစဉ်တွင် လက်ခံခဲ့သည့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာအစိုးရဌာနများက အချိန်မီဆောင်ရွက်နိုင်ရန်အတွက် အကြံပြုတိုက်တွန်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရဌာနများမှ အကြီးတန်းအရာရှိများအား ဖိတ်ကြားကာ "Universal Periodic Review – Myanmar" ခေါင်းစဉ်ဖြင့် LWF[၂၃] နှင့်ပူးပေါင်း၍ ၂၀၁၈ ခုနှစ်၊ ဇွန်လအတွင်းက နေပြည်တော်တွင်ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ UPR အကြံပြု တိုက်တွန်းချက်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကသက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ အဆင့်မြင့်အရာထမ်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲ အပြီးတွင် UPR အကြံပြုချက်များ အကောင်အထည်ဖော်ရန်အတွက် ဒုတိယသမ္မတတစ်ဦး ခေါင်းဆောင်သော ဦးဆောင်ကော်မတီ ဖွဲ့စည်းရေးအပါအဝင် ကော်မရှင်၏ အကြံပြုတင်ပြချက်များကို နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့တင်ပြခဲ့ရာ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဒုတိယသမ္မတ (၁) ခေါင်းဆောင်သော UPR အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

(ခ) **ကော်မရှင်၏ စွမ်းဆောင်ရည် ဆန်းစစ်မှုခံယူခြင်း။** ကော်မရှင်အနေဖြင့် မိမိတို့၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ဆောင်ရွက်ရန်အလို့ငှာ ပထမအဆင့်အဖြစ် လက်ရှိစွမ်းဆောင်ရည် ဆန်းစစ်မှုကို ခံယူရမည် ဖြစ်ပါသည်။ ကော်မရှင်၏ စွမ်းဆောင်ရည် ဆန်းစစ်မှုပြုလုပ်ရန်အတွက် APF မှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်သူပညာရှင် နယူးဇီလန်နိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌဟောင်း Ms.Rosslyn Joy Noonan သည် အကြိုခရီးစဉ်အဖြစ် ၁၇-၁၀-၂၀၁၈ ရက်နေ့မှ ၁၉-၁၀-၂၀၁၈ ရက်နေ့အထိ ရန်ကုန်မြို့သို့ လာရောက်ခဲ့ပြီး ကော်မရှင်၏ စွမ်းဆောင်ရည်ကို ဆန်းစစ်မှုပြုလုပ်ရန် လုပ်ငန်းစီမံချက်ကို ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် အာရှ-ပစိဖိတ်ဖိုရမ်[၂၄]၊

---

[၂၃] APF

[၂၄] Lutheran World Federation

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး[၃၃] နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်[၃၄] တို့၏ ပံ့ပိုးမှုဖြင့် ကော်မရှင်၏ လက်ရှိစွမ်းဆောင်ရည် ဆန်းစစ်မှုကို ၅-၁၁-၂၀၁၈ ရက်နေ့မှ ၁၆-၁၁-၂၀၁၈ ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာ ကော်မရှင်နှင့် လူ့အခွင့်အရေး ကိစ္စရပ်များတွင် အဓိက ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အစိုးရဝန်ကြီးဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် (၂) ရပ်မှ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ အဆင့်မြင့်ပုဂ္ဂိုလ်များနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့အပါအဝင် အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး (ရန်ကုန်) နှင့် နေပြည်တော်၊ မန္တလေးမြို့တို့ရှိ ကော်မရှင် ရုံးခွဲများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကော်မရှင်၏ လက်ရှိစွမ်းဆောင်ရည်နှင့် စပ်လျဉ်းသည့် ဆန်းစစ်မှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် ကော်မရှင်၏ အားသာချက်များနှင့် စိန်ခေါ်မှုများကို သိရှိပြီး ကော်မရှင်၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် စွမ်းဆောင်ရည် ဆန်းစစ်မှု အစီရင်ခံစာ [၃၅] ပါ အကြံပြုချက်များနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များ

### ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၇၄။ **ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း**

(က) ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပါသည်-

| | | |
|---|---|---|
| (၁) | ဦးဝင်းမြ | ဥက္ကဋ္ဌ |
| (၂) | ဦးစစ်မြိုင် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးယုလွင်အောင် | အဖွဲ့ဝင် |
| (၄) | ဦးညွှန့်ဆွေ | အဖွဲ့ဝင် |
| (၅) | ဦးဘုန်းကြွယ် | ခေတ္တညွှန်ကြားရေးမှူးချုပ် |

[၃၃] OHCHR

[၃၄] UNDP

[၃၅] အစီရင်ခံစာ အကျဉ်းချုပ်၊ နောက်ဆက်တွဲ (ဠ)

(ခ) ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကော်မရှင်ရုံး လုပ်ငန်းများကို ဒုတိယညွှန်ကြားရေးမှူးချုပ်အား ခေတ္တညွှန်ကြားရေးမှူးချုပ် တာဝန် ပေးအပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**စီမံရေးရာကိစ္စရပ်များ**

၇၅။ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေးကော်မတီသည် ၂၀၁၈ ခုနှစ်အတွင်း အစည်းအဝေး ၁၅ ကြိမ် ပြုလုပ်ခဲ့ပြီး စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်ခဲ့ပါသည်။

၇၆။ ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး ၁၂ ကြိမ်နှင့် ကော်မရှင် မျက်နှာစုံညီ အထူးအစည်းအဝေး ၂ ကြိမ် ပြုလုပ်ခဲ့ပါသည်-

(က) **ကော်မရှင် မျက်နှာစုံညီ အစည်းအဝေးများ (ပုံမှန်)**

| | | | |
|---|---|---|---|
| (၁) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁/၂၀၁၈) | ၂၉-၁-၂၀၁၈ |
| (၂) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၂/၂၀၁၈) | ၂၇-၂-၂၀၁၈ |
| (၃) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၃/၂၀၁၈) | ၂၈-၃-၂၀၁၈ |
| (၄) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၄/၂၀၁၈) | ၂၅-၄-၂၀၁၈ |
| (၅) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၅/၂၀၁၈) | ၁၅-၅-၂၀၁၈ |
| (၆) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၆/၂၀၁၈) | ၁၂-၆-၂၀၁၈ |
| (၇) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၇/၂၀၁၈) | ၃၁-၇-၂၀၁၈ |
| (၈) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၈/၂၀၁၈) | ၂၈-၈-၂၀၁၈ |
| (၉) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၉/၂၀၁၈) | ၂၄-၉-၂၀၁၈ |
| (၁၀) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁၀/၂၀၁၈) | ၃၀-၁၀-၂၀၁၈ |
| (၁၁) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁၁/၂၀၁၈) | ၁၉-၁၁-၂၀၁၈ |
| (၁၂) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁၂/၂၀၁၈) | ၁၇-၁၂-၂၀၁၈ |

(ခ) **ကော်မရှင်မျက်နှာစုံညီအထူးအစည်းအဝေးများ**

| | | | |
|---|---|---|---|
| (၁) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၁/၂၀၁၈) | ၂၃-၄-၂၀၁၈ |
| (၂) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၂/၂၀၁၈) | ၇-၈-၂၀၁၈ |

**ဝန်ထမ်းရေးရာကိစ္စရပ်များ**

၇၇။ **ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ။** မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေပုဒ်မ ၇၀ အရ ကော်မရှင်၏ ဝန်ထမ်းရေးရာ ကိစ္စများနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို ၂၀-၈-၂၀၁၅ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ၉-၁၂-၂၀၁၆ ရက်နေ့

တွင် ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂ ဖြင့် ပြဋ္ဌာန်းသည့် “နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ” ၏ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၂ (ဂ) ပုဒ်မခွဲ (စ) “ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း” တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ပါဝင်ကြောင်း ပြဋ္ဌာန်းခဲ့ခြင်းကြောင့် ကော်မရှင်၏ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်မှုကို ထိပါးနေသဖြင့် ပြန်လည်ပြင်ဆင်နိုင်ရေး အဆင့်ဆင့် တင်ပြညှိနှိုင်းခဲ့ရာ ၁၃-၆-၂၀၁၈ ရက်နေ့တွင် ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆ ဖြင့် ပြဋ္ဌာန်းသည့် “နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းချက်” ၏ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (စ) တွင် ပါရှိသော “မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး” ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်ဟု ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့ပါသည်။

၇၈။ **ကော်မရှင်ရုံးဝန်ထမ်းဖွဲ့စည်းပုံ**။ ကော်မရှင်၏ လုပ်ငန်းတာဝန်များ တိုးတက်များပြားလာသည့်အလျောက် ဖွင့်လှစ်ပြီးဖြစ်သည့် ကော်မရှင်ရုံးခွဲ (နေပြည်တော်)၊ (မန္တလေး) နှင့် ထပ်မံ ဖွင့်လှစ်သွားမည့် ရုံးခွဲများတွင် ဝန်ထမ်း တိုးချဲ့ခန့်အပ်ရန် လိုအပ်သဖြင့် ယခင် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၂) မှ အတည်ပြုခဲ့သည့် ဝန်ထမ်းဦးရေ ၁၆၇ ပါ ဖွဲ့စည်းပုံအစား အရာထမ်းရာထူး ၈၀ နေရာ၊ အမှုထမ်းရာထူး ၂၂၅ နေရာ၊ စုစုပေါင်း ၃၀၅ နေရာပါ ဖွဲ့စည်းပုံသစ်အား ပြင်ဆင်ရေးဆွဲ တင်ပြခဲ့ရာ ၂၈-၁၁-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၈) မှ ပြင်ဆင်ဖွဲ့စည်းမှုအား သဘောတူခွင့်ပြုခဲ့ပါသည်။ အဆိုပါ ပြင်ဆင် ခွင့်ပြုချက်အရ ရုံးချုပ်နှင့် ရုံးခွဲများတွင် ဝန်ထမ်းဦးရေ တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့ခန့်အပ်၍ လူ့အခွင့်အရေးမြှင့်တင်၊ ကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးလျာထားပြီး ဖြစ်ပါသည်။

၇၉။ **ဝန်ထမ်းများ ခန့်ထားခြင်း**။ ကော်မရှင်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ ကော်မရှင်ရုံးတွင် ၂၀၁၇ ခုနှစ်ကုန်အထိ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းဦးရေ ၆၅ ဦးရှိပြီး နေပြည်တော်နှင့် မန္တလေးရုံးခွဲများအတွက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ရုံးအကူ ၂ ဦး၊ ရုံးချုပ်အတွက် ယာဉ်မောင်း ၁ ဦး၊ မေလနှင့် ဇွန်လများတွင် ယာဉ်မောင်း ၂ ဦး၊ ဇူလိုင်လတွင် အငယ်တန်းစာရေး ၈ ဦးနှင့် ရုံးအကူ ၁ ဦး၊ ဩဂုတ်လတွင် အငယ်တန်းစာရေး ၄ ဦးနှင့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ဒုတိယညွှန်ကြားရေးမှူး ၂ ဦးတို့ကို ကော်မရှင်မှ တာဝန်ပေးသော ရွေးချယ်ရေးအဖွဲ့များက ယှဉ်ပြိုင်ရွေးချယ်သည့်စနစ်ဖြင့် စိစစ်ရွေးချယ် ခန့်အပ်ခဲ့၍ ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင် သန္ဓေဝန်ထမ်း စုစုပေါင်း ၂၀ ဦး ခန့်အပ်ခဲ့ပါသည်။

၈၀။ **အင်အားလျော့ခြင်း**။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် လက်ထောက်ညွှန်ကြားရေးမှူး ၁ ဦး၊ အောက်တိုဘာလတွင် ယာဉ်မောင်း ၁ ဦး၊ နိုဝင်ဘာလတွင် လူ့အခွင့်အရေးအရာရှိ ၁ ဦး နှင့် အငယ်တန်းစာရေး ၁ ဦးတို့မှာ မိသားစုအခြေအနေ၊ ၎င်းတို့၏ ကျန်းမာရေးအခြေအနေများကြောင့် အလုပ်မှနုတ်ထွက်ပြီး စက်တင်ဘာလတွင် ယာဉ်မောင်းတစ်ဦးမှာ ဆေးဝါး

ကုသမှုခံယူရင်း ကွယ်လွန်သဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် သန္ဓေဝန်ထမ်းဦးရေ စုစုပေါင်း ၈၀ ဦးဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၈၁။ **ဌာနတွင်းရာထူးတိုးမြှင့်ပေးခြင်း။** ဝန်ထမ်းရေးရာကိစ္စများနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းပါ အရည်အချင်း သတ်မှတ်ချက် ပြည့်မီသူများအား ရာထူးတိုးမြှင့်ခန့်ထားခြင်းဆိုင်ရာ အရည်အချင်း စိစစ်ရေးအဖွဲ့များ ဖွဲ့စည်း၍ အရည်အချင်းစစ်စာမေးပွဲများ ဖြေဆိုစေခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ၃ ဦးအား လူ့အခွင့်အရေးအရာရှိရာထူးသို့လည်းကောင်း၊ ဩဂုတ်လတွင် အငယ်တန်းစာရေး ၃ ဦးအား အကြီးတန်းစာရေးရာထူးသို့လည်းကောင်း၊ အောက်တိုဘာလတွင် လူ့အခွင့်အရေးအရာရှိ ၄ ဦးအား လက်ထောက်ညွှန်ကြားရေးမှူး ရာထူးသို့လည်းကောင်း ၂၀၁၈ ခုနှစ်အတွင်း ဝန်ထမ်း ၁၀ ဦးအား ရာထူးတိုးမြှင့် ခန့်အပ်ခဲ့ပါသည်။

၈၂။ **၃၁-၁၂-၂၀၁၈ ရက်နေ့ရှိ ဝန်ထမ်းအင်အား။** ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကော်မရှင်ရုံးရှိ ခန့်ထားပြီးသန္ဓေဝန်ထမ်းမှာ ရုံးချုပ်တွင် ၇၃ ဦးနှင့် ရုံးခွဲများတွင် ၇ ဦး စုစုပေါင်း ၈၀ ဦး ရှိပါသည်။ [၃၆]

၈၃။ **ဝန်ထမ်းများသင်တန်းစေလွှတ်ခြင်း။** ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အရာထမ်းအခြေခံ သင်တန်းအမှတ်စဉ် (၂၀၇) တွင် လူ့အခွင့်အရေးအရာရှိ ၁ ဦးအားလည်းကောင်း၊ မေလနှင့် ဇူလိုင်လများတွင် ဖွင့်လှစ်ခဲ့သည့် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၇၂) နှင့် (၇၃) များသို့ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ၁ ဦးစီအားလည်းကောင်း၊ ဇန်နဝါရီလ၊ မေလနှင့် ဇူလိုင်လများတွင် ဖွင့်လှစ်ခဲ့သည့် စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ် (၁၅၆)၊ (၁၅၇) နှင့် (၁၅၈) များသို့ အကြီးတန်းစာရေး ၃ ဦးနှင့် အငယ်တန်းစာရေး ၃ ဦး၊ ပေါင်း ၆ ဦးအားလည်းကောင်း တက်ရောက်စေခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် Linux Foundation Course, Web Security Training, Myanmar National Portal User Training နှင့် Linux System Administration Course များသို့ Assistant Chief Information Officer (ACIO) ၁ ဦးအား တက်ရောက်စေခဲ့ပါသည်။

## ကော်မရှင်ရုံး အဆောက်အဦအခြေအနေ

၈၄။ **ကော်မရှင် (ရုံးချုပ်)။** ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ရှိရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ် ရုံးဝင်းအတွင်းရှိ အဆောက်အဦအမှတ် (၁) ၃ ထပ် အဆောက်အဦကို ၂၁-၅-

[၃၆] ကော်မရှင်ရုံး ရုံးချုပ်နှင့် ရုံးခွဲများရှိဝန်ထမ်းအင်အား၊ နောက်ဆက်တွဲ (ဌ)
ဌာနအလိုက် အဆင့်လိုက် ဝန်ထမ်းအင်အား၊ နောက်ဆက်တွဲ (ဍ)

၂၀၁၈ ရက်နေ့တွင် ကော်မရှင်သို့ လွှဲပြောင်းပေးအပ်သဖြင့် သင့်တင့်သော အကျယ်အဝန်း ရှိသည့် ကော်မရှင်ရုံးဌာန (၅) ခုအတွက် ရုံးခန်းများ၊ စာကြည့်တိုက်၊ အစည်းအဝေးခန်းမ များ အသုံးပြုနိုင်ရေး လွှဲပြောင်းသုံးစွဲခွင့် ရရှိသည့် အဆောက်အဦ ၃ ထပ်ဆောင်နှင့် အသုံး ပြုလျက်ရှိသည့် ကော်မရှင်ရုံး ရုံးခန်း ဖွဲ့စည်းပုံများ ပြုပြင်မွမ်းမံခြင်းကို အိတ်ဖွင့်တင်ဒါ ခေါ်ယူပြီး အဆောက်အဦ အမှတ် (၁) ၃ ထပ်ဆောင်တွင် ညွှန်ကြားရေးမှူးချုပ်ရုံးခန်း အပါအဝင် ကော်မရှင်ရုံး ဌာန ၄ ခုအား နေရာချထားခြင်း၊ ယခင် အသုံးပြုလျက်ရှိသည့် ၂ ထပ်ဆောင် အောက်ထပ်တွင် စာကြည့်တိုက်၊ တိုင်ကြားစာများအား စုံစမ်းစစ်ဆေးသည့် အစည်းအဝေးခန်းမ၊ ကော်မရှင်ရုံးဌာန ၁ ခုနှင့် အစည်းအဝေး ခန်းမကျယ်တို့ကို ပြင်ဆင် ဖွဲ့စည်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဝန်ထမ်းသစ်များ ဖြည့်တင်းခန့်ထား၍ ရုံးလုပ်ငန်း များ ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

၈၅။ **ကော်မရှင်ရုံးခွဲ ယာယီရုံးများ။** ကော်မရှင်သည် အများပြည်သူ လက်လှမ်းမီ တိုင်ကြား နိုင်ရေးနှင့် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် ကော်မရှင်ဥပဒေ ပုဒ်မ ၅၇ နှင့်အညီ နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စုပေါင်းရုံး၌ ကော်မရှင်ရုံးခွဲ (နေပြည်တော်) ကိုလည်းကောင်း၊ မန္တလေးမြို့၊ နန်းရှေ့ဈေးအပေါ်ထပ်တွင် ကော်မရှင်ရုံးခွဲ (မန္တလေး) ကိုလည်းကောင်း ၂၀၁၇ ခုနှစ်၊ မတ်လ အတွင်းက ယာယီရုံးခန်းများ ဖွင့်လှစ်၍ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

၈၆။ **ကော်မရှင်ရုံးခွဲ အမြဲတမ်းရုံးသစ်များ။** အောက်ပါ မြေနေရာများတွင် ရုံးအဆောက် အဦသစ်များ ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်-

(က) **နေပြည်တော်။** ကော်မရှင်ရုံးခွဲ (နေပြည်တော်) ရုံးအဆောက်အဦ ဆောက်လုပ် နိုင်ရေးအတွက် နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ခွင့်ပြုထား သည့် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့် ရှိ ပေ ၁၀၀ ပတ်လည် မြေနေရာတွင် ခြံစည်းရိုးကာရံထားရှိပြီး ကော်မရှင်ရုံး ၂ ထပ်အဆောက်အဦအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောက်လုပ် နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ကော်မရှင် ဧည့်ရိပ်သာ ဆောက် လုပ်နိုင်ရန် ဒက္ခိဏသီရိမြို့၊ ရတီလမ်းရှိ ပေ ၁၀၀ ပတ်လည် မြေနေရာတွင် ခြံစည်းရိုးကာရံခြင်းနှင့် အဆောက်အဦ ဆောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

(ခ) **မန္တလေးတိုင်းဒေသကြီး။** ကော်မရှင်ရုံးခွဲ (မန္တလေး) ဆောက်လုပ်နိုင်ရေး အတွက် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီက ခွင့်ပြုထားသည့် ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်တွင် ၆၀ ပေ x ၅၆ ပေ

မြေကွက်မှာ ကော်မရှင် ရုံးခွဲဆောက်လုပ်ရန် နေရာလုံလောက်မှုမရှိသဖြင့် ခွင့်ပြုမြေနေရာနှင့် ဆက်စပ်နေသော ကူးစက်ဆေးရုံအဝင်လမ်း၏ အရှေ့ဘက်ရှိ ၆၀ ပေ x ၂၄ ပေ မြေကွက်ကို သုံးစွဲခွင့်ပြုရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ညှိနှိုင်းမေတ္တာရပ်ခံခဲ့ ပါသည်။

**ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ**

၈၇။ ကော်မရှင်၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ၂၀၁၆–၂၀၁၇ ခု ဘဏ္ဍာနှစ်မှစ၍ ကော်မရှင်၏ တစ်နှစ်တာအတွက် ထောက်ပံ့အသုံးစရိတ်အား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ တင်ပြတောင်းခံခဲ့ရာ ခွင့်ပြုငွေကို ငွေတိုက်ဦးစီးဌာနမှ တစ်ဆင့် ရရှိခဲ့ပါသည်။ ၂၀၁၇–၂၀၁၈ခု၊ ဘဏ္ဍာနှစ်တွင် ထောက်ပံ့အသုံးစရိတ် ခွင့်ပြုငွေ ၁၁၆၀.၃၀၆ သန်းမှ သုံးစွဲငွေ ၇၂၈.၈၄၆ သန်းဖြစ်ပြီး ပိုလျှံငွေ ၄၃၁.၄၆ သန်းအား ငွေတိုက်ဦးစီးဌာနသို့ ပြန်လည်အပ်နှံပြီး ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် ခွင့်ပြုငွေမှာ ၅၃၅.၀၇၂ သန်းဖြစ်၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအထိ ခွင့်ပြုငွေမှာ ၁၅၃၄.၇၈၇ သန်းဖြစ်ပါသည်။

**ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စုဆောင်းငွေ**

၈၈။ ကော်မရှင်ရုံးဝန်ထမ်းများ၏ ဘဝနောင်ရေး အာမခံချက် ရရှိစေရေးအတွက် အငြိမ်းစား ပင်စင်စီမံချက်အား ကော်မရှင်ရုံး၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၇၊ အပိုဒ်ခွဲ (ဆ) တွင် ထည့်သွင်းရေးဆွဲခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၈၉။ အငြိမ်းစားပင်စင်စီမံချက်အရ ကော်မရှင်ရုံးဝန်ထမ်းများလစာ၏ ၃% နှင့် ကော်မရှင် ထောက်ပံ့ရန်ပုံငွေမှ ၃% ဖြင့် လစဉ် စုဆောင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ဝန်ထမ်းနှင့် ကော်မရှင်၏ စုဆောင်းငွေမှာ ၁၃.၉၁၈ သန်းစုဆောင်းနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် အငြိမ်းစားပင်စင် စီမံချက်၌ ဝန်ထမ်း ၈၁ ဦး ထည့်ဝင်စုဆောင်းလျက်ရှိပြီး ကျပ် ၂၅.၀၁၁ သန်း စုဆောင်းပြီးဖြစ်ပါသည်။

**ကော်မရှင်ရုံး ဝန်ထမ်းများလူမှုဖူလုံရေးစနစ်သို့ ဝင်ရောက်ခြင်း**

၉၀။ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အလုပ်သမားထု တစ်ရပ်လုံး၏ နာမကျန်းမှု၊ မီးဖွားမှု၊ လုပ်ငန်းခွင်အတွင်း ထိခိုက်မှု၊ သေဆုံးမှုစသည့် လူမှုဒုက္ခများ ကြုံတွေ့ချိန်တွင် အခက်အခဲမရှိစေရေးအတွက် လူမှုဖူလုံရေးစီမံကိန်းသို့ ဝန်ထမ်းများလစာ၏ ၂ % နှင့် ကော်မရှင် ထောက်ပံ့ငွေမှ ၃% စုစုပေါင်း ၅% ကို လစဉ်ထည့်ဝင် စုဆောင်းခဲ့ပါသည်။ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ငွေတိုက်ဦးစီးဌာနမှ ခွင့်ပြုသော ကော်မရှင်ထောက်ပံ့ရန်ပုံငွေတွင် လူမှု

ဖူလုံရေးထည့်ဝင်ငွေ ၃ % ကို ပါဝင်ခွင့်ပြုခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ဝန်ထမ်း ၈၁ ဦးရှိသည့်အနက် ၎င်းတို့၏ သဘောဆန္ဒအရ ဝန်ထမ်း ၆၄ ဦး လူမှုဖူလုံရေး စနစ်တွင် အကျိုးဝင်လျက် ရှိပါသည်။

## ကော်မရှင် တစ်ရပ်လုံးပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ

### ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း

၉၁။ ၃-၁၁-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကြားဖြတ်ရွေးကောက်ပွဲ၌ မဲရုံအသီးသီးတွင် မသန်စွမ်းမဲဆန္ဒရှင်များ၊ သက်ကြီးရွယ်အို မဲဆန္ဒရှင်များအပါအဝင် မဲဆန္ဒရှင်ပြည်သူအားလုံး လွတ်လပ်စွာနှင့် အဆင်ပြေ၊ လွယ်ကူ၊ ချောမွေ့၊ လုံခြုံစွာ မဲပေးနိုင်ခြင်း ရှိမရှိ၊ လူ့အခွင့်အရေး စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ မရှိ၊ ဆန္ဒမဲပေးစဉ် ကာလအတွင်း မလျော်ကန်သောနည်းဖြင့် စည်းရုံးလှုံ့ဆော်မှု ရှိ မရှိ တို့ကို အလေးထား၍ လူ့အခွင့်အရေးရှုထောင့်မှ စောင့်ကြည့်လေ့လာရန်အတွက် မဲဆန္ဒနယ် ၁၃ နေရာရှိသည့်အနက် အောက်ပါ ၆ နေရာတို့သို့ သွားရောက်ခဲ့ပါသည်-

(က) မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အတွက် မန္တလေးသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးတို့ သွားရောက်ခဲ့ပါသည်။

(ခ) မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ မဲဆန္ဒနယ်အမှတ် (၂) အတွက် မကွေးမြို့သို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ သွားရောက်ခဲ့ပါသည်။

(ဂ) ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်၊ မြစ်ကြီးနားမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) အတွက် မြစ်ကြီးနားမြို့သို့ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့ သွားရောက်ခဲ့ပါသည်။

(ဃ) ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အတွက် တာမွေမြို့နယ်သို့ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေနှင့် ဦးညွန့်တင်တို့ သွားရောက် ခဲ့ပါသည်။

(င) ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်၊ မဲဆန္ဒနယ်အမှတ် (၂) အတွက် ဆိပ်ကမ်းမြို့နယ်သို့ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်နှင့် ဒေါက်တာ ဒေါ်တင်မေထွန်းတို့ သွားရောက်ခဲ့ပါသည်။

(စ) ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) အတွက် အုတ်တွင်းမြို့နယ်သို့ ကော်မရှင်အဖွဲ့ဝင် ဦးစိန်သန်းနှင့် ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်တို့ သွားရောက်ခဲ့ပါသည်။

၉၂။ အဆိုပါ လေ့လာမှုအပေါ် မဲရုံများအလိုက် မဲရုံများနှင့်ပတ်သက်သည့် အချက်အလက်များ၊ လေ့လာခဲ့သည့် မဲရုံများ၊ ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ သီးခြား တွေ့ရှိချက်များအရ အစီရင်ခံစာတစ်စောင်ကို နိုင်ငံတော်သမ္မတရုံးသို့ ၁၄-၁၁-၂၀၁၈ ရက်နေ့တွင် စာအမှတ်၊ ၃/၃၀၁(၁၇)/စီရင်ခံ/မလက ဖြင့်လည်းကောင်း၊ ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ စာအမှတ်၊ ၃/ ၄၀၁ (၁၀၅)/ ညှိနှိုင်း/ မလက ဖြင့်လည်းကောင်း ပေးပို့ခဲ့ပါသည်။ အဆိုပါ အစီရင်ခံစာတွင် အောက်ပါအချက်များ အပါအဝင် အကြံပြုချက်ပေါင်း ၁၀ ချက်ပါဝင်ပါသည်-

(က) မဲဆန္ဒပေးသည့်နေ့တွင် မှတ်ပုံတင်ပါမလာသူများအား လွယ်ကူစွာ မဲပေးနိုင်ရေး အစီအစဉ်များ ပြုလုပ်ပေးသင့်ပါသည်။

(ခ) မဲစာရင်းတွင် လူတစ်ဦး၏အမည် နှစ်နေရာပါနေခြင်း၊ အချို့မှာ မဲစာရင်းတွင် မပါသဖြင့် မဲထည့်ခွင့် မရရှိခြင်းများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ယခုထက် ပိုမို၍ စနစ်တကျ စီစဉ်ဆောင်ရွက်သင့်ပါသည်။

(ဂ) ဘီးတပ်ကုလားထိုင်များ ဝင်ရောက်နိုင်ရေးအတွက် သစ်သားခုံဖြင့် ယာယီ လျှောစောက်များ ပြုလုပ်ထားပေးသင့်ပါသည်။

(ဃ) မဲပေးသူ များပြားသော မဲရုံများတွင် ၁ မှ ၁၀၀၀၊ ၁၀၀၁ မှ ၂၀၀၀၊ ၂၀၀၁ မှ ၃၀၀၀ စသည်ဖြင့် ဆန္ဒမဲလက်မှတ် ထုတ်ပေးသည့် စားပွဲများ သီးခြားစီ ထားပေးသကဲ့သို့ ဝင်ပေါက်များကိုလည်း သီးခြားထားပေးသင့်ပါသည်။

(င) မဲပေးသူများ ရှည်လျားစွာ တန်းစီရခြင်း မဖြစ်စေရေးအတွက် အကွေ့အကောက် လမ်းကြောင်းဖြင့် စီစဉ် ထားပေးသင့်ပါသည်။

(စ) မဲရုံတွင် တာဝန်ထမ်းဆောင်ရသူများအတွက် နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ၊ သရေစာနှင့် သောက်ရေသန့်၊ ရေနွေးကြမ်း စသည့် စားစရာများနှင့် လိုအပ်သည့် စာရေးကိရိယာများကို အချိန်မီ ဖြည့်ဆည်းပေးသင့်ပါသည်။

(ဆ) မဲရုံများတွင် ဝင်ပေါက်မှ မဲလက်မှတ်ထုတ်သည့်နေရာ၊ ၎င်းမှ ဆန္ဒပြုခန်း၊ ၎င်းမှ မဲထည့်ပုံး၊ ၎င်းမှ မင်တို့သည့်နေရာ၊ ၎င်းမှ ထွက်ပေါက်သို့ သွားသည့် လမ်းကြောင်းများကို ယခုထက်ပိုမို၍ ရှင်းလင်းလွယ်ကူသော လမ်းကြောင်းပြစနစ် တီထွင်သတ်မှတ်ပေးသင့်ပါသည်။

(ဇ) လျှို့ဝှက်ဆန္ဒပြုရန်နေရာသို့ တစ်ဦးချင်းဝင်ရန် ဝန်ထမ်းများက စောင့်ကြည့်အော်ဟစ် ပြောဆိုနေရခြင်းမဖြစ်စေရေးအတွက် တန်းစီရမည့်နေရာတွင် စာများ ချိတ်ဆွဲပေးထားခြင်းနှင့် နောက်လူ ရပ်ဆိုင်းစောင့်နေရမည့်နေရာ၌ မျဉ်းဝါသား ပေးထားခြင်းများ ပြုလုပ်ပေးသင့်ပါသည်။

(ဈ) မဲဆန္ဒရှင် ၂၀၀၀၊ ၃၀၀၀ နှင့်အထက် မဲရုံများတွင် မဲထည့်ပုံးကို လူဦးရေ ၁၀၀၀ လျှင် ၁ ပုံး နှုန်းဖြစ်စေ၊ လူဦးရေ ၂၀၀၀ လျှင် ၁ ပုံး နှုန်းဖြစ်စေ သတ်မှတ်ပေးသင့်ပါသည်။

(ည) ကိုယ်စားလှယ်လောင်းများ မဲလာရောက်ပေးသည့်အခါ မဲရုံ ပရဝဏ်အတွင်း ပါတီတံဆိပ်နှင့် အဆောင်အယောင်များ တပ်ဆင်မလာစေရေး ကြိုတင်အသိပေး တားမြစ်သင့်သည့်အပြင် မဲရုံမှူးနှင့် ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များက ရွေးကောက်ပွဲ လုပ်ထုံး လုပ်နည်းများနှင့် စောင့်ထိန်းလိုက်နာအပ်သောရှောင်ရန်၊ ဆောင်ရန် စည်းမျဉ်းစည်းကမ်း ကျင့်ဝတ်များကို ပိုမိုသိရှိနားလည် ကျင့်သုံးနိုင်ရေး အသိပညာပေး ဆောင်ရွက်သင့်ပါသည်။

## ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှလူ့အခွင့်အရေးဆိုင်ရာကော်မတီများနှင့်တွေ့ဆုံခြင်း

၉၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် တစ်ကြိမ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် တစ်ကြိမ်၊ လွှတ်တော်ရေးရာဆောင် I–5 ၌ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီနှင့်လည်းကောင်း I–17 ၌ အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီနှင့်လည်းကောင်း ၂ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၉၄။ တွေ့ဆုံဆွေးနွေးရာတွင် လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် လူ့အခွင့်အရေး စာချုပ်များအား မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားရှိမှု အခြေအနေ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား တိုင်းရင်းသားဘာသာများသို့ ဘာသာပြန်ဆို ဖြန့်ဝေမှု အခြေအနေ၊ ကော်မရှင် ဆောင်ရွက်လျက်ရှိသည့် လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေး လုပ်ငန်းစဉ်များ၊ ကော်မရှင်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် SEANF, APF, GANHRI, RWI, UNDP တို့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ ကော်မရှင်နှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ လူ့အခွင့်အရေး ကော်မတီနှစ်ရပ်မှ ပေးပို့သည့် အမှုများအပေါ် ကော်မရှင်မှ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ညှဉ်းပန်းနှိပ်စက်မှုကြောင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှု ကိစ္စရပ်များ၊ အကျဉ်းထောင်အတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရမှု ကိစ္စရပ်များ၊ နိုင်ငံသားများ နိုင်ငံသားအခွင့်အရေး ချိုးဖောက်ခံရမှု လျော့နည်းစေရေးနှင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးလုပ်ငန်းများကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ နိုင်ငံသားလူ့အခွင့်အရေး ကော်မတီနှစ်ရပ်နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

## နိုင်ငံတွင်း လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများတွင် ပါဝင်ဆောင်ရွက်မှုများ

၉၅။ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ခေတ္တညွှန်ကြားရေးမှူးချုပ်တို့သည် နိုင်ငံတော်မှ ဖွဲ့စည်းသည့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်၍ အဆိုပါ ကော်မတီများ၏ လုပ်ငန်းတာဝန် အသီးသီးတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိ ပါသည်။

(က) ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြသည် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၉၈/၂၀၁၇ ဖြင့်ဖွဲ့စည်းသော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့ တွင် ၈-၁၂-၂၀၁၇ ရက်နေ့မှစတင်၍ အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၈၀/ ၂၀၁၈ ဖြင့် ဖွဲ့စည်း သော "Universal Periodic Review (UPR) အကြံပြု တိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ"တွင် ၁၉- ၁၀-၂၀၁၈ ရက်နေ့မှစတင်၍ (လွတ်လပ်သော အကြံပေးပုဂ္ဂိုလ်) အဖွဲ့ဝင် အဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းခံရပါသည်။

(ခ) ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်သည် ပြည်ထောင်စု အစိုးရအဖွဲ့၏ ၇-၅- ၂၀၁၅ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၅ ဖြင့်လည်းကောင်း၊ ၉-၂- ၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇ ဖြင့်လည်းကောင်း ဖွဲ့စည်းသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့် ကြော်ငြာစာအမှတ် ၇၀/၂၀၁၇ ဖြင့် ဖွဲ့စည်းသော မသန်စွမ်းသူများ၏ အခွင့် အရေးများဆိုင်ရာ အမျိုးသားကော်မတီတွင် ၁၄-၉-၂၀၁၇ ရက်နေ့မှစတင်၍ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၉၈/၂၀၁၈ ဖြင့်ဖွဲ့စည်း သော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ တွင် ၂၄-၉-၂၀၁၈ ရက်နေ့မှစတင်၍ အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ပေးအပ် ခြင်းခံရပါသည်။

(ဂ) ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့် ကြော်ငြာစာအမှတ် ၁၁၁/ ၂၀၁၆ ဖြင့် ဖွဲ့စည်းသော လူကုန်ကူးမှု တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့တွင် ၂၈-၁၁-၂၀၁၆ ရက်နေ့မှစတင်၍ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ် ခြင်းခံရပါသည်။

(ဃ) ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးသည် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၉၈/၂၀၁၇ ဖြင့် ဖွဲ့စည်းသော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့တွင် ၈-၁၂-၂၀၁၇ ရက်နေ့မှစတင်၍ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရပါသည်။

(င) ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်သည် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၂၃၆/၂၀၁၈ ဖြင့် ဖွဲ့စည်းသော အမုန်းစကားများကာကွယ်တားဆီးရေး ဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီတွင် ၁၈-၉-၂၀၁၈ ရက်နေ့မှစတင်၍ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၄/ ၂၀၁၇ ဖြင့် ဖွဲ့စည်းသော တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွင် ၉-၂-၂၀၁၇ ရက်နေ့မှစတင်၍ အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းခံရပါသည်။

(စ) ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်တင်မေထွန်းသည် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ ဖြင့် ဖွဲ့စည်းသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီတွင် ၂၀-၆-၂၀၁၈ ရက်နေ့မှစတင်၍ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခံရပါသည်။

(ဆ) ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၁၄/ ၂၀၁၆ ဖြင့် ဖွဲ့စည်းသော အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲ အကောင်အထည်ဖော်ရေး ဗဟိုအဖွဲ့တွင် ၇-၁၂-၂၀၁၆ ရက်နေ့မှစတင်၍ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စာအမှတ်၊ ၃/လပန/ ၃ (၃)(၀၅၀၂) ဖြင့် ဖွဲ့စည်းသော နိုင်ငံသားစိစစ်ခြင်း၊ ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်း နေရသူများ နေရပ်ပြန်ခြင်းနှင့် လူကုန်ကူးခြင်း ကိစ္စရပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီတွင် ၁၇-၁၂-၂၀၁၈ ရက်နေ့မှစတင်၍ (လွတ်လပ်သော အကြံပေးပုဂ္ဂိုလ်) အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ စာအမှတ်၊ ၂-၃/ ၅၅ (UPR)/ ၁၄၂၈၂ ဖြင့် ဖွဲ့စည်းသော ကျား/ မ တန်းတူရည်တူရှိမှု မြှင့်တင်ရေးနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီတွင် ၂၁-၁၂-၂၀၁၈ ရက်နေ့မှစတင်၍ (လွတ်လပ်သော အကြံပေးပုဂ္ဂိုလ်) အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ စာအမှတ်၊ ၂-၃/ ၅၅ (UPR)/ ၁၄၂၈၃ ဖြင့် ဖွဲ့စည်းသော ခွဲခြားမှု မပြုရေးဆိုင်ရာ

လုပ်ငန်း ကော်မတီတွင် ၂၁-၁၂-၂၀၁၈ ရက်နေ့မှစတင်၍ (လွတ်လပ်သော အကြံပေးပုဂ္ဂိုလ်) အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များနှင့် စပ်လျဉ်းသော UPR အကြံပြုချက် (၁၉) ရပ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတွင် ၂၁-၁၂-၂၀၁၈ ရက်နေ့မှ စတင်၍ (လွတ်လပ်သော အကြံပေးပုဂ္ဂိုလ်) အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန် ပေးအပ်ခံရပါသည်။

(ဇ) ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးသူရကျော်သည် နိုင်ငံတော်သမ္မတရုံး၏ စာအမှတ်၊ ၁၁၂ (၁)/ ၈/ သမ္မတရုံးဖြင့် ဖွဲ့စည်းသော နည်းပညာဦးဆောင်မှု ကော်မတီတွင် ၃၁-၅-၂၀၁၇ ရက်နေ့မှစတင်၍ အဖွဲ့ဝင်အဖြစ် တာဝန်ပေး အပ်ခံရပါသည်။

## သုံးသပ်ချက်များ

### လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ သုံးသပ်ချက်များ

၉၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ခရိုင် အဆင့် အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း ၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး အစိုးရအရာထမ်း ၂၉၆ ဦးထံသို့ လူ့အခွင့်အရေး အသိပညာ ဗဟုသုတများကို ပြန့်ပွားစေရေး ဆောင်ရွက်နိုင်ခဲ့ပြီး ယင်းတို့မှ တစ်ဆင့်အစိုးရအရာထမ်း၊ အမှုထမ်းများထံသို့ ပြန့်ပွားရောက်ရှိခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာ ကျင့်သုံးမှုများ အားကောင်းစေလာနိုင်သည်ဟု သုံးသပ်ရပါသည်။ အဆိုပါ အလုပ်ရုံ သင်တန်းများ ဆောင်ရွက်ခဲ့ရာတွင်လည်း သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ ခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနများ၏ ပူးပေါင်းကူညီမှုများကြောင့်လည်း အလုပ်ရုံသင်တန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သုံးသပ်ရပါသည်။

၉၇။ ကော်မရှင်ရုံး ဝန်ထမ်းများကိုယ်တိုင် လူ့အခွင့်အရေး ပညာပေးသူများအဖြစ် တာဝန် ထမ်းဆောင်နိုင်ရေးအတွက် ကျေးလက်ဒေသ လူ့အခွင့်အရေး ပညာပေးသူများသင်တန်းကို ကော်မရှင်ရုံးတွင် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါ သင်တန်းဆင်း ဝန်ထမ်းများအနေ ဖြင့် ကျေးလက်ဒေသများသို့ သွားရောက်၍ လူ့အခွင့်အရေး ပညာပေးမှုများကို ၂၀၁၈ ခုနှစ် အတွင်း ကျေးရွာပေါင်း ၂၇ ခုတွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါ ကျေးလက်ဒေသ ရပ်ရွာ လူထုအတွင်း လူ့အခွင့်အရေး အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ရာတွင် လူ့အခွင့် အရေး ပညာပေးသူများ ကွန်ရက်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည့် အားလျော်စွာ ကော်မရှင်နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်း လာခဲ့ကြောင်း သုံးသပ်ရပါသည်။ ကော်မရှင်ရုံး ဝန်ထမ်းများကို လူ့အခွင့်အရေး ပညာပေး

သူများအဖြစ် မွေးထုတ်လေ့ကျင့်ပေးနိုင်ခဲ့ခြင်းသည် ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး လုပ်ငန်းများအတွက် အရေးကြီးသော လိုအပ်ချက် တစ်ရပ်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သုံးသပ်ရပါသည်။

၉၈။ တပ်မတော်သင်တန်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သင်တန်းများနှင့် အကျဉ်းဦးစီးဌာန သင်တန်းများတွင် သွားရောက်၍ သင်ခန်းစာ ပို့ချမှုများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အဆိုပါ တပ်ဖွဲ့ဝင်များအနေဖြင့် ယင်းတို့၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ လက်တွေ့ ကျကျ ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် ယခင်က လူ့အခွင့်အရေးကို ကောင်းစွာသဘောပေါက် နားလည်မှုမရှိသည့်အတွက် မရည်ရွယ်ဘဲ လူ့အခွင့်အရေး ချိုးဖောက်ထိပါးမိခြင်းများကို အထိုက်အလျောက် လျော့နည်းသွားစေမည်ဟု သုံးသပ်ရပါသည်။ ဗဟိုဝန်ထမ်း တက္ကသိုလ်များတွင် ဖွင့်လှစ်သော သင်တန်းများတွင် စဉ်ဆက်မပြတ် ပို့ချမှုများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက်လည်း အရာထမ်း၊ အမှုထမ်း အသီးသီးတို့၏ နေ့စဉ် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် လူ့အခွင့်အရေးကို လေးစားလိုက်နာ ဖော်ဆောင်ကြလိမ့်မည်ဟု သုံးသပ်ရပါသည်။

၉၉။ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို တိုင်းရင်းသား ဘာသာစကား ၆ မျိုးဖြင့် ထပ်မံ ဘာသာပြန်ဆို ထုတ်ဝေနိုင်ခဲ့သည့်အတွက် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ ဘာသာစကားတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး လူ့အခွင့်အရေးကို တန်းတူညီမျှ ခံစားခွင့်၏ ခြေလှမ်းသစ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ဟု သုံးသပ်ရပါသည်။

၁၀၀။ ကော်မရှင်အနေဖြင့် အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် NGO Child Rights Working Group နှင့် ပူးပေါင်း၍ ခရိုင်အဆင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များအတွက် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းကို ခရိုင် ၆ ခုတွင် ဆောင်ရွက်နိုင်ခဲ့သည့်နည်းတူ အရပ်ဘက် အဖွဲ့အစည်းဝင်များအတွက်လည်း လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ၆ ခုကို တစ်ဆက်တစ်စပ်တည်း ကျင်းပ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲများမှတစ်ဆင့် ရပ်ရွာလူထုအတွင်းရှိ အရပ်ဖက် အဖွဲ့အစည်းများနှင့် ကော်မရှင်အကြား ပေါင်းကူးတံတားတစ်ရပ်အဖြစ် စတင်ချိတ်ဆက်နိုင်ခဲ့ပါကြောင်း သုံးသပ်ရပါသည်။

၁၀၁။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၏ နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပဆောင်ရွက်ခဲ့သည့်နည်းတူ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့်လည်း အထိမ်းအမှတ် စကားဝိုင်းများ ဆောင်ရွက်ခြင်း၊ အခမ်းအနား ဆောင်ရွက်ခြင်း၊ ဂုဏ်ပြုတေးသီချင်းများ ရေးဖွဲ့ ထုတ်လွှင့်ခြင်းများဖြင့် ပြည်သူများအကြား လူ့အခွင့်အရေး အသိပညာမြှင့်တင်မှုကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သုံးသပ်ရပါသည်။

**အကျဉ်းထောင်၊ အကျဉ်းစခန်းများ စစ်ဆေးမှုအပေါ် သုံးသပ်ချက်**

၁၀၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်အတွင်း အကျဉ်းထောင် ၂၅ ခုနှင့် အကျဉ်းစခန်း ၂၅ ခုတို့ကို ကြည့်ရှုစစ်ဆေးနိုင်ခဲ့သဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အကျဉ်းထောင် ၄၄ ခုအား ၆၈ ကြိမ်နှင့် အကျဉ်းစခန်း ၅၀ ခုရှိသည့်အနက် ၄၁ ခုအား ၅၅ ကြိမ် ကြည့်ရှုစစ်ဆေးခဲ့ပြီးဖြစ်ပါသည်–

| | ခုနှစ် | အကျဉ်းထောင် | အကျဉ်းစခန်း |
|---|---|---|---|
| (က) | ၂၀၁၅ | ၁၁ | ၄ |
| (ခ) | ၂၀၁၆ | ၈ | ၅ |
| (ဂ) | ၂၀၁၇ | ၂၄ | ၂၁ |
| (ဃ) | ၂၀၁၈ | ၂၅ | ၂၅ |
| | **စုစုပေါင်း** | **၆၈ ကြိမ်** | **၅၅ ကြိမ်** |

၁၀၃။ စစ်ဆေးခဲ့သည့် အကျဉ်းထောင်များ၏ သတ်မှတ်ထားသည့် ဝင်ဆံ့အင်အားနှင့် စစ်ဆေးသည့်အချိန်တွင် တွေ့ရှိရသည့် အကျဉ်းသားနှင့် အချုပ်သားအင်အားများအရ ဝင်ဆံ့အင်အားထက် ပိုမိုများပြားနေသည့် အကျဉ်းထောင်များကို အောက်ပါအတိုင်း တွေ့ရှိရပါသည်–

| | | | |
|---|---|---|---|
| (က) | ၂၀၀% ကျော်သည့် အကျဉ်းထောင်များ | ၃ | ထောင် |
| (ခ) | ၁၀၀% ကျော်သည့် အကျဉ်းထောင်များ | ၇ | ထောင် |
| (ဂ) | ၉၀ % ကျော်သည့် အကျဉ်းထောင်များ | ၂ | ထောင် |
| (ဃ) | ၅၀ % ကျော်သည့် အကျဉ်းထောင်များ | ၂ | ထောင် |
| (င) | ၄၀ % ကျော်သည့် အကျဉ်းထောင်များ | ၃ | ထောင် |
| (စ) | ၃၀ % ကျော်သည့် အကျဉ်းထောင်များ | ၄ | ထောင် |
| (ဆ) | ၂၀ % ကျော်သည့် အကျဉ်းထောင်များ | ၂ | ထောင် |
| (ဇ) | ၁၀ % ကျော်သည့် အကျဉ်းထောင်များ | ၂ | ထောင် |
| (ဈ) | ၁ % ကျော်သည့် အကျဉ်းထောင်များ | ၃ | ထောင် |
| (ည) | သတ်မှတ်ဝင်ဆံ့အင်အားအောက် အကျဉ်းထောင်များ | ၁၈ | ထောင် |

၁၀၄။ ထိုကဲ့သို့ စစ်ဆေးခဲ့ပြီးသော အကျဉ်းထောင်များတွင် အကျဉ်းသားဦးရေမှာ တစ်နှစ်ထက်တစ်နှစ်၊ တစ်ကြိမ်ထက်တစ်ကြိမ် တိုးတက်များပြားလာသည်ကို တွေ့မြင်ခဲ့ရပါသည်။ ဥပမာ အားဖြင့် မြစ်ကြီးနားအကျဉ်းထောင်တွင် ၂၀၁၆ ခုနှစ်က ရှိသင့်သည့်အင်အားထက် ၁၄၆ % ကျော်လွန်ခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၂၄၁ %၊ ၂၀၁၈ ခုနှစ်တွင် ၂၅၆ % ကျော်လွန်များပြားနေခြင်း၊ ညောင်ရွှေအကျဉ်းထောင်တွင် ၂၀၁၆ ခုနှစ်က ရှိသင့်သည့်အင်အားအောက်


၃၆ % လျော့နည်းနေခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၂၄၃ % ကျော်လွန် များပြားနေခြင်း၊ ရွှေဘို အကျဉ်းထောင်တွင် ၂၀၁၆ ခုနှစ်က ရှိသင့်သည့်အင်အားထက် ၂၉ % ကျော်လွန်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၁၂၇ % ကျော်လွန်များပြားနေခြင်း၊ ကျိုင်းတုံအကျဉ်းထောင်တွင် ၂၀၁၇ ခုနှစ်က ၈၆ % ကျော်လွန်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၁၁၇ % ကျော်လွန်များပြားနေခြင်း စသည်တို့ကို တွေ့မြင်ခဲ့ရသဖြင့် ယခုကဲ့သို့ အကျဉ်းသားဦးရေ ဆက်လက် ကျော်လွန်လာနေခြင်းကို ထိန်းချုပ်နိုင်ခြင်း မရှိပါက အကျဉ်းထောင်တွင်း လူဦးရေ ကျပ်တည်းမှုကြောင့် မလိုလားအပ်သည့် အုပ်ချုပ်မှု ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်ဟု သုံးသပ်ရရှိပါသည်။

၁၀၅။ အကျဉ်းထောင်အတွင်း လူဦးရေကျပ်တည်းမှု ဖြစ်နေရခြင်းနှင့် ပတ်သက်၍ လေ့လာရာတွင် မူးယစ်ဆေးဝါးမှုဖြင့် အကျဉ်းကျသူ အရေအတွက်သည် အခြားအကျဉ်းကျ၊ အချုပ်ကျ အင်အားထက် ပိုမိုများပြားနေသည့် အခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| | | |
|---|---|---|
| (က) | ၈၀% ကျော်သည့် အကျဉ်းထောင်များ | ၂ ထောင် |
| (ခ) | ၇၀% ကျော်သည့် အကျဉ်းထောင်များ | ၁၄ ထောင် |
| (ဂ) | ၆၀% ကျော်သည့် အကျဉ်းထောင်များ | ၄ ထောင် |
| (ဃ) | ၅၀% ကျော်သည့် အကျဉ်းထောင်များ | ၄ ထောင် |
| (င) | ၄၀% ကျော်သည့် အကျဉ်းထောင်များ | ၇ ထောင် |
| (စ) | ၃၀% ကျော်သည့် အကျဉ်းထောင်များ | ၁ ထောင် |
| (ဆ) | ၂၀% ကျော်သည့် အကျဉ်းထောင်များ | ၅ ထောင် |
| (ဇ) | ၁၀% ကျော်သည့် အကျဉ်းထောင်များ | ၆ ထောင် |
| (ဈ) | ၅ % အောက် အကျဉ်းထောင်များ | ၃ ထောင် |

**မှတ်ချက်။** မတူညီသော စစ်ဆေးသည့် နေ့အလိုက် ရှိနေသည့် အကျဉ်းသား အရေအတွက် ပေါ်မူတည်၍ တွက်ချက်ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

**၂၀၁၈ ခုနှစ်အတွင်း စစ်ဆေးခဲ့သော အကျဉ်းထောင်များရှိ**
**မူးယစ်မှုအကျဉ်းသားများနှင့်အခြားမှုအကျဉ်းသားများနှိုင်းယှဉ်ချက်**



၁၀၆။ အထက်ပါ ကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် အကျဉ်းထောင်အတွင်း၌ အကျဉ်းသားဦးရေ စုစုပေါင်း၏ ၅၀ % ကျော်မှာ မူးယစ်ဆေးဝါးအမှုဖြင့် အကျဉ်းကျနေသူများ ဖြစ်နေသည့် အကျဉ်းထောင် စုစုပေါင်း ၂၄ ထောင် ရှိနေသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ အကျဉ်းထောင် ကျပ်တည်းမှုကို လျော့ချနိုင်ရေးအတွက် မူးယစ်ဆေးဝါး အကျဉ်းသားများနှင့်ပတ်သက်သည့် မူဝါဒကို ပြန်လည်စိစစ်ရန် လိုအပ်နေသည်ဟု သုံးသပ်ရရှိပါသည်။ ဥပမာအားဖြင့် မူးယစ်ဆေးဝါး (ဘိန်းဖြူမှုန့်) ပမာဏ ၁ ဂရမ်အောက်နှင့် ဆေးပြားပမာဏ ၅ ပြားအောက် ဖမ်းဆီးရမိသူများသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ (မူလ) ဥပဒေအရ ၁၀ နှစ်ဝန်းကျင် ကျခံနေရသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ ဖမ်းဆီးရမိသည့် ပမာဏ အနည်းအများအလိုက် ပြစ်ဒဏ် ချမှတ်နိုင်ရေးအတွက် ဥပဒေကို လိုအပ်သလို ပြင်ဆင်သင့်သည်ဟု သုံးသပ်ရရှိပါသည်။ ထို့ပြင် မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း မပြုသော်လည်း သုံးစွဲသူ၊ ရောင်းဝယ်သူများနှင့် အတူသွား၊ အတူလာ ပြုလုပ်နေစဉ် ဖမ်းဆီးရမိခြင်းကြောင့် အားပေးကူညီသူဟုဆိုကာ တရားစွဲဆိုခံရသဖြင့် အကျဉ်းကျနေသူများရှိခြင်းကြောင့် ယင်းတို့နှင့် ပတ်သက်သည့် မူဝါဒကို ပြန်လည်စဉ်းစားသင့်သည်ဟု သုံးသပ်ရရှိပါသည်။

၁၀၇။ အများသူငှာ ဝင်ထွက်စားသောက်နေသည့် စားသောက်ဆိုင် အများသုံးအိမ်သာ၌ မူးယစ် ဆေးဝါး အနည်းငယ်တွေ့ရှိသဖြင့် အကျဉ်းကျခံနေရသည့် စားသောက်ဆိုင်ပိုင်ရှင်များ စသည်ဖြင့် အကျဉ်းမကျသင့်ဘဲ ပုဂ္ဂိုလ်ရေး မုန်းတီးမှုကြောင့် အမှုဆင်ဖမ်းဆီးခံရသဖြင့် အကျဉ်းကျနေသူများကြောင့်လည်း အကျဉ်းထောင် ကျပ်တည်းမှု ဖြစ်ပေါ်စေသည်ဟု သုံးသပ်ရရှိပါသည်။ ထို့ပြင် အမှုစစ် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် သံသယရှိသူ သို့မဟုတ် စွပ်စွဲခံရသူတို့ကို စောင့်ကြည့်လေ့လာခြင်း၊ ခိုင်မာသော သက်သေအထောက်အထား ရှာဖွေပြုစုခြင်းများ မပြုလုပ်ဘဲ ၎င်းတို့ကို ဖမ်းဆီးချုပ်နှောင်၍ နှိပ်စက်ညှဉ်းပန်းပြီး အဓမ္မဝန်ခံစေခြင်း၊ ချက်ချင်း အမှုစွဲတင်၍ တရားရုံးသို့ တင်ပို့ခြင်းများကြောင့်လည်း အကျဉ်းထောင်များကို ပိုမိုကျပ်တည်းစေသည်ဟု သုံးသပ်ရရှိပါသည်။

၁၀၈။ အကျဉ်းထောင်မှ လွတ်မြောက်လာသော ခိုးဆိုးလုယက်များကို ရဲတပ်ဖွဲ့ဝင်များထံ အပ်နှံ၍ မည်သည့်ဒေသ၊ မည်သည့်နယ်မြေသို့ပြန်၍ လုပ်ကိုင်စားသောက်မည်ကို မှတ်တမ်းရယူခြင်းများ ပြုလုပ်ပြီးမှသာ သက်ဆိုင်ရာနယ်မြေရဲစခန်းနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ချိတ်ဆက်၍ လွှတ်ပေးခြင်း၊ အဆိုပါ လွတ်မြောက် အကျဉ်းသားအနေဖြင့်လည်း တစ်ပတ်လျှင်တစ်ကြိမ် သို့မဟုတ် သတ်မှတ်ကာလ တစ်ခုအတွင်း ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများထံသို့ ပုံမှန်သတင်းပို့ အစီရင်ခံနေရခြင်း စသည့် အလေ့အထများ ယခင်က ရှိခဲ့သော်လည်း ယခုအခါ ရဲတပ်ဖွဲ့ဝင်အင်အား နည်းပါးနေသဖြင့် ထိုကဲ့သို့ ဆောင်ရွက်ရန် အားနည်းချက်များ ရှိနေခြင်းကြောင့် ခိုးဆိုးလုယက် ရာဇဝင်လူဆိုး

များမှာ ရာဇဝတ်မှုများ အလွယ်တကူ ကျူးလွန်နိုင်ကြပြီး အကျဉ်းထောင်သို့ အကြိမ်ကြိမ် ပြန်လည်ရောက်ရှိလာခြင်းသည် အကျဉ်းထောင် ကျပ်တည်းမှုကို ပိုမိုဖြစ်စေသည်ဟု သုံးသပ်ရရှိပါသည်။

၁၀၉။ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများ စစ်ဆေးရာတွင် ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သို့ သီးခြားလွတ်လပ်စွာ သတင်းပို့ တင်ပြခွင့်ပြုခဲ့သဖြင့် သတင်းပို့တင်ပြခဲ့သူ အကျဉ်းသား အရေအတွက်မှာ ၂၀၁၆ ခုနှစ်က ၁၁၅ ဦး၊ ၂၀၁၇ ခုနှစ်က ၄၅၃ ဦးရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ၈၀၀ ဦး ရှိခဲ့သဖြင့် တစ်နှစ်ထက်တစ်နှစ် ကော်မရှင်အပေါ် ယုံကြည်အားကိုးမှု ပိုမိုရရှိလာသည်ဟု သုံးသပ်နိုင်သကဲ့သို့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့အနေဖြင့်လည်း ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မှုမှာ များစွာတိုးတက်လာသည်ဟု သုံးသပ်ရရှိပါသည်။

## ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် သုံးသပ်ချက်

၁၁၀။ **ကာကွယ်ရေးဝန်ကြီးဌာန**။ ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြောင်းကြားစာများအပေါ် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အောက်ပါအတိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်-

(က) ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ သမင်ခြံကျေးရွာနေ ဒေါ်မြင့်မြင့်ဦးဆိုသူမှ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ၎င်း၏သားမောင်သက်မင်းပိုင် (မသန်စွမ်းသူ) ၁၆ နှစ်နှင့် မောင်သက်မင်းပိုင်၏ အစ်ကိုတို့အား တပ်မတော် အရာရှိတစ်ဦးမှ ခေါ်ဆောင်သွားကာ ပုသိမ်လေ့ကျင့်ရေးတပ်သို့ ပို့ဆောင်လိုက်ကြောင်းသိရှိရသဖြင့် ကူညီဖြေရှင်းပေးပါရန် တိုင်တန်းလာမှုအပေါ် ကော်မရှင်မှ ကာကွယ်ရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ “တပ်မတော်နည်းဥပဒေ ၁၃ (၃) အရ တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘ/ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးသွားမည် ဖြစ်ကြောင်းနှင့် တပ်သားသစ် စုဆောင်းခဲ့သူ အရာရှိအား စစ်စည်းကမ်းအရ အရေးယူ ဆောင်ရွက်သွားမည်” ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(ခ) နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက်နေ ဒေါ်စိုးစိုး၏ သားဖြစ်သူ အသက် ၁၅ နှစ် ၈ လအရွယ်ရှိ မောင်အောင်သူလင်းသည် အမှတ် ၉ စစ်အခြေခံ လေ့ကျင့်ရေးတပ်တွင် သင်တန်းတက်ရောက်ခဲ့ပြီး မည်သည့်ဒေသတွင် တာဝန်ကျနေသည်ကို မသိရပါသဖြင့် သားဖြစ်သူအား ပြန်လည်တွေ့ဆုံခွင့်ရရှိရေး ကူညီဆောင်ရွက်ပေးပါရန် တင်ပြလာသည့်အမှုအား ကာကွယ်ရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ “တပ်သား အောင်သူလင်းသည် တပ်မတော်သို့ ၎င်း၏သဘောဆန္ဒအရ ဝင်ရောက်ခဲ့သော်လည်း တပ်မတော်

သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် မပြည့်သေးကြောင်း စိစစ်တွေ့ရှိရသည့် အပြင် ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးများကို ကြီးလေးသော ချိုးဖောက်မှုများအား စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး နိုင်ငံ အလိုက်အထူးတာဝန်ခံအဖွဲ့ (CTFMR)[၃၇] ၏ သံသယစာရင်းတွင် ပါဝင်နေ သည့်အတွက် CTFMR နှင့် ပူးပေါင်း၍ တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် မပြည့်သူများအား မိဘ/ အုပ်ထိန်းသူထံ ပြန်လည်လွှဲပြောင်းသည့် အခမ်းအနားတွင် ထည့်သွင်းလွှဲပြောင်းပေးသွားမည်” ဟု ကာကွယ်ရေး ဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(ဂ) ၁၆-၈-၂၀၁၇ ရက်နေ့တွင် မောင်စိုးသူဟိန်းသည် သူငယ်ချင်းဖြစ်သူနှင့်အတူ အလုပ်လုပ်ရန် ရန်ကုန်သို့ ထွက်သွားပြီးနောက် စစ်ထဲပါသွားကြောင်း သိရ၍ အမှတ် (၇) လေ့ကျင့်ရေးသင်တန်းသို့ သွားရောက်ပြီး မောင်စိုးသူဟိန်းမှာ အသက် ၁၈ နှစ် မပြည့်ဘဲ ပညာရေးတစ်ပိုင်းတစ်စ ဖြစ်နေပါသဖြင့် နုတ်ထွက် ခွင့်ပြုနိုင်ရေးအတွက် ၁၉-၁၂-၂၀၁၇ နေ့တွင် ကျောင်း၊ လ.ဝ.က နှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံစာများ၊ မွေးစာရင်း၊ အိမ်ထောင်စုစာရင်း အပြည့်အစုံနှင့်အတူ လေ့ကျင့်ရေးသင်တန်းကျောင်း၊ တောင်တွင်းကြီးမြို့သို့ အသနားခံစာ တင်ထားခဲ့ရာ နုတ်ထွက်ခွင့် အမြန်ရရှိရေးအတွက် အကူအညီ ပေးပါရန် မိဘများ၏ တင်ပြလာမှုကို ကာကွယ်ရေးဝန်ကြီးဌာနသို့ အကြောင်း ကြားခဲ့ပါသည်။ “အမှတ် (၃၀၂၅) လေကြောင်းရန် ကာကွယ်ရေးတပ်ရင်းမှ တပ်သား စိုးသူဟိန်းသည် တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် မပြည့်သေးကြောင်း တွေ့ရှိရသဖြင့် တပ်မတော် နည်းဥပဒေ၊ ၁၃-၂(င) အရ နုတ်ထွက်ခွင့်ပြုပြီး ၎င်းတို့၏ မိဘများထံသို့ ၁၈-၆-၂၀၁၈ ရက်နေ့နှင့် ၁၉-၆- ၂၀၁၈ ရက်နေ့များတွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း” ကာကွယ်ရေး ဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(ဃ) မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်ကွက်နေ ဒေါ်ခင်ဆွေတင့်၏ ခင်ပွန်းဖြစ်သူ ကိုတင်စိုးမြင့်သည် ဖခင်ဖြစ်သူနှင့် မှတ်ပုံတင်ကိစ္စလုပ်ရန် ၁၆- ၅-၂၀၁၈ ရက်နေ့တွင် ရာအိမ်မှူးအိမ်သို့သွားပြီး မှတ်ပုံတင်ပျောက်ဆုံးကြောင်း နှင့် ထောက်ခံစာ၊ အိမ်ထောင်စုစာရင်းများ ယူလာပေးမည်ဟုပြောစဉ် ရာအိမ် မှူးနှင့်အတူ ထိုင်နေသော ဗိုလ်ကြီးတစ်ဦးက ခြေဖြင့်နှစ်ချက်ကန်ခြင်း၊ လက် သီးဖြင့် ငါးချက်ထိုးကြိတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အိမ်အောက် ဆွဲချခြင်းများ ပြုလုပ်ခဲ့သည့်အပြင် အိမ်အောက်ရှိ စစ်သား ၃ ဦးမှ

---

[၃၇] Country Task Force On Monitoring and Reporting (CTFMR)

ဝိုင်းဝန်းချုပ်နှောင်၍ တပ်ကုန်းသို့ ခေါ်ဆောင်သွားရာ ၁၇-၅-၂၀၁၈ ရက်နေ့ နေ့လယ်တွင် တဲတွင်း၌ လက်ပြန် လက်ထိပ်ခတ်လျက် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ ကာကွယ်ရေးဝန်ကြီး ဌာနသို့ အကြောင်းကြားခဲ့ရာ "အမှုတွင်ပါဝင် ပတ်သက်ခဲ့သူ အမှတ် (၅၈၇) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးအား ၂၃-၇-၂၀၁၈ ရက်တွင် အကျဉ်းစစ် တရားရုံး ချုပ်ဖြင့် စစ်ဆေးစီရင်ပြီး ရှုတ်ချ၍ အမြဲတမ်း ထုတ်ပစ်စေရန် ပြစ်ဒဏ်ချမှတ် ခဲ့ပြီး နယ်ဘက်တရားရုံးဖြင့် စစ်ဆေးစီရင်နိုင်ရန် လွှဲပြောင်းပေးခဲ့ပြီးဖြစ် ကြောင်း" ပြန်ကြားလာပါသည်။

(င) ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင်မှ ပေးပို့ခဲ့ သည့် တိုင်တန်းစာများနှင့် ပတ်သက်သည့် အကြောင်းကြားစာ ၃၀ စောင် အနက် ၁၇ စောင် ပြန်ကြားလာခဲ့သဖြင့် ပြန်ကြားမှု ရာခိုင်နှုန်း ၅၇ % ရှိပါ သည်။ ၂၀၁၇ ခုနှစ်ကထက် ပြန်ကြားမှုရာခိုင်နှုန်း တိုးတက်လာသည့်အပြင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြုသဘောဆောင်သော ပြန်ကြားမှု အများစု ဖြစ်ပါသဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်သည်ဟု သုံးသပ်ရရှိပါသည်။[၃၈]

| **ခုနှစ်** | **ပေးပို့** | **ပြန်ကြား** | **လက်ကျန်** | **ပြန်ကြားမှု %** |
|---|---|---|---|---|
| ၂၀၁၇ | ၁၅ | ၈ | ၇ | ၅၃ % |
| ၂၀၁၈ | ၃၀ | ၁၇ | ၁၃ | ၅၇ % |

၁၁၁။ **ပြည်ထဲရေးဝန်ကြီးဌာန**။ ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင်မှ ပေးပို့ခဲ့သည့်အကြောင်း ကြားစာများအပေါ် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အောက်ပါအတိုင်း ဖြေရှင်းဆောင်ရွက် ပေးခဲ့ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ သီရိသုခ လမ်းနေ နောင်နောင်လင်းထက်နှင့် မင်းကိုကိုတို့ ၂ ဦးကို နယ်ထိန်း ဒုရဲ တပ်ကြပ်က ၁၈-၁၂-၂၀၁၇ ရက်နေ့ညတွင် မင်္ဂလာဒုံရဲစခန်းသို့ ခေါ်ဆောင် သွားခဲ့ပြီး အခန်းတစ်ခန်းစီတွင် ချုပ်နှောင်၍ ဆိုင်ကယ်သူခိုးဟု စွပ်စွဲကာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ကာ ဝန်ခံခိုင်းသဖြင့် စစ်ဆေးအရေးယူပေးပါ ရန် တိုင်တန်းချက်အရ ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ပေးပို့ခဲ့ရာ နောင် အလားတူ ဖြစ်စဉ်မျိုး မဖြစ်ပွားစေရေးအတွက် အမှုစစ်ရဲအုပ်နှင့် ကြီးကြပ် ကွပ်ကဲမှု အားနည်းသော စခန်းမှူးဒုရဲမှူးတို့အား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး

[၃၈] ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြန်ကြားစာရရှိမှု အခြေအနေ၊ နောက်ဆက်တွဲ (ဃ)

၏ မှတ်တမ်းဝင်သတိပေး လက်မှတ်ရေးထိုးပြီး ဖြစ်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြန်ကြားလာခဲ့ပါသည်။

(ခ) ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ မှော်အင်းကျေးရွာအုပ်စု၊ ချမ်းမြေ့သာယာကျေးရွာနေ ဦးသန်းဇော်အား လွန်ခဲ့သော ၅ နှစ်ခန့်က ကျွဲပျောက်ဆုံးသည့်ကိစ္စနှင့် စပ်လျဉ်း၍ အမှုဖွင့် တိုင်ကြားသူ ရှိသည်ဟုဆိုကာ ၂၆-၇-၂၀၁၈ ရက်နေ့တွင် သာယာဝတီမြို့မ ရဲစခန်းသို့ ဖမ်းဆီးသွားခဲ့ပြီး အချုပ်ခန်းအတွင်း တစ်ညလုံး လက်ထိတ်နောက်ပြန်ခတ်ထားခြင်း၊ ညှော်တွေ့ခွင့်မပေးခြင်း၊ ရဲမေများက ရိုင်းပြစွာဆက်ဆံခြင်းများကို အရေးယူဆောင်ရွက်ပေးပါရန် တိုင်တန်းချက်အရ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ကော်မရှင်မှ အကြောင်းကြားစာ ပေးပို့ခဲ့ရာ ရဲစခန်းမှူး ဒုရဲမှူးနှင့် တာဝန်မှူးတို့အား ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ရဲကျင့်ဝတ်နှင့်မညီ မချေမငံ ပြောဆိုဆက်ဆံခဲ့သော ရဲတပ်သားအား လည်းကောင်း၊ တရားခံ၏ဇနီး ညှော်တွေ့လာရောက်ရာတွင် ညှော်တွေ့ခွင့် မပြုနိုင်ကြောင်း ပြောဆိုခဲ့သည့် တာဝန်မှူး ဒုရဲအုပ်အားလည်းကောင်း ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ မှတ်တမ်းဝင်သတိပေး လက်မှတ်ရေးထိုးပြီး ဖြစ်ပါကြောင်း ပြန်ကြားခဲ့ပါသည်။

(ဂ) ၁-၈-၂၀၁၈ ရက်နေ့ ညတွင် မောင်ခိုင်ဝင်း (ပါ) ၄ ဦးတို့ ဟင်းဝယ်သွားစဉ် ရမည်းသင်းရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် အပေါင်းအပါများသည် ယူနီဖောင်းဝတ်ဆင်ခြင်းမရှိဘဲ မူးယစ်ရမ်းကားကာ ဝိုင်းဝန်းရိုက်နှက် ဖမ်းဆီးသွားပြီး ရဲစခန်းတွင် ခြေထောက်ဖြင့် ကန်ခြင်း၊ လက်သီးဖြင့် ဝိုင်းဝန်းထိုးကြိတ်ခြင်းများ ပြုလုပ်ခဲ့ပါသဖြင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ လိုအပ်သလို စိစစ်ဆောင်ရွက် ပေးနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားစာ ပေးပို့ခဲ့ရာ အဆိုပါဖြစ်စဉ်တွင် အရက်သေစာ သောက်စားကာ ခိုက်ရန်ဖြစ်ပွားသူ ရဲတပ်သားအား ရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေအရ ဆက်လက် အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ၂၉-၁-၂၀၁၉ ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။

(ဃ) ၁၀-၁၂-၂၀၁၇ ရက်နေ့တွင် ဘိုကလေး-ဖျာပုံကားလမ်း၊ ကိုးအိမ်တန်း တံတားအနီး၌ ဦးအုန်းမြင့် မောင်းနှင်လာသော ယာဉ်မှ လမ်းလျှောက်လာသူ ဦးဇော်မိုးဝင်းအား ဝင်ရောက်တိုက်မိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ အမှုကြန့်ကြာနေကြောင်း တိုင်တန်းချက်အရ လိုအပ်သလို စိစစ်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အကြောင်းကြားစာပေးပို့ခဲ့ရာ ရဲစခန်းမှူး

ဒုရဲမှူးနှင့် တာဝန်မှူးဒုရဲအုပ်တို့အား ရဲတရားရုံးဖြင့်စစ်ဆေးပြီး အငြိမ်းစား လစာအတွက် ရဲမှုထမ်းသက် ၁ နှစ်စီ လျှော့ချသည့် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ပြန်ကြားလာပါသည်။

(င) ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင်မှ ပေးပို့ခဲ့သည့် တိုင်တန်းစာများနှင့် ပတ်သက်သည့် အကြောင်းကြားစာ ၁၀၄ စောင်အနက် ၈၅ စောင် ပြန်ကြားလာခဲ့ပါသည်။ ပြန်ကြားမှု ရာခိုင်နှုန်း ၈၂ % ရှိပါသည်။ ၂၀၁၇ ခုနှစ်ကလည်း ၈၄ % ပြန်ကြားခဲ့သည့်အပြင် အပြုသဘောဆောင်သော ပြန်ကြားမှုအများစု ဖြစ်ပါသဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်သည်ဟု သုံးသပ်ရရှိပါသည်။[၃၉]

| ခုနှစ် | ပေးပို့ | ပြန်ကြား | လက်ကျန် | ပြန်ကြားမှု% |
|---|---|---|---|---|
| ၂၀၁၇ | ၈၉ | ၇၅ | ၁၄ | ၈၄ % |
| ၂၀၁၈ | ၁၀၄ | ၈၅ | ၁၉ | ၈၂ % |

၁၁၂။ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**။ ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြောင်းကြားစာများအပေါ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့် အောက်ပါအတိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်-

(က) ဦးဇော်လတ် (ပါ) ၆ ဦးတို့အား လုပ်အားခနှင့် စက်ယန္တရားငှားရမ်းခြင်း၊ မောင်းနှင်ခြင်း စသည့် ဝန်ဆောင်ခ စုစုပေါင်း ငွေကျပ် ၅၇ သိန်းနှင့် ဦးစိုးနိုင်တို့အဖွဲ့၏ လုပ်အားခ ငွေ ၁,၅၁၄,၁၀၀ ကျပ်ကို ဝင်းမြတ်ဂုဏ်ဆောင် ဆောက်လုပ်ရေး ကုမ္ပဏီတာဝန်ခံမှ ထုတ်ပေးရန် ပျက်ကွက်ခဲ့မှုတို့ကြောင့် တိုင်တန်းသူတို့မှ သွားရောက်တောင်းခံရာ Site တာဝန်ခံများ အလုပ်ထွက်သွားသည့်အတွက် မပေးနိုင်ကြောင်း ကုမ္ပဏီ၏ တာဝန်ခံအင်ဂျင်နီယာက ပြောကြားခဲ့သောကြောင့် ကူညီဖြေရှင်းပေးပါရန် တိုင်တန်းချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ "တိုင်ကြားသူ အလုပ်သမားများ၏ လုပ်အားခကျန်ငွေ ၇,၂၁၄,၁၀၀ ကျပ်ကို ဝင်းမြတ်ဂုဏ်ဆောင် ဆောက်လုပ်ရေးကုမ္ပဏီကိုယ်စား နေမင်းရောင် ကုမ္ပဏီမှ ပေးချေပြီးဖြစ်ပါကြောင်း" ပြန်ကြားလာပါသည်။

(ခ) SS and P Engineering Co,Ltd တွင် လေအေးပေးစက် တပ်ဆင် အလုပ်သမား ဦးဇော်လွင်သည် ၁၄-၂-၂၀၁၈ ရက်နေ့တွင် ညာဘက်လက်ကို

[၃၉] ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြန်ကြားစာရရှိမှု အခြေအနေ၊ နောက်ဆက်တွဲ (ဃ)

လေအေးပေးစက် ပိသဖြင့် ညာဘက်လက်ချောင်း ၄ ချောင်း ဆုံးရှုံးခဲ့ရကာ ဆေးကုသစရိတ် ၁၂ သိန်း နီးပါးကုန်ကျခဲ့သော်လည်း ကုမ္ပဏီမှ တာဝန်ယူပေးခြင်း မရှိသဖြင့် ကူညီပေးပါရန် တိုင်တန်းချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ "အလုပ်ရှင်မှ ၂၈-၈-၂၀၁၈ ရက်နေ့တွင် ရွှေပြည်သာမြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ၊ ငွေစာရင်းသို့ ငွေပေးသွင်းခဲ့ပြီး ဦးဇော်လွင်အား အလုပ်သမားလျော်ကြေးငွေ လာရောက်ထုတ်ယူရန် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း" ပြန် ကြားလာပါသည်။

(ဂ) မောင်ဝေဖြိုးအောင်သည် ESS ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်လျက်ရှိရာ လစာ သွားရောက်ထုတ်ယူရာတွင် အလုပ် ၃ ရက် ပျက်ကွက်သည်ကို ၆ ရက် ပျက်ကွက်သည်ဆို၍ လစာထုတ်မပေးသည့်အတွက် ကူညီဆောင်ရွက်ပေးပါရန် တိုင်တန်းချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ "အလုပ်သမား မောင်ဝေဖြိုးအောင်၏ ၁၂/ ၂၀၁၇ လအတွက် ၂၅ ရက်စာ လုပ်အားခငွေအား ဖခင်ဖြစ်သူမှ လက်ခံရယူခဲ့ပြီး နှစ်ဘက်သဘောတူ စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း" ပြန်ကြားလာပါသည်။

(ဃ) AAA ဘိလပ်မြေစက်ရုံမှ အလုပ်သမား ဦးမြင့်သိန်းနှင့် ဦးသန်းဌေးတို့သည် စက်ရုံဂိုဒေါင်မှ ဘိလပ်မြေများကို ပြင်ဦးလွင်မြို့ မြောက်ဘက်ခြမ်းသို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပြီးအပြန် ယာဉ်တိမ်းမှောက်၍ သေဆုံးခဲ့ခြင်းအပေါ် စက်ရုံမှ တာဝန်ယူခြင်းမရှိသောကြောင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ "သေဆုံးသူ ဦးသန်းဌေးသည် အလုပ်သမားလျော်ကြေး အက်ဥပဒေနှင့်အညီ လျော်ကြေးငွေနှင့် ကရုဏာကြေးငွေကို သေဆုံးသူ၏ ဖခင်ဖြစ်သူအားလည်းကောင်း အလုပ်သမား ဦးမြင့်သိန်း၏ နာရေးစရိတ်ငွေနှင့် လုပ်ငန်းခွင် ထိခိုက်မှုကြောင့် အကျိုးခံစားခွင့်တို့အား ၎င်း၏သားဖြစ်သူထံ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း" ပြန်ကြားလာပါသည်။

(င) Famous Traveller International Co, ltd. မှ ဝန်ထမ်း ဦးထွန်းသန်းသည် ညောင်ဦး ကားဂိတ်တွင်ပစ္စည်းချသည့် အလုပ်သမားနှင့် ပြဿနာဖြစ်ခဲ့သည့်အတွက် အလုပ်မှ ထုတ်ပစ်ခဲ့သဖြင့် နစ်နာကြေး ၃ လစာရလိုကြောင်း တိုင်တန်းချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ "အလုပ်ရပ်စဲမှု နစ်နာကြေးငွေကျပ် ၃ သိန်း၊ လူမှုကရုဏာကြေး ငွေကျပ် ၁ သိန်း စုစုပေါင်းငွေကျပ် ၄ သိန်းကို

ဦးထွန်းသန်းအား Famous Traveller International Co, ltd. မှ ပေးချေခဲ့ပြီး ဖြစ်ပါကြောင်း” ပြန်ကြားလာပါသည်။

(စ) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင်မှ ပေးပို့ခဲ့သည့် တိုင်တန်းစာများနှင့် ပတ်သက်သည့် အကြောင်းကြားစာ ၄၄ စောင်အနက် ၃၆ စောင် ပြန်ကြားလာခဲ့ပါသည်။ ပြန်ကြားမှု ရာခိုင်နှုန်း ၈၂ % ရှိပါသည်။ ၂၀၁၇ ခုနှစ်က ပြန်ကြားမှုထက် ရာခိုင်နှုန်း တိုးတက်လာသည့်အပြင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အများစုမှာ အပြုသဘောဆောင်သော ပြန်ကြားမှုများ ဖြစ်ပါသဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်သည်ဟု သုံးသပ်ရရှိပါသည်။[၄၀]

| ခုနှစ် | ပေးပို့ | ပြန်ကြား | လက်ကျန် | ပြန်ကြားမှု% |
|---|---|---|---|---|
| ၂၀၁၇ | ၁၆ | ၁၃ | ၃ | ၈၁ % |
| ၂၀၁၈ | ၄၄ | ၃၆ | ၈ | ၈၂ % |

၁၁၃။ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**။ ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင်မှ ပေးပို့ခဲ့သည့် အကြောင်းကြားစာများအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် အောက်ပါအတိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်–

(က) ကိုချစ် (ခ) အောင်ကိုကိုသည် ပြတ်ကျနေသည့် လျှပ်စစ်ကြိုးကို တိုက်မိပြီး ဓာတ်လိုက် သေဆုံးခဲ့သော်လည်း လျှပ်စစ်ဌာနမှ နာရေးအတွက် ငွေကျပ် ၂ သိန်းသာ ကူညီထောက်ပံ့ခဲ့သဖြင့် ၎င်းအား မှီခိုနေရသော အဘိုးအိုနှင့် ကျောင်းနေ အရွယ်ကလေး ၂ ဦးတို့ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး ကိစ္စများအတွက် ထိုက်သင့်သော နစ်နာကြေးငွေများ ရရှိနိုင်ရေး ဆောင်ရွက် ပေးပါရန် တိုင်တန်းချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ “အသက် ၆၅ နှစ် အရွယ် လူကြီးတစ်ဦးနှင့် ၁၀ တန်းကျောင်းသား ၁ ဦးတို့ကို ဆွေမျိုးများမှ စောင့်ရှောက်ထားပြီး ကျန် ၁၀ တန်း ကျောင်းသား ၁ ဦးမှာ နေပြည်တော်၊ အားကစားသိပ္ပံတွင် တက်ရောက်လျက် ရှိပါကြောင်းနှင့် သေဆုံးသူအတွက် ထောက်ပံ့ငွေကိုလည်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ထောက်ပံ့ပြီးဖြစ်ပါကြောင်း” ပြန်ကြားလာပါသည်။

(ခ) မသန်းသန်းဌေး (ဥက္ကာရည်မသန်စွမ်း) အား တစ်ရွာတည်းနေသူတစ်ဦးမှ ၎င်း၏နေအိမ်သို့ ခေါ်ဆောင်သွားပြီး သားမယား ပြုကျင့်ခဲ့ခြင်းနှင့် စပ်လျဉ်း၍

[၄၀] ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြန်ကြားစာရရှိမှု အခြေအနေ၊ နောက်ဆက်တွဲ (ဃ)

တရားရင်ဆိုင်ရန် ငွေကြေးအခက်အခဲ ဖြစ်နေပါသဖြင့် လိုအပ်သလို ကူညီဆောင်ရွက်ပေးပါရန် တိုင်တန်းချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ "ဉာဏ်ရည်မပြည့်သူ မသန်းသန်းဌေး အားအလိုမတူဘဲ မုဒိမ်းကျင့်သည့် တရားခံအား အလုပ်နှင့်ထောင်ဒဏ် ၃ နှစ် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရပြီး ခရိုင် လူမှုဝန်ထမ်းရုံးမှ သွားရောက်တွေ့ဆုံစဉ် အဝတ်အစား ၁၂ စုံနှင့် အစားအစာ၊ ငွေသားကျပ် နှစ်သောင်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး Case Manager ၏ Assessment အရ မသန်းသန်းဌေးအား မိခင်မှ အိုးမကွာ အိမ်မကွာ စောင့်ရှောက်နိုင်ရန်အတွက် ရက်ကန်းရုံနေ့စား အလုပ်အကိုင်မှ ကိုယ်ပိုင် လုပ်ငန်းဆောင်ရွက်နိုင်ရေး ရက်ကန်းချည်ချခုံ ခန့်မှန်းကုန်ကျငွေ ကျပ် ၆ သိန်းအား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားပါကြောင်း"ဟု ပြန်ကြားလာပါသည်။

(ဂ) မခိုင်နှင်းဝေ (ဉာဏ်ရည်မသန်စွမ်း၊ CP)၊ အသက် ၁၅ နှစ်အား ဦးမောင်ဖြူမှ သားမယားပြုကျင့်ခြင်းခံရသဖြင့် လပွတ္တာမြို့နယ်၊ ၃ မိုင်ရဲစခန်းသို့ တိုင်တန်းခဲ့ပြီး ယခုအခါ မခိုင်နှင်းဝေအနေဖြင့် သွေးအားနည်းရောဂါ၊ အတက်ရောဂါကို ခံစားနေရသဖြင့် တရားရုံးသို့ ရုံးချိန်းသွားရန် ငွေကြေးအခက်အခဲများ ကြုံတွေ့နေရသောကြောင့် ကူညီဖြေရှင်းပေးပါရန် တိုင်တန်းချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ "မခိုင်နှင်းဝေ အမှုရင်ဆိုင်စဉ် အသုံးစရိတ်များ အထောက် အကူဖြစ်စေရေးဦးစီးဌာန ရန်ပုံငွေမှ ငွေကျပ် ၁ သိန်းအားလည်းကောင်း၊ မိသားစု စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အပံ့ဖြစ်စေရန် ငွေကျပ် ၅ သိန်းအား ထောက်ပံ့ပေးခဲ့ပါကြောင်း" ဟု ပြန်ကြားလာပါသည်။

(ဃ) မပန်းအိကျော် (နဝမတန်း) ကျောင်းသူအား ဘော်ဒါ ကျောင်းအုပ်ဆရာ၏ အစ်ကိုဖြစ်သူ ဘဘကြီး(ခ) ဦးမောင်မောင်သန်းမှ မပန်းအိကျော် နေမကောင်းသည်ကို အကြောင်းပြု၍ ဆေးတိုက်မည်ဆိုကာ သူမ၏ ခန္ဓာကိုယ်အား မဖွယ်မရာ ကိုင်တွယ်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ထွက်ပြေးရကြောင်း ပြောကြားသဖြင့် ဖျာပုံရဲစခန်းသို့ သွားရောက်တိုင်တန်းရာ ကျောင်းအုပ်ဆရာကြီး ဦးလှခိုင်မှ ငွေကြေးမည်မျှ ပေးရမည်နည်းဟု လာရောက်ညှိနှိုင်းခဲ့ပါသဖြင့် အမှုကို ထိမ်ချန်ထားသော ကျောင်းအုပ်ဆရာကြီး ဦးလှခိုင်နှင့် မဖွယ်မရာ ပြုလုပ်သော အစ်ကိုဖြစ်သူတို့အား ထိရောက်စွာ အရေးယူပေးပါရန် တိုင်တန်းချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး

ဌာနသို့ အကြောင်းကြားခဲ့ရာ "မပန်းအိကျော်အား တရားခွင်တွင် ရင်ဆိုင်နိုင်ရေးနှင့် နှစ်သိမ့်ဆွေးနွေးမှုများ ဆောင်ရွက်ပေးခဲ့ပြီး လာမည့်ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ကုန်ကျစရိတ်ကာမိစေရန် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် လူမှုဝန်ထမ်း ဦးစီးဌာနမှ ငွေကျပ် ၅ သိန်း ထောက်ပံ့ပေးပြီး ဖြစ်ပါကြောင်းနှင့် အမှုကိစ္စအား ဖျာပုံမြို့ရှိ ဥပဒေကုစားရေး အဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း" ဟု ပြန်ကြားလာပါသည်။

(င) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင်မှ ပေးပို့ခဲ့သည့် တိုင်တန်းစာများနှင့် ပတ်သက်သည့် အကြောင်းကြားစာ ၃၅ စောင်ပေးပို့သည်ကို အားလုံး ပြန်ကြားလာခဲ့ပါသည်။ ၂၀၁၇ ခုနှစ်က ရာနှုန်းပြည့် အကြောင်းပြန်ကြားခဲ့ရာတွင် စောင်ရေ ၈ စောင်အပေါ် အားလုံး ပြန်ကြားခဲ့ခြင်းသာဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ၃၅ စောင်အပေါ် အားလုံး ပြန်ကြားခဲ့ခြင်းဖြစ်သဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှု ရှိသည်ဟု သုံးသပ်ရရှိပါသည်။[၆၁]

| ခုနှစ် | ပေးပို့ | ပြန်ကြား | လက်ကျန် | ပြန်ကြားမှု% |
|---|---|---|---|---|
| ၂၀၁၇ | ၈ | ၈ | ၀ | ၁၀၀ % |
| ၂၀၁၈ | ၃၅ | ၃၅ | ၀ | ၁၀၀ % |

**တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် သုံးသပ်ချက်**

၁၁၄။ **ရန်ကုန်တိုင်းဒေသကြီး**။ သန်လျင်မြို့နယ်၊ ကမ်းနားလမ်း၊ သန်လျင်တံတားအမှတ် (၁) နှင့် အမှတ် (၂) အကြား အများပြည်သူများ သွားလာသည့် လမ်းနှင့် လမ်း နံဘေးတွင် အုတ်၊ သဲ၊ ကျောက်စရစ်နှင့် ဝါးခနိရောင်းဝယ်ရေး လုပ်ငန်းရှင်များမှ သဲများ၊ ကျောက်စရစ်များကို စုပုံလုပ်ကိုင်နေခြင်းကြောင့် အနှောင့်အယှက်ဖြစ်စေသဖြင့် တားမြစ်ဖြေရှင်းပေးပါရန် တိုင်တန်းချက်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့ခဲ့ရာ "အုတ်၊ သဲ၊ ကျောက်စရစ်များ သယ်ပို့ရာတွင် အများပြည်သူများ အနှောင့်အယှက် မဖြစ်စေရေးအတွက် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရေး၊ စည်းကမ်းချက်နှင့် မညီညွတ်ပါက အရေးယူဆောင်ရွက်ရေးတို့အား ကြီးကြပ်ဆောင်ရွက်ထားပြီး ဖြစ်သော်လည်း ဆက်လက် လုပ်ကိုင်နေမှုအပေါ် ထိရောက်သော ဥပဒေများဖြင့် အရေးယူဆောင်ရွက်ရန် အကြောင်း ကြားပြီးဖြစ်ပါကြောင်း" ပြန်ကြားလာပါသည်။

၁၁၅။ **မန္တလေးတိုင်းဒေသကြီး**။ ကျောက်ဆည်မြို့နယ်၊ ဗလီကွင်းကျေးရွာမှ ဦးဖိုးကဲသည် သာသနာတော် ပြန့်ပွားရေးအတွက် ကောက်ခံရရှိသောငွေများနှင့် လျှပ်စစ်မီးလင်းရေး

[၆၁] ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြန်ကြားစာရရှိမှု အခြေအနေ၊ နောက်ဆက်တွဲ (ဗ)

အတွက် ကျေးရွာမှ ကောက်ခံထားသည့် ငွေများကို အလွဲသုံးစား ပြုလုပ်သည့်အတွက် ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် သက်သေများအား ခေါ်ယူမေးမြန်းရာ ငွေကြေးအလွဲသုံးစားပြုထားကြောင်း ထွက်ဆိုခဲ့သော်လည်း ဦးဖိုးကဲအား တိုင်ကြားစာ ကင်းရှင်းသည်ဟုဆိုကာ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ ရဲဘော်ကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်လိုက်သဖြင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့ခဲ့ရာ "ဦးဖိုးကဲအား ကျောက်ဆည်မြို့နယ် တရားရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၄၀၆ ဖြင့် တရားစွဲဆိုသွားရန် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း" ပြန်ကြား လာပါသည်။

၁၁၆။ **ပဲခူးတိုင်းဒေသကြီး**။ ညောင်လေးပင်မြို့ ရဲစခန်းရန်ပုံငွေအတွက် ရရှိထားသော မြေ ၃၅ ဧကကို ၂၀၀၇ ခုနှစ်တွင် ဦးထွန်းညွန့်မှ ခုတ်ထွင်ရှင်းလင်းကာ အကျိုးတူ လုပ်ကိုင်နေစဉ် ဦးဘီတိုးဆိုသူက မြို့နယ်ရှိ မြေစာရင်းဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဝင်ရောက် စိုက်ပျိုးလုပ်ကိုင်သဖြင့် ဦးထွန်းညွန့်မှ လုပ်ပိုင်ခွင့်ပြန်လည် ရရှိရေးအတွက် မြို့နယ် သိမ်းဆည်း လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးအဖွဲ့သို့လည်းကောင်း၊ ပဲခူး တိုင်းဒေသကြီး အစိုးရအဖွဲ့သို့လည်းကောင်း တင်ပြခဲ့သော်လည်း အရေးယူဆောင်ရွက် ပေးခြင်း မရှိသဖြင့် အရေးယူဆောင်ရွက်ပေးပါရန် တိုင်တန်းချက်အရ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပေးပို့ခဲ့ရာ "အဆိုပါ လယ်မြေအား နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်ခဲ့ပြီး ဖြစ်သည့်အတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ အဆင့်ဆင့်မှ စွန့်လွှတ်မြေဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက် ပြီး မူလလက်ငုတ်တောင်သူများသို့ ယာယီပုံစံ (၃) အမြန်ထုတ်ပေးနိုင်ရေး စိစစ် ဆောင်ရွက်ရန် ညွှန်ကြားသွားမည် ဖြစ်ပါကြောင်း" ပြန်ကြားလာပါသည်။

၁၁၇။ **ရခိုင်ပြည်နယ်**။ The Irrawaddy-English နှင့် Development Media Group(DMG) တို့မှ သတင်းထောက်နှစ်ဦးတို့သည် ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာ၏ ဈေး နောက်ဖက်နှင့် ဘုန်းကြီးကျောင်းနံရံဘေး အများပိုင်နေရာ၌ ဖုန်းဖြင့်မှတ်တမ်း ဓာတ်ပုံအချို့ ရိုက်ကူးနေစဉ် ကျေးရွာသား ၇ ဦး ရောက်ရှိလာကာ သတင်းသမားများ၏ မျက်နှာများကို ဓာတ်ပုံဝိုင်းရိုက်ကြပြီး အုပ်စုလိုက် အတင်းအကြပ် ခေါ်ဆောင်ကာ ၎င်းတို့၏ ဖုန်း ၃ လုံးကို ကျေးရွာလူကြီးများက စစ်ဆေးစရာရှိသည်ဟု ပြောပြီးယူသွားသည့်အပြင် ၎င်းတို့ တည်းခို ရာ အိမ်သို့လည်း ကျေးရွာသားများ ရောက်ရှိလာပြီး ကွန်ပျူတာနှင့် ကင်မရာတို့ကို ထပ်မံ သိမ်းဆည်းသွားသဖြင့် သိမ်းဆည်းထားသော ပစ္စည်းများ ပြန်လည်ရရှိရေးအတွက် ကူညီ ဆောင်ရွက်ပေးပါရန် တင်ပြလာသဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့ခဲ့ရာ "သတင်း သမားများထံမှ ရွာသားများ သိမ်းဆည်းထားသည့် ပစ္စည်းများအား စေတီပြင်ရဲစခန်း၌ ထိန်းသိမ်းထားရှိပြီး ပစ္စည်းများ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဆက်သွယ် အကြောင်း

ကြားထားကြောင်းနှင့် ၎င်းတို့မှ ဥပဒေအရ အရေးယူပေးရန် တိုင်ကြားလာပါက ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း” ပြန်ကြားလာပါသည်။

၁၁၈။ **ရှမ်းပြည်နယ်**။ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်ရှိ ဂေါ်ဒန်အမှုန့်ကြိတ်စက်ရုံကြောင့် ကျောက်မှုန့်များ အမြဲပျံ့လွင့်နေပြီး မီးသင့်ကျောက်လျော်သည့် အနံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေရခြင်း၊ ကျောက်မှုန့်များနှင့် အမှိုက်သရိုက်များကို ရေထဲသို့ ဖြစ်သလို စွန့်ပစ်ကြသဖြင့် ချောင်းရေညစ်ညမ်းခြင်း၊ စိုက်ခင်းများ ထိခိုက်ပျက်စီးခြင်းကြောင့် အရေးယူဆောင်ရွက်ပေးပါရန် တိုင်တန်းချက်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့ခဲ့ရာ “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မောက်မယ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းလျက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ အောက်ဖော်ပြပါ အချက်သုံးချက်ကို လိုက်နာမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဘက် သဘောတူကတိပြု လက်မှတ်ရေးထိုးထားကြပြီး ဖြစ်ပါကြောင်း ပြန်ကြားလာပါသည်-

(က) ဂေါ်ဒန်ကျောက်အမှုန့်ကြိတ်စက်ရုံအား နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၄:၃၀ နာရီအထိသာ လုပ်ငန်းဆောင်ရွက်ရန်၊

(ခ) ဂေါ်ဒန်ကျောက် အမှုန့်ကြိတ်စက်ရုံ ရေမြောင်းအတွင်းသို့ အမှိုက်သရိုက်များ၊ ဂေါ်ဒန်ကျောက်မှုန့်များနှင့် အင်ဂျင်ဝိုင်များ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဂ) ဥယျာဉ်ခြံမြေအတွင်း ရေအများအပြား ဝင်ရောက်ခြင်းမရှိစေရန် စက်ရုံက ရေအား ရဟတ် အသုံးပြုပါက ပုံမှန်ရေကိုသာသုံးစွဲရန်။

၁၁၉။ **ဧရာဝတီတိုင်းဒေသကြီး**။ ဖျာပုံမြို့နေ ဦးကျော်ငွေ (ပါ) ၇၂ ဦးမှ ၂၀၁၆ ခုနှစ်တွင် ဂက်စ်ဖြင့် လည်ပတ်သည့် ဆန်စက်ကြီးမှ ပြင်းထန်သော ဂက်စ်နံ့ကြောင့် နှလုံး တုန်ခြင်း၊ ရင်တုန်ခြင်း၊ မူးဝေခြင်း၊ ရေမသန့်သဖြင့် ဝဲများပေါက်ခြင်းနှင့် ဆန်စက်၏ ဖွဲမှုန်များအား ရှူရှိုက်နေရခြင်းကြောင့် ရောဂါဝေဒနာများခံစား နေရသဖြင့် ဖျာပုံမြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ တိုင်ကြားခဲ့ရာ ပုသိမ်မြို့၊ ရေအရင်းအမြစ်နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လာရောက်စစ်ဆေးခဲ့သော်လည်း ထူးခြားမှုမရှိသေး၍ ကူညီဖြေရှင်းပေးပါရန် တိုင်တန်းချက်အရ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့ခဲ့ရာ “ဆန်စက် လုပ်ငန်းလည်ပတ်သည့် အချိန်များ၌ ထွက်ရှိသော စပါးခွံနှင့်ဖွဲပြာများအား ချောင်းအတွင်း လုံးဝ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊ ချောင်းရေထိန်းနံရံအား စနစ်တကျ ဆောင်ရွက်သွားရန်၊ အင်ဂျင်နေရာပြောင်းရွှေ့ခြင်းအား အမြန်ဆုံး ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများ၏ ပြုမူဆောင်ရွက်မှုများကြောင့် ပတ်ဝန်းကျင်သို့ တစ်စုံတစ်ရာ ထိခိုက်မှုများ မဖြစ်ပေါ်စေရေး စက်ပိုင်ရှင်မှ ဂရုပြုကြပ်မတ်ဆောင်ရွက်ရန် ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဖျာပုံမြို့နယ် အထွေထွေ

အုပ်ချုပ်ရေး ဦးစီးဌာနတို့ထံသို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း” ပြန်ကြားလာပါသည်။

၁၂၀။ ၂၀၁၈ ခုနှစ်အတွင်း တိုင်တန်းချက်နှင့် ပတ်သက်သည့် အကြောင်းကြားစာများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ၁၅ ဖွဲ့ အနက် ကယားပြည်နယ်မှအပ ကျန် ၁၄ ဖွဲ့ထံသို့ ၂၆၄ စောင် ပေးပို့ခဲ့ရာ ပြန်ကြား စာစောင်ရေ ၁၃၆ စောင်ရှိသဖြင့် ပြန်ကြားမှု အခြေအနေမှာ ၅၁.၅၂ % ရှိသည်ကို တွေ့ရှိရသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေမှာ တိုးတက်ကောင်းမွန်သည်ဟု သုံးသပ်နိုင်ပါသည်။[၆၂] ၂၀၁၇ ခုနှစ်က ပြန်ကြားမှု အခြေအနေမှာ ၅၁ % သာ ရှိခဲ့ပါသည်။ ၁၀၀% ပြန်ကြားလာသည့် ပြည်နယ်မှာ ချင်းပြည်နယ်ဖြစ်ပြီး ၉၁ % ပြန်ကြားလာသည့် ပြည်နယ်မှာ မွန်ပြည်နယ် ဖြစ်ပါသည်။ ၈၀% အထက် ပြန်ကြားသည့် အစိုးရများမှာ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် နေပြည်တော်ကောင်စီတို့ ဖြစ်ကြပါသည်။ ၅၀ % အထက် ပြန်ကြားသည့် အစိုးရများမှာ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီး၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့ ဖြစ်ကြပါသည်။ ၄၀% အထက် ပြန်ကြားသည့် အစိုးရများမှာ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ ဖြစ်ကြပါသည်။ ကရင်ပြည်နယ်မှာ ပေးပို့စာ ၅ စောင်ရှိသည့်အနက် ၁ စောင်သာ ပြန်ကြားလာသဖြင့် ပြန်ကြားမှု အခြေအနေမှာ ၂၀ % ရှိသည်ကို တွေ့ရပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တိုင်ကြားစာနှင့် ပတ်သက်၍ အကြောင်းကြားစာပေါင်း ၂၃ စောင် ပေးပို့ခဲ့သော်လည်း လုံးဝပြန်ကြားမှု မရှိသဖြင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ကော်မရှင်နှင့် ယခုထက်ပိုမို ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်ဟု သုံးသပ်တင်ပြ အပ်ပါသည်။

## အခြားဌာန၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် သုံးသပ်ချက်

၁၂၁။ **မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း။** မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ဝါးတလုတ်ကမ်းနီကျေးရွာအုပ်စုနေ ၂၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ၎င်း၏ရည်းစားနှင့် ကိုယ်ဝန်ရရှိ ကလေးမွေးခဲ့ပြီး ကလေး၏ကျန်းမာရေးအတွက် ခန့်မှန်း ၁၀ သိန်းကျပ်ခန့် ကုန်ကျခဲ့သော်လည်း ၎င်း၏အမျိုးသားမှာ ကိုယ်ဝန်ရှိသည့်အချိန်မှစ၍ ထွက်ပြေးတိမ်းရှောင်နေသဖြင့် နစ်နာမှုအပေါ် လိုအပ်သလို ကူညီဆောင်ရွက်ပေးပါရန် တိုင်တန်းချက်အရ လိုအပ်သလို စိစစ်ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းသို့ ပေးပို့ခဲ့ရာ “ကလေးကျန်းမာရေးအတွက် ငွေကျပ် ၅ သိန်းကို အသင်း (ဗဟို)မှ ထောက်ပံ့ပေးရန်နှင့် မြောင်းမြခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အိမ်မဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျေးရွာ မိခင်နှင့်

[၆၂] ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများမှ ပြန်ကြားစာရရှိမှု အခြေအနေ၊ နောက်ဆက်တွဲ (ဏ)

ကလေးစောင့်ရှောက်ရေး အသင်းခွဲတို့မှ အနီးကပ် ကြည့်ရှုစောင့်ရှောက်ပေးရန် စီစဉ်ထားပါကြောင်း" ပြန်ကြားလာပါသည်။

၁၂၂။ အခြားဌာနအသီးသီးသို့ ၁၅၈ စောင် ပေးပို့ခဲ့ရာ ပြန်ကြားစာစောင်ရေ ၁၁၃ စောင်ရှိသဖြင့် ပြန်ကြားမှုအခြေအနေမှာ ၇၁.၅၂ % ရှိသည်ကို တွေ့ရှိရပါသည်။ ဌာန ၂၅ ဌာနသို့ ပေးပို့ခဲ့သည့်အနက် ၁၀၀ % အပြည့် ပြန်ကြားလာသည့် ဌာန ၁၅ ဌာန ရှိပြီး ၅၀ % အထက် ပြန်ကြားလာသောဌာန ၄ ဌာန၊ ၂၀ % အထက် ပြန်ကြားလာသည့် ဌာန ၃ ဌာနရှိပြီး ပြန်ကြားမှုလုံးဝမရှိသည့်ဌာန ၃ ဌာနသာ ရှိသဖြင့် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုမှာလည်း တိုးတက်ကောင်းမွန်သည်ဟု သုံးသပ်နိုင်ပါသည်။[၄၃]


## အကြံပြုချက်များ

### အကျဉ်းထောင်ဆိုင်ရာ အကြံပြုချက်များ

၁၂၃။ အကျဉ်းထောင်များတွင် လူဦးရေ ကျပ်တည်းနေခြင်းကြောင့် အကျဉ်းထောင် တာဝန်ရှိ ဝန်ထမ်းများအနေဖြင့် စီမံအုပ်ချုပ်မှုအခက်အခဲများ ကြုံတွေ့နေရခြင်း၊ ဝန်ထမ်းအင်အား နည်းပါးမှုကြောင့် အနားယူချိန်နည်းပါးခြင်း၊ အကျဉ်းသားများအနေဖြင့် အိပ်စက်ရန်နေရာ ကျဉ်းမြောင်း ကျပ်တည်းမှုကြောင့် ကျန်းမာရေး၊ လူမှုရေးပြဿနာများ ဖြစ်ပေါ်လာနိုင်ခြင်း၊ လူဦးရေနှင့်မိလ္လာ အချိုး မမျှတမှုကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပေါ်ပေါက်နိုင်ခြင်း၊ နိုင်ငံတော်အနေဖြင့် ဘဏ္ဍာရန်ပုံငွေ ပိုမိုသုံးစွဲနေရခြင်းများကြောင့် အကျဉ်းသားဦးရေ လျှော့ချနိုင်ရေးအတွက် နည်းလမ်း မျိုးစုံ အသုံးပြု၍ ဆောင်ရွက်သင့်ပါသည်။

ပုံ (၂)

**အကျဉ်းထောင်များအတွင်း အချုပ်သားရာခိုင်နှုန်း**




[၄၃] အခြားဌာန၊ အဖွဲ့အစည်းများမှ ပြန်ကြားစာ ရရှိမှု အခြေအနေ၊ နောက်ဆက်တွဲ (တ)

၁၂၄။ စစ်ဆေးခဲ့သည့် အကျဉ်းထောင်များအတွင်း စစ်ဆေးချိန်၌ လူဦးရေ ၄၉၄၈၂ ဦး ရှိသည့်အနက် အချုပ်သားဦးရေမှာ ၁၃၆၄၅ ဦး ရှိနေသဖြင့် အကျဉ်းသားဦးရေ စုစုပေါင်း၏ ၃၀ % နီးပါးမျှ ရှိနေပါသည်။ ထိုကဲ့သို့ အကျဉ်းထောင်အတွင်း အချုပ်သားဦးရေ များပြားနေမှုကို လျှော့ချနိုင်ပါက အကျဉ်းသားဦးရေ ကျပ်တည်းမှု ပြဿနာကို ဖြေရှင်းနိုင်မည် ဖြစ်ပါသဖြင့် အချုပ်သားဦးရေ လျှော့ချနိုင်မည့်နည်းလမ်းများ ဖော်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါသည်။ ဥပမာအားဖြင့် စစ်ဆေးကာလ ၁ နှစ်ကျော်မှ ၂ နှစ်ကျော်သည်အထိ ချုပ်နှောင်ခြင်းခံနေရသော အချုပ်သားများ၊ လူပုဂ္ဂိုလ်အချင်းချင်း အငြင်းအခုံကြောင့် တိုင်ကြားသဖြင့် ရေရာသေချာမှု မရှိသော်လည်း ဥပဒေအရဟုဆိုကာ ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူများနှင့် ပတ်သက်၍ နည်းလမ်းရှာဖွေ ဆောင်ရွက်သင့်ပါသည်။

၁၂၅။ မူးယစ်ဆေးဝါးမှုဖြင့် အကျဉ်းကျနေသူအရေအတွက်သည် အကျဉ်းထောင်အတွင်းရှိ စုစုပေါင်း အကျဉ်းသားဦးရေ၏ ၈၀ % ကျော် အကျဉ်းထောင် ၂ ခု၊ ၇၀ % ကျော် ၁၄ ခု၊ ၆၀ % ကျော် ၄ ခု၊ ၅၀% ကျော် ၄ ခု၊ ၄၀% ကျော် ၇ ခု၊ ၃၀ % ကျော် ၁ ခု၊ ၂၀ % ကျော် ၅ ခု၊ ၁၀ % ကျော် ၆ ခု ရှိနေသည်ကို တွေ့ရပါသည်။ သို့ဖြစ်၍ အကျဉ်းထောင်များအတွင်း အကျဉ်းသားဦးရေ ကျပ်တည်းမှု ကို ဖြေရှင်းနိုင်ရေးအတွက် မူးယစ်ဆေးဝါး သုံးစွဲနေသူများအား ဖမ်းဆီးအကျဉ်းချခြင်းထက် အသိပညာပေး ဟောပြောခြင်း၊ လူမှုရေးနည်းဖြင့် ပြစ်ဒဏ်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများ ပြုလုပ်ပြီး မူးယစ်ဆေးဝါး ဖြန့်ဝေရောင်းချသူကိုသာ ဖမ်းဆီးနိုင်ရေး အဓိကထား ဆောင်ရွက်သင့်ပါသည်။

၁၂၆။ သေဒဏ်ကျအကျဉ်းသား ၈၂ ဦးနှင့် သေဒဏ်မှလျှော့၍ ထောင်တစ်သက်ကျခံရသူ ၇၂၁ ဦး၊ နှစ်အကန့်အသတ်မရှိ ပြစ်ဒဏ်ကျခံနေရသူ ၂၅၄ ဦးတို့ကို အကျဉ်းထောင် ၂၆ ခု၌ တွေ့မြင်ခဲ့ရပါသည်။ ယင်းအကျဉ်းသားများသည် အခြားအကျဉ်းသားများအပေါ် အနိုင်ကျင့်မှုများ ဖြစ်နိုင်သကဲ့သို့ အခြားအကျဉ်းသားများအတွက်လည်း ၎င်းတို့သည် အားကျအထင်ကြီး အတုယူစရာ ပုဂ္ဂိုလ်များ ဖြစ်လာနိုင်ခြင်းများကြောင့် ၎င်းအကျဉ်းသားများကို အခြား သာမန်အကျဉ်းသားများ၊ အထူးသဖြင့် တရားမအကျဉ်းသားများ၊ နိုင်ငံရေး အကျဉ်းသားများနှင့် ခွဲခြားထားရန် လိုအပ်ပါသည်။ အလားတူ ရာဇဝတ်မှု အကျဉ်းသားနှင့် တရားမမှု အကျဉ်းသားများကိုလည်း တတ်နိုင်သမျှ ခွဲခြားထားရန် လိုအပ်ပါသည်။ ဖြစ်နိုင်ပါက အချုပ်သားနှင့် အကျဉ်းသားများကိုလည်း ခွဲခြားထားသင့်သည်ဟု အကြံပြုလိုပါသည်။ ထို့အတူ ပွေး၊ ဝဲ၊ ညှင်း၊ ယားနာ အပါအဝင် ကူးစက်တတ်သော ရောဂါများ ဖြစ်ပေါ်နေသူများကို သီးခြားခွဲ၍ ဆေးကုပေးပြီး ရောဂါပျောက်ကင်းမှသာ အခြား အကျဉ်းသားများနှင့် အတူ ထားသင့်ပါသည်။

၁၂၇။ အကျဉ်းထောင် ဝန်ထမ်းများသည် အကျဉ်းသားများနှင့်အတူ အကျဉ်းထောင်တွင်း၌ တစ်နေကုန်နေထိုင်၍ တာဝန်ထမ်းဆောင်နေကြရသူများ ဖြစ်ပါသည်။ အကျဉ်းသားနှင့်

ဝန်ထမ်းအချိုးအရ ဝန်ထမ်းအလွန်နည်းနေသည့် အကျဉ်းထောင်နှင့် အကျဉ်းစခန်းများတွင် ဝန်ထမ်းများမှာ နေ့ညဆက်တိုက် တာဝန်ထမ်းဆောင်နေကြရသည်ကိုလည်း တွေ့ရပါသည်။ သို့ရာတွင် ၂၀၁၆ ခုနှစ် အကျဉ်းဦးစီးဌာန၏ ဖွဲ့စည်းပုံအရ ဝန်ထမ်း ၁၀၅၉၃ ဦးသာ သတ်မှတ်ခွင့်ပြုထားပါသည်။ သို့ဖြစ်၍ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ တိုးချဲ့သတ်မှတ်ပေးသင့်ပါသည်။ ထို့ပြင် ဝန်ထမ်းများကို ရိက္ခာစိုင္ငွေနှင့် ဝတ်စုံစရိတ် တိုးမြှင့်ပေးခြင်းများ ပြုလုပ်ပေးသင့်ပါသည်။ အချို့အကျဉ်းစခန်းများတွင် ဝန်ထမ်းများမှာ ထရံကာ၊ ခနိမိုးတဲအိမ်ငယ်များဖြင့် ဆောက်လုပ်နေထိုင်ရသည်ကို တွေ့ရပါသည်။ မိသားစုခေါ်ဆောင် အတူနေရန်၊ သားသမီးများ ကျောင်းထားရန် မလွယ်ကူသော ဒေသများတွင် တာဝန်ထမ်းဆောင်ရသော အကျဉ်းဦးစီး ဝန်ထမ်းများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ ပေးသင့်ပါသည်။ ဌာနမှ ဆောက်လုပ်ပေးသော ဝန်ထမ်းအိမ်ရာ မရရှိသူများကိုလည်း နေအိမ်ငှားရမ်းစရိတ် ခွင့်ပြုပေးခြင်း စသည်ဖြင့် လက်ရှိ ထက် ပိုမို ထောက်ပံ့ပေးသင့်ပါသည်။

၁၂၈။ ကုန်ထုတ်စခန်းများသည် အကျဉ်းထောင်များတွင် အကျဉ်းသားကျပ်တည်းမှုကို လျှော့ချသည့် အစီအစဉ်တစ်ခု ဖြစ်သော်လည်း ကျောက်ထုတ်လုပ်သည့် ကုန်ထုတ်စခန်းများတွင် လေးလံသောဝန်များကို ထမ်းပိုးထုရိုက်ရသည့် အလုပ်ကို နေ့စဉ်လုပ်ကိုင်ရသဖြင့် နှစ်ရှည်လုပ်ကိုင်ရပါက အမျိုးသမီးများအတွက် သားအိမ်ဆိုင်ရာ ထိခိုက်မှုများ ဖြစ်လာနိုင်ခြင်းကြောင့် အမျိုးသမီး ကုန်ထုတ်စခန်းများကို ပိတ်သိမ်းရန် စဉ်းစားသင့်ပါသည်။

၁၂၉။ လက်ရှိ ကုန်ထုတ်စခန်းများတွင် အသုံးပြုနေသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဝတ်စုံများထက် ပိုမိုထိရောက်စွာ ဘေးအန္တရာယ် ကာကွယ်နိုင်မည့် ဝတ်စုံများ ဖြည့်တင်းပေးသင့်ပါသည်။ ထို့ပြင် ပြင်ပကျောက်ထုတ် အလုပ်သမားများ၏ တစ်နေ့လုပ်ခငွေ သတ်မှတ်ချက်၏ ရာခိုင်နှုန်းတစ်ခုကို သတ်မှတ်ခွင့်ပြုပေးခြင်းဖြင့် အကျဉ်းသားများ အကျဉ်းထောင်မှ လွတ်မြောက်သည့်အခါ ပြင်ပ၌ အလုပ်အကိုင် အဆင်မပြေသေးမီ ကာလအတွင်း ဝင်ငွေမရှိသဖြင့် နောက်ထပ် ရာဇဝတ်မှု ထပ်မံကျူးလွန်ရသည့် ဖြစ်စဉ်မျိုး မဖြစ်စေရန် အထိုက်အလျောက် အထောက်အကူ ဖြစ်နိုင်မည်ဟု သုံးသပ်ရပါသဖြင့် ကုန်ထုတ်စခန်းများ၏ လုပ်ခသတ်မှတ်ချက်ကို ပြင်ဆင်နိုင်ရေး စဉ်းစားသင့်ပါသည်။

၁၃၀။ ကျောက်ထုတ်လုပ်ငန်းမှဖြစ်စေ၊ စိုက်ပျိုးရေးလုပ်ငန်းမှဖြစ်စေ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာ ရရှိသော အကျဉ်းသားများ၊ ဒဏ်ရာကြောင့် သေဆုံးသွားသော အကျဉ်းသားများအတွက် အလုပ်သမားဥပဒေနှင့်အညီ ထိခိုက်နစ်နာမှု လျော်ကြေးများရရှိနိုင်ရေး၊ လူမှုဖူလုံရေး ဥပဒေအရ အကျိုးခံစားခွင့်များရရှိရေး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်လည်းကောင်း၊ လူမှုရေးခံစားခွင့်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

၁၃၁။ တစ်ဦးနှင့်တစ်ဦး မြင်တွေ့ရပြီး လွတ်လပ်စွာ စကားပြောဆိုနိုင်ရေး၊ မှန်ဖြင့် ကာရံထားပြီး အင်တာကွန်း တယ်လီဖုန်းဖြင့် ပြောဆိုနိုင်သော ခေတ်မီ ဧည့်တွေ့ခန်းအသွင်ဖြစ်စေရန်၊ အကျယ်အဝန်းကိုလည်း အကျဉ်းသားဦးရေနှင့် လိုက်လျောညီထွေရှိမည့် တွေ့ဆုံနိုင်သည့်အခန်းများ ဖြစ်စေသင့်ပါသည်။ (အင်းစိန်ဗဟိုအကျဉ်းထောင်တွင် စတင်စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ပါသည်) မိသားစုရှိသည့်နေရာနှင့် ဝေးကွာသောနေရာရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားများအနေဖြင့် ၎င်းတို့၏ မိသားစုမှာ လာရောက်တွေ့ဆုံရန် ငွေကြေးမတတ်နိုင်ခြင်း၊ မသွားတတ်မလာတတ်ခြင်း စသည်တို့ကြောင့် အကျဉ်းထောင်အရာရှိများရှေ့တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်စကားပြောခွင့်ကိုလည်း စီစဉ်ပေးသင့်ပါသည်။ ယင်းကဲ့သို့ ဖုန်းဖြင့် စကားပြောနိုင်ရေးအတွက် ဖုန်းစကားပြောခန်းများကို တရားဝင်နိုင်ငံတော်မှ ဘတ်ဂျက်ချထားပြီး တည်ဆောက်ပေးသင့်ပါသည်။

၁၃၂။ အကျဉ်းသား ဦးရေအလိုက် သောက်ရေ လိုအပ်ချက်နှင့် ကိုက်ညီသည့် ရေသန့်စက်များကို နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေမှ နှစ်စဉ်စီမံချက်ချမှတ်၍ တပ်ဆင်ပေးပြီး တပ်ဆင်ထားသော ရေသန့်စက်များကိုလည်း သတ်မှတ်ကာလများတွင် ရေစစ်ကိရိယာနှင့် ဓာတုပစ္စည်းများ ပုံမှန်လဲလှယ်မှု ပြုလုပ်နိုင်ရေးအတွက် ရန်ပုံငွေခွင့်ပြုပေးသင့်ပါသည်။ သုံးရေ၊ ချိုးရေနှင့် ပတ်သက်၍ အချို့ မုံရွာ၊ ဘားအံ၊ ပူတာအို၊ ကလေး စသည့် အကျဉ်းထောင်များ၊ ၄က်ပေါက် ကျောက်ထုတ်စခန်း၊ သန်လျင်မြို့နယ်အတွင်းရှိ အောင်ချမ်းသာ စိုက်/မွေးစခန်း၊ ဘန်းကန်စိုက်/ မွေးစခန်းကဲ့သို့သော စခန်းများတွင် ချိုးရေ လုံလောက်မှု မရှိခြင်းကြောင့် အကျဉ်းသားများမှာ ကျန်းမာရေးဆိုင်ရာ ပြဿနာများ ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည်။ အဆိုပါ အကျဉ်းထောင်နှင့် အကျဉ်း စခန်းများအတွက် ရေအရင်းအမြစ်ဦးစီးဌာနမှ အဝီစိတွင်းကြီးများတူး၍ဖြစ်စေ၊ အနီးအနားရှိ မြစ်ချောင်းများမှ ရေသွယ်ယူ၍ဖြစ်စေ၊ ဝန်ကြီးဌာန အချင်းချင်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သင့်ပါသည်။

၁၃၃။ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများတွင် စာကြည့်တိုက်များ ထားရှိသည်ကို တွေ့ရပါသည်။ သို့ဖြစ်၍ အကျဉ်းထောင်စာကြည့်တိုက်ထားရှိသည့် လုပ်ထုံးလုပ်နည်းကို တိကျစွာ သတ်မှတ်ပေးပြီး လစဉ်၊ နှစ်စဉ် စာအုပ်စာတမ်း ဝယ်ယူနိုင်ရေး ဘဏ္ဍာရန်ပုံငွေ သတ်မှတ်ပေးသင့်ပါသည်။ "အ" သုံးလုံးသင်တန်းပြီး၍ စာဖတ်တတ်ခါစ အကျဉ်းသားများအတွက် စာကြည့်တိုက်တွင် ဖတ်ရှုလွယ်ကူသော ရွှေသွေးစသည့် ကလေးစာစောင်များ၊ ရုပ်ပြစာစောင်များ၊ ပြည်သူ့နီတိ ရုပ်ပြစာစောင်များ ဖတ်ရှုနိုင်ရေး စီစဉ်ပေးသင့်ပါသည်။ စိတ်ဓာတ် ပြုပြင်ပြောင်းလဲစေမည့် စာအုပ်စာပေများ၊ ဘဝတွင် မှားယွင်းခဲ့မှုများကို သင်ခန်းစာ ဖော်ထုတ်ရေးသားထားသည့် စာအုပ်များ၊ အင်္ဂလိပ်-မြန်မာ စာစီစာကုံး စာအုပ်များ၊ ဘွဲ့ရနှင့်အထက်ပညာတတ် အကျဉ်းသားများအတွက် ပညာရပ်ဆိုင်ရာ စာအုပ်စာစောင်များ၊ အင်္ဂလိပ်သဒ္ဒါနှင့် စကားပြောစာအုပ်များ၊ ဘာသာရေးစာပေများ၊ ဝိပဿနာ ရှုနည်းကျမ်းစသည့်

အဆင့်မြင့် စာအုပ်၊ စာပေများစသည်ဖြင့် အလွှာလိုက် ဖတ်ရှုနိုင်ရေး စာအုပ်စာပေများကို ဝယ်ယူဖြည့်ဆည်းပေးသင့်ပါသည်။

၁၃၄။ စာကြည့်တိုက်များ ထားရှိပေးသည့်အပြင် အကျဉ်းသားအချင်းချင်း စာအုပ်ဖတ်ရှု ရှင်းလင်းပြသသည့် စာဖတ်ဝိုင်းများကိုလည်း ပြုလုပ်ပေးသင့်ပါသည်။ ကောင်းမွန်စွာ ဖတ်ကြားရှင်းလင်းပြနိုင်သော အကျဉ်းသားအား ထိုက်သင့်သည့် လျှော့ရက်ပေးခြင်း၊ နားထောင်သူ အကျဉ်းသားများအား မည်မျှနားလည်သည်ကို ဆန်းစစ်စာမေးပွဲများ ပြုလုပ်၍ ထူးချွန်သူများကို ထိုက်သင့်သည့် လျှော့ရက်ပေးခြင်းစသည်တို့ ပြုလုပ်ပေးခြင်းအားဖြင့် လျှော့ရက်များ ရရှိလိုခြင်းကြောင့် စာဖတ်လိုသူ အကျဉ်းသားဦးရေ တိုးပွားလာနိုင်ခြင်း၊ အကျဉ်းသားများ စာဖတ်ဝါသနာ တိုးတက်ရရှိလာပြီး စာအုပ်နှင့်ယဉ်ပါးလာခြင်းကြောင့် ပိုမို ယဉ်ကျေးသိမ်မွေ့ လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ အကျဉ်းထောင် ဝန်ထမ်းများအနေဖြင့်လည်း အဆိုပါစာအုပ်စာပေများကို ဖတ်ရှုပြီး မိမိအုပ်ချုပ်ရသည့် အကျဉ်းသားများကို ဖတ်ရှုရှင်းလင်းပြသည့် အစီအစဉ် ပြုလုပ်ခြင်းအားဖြင့်လည်း ဝန်ထမ်းများကိုယ်တိုင် စိတ်ခာတ်ရင့်ကျက်မှု ရရှိလာနိုင်မည့်အပြင် အကျဉ်းသားများ၏ ယုံကြည်ကိုးစားမှုကိုလည်း ရရှိလာနိုင်ပါ သည်။

၁၃၅။ အကျဉ်းသားများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် လိုအပ်သော ကျန်းမာရေး ဝန်ထမ်းများ ဖြည့်စွက်ခန့်ထားနိုင်ရေး ပြင်ပမှ ဆရာဝန်ဘွဲ့ ရရှိပြီးသူများကို တိုက်ရိုက် ရွေးချယ် ခေါ်ယူခန့်ထားခွင့်၊ ပြင်ပမှ ကျန်းမာရေးမှူးနှင့် သူနာပြုလက်မှတ် ရရှိပြီးသူများကို တိုက်ရိုက်ခေါ်ယူ ခန့်ထားခွင့်ပြုပေးသင့်ပါသည်။ အကျဉ်းထောင်ဝန်ထမ်းများထဲမှ ဆန္ဒပြုသူများကို သူနာပြု သင်တန်းများ ပေးခြင်းဖြင့်လည်း ဌာနတွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

၁၃၆။ အကျဉ်းသားများ၏ အကျင့်စာရိတ္တနှင့် စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းကို အထောက် အကူပြုနိုင်ရေးအတွက် စိတ်ရောဂါကု ဆရာဝန်များ၊ စိတ်ပညာရှင်များ၊ လူမှုဝန်ထမ်း လုပ်သားများ၊ စာသင်ပြနိုင်သော ကျောင်းဆရာများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပြ ဆရာများကို အကျဉ်းထောင် အချိန်ပိုင်းဝန်ထမ်းဖြစ်စေ၊ စေတနာ့ဝန်ထမ်းအဖြစ်ဖြစ်စေ ခန့်ထားခွင့်ပြုသင့်ပါသည်။

၁၃၇။ အကျဉ်းထောင်တွင်းသို့ စတင်ဝင်ရောက်လာသော အကျဉ်းသားများအား ရှာဖွေရာ တွင်လည်းကောင်း၊ ရုံးထွက်၊ ရုံးပြန် အချုပ်သားများ၊ နောက်မှုရှိ အကျဉ်းသားများအား ရှာဖွေရာတွင်လည်းကောင်း၊ အိပ်ဆောင်များအတွင်း ပုံမှန်ရှာဖွေစစ်ဆေးခြင်းများ ပြုလုပ်ရာ တွင်လည်းကောင်း လူ့ဂုဏ်သိက္ခာနှင့်ညီသော ဆောင်ရွက်မှုများဖြစ်စေရန် လိုအပ်ပါသည်။ သို့ရာတွင် မူးယစ်ဆေးဝါး နှင့် ဥပဒေနှင့်မညီသော ပစ္စည်းများကို အကျဉ်းထောင်အတွင်းသို့ တရားမဝင် ခိုးသွင်းရာတွင် စအိုတွင်းထည့်၍သယ်ယူခြင်း၊ အမျိုးသမီး အင်္ဂါအတွင်း

ထည့်သွင်းသယ်ယူခြင်း၊ ခံတွင်းမှ မြိုချ၍ အစာအိမ်တွင်း သယ်ယူခြင်းစသည်ဖြင့် နည်းမျိုးစုံဖြင့် တင်သွင်းရန်ကြိုးပမ်းမှုများရှိနေသည့် အလျောက် X ray, Metal Detector စသည့် အာရုံခံ ကိရိယာများသုံးစွဲခြင်း၊ အနံ့ခံခွေးများ အသုံးပြုခြင်း စသည့်နည်းလမ်းများကို စတင်ကျင့်သုံးနိုင်ရေး နိုင်ငံတော်မှ ဘတ်ဂျက်ခွဲဝေ ချထားပေးပြီး စီစဉ်ဆောင်ရွက်သင့်ပါသည်။

၁၃၈။ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခြင်းနှင့် ပတ်သက်၍ အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် မန္တလေးဗဟိုအကျဉ်းထောင်တို့တွင် ပီပြင်စွာ ဆောင်ရွက်နေသည်ကို တွေ့ရှိရသော်လည်း ကျန်အကျဉ်းထောင်များ၌ သာမန်မျှသာ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရသဖြင့် ကျန်အကျဉ်းထောင် အသီးသီး၌လည်း အသက်မွေးဝမ်းကြောင်းပညာ သင်တန်းကျောင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်လည်းကောင်း၊ ပုဂ္ဂလိက အသက်မွေး သင်တန်းကျောင်းများနှင့်လည်းကောင်း ဆက်သွယ်၍ ဖွင့်လှစ်ပေးသင့်ပါသည်။ ယင်း အသက်မွေးမှု ပညာသင်တန်းများသည် အကျဉ်းသားများ ကိုယ်တိုင်ဝါသနာပါပြီး ထောင်မှ လွတ်မြောက်သည့်အခါ လက်တွေ့ဘဝတွင် လုပ်ကိုင်စားသောက်နိုင်မှုကို အထောက်အကူပြုပြီး အမှန်တကယ် အသက်မွေးနိုင်သော ပညာရပ်များ ဖြစ်စေသင့်ပါသည်။

၁၃၉။ လူငယ်အကျဉ်းသားများ၏ ပညာသင်ကြားမှု အဆက်မပြတ်စေရေးအတွက် ရန်ကုန် (အင်းစိန်) ဗဟိုအကျဉ်းထောင်နှင့် မန္တလေး (အိုးဘို) ဗဟိုအကျဉ်းထောင်တို့တွင်သာ သိသာထင်ရှားစွာ ဆောင်ရွက်ပေးနေကြောင်း တွေ့ရပြီး အခြား အကျဉ်းထောင်များတွင်မူ ဆောင်ရွက်ပေးနိုင်စွမ်း အားနည်းနေသေးသည်ကို တွေ့ရသဖြင့် အခြား အကျဉ်းထောင်များတွင်လည်း တက္ကသိုလ်ဝင်တန်း ဖြေဆိုလိုသူအကျဉ်းသား၊ အကျဉ်းသူများရှိပါက ဖြေဆိုခွင့်ရရှိရေးဆောင်ရွက်ပေးသင့်ပါသည်။ တက္ကသိုလ်အဆင့် ပညာသင်ကြားလိုသူ အကျဉ်းသားများရှိပါကလည်း အဝေးသင် တက္ကသိုလ်များနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးသင့်ပါသည်။ အကျဉ်းထောင်တွင်း ပညာဆက်လက် သင်ကြားနိုင်ရေးအတွက် အကျဉ်းသားစာသင်ခန်းများ သီးခြား ဆောက်လုပ်ပေးသင့်ပါသည်။ ဂုဏ်ထူးများဖြင့် အောင်မြင်သော အကျဉ်းသားလူငယ်များအား ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုအပေါ်မူတည်၍ လွတ်ငြိမ်းခွင့်ပြုခြင်း သို့မဟုတ် လျှော့ပေါ့သက်သာ ခွင့်ပြုခြင်းများ ပေးသကဲ့သို့ သင်ကြားပေးသော အကျဉ်းသားကျောင်းဆရာများကိုလည်း အလားတူ သက်သာခွင့် ပေးသင့်ပါသည်။

၁၄၀။ အကျဉ်းသားအင်အား အဆမတန် များပြားလာခြင်းကြောင့် မူလ ရှိရင်းစွဲ မိလ္လာကန်များ ရက်သတ္တတစ်ပတ်လျှင်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်လတစ်ကြိမ် ပြည့်လျှံနေခြင်းကြောင့် မိလ္လာစုပ်စက် ငှားရမ်းခမရှိသဖြင့် အကျဉ်းသားများဖြင့် ခပ်ထုတ်နေရသည့် အကျဉ်းထောင်များသို့ မိလ္လာစုပ်မော်တော်ယာဉ်များ ဝယ်ပေးသင့်ပါသည်။ သို့မဟုတ် မိလ္လာကန်အသစ်များကို လက်ရှိလူဦးရေနှင့် လျော်ညီသည့် အရွယ်အစားဖြင့် စနစ်တကျ အသစ်တည်ဆောက်ပေးသင့်ပါသည်။

၁၄၁။ အကျဉ်းထောင်များအတွင်း ဝင်ဆံ့နိုင်သည့် အင်အားထက် ၁၀၀ % ကျော် (၁၀၀ ရှိသင့်သည့် ထောင်တွင် ၂၀၀ ကျော် ထားနေရခြင်း) ၂၀၀ % ကျော် (၁၀၀ ရှိသင့်သည့် ထောင်တွင် ၃၀၀ ကျော် ထားနေရခြင်း) ဖြစ်နေခြင်းသည် အကျဉ်းသားများ စိတ်ဓာတ် ကောင်းမွန်တိုးတက် ပြောင်းလဲမှုဖြစ်စေခြင်းကို အဟန့်အတားဖြစ်စေနိုင်သည်ဟု သုံးသပ်ရပါသည်။ သို့ဖြစ်ပါ၍ အကျဉ်းသားဦးရေ လျှော့ချရေးကို နည်းလမ်းများရှာကြံပြီး ဦးစားပေး စဉ်းစားဆောင်ရွက်သင့်ပါသည်။

## ဥပဒေရေးရာဆိုင်ရာ အကြံပြုချက်

၁၄၂။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် ညီညွတ်မည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကိုလည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ထိရောက်စွာ ကာကွယ်ပေးရေးအတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကိုလည်းကောင်း ဆောလျင်စွာ ပြဋ္ဌာန်းသင့်ပါသည်။

## ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

## လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ

၁၄၃။ မြို့နယ်များအတွင်းရှိ ပြည်သူများအတွက် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးဟောပြောခြင်း၊ ခရိုင်များအတွင်းရှိ နိုင်ငံ့ဝန်ထမ်း အရာထမ်းများအတွက် အလုပ်ရုံ သင်တန်းများနှင့် မြို့နယ်အဆင့် ကလေးသူငယ် ကော်မတီအဖွဲ့ဝင်များအတွက် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၄င်းအပြင် လူ့အခွင့်အရေး အသိပညာများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများတွင်လည်း လူ့အခွင့်အရေးအသိပညာ ဟောပြောပွဲများ ပြုလုပ်သွားမည် ဖြစ်ပါသည်။ ထို့ပြင် လူ့အခွင့်အရေး အသိပညာဗဟုသုတများကို မြို့နေပြည်သူများအတွက်သာမက ကျေးလက်နေပြည်သူများအတွင်း အသိပညာပြန့်ပွားစေရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ Community Talk များ ပြုလုပ်သွားမည် ဖြစ်ပါသည်။ ကော်မရှင်ရုံးဝန်ထမ်းများ လူအခွင့်အရေး ပညာပေးသူများ ဖြစ်လာစေရန်နှင့် ကျေးလက်ဒေသ Community Talk များတွင် ဝင်ရောက်ဆွေးနွေးဟောပြောနိုင်စေရန် ကော်မရှင်ရုံးဝန်ထမ်းများအား ရုံးတွင်းသင်တန်းများ ဆက်လက်ပို့ချသွားမည် ဖြစ်ပါသည်။

၁၄၄။ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်၊ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း၊ ခြေလျင်တပ်ရင်းမှူး၊ တပ်ခွဲမှူးသင်တန်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ရဲအရာရှိ အတတ်သင်ကျောင်းနှင့် ရဲအရာရှိလေ့ကျင့်ရေးကျောင်းများတွင် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ၊ အကျဉ်းဦးစီးဌာနမှ

ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ၊ မီးသတ်ဦးစီးဌာန သင်တန်းကျောင်းတွင် ဖွင့်လှစ်လျက် ရှိသည့် သင်တန်းများ၊ ဇဟိုဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် တို့တွင် ဖွင့်လှစ်သည့် သင်တန်းများတွင် လူ့အခွင့်အရေး သင်ခန်းစာများကို ဆက်လက်ပို့ချ သွားမည်ဖြစ်ပါသည်။

၁၄၅။ လူ့အခွင့်အရေးမြှင့်တင်ရေး လုပ်ငန်းစဉ်၏ အရှိန်အဟုန်ကို ပိုမိုတိုးမြှင့်ပြီး လူ့အခွင့် အရေး အသိပညာများ ပြည်သူများအတွင်း ပိုမိုပြန့်ပွားစေရေး ကြိုးပမ်းအားထုတ်မှုတစ်ရပ် အဖြစ် လူ့အခွင့်အရေး အခြေခံသင်တန်းနှင့် အဆင့်မြင့် သင်တန်းများကို လူ့အခွင့်အရေးကို စိတ်ပါဝင်စားကြသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ပါသည်။

၁၄၆။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ကို တိုင်းရင်းသားဘာသာ ၁၃ မျိုး ဖြင့် ဘာသာပြန်ဆို ဖြန့်ချီပြီးဖြစ်ရာ လာမည့် ၂၀၁၉ ခုနှစ်အတွင်း ချင်းဘာသာ (လိုင် ဟားခါး)၊ ကယန်းဘာသာ၊ ပလောင်ဘာသာ၊ ပအိုဝ်းဘာသာ၊ ဂုံရှမ်းဘာသာ၊ ရဝမ်နှင့် လီဆူ ဘာသာရပ်များဖြင့် ဘာသာပြန် ဖြန့်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်း ဒေသကြီး အစိုးရများနှင့် ဆက်သွယ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ

၁၄၇။ မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင် ၄၄ ခု၊ အချုပ်ထောင် ၂ ခု၊ အလုပ်စခန်း ၅၀ ခု တို့အနက် ကချင်ပြည်နယ်ရှိ မလိခ (ပိတောင်) အလုပ်စခန်းနှင့် ဒွန်ဘန်အလုပ်စခန်းတို့မှ လွဲ၍ ကျန် အားလုံးကို စစ်ဆေးခဲ့ပြီးဖြစ်ရာ စစ်ဆေးရန် ကျန်ရှိနေသော ယင်းအလုပ်စခန်း ၂ ခုအား ၂၀၁၉ ခုနှစ်အတွင်း စစ်ဆေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့်အပြင် စစ်ဆေး ပြီး အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအနက် ထပ်မံစစ်ဆေးရန် လိုအပ်သည့် အကျဉ်း ထောင်၊ အကျဉ်းစခန်းများကို စီမံချက်ရေးဆွဲ၍ စစ်ဆေးနိုင်ရေး ဆောင်ရွက်သွားပါမည်။

၁၄၈။ တိုင်တန်းချက်အရဖြစ်စေ၊ သတင်းမီဒီယာများ၊ လူမှုကွန်ရက်များမှဖြစ်စေ သိရှိရ သည့် လူ့အခွင့်အရေး ချိုးဖောက်မှု၊ ထိခိုက်နစ်နာမှုများနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာ စုံစမ်းစစ်ဆေးပြီး အမြန်ဆုံး ကုစားနိုင်ရေး အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက် သွားပါမည်။ လူ့အခွင့်အရေးဆိုင်ရာ တိုင်တန်းချက်များကိုလည်း သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံသို့ အသိပေးအကြောင်းကြားပြီး ဆောလျင်စွာ ဖြေရှင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားပါမည်။ တစ်ချိန်တည်းမှာပင် လူ့အခွင့် အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ ကော်မရှင်ထံသို့ ထိရောက်လျင်မြန်စွာ အသိပေး တိုင်ကြားနိုင်ရေးအတွက် အများပြည်သူ သိရှိစေရန် ရေဒီယို၊ ရုပ်မြင်သံကြား အပါအဝင် မီဒီယာများမှတစ်ဆင့် ထုတ်ပြန်အသိပေးသွားပါမည်။

## နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

၁၄၉။ နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန် သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) အရ အကြံပြုတိုက်တွန်းချက်များ အကောင်အထည် ဖော်ဆောင်ခြင်း၊ အစီရင်ခံစာ ပြုစုခြင်းတို့ကို ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ရာတွင် ကော်မရှင်သည် လွတ်လပ်မှု အခြေခံဖြင့် နိုင်ငံတော်အစိုးရကို ဆက်လက် အကြံပြု ပံ့ပိုး ဆောင်ရွက်မည် ဖြစ်ပါသည်။

၁၅၀။ ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေး လက်ရှိစွမ်းဆောင်ရည်အပေါ် အစီရင်ခံစာ၌ ပါရှိသည့် အကြံပြုချက်များကို ကော်မရှင်က အာရှ-ပစိဖိတ်ဖိုရမ်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့နှင့် ပူးပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ

၁၅၁။ ကော်မရှင်ရုံးတွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလထိ ဝန်ထမ်းဦးရေ ၈၀ ဦးဖြင့် လုပ်ငန်း တာဝန်များ ဆောင်ရွက်လျက်ရှိပြီး တိုးချဲ့ပြင်ဆင်ဖွဲ့စည်းထားသည့် ဝန်ထမ်းဦးရေ ၃၀၅ ဦးပါ ဖွဲ့စည်းပုံသစ်အား ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုပြီးဖြစ်၍ ကော်မရှင်အနေဖြင့် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ဆက်လက် ကြိုးပမ်းဆောင်ရွက်နိုင်ရေး ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများတွင် ဘဏ္ဍာ ရေးနှစ်အလိုက် ဝန်ထမ်းဦးရေ တိုးချဲ့ဖြည့်တင်းခန့်ထားရန် ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။ လက်ရှိဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည့် နေပြည်တော်နှင့် မန္တလေးရုံးခွဲများအပြင် ၂၀၁၉ ခုနှစ်အတွင်း ပြည်နယ်ရုံးခွဲတစ်ခုအား စီမံချက်ရေးဆွဲလျက် အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားပါမည်။ ဆက်လက်၍ ဖွဲ့စည်းပုံလျာထားချက်အတိုင်း ရုံးခွဲ ၂ ရုံးကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် သင့်လျော်သောနေရာတွင် ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၅၂။ ခွင့်ပြုမြေနေရာ ရရှိပြီးဖြစ်သော နေပြည်တော်နှင့် မန္တလေးရုံးခွဲ မြေနေရာများတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရုံးအဆောက်အဦများ ဆောက်လုပ်ပြီး ဝန်ထမ်း အင်အား ဖြည့်တင်းခြင်းဖြင့် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေး လုပ်ငန်းစဉ်များ ယခု ထက် ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၅၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အများပြည်သူ သိရှိသင့် သော ကော်မရှင်၏ သဘောထားများကို သတင်းထုတ်ပြန်ချက်အဖြစ်လည်းကောင်း၊ ကော်မရှင်၏ လုပ်ဆောင်ချက်များကို ဆောင်ရွက်ချက်များအဖြစ်လည်းကောင်း ကော်မရှင်

၏ Website နှင့် Facebook တို့တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြခဲ့သည့်အပြင် နိုင်ငံပိုင် သတင်းစာများနှင့် ပုဂ္ဂလိက မီဒီယာများမှတစ်ဆင့်လည်း ဖော်ပြခဲ့ပါသည်။ [၄၄]

## နိဂုံး

၁၅၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် လူ့အခွင့်အရေး အသိပညာပေးခြင်း၊ လူ့အခွင့်အရေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အစိုးရသို့ ဥပဒေရေးရာ အကြံပြုချက်များပေးပို့ခြင်း၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ အပါအဝင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဌာနများခွဲ၍ ဆောင်ရွက်လျက်ရှိရာ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ အားပေးကူညီထောက်ပံ့မှု၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အထူး လိုအပ်ပါသည်။ လက်ရှိ အခြေအနေတွင်လည်း ယခင်နှစ်များကထက် ပိုမို ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ရရှိလာသည်ကို တွေ့မြင်ရပါကြောင်း သုံးသပ်ဖော်ပြအပ်ပါသည်။

၁၅၅။ ၂၀၁၉ ခုနှစ်တွင်လည်း နိုင်ငံတော်အစိုးရ၏ အားပေးကူညီထောက်ပံ့မှု၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု၊ မီဒီယာ များ၏ လက်တွဲကူညီလုပ်ဆောင်မှုများကြောင့် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အသိပညာ ပိုမိုမြင့်မားပြီး လူ့အခွင့်အရေး ဖောက်ဖျက်မှုများ လျော့ပါးစေရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ကြိုးပမ်းဆောင်ရွက်မှုများသည် ပိုမိုတိုးတက်အောင်မြင်လာမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

*****************

[၄၄] ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များနှင့် ဆောင်ရွက်ချက်များအား ပူးတွဲ ဖော်ပြအပ်ပါသည်။

# သတင်းထုတ်ပြန်ချက်များ

# နှင့်

# ဆောင်ရွက်ချက်များ

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁/၂၀၁၈)

၁။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကြိမ်ချောင်းကျေးရွာ အနောက်မြောက်ဘက် တောင်ကုန်းပေါ်မှ ARSA အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များလိုက်ပါလာသည့် မော်တော်ယာဉ်ကို ၅-၁-၂၀၁၈ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်ပေါ်ပါလာသည့် ယာဉ်မောင်း ၁ ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၂ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရ သိရှိရပါသည်။

၂။ အဆိုပါ တိုက်ခိုက်မှုသည် ရခိုင်ပြည်နယ်ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ထိခိုက်စေသည့်အပြင် ယမန်နှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာ၍ တဖက်နိုင်ငံသို့ တိမ်းရှောင်နေကြသူများ ၎င်းတို့၏နေထိုင်ခဲ့ရာ နေရာများသို့ လုံခြုံစွာ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကိုလည်း များစွာအဟန့်အတား ဖြစ်စေနိုင်ပါသည်။ ထို့ပြင် နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်း ဖော်ဆောင်နေသော ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် UEHRD လုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ARSA အကြမ်းဖက်သမားများက ယခုကဲ့သို့ တိုက်ခိုက်ခြင်းကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ် အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးခြင်းကို ကြိုဆိုထောက်ခံကြောင်း သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၁၈)

၁။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် ပြည်သူတစ်ရပ်လုံးသည် တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဆန္ဒ ပြင်းပြလျက်ရှိ ကြပါသည်။

၂။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးက လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိရာ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့တို့သည် NCA တွင် ပါဝင်လက်မှတ်ရေးထိုးကြပြီး ဖြစ်ပါသည်။ လက်မှတ်ရေးထိုးခြင်း မပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနက် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ် အစည်းအရုံးတို့သည် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် နေပြည်တော်၌ ပြည်တွင်းပြည်ပကိုယ်စားလှယ်များ သက်သေပြု၍ လက်မှတ်ရေးထိုးခဲ့ကြသည်ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကြိုဆိုထောက်ခံပါသည်။

၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် NCA တွင် ပါဝင်လက်မှတ် ရေးထိုးခြင်း မပြုရသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့်လည်း NCA ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်သူများ၏ ဆန္ဒနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

## သက်ငယ်မုဒိမ်းကျူးလွန်သူများအားအမြန်ဆုံးဖော်ထုတ်အရေးယူနိုင်ရေးနှင့် ထိရောက်သောပြစ်ဒဏ်များချမှတ်နိုင်ရေးသတင်းထုတ်ပြန်ချက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၃/၂၀၁၈)

၁။ လူမှုကွန်ရက်မီဒီယာများနှင့် သတင်းဂျာနယ်များတွင် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားနေသည့် သတင်းများကို မကြာခဏ တွေ့ရှိနေရပါသည်။ သက်ငယ်မုဒိမ်းမှုများကို၂၀၁၆ ခုနှစ်က ၆၇၁ မှုနှင့် ၂၀၁၇ ခုနှစ်တွင်၈၉၇ မှုဖြစ်ပွားခဲ့ခြင်းကြောင့် ၂၂၆ မှုပိုမိုလာပါသည်။ အသက် ၁၆ နှစ်အထက် မုဒိမ်းမှုမှာ ၂၀၁၆ ခုနှစ်တွင် ၄၂၉ မှုနှင့် ၂၀၁၇ ခုနှစ်တွင် ၅၀၈ မှုဖြစ်ပွားခဲ့ခြင်းကြောင့် ၇၉ မှု ပိုလာပါသည်။ မုဒိမ်းမှု စုစုပေါင်းမှာ ၂၀၁၆ ခုနှစ်က ၁၁၀၀ မှုနှင့် ၂၀၁၇ ခုနှစ်တွင် ၁၄၀၅ မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် ၃၀၅ မှု ပိုမိုလာသည်ကို တွေ့ရှိရပါသည်။

၂။ ထိုကဲ့သို့ သက်ငယ်မုဒိမ်းမှုများနှင့် ၁၆ နှစ်အထက် မိန်းကလေးများ မုဒိမ်းကျင့်ခံရခြင်းသည် ကလေးသူငယ်များအပါအဝင် အမျိုးသမီး အခွင့်အရေးများ ထိခိုက်မှုပင် ဖြစ်ပါသည်။ အချို့အမှုများတွင် မုဒိမ်းမှုကျူးလွန်သည့်အပြင် ပစ္စည်းလုယက်ခြင်း၊ လူသတ်၍ အလောင်းဖျောက်ခြင်းစသည့် ရက်စက်သောရာဇဝတ်မှုများကိုပါ ကျူးလွန်လာသည်ကိုလည်း တွေ့ရှိရပါသည်။ ယင်းဖြစ်ရပ်များသည် ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသည့်အပြင် မိဘများအတွက် စိုးရိမ်သောကရောက်နေရသည့် အခြေအနေများဖြစ်ပါသည်။

၃။ သို့ဖြစ်၍ အဆိုပါ မုဒိမ်းမှုကျူးလွန်မှုများ၊ အထူးသဖြင့် သက်ငယ်မုဒိမ်းမှု ကျူးလွန်မှုများကို မဖြစ်ပွားစေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြပြီး၊ ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးနိုင်ရေး ပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် ပြစ်မှုကျူးလွန်သူများကို ထိရောက်ပြင်းထန်စွာ ပြစ်ဒဏ်ပေးနိုင်ရေး ဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာတာဝန်ရှိသူများသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၁၈)

၁။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်နေ့က အမျိုးသားလွှတ်တော်တွင် မဲခွဲဆုံးဖြတ် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင်လည်း မကြာမီဆွေးနွေးမည်ဟု သိရှိရပါသည်။ အဆိုပါဥပဒေကြမ်းသည် ဒီမိုကရေစီ စံနှုန်းနှင့် မကိုက်ညီဘဲ နိုင်ငံသားများ၏ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကို ထိပါးစေသည်ဟုဆိုကာ ပြည်သူများအကြား ကန့်ကွက်လှုပ်ရှားမှုများ ဖြစ်ပွားနေကြောင်းကိုလည်း သိရှိရပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) အပိုဒ် ၁၉ ၌ လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင် ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်ဟုလည်းကောင်း၊ အပိုဒ် ၂၀ ၌ လူတိုင်းတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်ရှိသည်ဟုလည်းကောင်း ဖော်ပြထားပါသည်။ အပိုဒ် ၂၉၊ အပိုဒ်ခွဲ ၂ တွင်မူ မိမိ၏ အခွင့်အရေးများ နှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့် များကို အသိအမှတ်ပြု၍ လေးစားရန်အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် တရားမျှတ သော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွား ဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန် အလို့ငှာလည်းကောင်း၊ ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက် များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိ သည်ဟု ဖော်ပြထားပါသည်။

၃။ ထို့အတူ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် (ICCPR) အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၁ ၌ လူတိုင်းတွင် မိမိ၏ ထင်မြင်ယူဆချက်များကို အနှောင့်အယှက် ကင်းစွာဖြင့် စွဲကိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၂ ၌ လူတိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော် ခွင့် ရှိသည်ဟုလည်းကောင်း ဖော်ပြထားပါသည်။ အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၃ တွင် အဆိုပါ အခွင့်အရေးများကို ကျင့်သုံးရာ၌ ကန့်သတ်ချက် တစ်စုံတစ်ရာ ပြုလုပ်နိုင်ကြောင်း၊ သို့ရာတွင် ယင်းတို့သည် အခြားသူများ၏ အခွင့်အရေးများ သို့မဟုတ် ထင်ပေါ်ကျော်ကြားမှုများကို လေးစားရန်အတွက်လည်းကောင်း၊ နိုင်ငံတော် လုံခြုံရေး၊ အများပြည်သူ အေးချမ်းသာယာရေး၊ ပြည်သူ့ ကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရားအတွက် ကာကွယ်ပေးရန် အတွက်လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်အရနှင့် လိုအပ်ချက်အရ ပြုလုပ်သည့် ကန့်သတ်ချက်မျိုးသာ ဖြစ်ရမည်ဟု ဖော်ပြထားပါသည်။

၄။ ထို့ပြင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၂ တွင် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှု ဖြစ်စေမည့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး မုန်းတီးမှုဆိုင်ရာ မည်သည့် ဟောပြောလှုံ့ဆော်မှုမျိုးကို မဆို ဥပဒေအရ တားမြစ်ရမည်ဟုလည်း ဖော်ပြထားပါသည်။

၅။ သို့ဖြစ်ပါ၍ ဒီမိုကရေစီ၏ အဓိက စံနှုန်းတစ်ရပ်ဖြစ်သော လွတ်လပ်စွာ စုဝေးထုတ်ဖော် ပြောကြား ခွင့်ကို မထိပါးစေရေးအတွက် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ

ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးရာတွင် အထက်ဖော်ပြပါ UDHR နှင့် ICCPR ပြဋ္ဌာန်းချက်များကို အလေးထားစဉ်းစား ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## သတင်းထုတ်ပြန်ချက်အမှတ်(၅/၂၀၁၈)

၁။ မြန်မာနိုင်ငံသူ နိုင်ငံသားများ နှစ်သစ်တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၂။ ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး စသည့် ပင်မတာဝန်ကြီးနှစ်ရပ်ကို အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန၊ ဥပဒေရေးရာဌာနနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာနဟူ၍ လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ကော်မရှင်သည် ကမ္ဘာပေါ်ရှိ အခြားသော အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ကျင့်သုံးကြသကဲ့သို့ပင်၊ ဥပဒေကြောင်းအရ စည်းနှောင်မှုရှိသည့် ဆုံးဖြတ်ချက် ချမှတ်အရေးယူခြင်းကို ဆောင်ရွက်ပိုင်ခွင့်မရှိသော်လည်း လွတ်လပ်သော နိုင်ငံတော် အဖွဲ့အစည်းတစ်ရပ် ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်တို့သို့ အစီရင်ခံစာ တင်သွင်းခြင်းနှင့် လူ့အခွင့်အရေးဖောက်ဖျက်မှုအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများသို့ ပေးပို့ခြင်းစသည်တို့ကို ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များအား တွေ့ဆုံစဉ် တရားဥပဒေမဲ့ လူ့အခွင့်အရေးဆုံးရှုံးမှုများကို နိုင်ငံသူ နိုင်ငံသားများနှင့် နောင်မျိုးဆက်များ မခံစားရစေရေးအတွက် လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပိုမိုအရှိန်မြှင့်တင်၍ တည်ဆဲဥပဒေများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်စေလိုပါကြောင်းဖြင့် လမ်းညွှန်ခဲ့ပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကို ကာကွယ်စောင့်ရှောက်ရန် ပိုမိုအရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များအပေါ် အလေးထား ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## သတင်းထုတ်ပြန်ချက် (၆/၂၀၁၈)

၁။ ၂၀၁၇-၁၈ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်ကျ ကျောင်းသား/ကျောင်းသူ ၁၉ ဦး၊ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်ကျ ကျောင်းသား/ကျောင်းသူ ၂၇ ဦးနှင့် ဘားအံအကျဉ်းထောင်မှ ပြစ်ဒဏ်ကျ ကျောင်းသား/ ကျောင်းသူ ၁ ဦးတို့ အောင်မြင်ပြီး ဂုဏ်ထူးဖြင့် အောင်မြင်သူ ၂၈ ဦးထိရှိကြောင်း သိရှိရပါသည်။

၂။ အလားတူ အကြောင်းအမျိုးမျိုးကြောင့် ပညာရေးတစ်ပိုင်းတစ်စဖြင့် အကျဉ်းထောင်များအတွင်းသို့ ရောက်ရှိလာကြသော လူငယ်အကျဉ်းသား/သူများအား ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ် ၂၆၊ (၁) ပါ "လူတိုင်းတွင် ပညာသင်ခွင့်ရှိသည်" ဟူသော အခွင့်အရေးကို အကျဉ်းဦးစီးဌာန တာဝန်ရှိသူများ အနေဖြင့် အားတက်သရော ဆောင်ရွက်ပေးမှုအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်းနှင့် အကျဉ်းထောင်များအတွင်း ကျန်ရှိနေသော ပညာရေး သင်လက်စ အကျဉ်းသား လူငယ်များကိုလည်း ယခုကဲ့သို့ ပညာသင်ကြားနိုင်ခွင့် ဆက်လက်ဆောင်ရွက်ပေးစေလိုပါကြောင်း တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၇/ ၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကြည့်ရှုလေ့လာရေးအဖွဲ့သည် ကချင်ပြည်နယ်ရှိ အောက်ပါ တိုက်ပွဲရှောင်စခန်းများအား သွားရောက်ကြည့်ရှုလေ့လာခဲ့ပါသည်-

(က) ၂၁-၆-၂၀၁၈ ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ လမ်းခွရွာရှိ နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်း (ကေဘီစီ)၊ ရိုမန်ကက်သလစ် ခရစ်ယာန်ဘုရားကျောင်း(အာစီ)၊ ဇဝံဂေလိ ခရစ်ယာန် ဘုရားကျောင်း (အေဂျီ) နှင့် မိုးကောင်းမြို့ဦးရှိ တိုက်ပွဲရှောင်စခန်းများ၊ ကာမိုင်းမြို့နယ်ရှိ လဝါးနှင့် လိုင်နောင်းရိုမန်ကက်သလစ် ခရစ်ယာန်ဘုရားကျောင်း (အာစီ) တိုက်ပွဲရှောင်စခန်းများ၊

(ခ) ၂၂-၆-၂၀၁၈ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်ရှိ ဂျော်မဆပ်၊ တန်ဖရဲနှင့် တြီနီတီ တိုက်ပွဲရှောင်စခန်းများ၊ ဝိုင်းမော်မြို့နယ်ရှိ ဝိုင်းမော်ဇုန် နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်းရှိ တိုက်ပွဲရှောင်စခန်း။

၂။ တိုက်ပွဲရှောင် ကျေးရွာသူကျေးရွာသားများသည် ၎င်းတို့ကျေးရွာအနီးသို့ လက်နက်ကြီးဖုံးများ ကျရောက်ပေါက်ကွဲသဖြင့် ၎င်းတို့အား ထိမှန်မည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းနှင့်အချို့မှာ ၎င်းတို့၏ ကျေးရွာ

အနီးဝန်းကျင်တွင် နှစ်ဘက်လက်နက်ကိုင် အဖွဲ့အစည်းများ ထိတွေ့ပစ်ခတ်မှုများ ဖြစ်ပွားမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းတို့ကြောင့် တောတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း သိရှိရပါသည်။

၃။ တိုက်ပွဲရှောင် ကျေးရွာသူကျေးရွာသားများသည် ထွက်ပြေးလာသည့် လမ်းတလျှောက်တွင် ရိက္ခာနှင့် သောက်သုံးရေခက်ခဲခြင်း၊ ဖျားနာခြင်းနှင့် ဝမ်းလျှောခြင်းများအတွက် ဆေးဝါးမရှိခြင်း၊ အမိုးအကာပစ္စည်း လုံလောက်စွာ မပါရှိခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ အာဟာရပြတ်၍ လမ်းမလျှောက်နိုင်တော့သဖြင့် ထမ်းပိုးသယ်ဆောင်ကြရခြင်း၊ ကိုယ်ဝန်ဆောင်မိခင်အချို့ တောတွင်း၌ မီးဖွားရခြင်း၊ အချို့မွေးကင်းစ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများမှာ ရာသီဥတု ဆိုးရွားမှုကြောင့် သေဆုံးခဲ့ရခြင်းများ ကြုံတွေ့ခဲ့ကြရသည်ဟု သိရှိရပါသည်။

၄။ ထို့ပြင် ၎င်းတို့သည် တောတွင်း၌ ပုန်းအောင်းနေစဉ် ရိက္ခာပြတ်လပ်သဖြင့် မူလကျေးရွာများသို့ ပြန်၍ ရိက္ခာသွားယူကြသည့် ရွာသားများသည် ၎င်းတို့၏နေအိမ်များ ပျက်စီးခြင်း၊ အိမ်ထောင် ပရိဘောဂများနှင့် မိသားစုအသုံးအဆောင်ပစ္စည်းများ ပျောက်ဆုံးပျက်စီးခြင်း၊ အိမ်မွေးတိရစ္ဆာန်များ ပျောက်ဆုံးခြင်းများကို တွေ့မြင်ခဲ့ကြရသည်ဟု ရွာသားများက ပြောကြားကြပါသည်။

၅။ ကော်မရှင် ကြည့်ရှုလေ့လာရေးအဖွဲ့က သွားရောက်လေ့လာခဲ့သော တိုက်ပွဲရှောင်စခန်းအများစုတွင် အောက်ပါ အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရှိခဲ့ရပါသည်–

(က) ဆောက်လုပ်လှူဒါန်းထားသည့် ယာယီတဲများမှာ လူဦးရေနှင့် မမျှတသည့်ပြင် မိသားစု တစ်စုနှင့် တစ်စုအကြား အကာအရံ လုံးဝမရှိသဖြင့် ရေရှည်တွင် မလိုလားအပ်သော လူမှုရေးပြဿနာများ၊ ကူးစက်ရောဂါများ ဖြစ်ပေါ်နိုင်ခြင်း၊

(ခ) သန့်ရှင်းသော သောက်ရေသန့် မရရှိခြင်းနှင့် ချိုးရေမသန့်ရှင်းခြင်း၊

(ဂ) မိသားစုလိုက် ချက်ပြုတ်စားသောက်ခွင့် ရရှိသော စခန်းများတွင် မီးဖိုနှင့် အိပ်ဆောင်များ အလွန်နီးကပ်နေသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း၊

(ဃ) ဆောက်လုပ်ထားသည့် အိမ်သာနှင့် လူဦးရေ လုံလောက်မျှတမှုမရှိခြင်း၊

(င) တိုက်ပွဲရှောင်စခန်းအချို့၌ မိုးရာသီကာလ မိုးသည်းထန်ချိန်၌ အိပ်ဆောင်ကြမ်းပြင်များ ရေမြုပ်ခြင်း၊

(စ) တာဝန်ရှိသူများနှင့် စေတနာရှင်များက ဆန်နှင့် ပဲကိုသာ အဓိကထား၍ လှူဒါန်းကြသဖြင့် ကျန်ဟင်းလျာများအတွက် ရန်ပုံငွေလိုအပ်ခြင်း၊

(ဆ) သားသမီးများကျောင်းထားရန် တာဝန်ရှိသူများက စီစဉ်ပေးထားသော်လည်း တိုက်ပွဲရှောင် ကျေးရွာသားများတွင် ငွေကြေးမရှိသဖြင့် အခြားလိုအပ်ချက်များ မဖြည့်ဆည်းနိုင်ခြင်း၊

(ဇ) အချို့ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းစသည့် အတန်းကြီးကျောင်းသားများအား မြို့ပေါ်ရှိ ဘော်ဒါဆောင်သို့ပို့၍ ဘော်ဒါခနှင့် ကျူရှင်ဖိုးများကို ယခင်က တောင်ယာစပါးနှင့် သီးနှံများ ရောင်းချခြင်း၊ ကျွဲ၊ နွားများ ရောင်းချခြင်းတို့မှ ရရှိသောငွေဖြင့် ဖြေရှင်းခဲ့ကြသော်

လည်း ယခုကဲ့သို့ တိုက်ပွဲရှောင်စခန်း ရောက်ရှိနေချိန်တွင် ဝင်ငွေ လုံးဝမရှိတော့သဖြင့် သားသမီးများ၏ ပညာရေး အခက်အခဲများ ကြုံတွေ့နေကြရခြင်း၊

(ဈ) ကျေးရွာတွင် လက်ရှိ မိုးရာသီစားသုံးရန် စုဆောင်းထားသည့် အရန်ဆန်နှင့် စပါးများ ပျက်စီးဆုံးရှုံးသွားသည့်အပြင် လာမည့်နှစ်အတွက် စပါးစိုက်ပျိုးမည့်ရာသီမှာလည်း ကျော်လွန်သွားပြီဖြစ်သဖြင့် ၂ နှစ်စာစားဝတ်နေရေးအခက်အခဲကြုံတွေ့နေခြင်း။

၆။ ကော်မရှင် ကြည့်ရှုလေ့လာရေးအဖွဲ့သည် တနိုင်းမြို့သို့ အချိန်ကန့်သတ်ချက်အရ သွားရောက်နိုင်ခြင်းမရှိသဖြင့် တနိုင်းမြို့မှ တိုက်ပွဲရှောင် စခန်းတာဝန်ရှိသူအချို့က မြစ်ကြီးနားမြို့သို့ လာရောက်၍ ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး၊ တနိုင်းမြို့တွင် ကေဘီစီ၊ အာစီ၊ အေဂျီနှင့် ခရစ်ယာန်ဘုရားကျောင်း (စီအိုစီ) ဟူ၍စခန်း ၄ ခုရှိပြီး လူဦးရေ ၁၃၁၇ ဦးပါဝင်သည့် အိမ်ထောင်စုပေါင်း ၃၃၃ စုရှိကြောင်း၊ ၎င်းစခန်းများအား တိုက်ပွဲရှောင်စခန်းအဖြစ် အသိအမှတ်ပြုခြင်း မခံရသဖြင့် နိုင်ငံတော်မှ ပေးသည့် အထောက်အပံ့များ မရရှိသည့်အပြင် စေတနာရှင် အလှူရှင်များထံမှ လှူဒါန်းမှုနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများ မရရှိကြောင်း၊ ထို့ပြင် မြစ်ကြီးနားဒေသရှိ တိုက်ပွဲရှောင်စခန်းများကဲ့သို့ပင် ၎င်းတို့၏စခန်းများ၌ နေရာကျပ်တည်းမှုနှင့် စားနပ်ရိက္ခာ အခက်အခဲ၊ သားသမီးပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့နေရကြောင်း စသည်ဖြင့် ၎င်းတို့၏ အခက်အခဲများကို တင်ပြကြပါသည်။

၇။ အထက်ပါ တွေ့ရှိချက်များအရ တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများ၏ လတ်တလော ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ထိုက်သင့်သည့် ထောက်ပံ့ကူညီမှုများ ထိရောက်စွာ ဖြည့်ဆည်းပေးသင့်သည့်အပြင် ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ ၎င်းတို့ထံ ရောက်ရှိရေးအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးသင့်သည်ဟု ယူဆပါသည်။

၈။ ယခုအခါ တိုက်ပွဲများ ရပ်တန့်သွားပြီဖြစ်သော်လည်း တိုက်ပွဲရှောင် ပြည်သူများအနေဖြင့် ၎င်းတို့ကျေးရွာများသို့ မပြန်ရဲကြကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရမှ တာဝန်ရှိသူများနှင့် ယင်းဒေသလုံခြုံရေးအတွက် တာဝန်ယူထားသည့် တပ်မတော်မှ တာဝန်ရှိသူများသည် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်အတူ အဆိုပါ ကျေးရွာများသို့ သွားရောက်၍ ကျေးရွာသူကျေးရွာသားများ၏ လုံခြုံမှု၊ စိတ်ချယုံကြည်မှု ရရှိစေရေး၊ တောင်ယာစိုက်ပျိုးရေးနှင့် ဒေသတွင်း လွတ်လပ်စွာ သွားလာနေထိုင်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ယခုကဲ့သို့ တိုက်ပွဲဖြစ်ရာဒေသမှ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းသူများအပါအဝင် ကျေးလက်ပြည်သူများသည် အထက်ဖော်ပြပါ အခက်အခဲပေါင်းများစွာကို ရင်ဆိုင်နေကြရခြင်းကြောင့် နိုင်ငံတော်က လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စု ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆောလျင်စွာ ဖော်ဆောင်သင့်ပါကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် SSA လက်နက်ကိုင်အဖွဲ့မှ လူငယ်များအား ဖမ်းဆီးခေါ်ဆောင်သွားသည့် ကိစ္စနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၈/၂၀၁၈)

၁။ ရှမ်းပြည်နယ်၊ ကျိုင်းခမ်းဒေသရှိ EZY ကုမ္ပဏီ၊ Power Tun ကုမ္ပဏီ၊ Love and Like ကုမ္ပဏီ၊ Pan Thu ကုမ္ပဏီတို့တွင် အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမား ၁၂ ဦးကို SSA၊ တပ်မဟာ ၇၅၉၊ တပ်ခွဲ ၁၉၈ မှ ၂၈-၁၂-၂၀၁၀ ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် ပျောက်ဆုံးလူငယ်များ၏ မိဘများက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ တိုင်ကြားလာပါသည်။

၂။ သို့ဖြစ်၍ ကော်မရှင်မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ၁၁-၁-၂၀၁၈ ရက်စွဲဖြင့် အကြောင်းကြားခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၃-၅-၂၀၁၈ ရက်စွဲပါစာဖြင့် ပြန်ကြားလာသည့်စာတွင်-

(က) SSA မှ ကုမ္ပဏီလုပ်သားအချို့အား ဖမ်းဆီးခေါ်ဆောင်သွားပြီး ယင်းတို့အနက် အချို့ကို ပြန်လွှတ်ပေးပြီး မောင်ဝေလင်းစိုး၊ မောင်ကျော်စွာဟိန်း၊ မောင်ကျော်လင်းဖြိုး၊ မောင်စစ်မျိုးနိုင်၊ မောင်ထင်ကျော်နှင့် မောင်ထွေးတို့ ၆ ဦးအား SSA မှ ဆက်လက် ဖမ်းဆီးထားပါသည်။

(ခ) အဆိုပါကုမ္ပဏီများက SSA-S တပ်ဖွဲ့ဝင်များနှင့်ချိန်းဆို၍ ၆-၁-၂၀၁၁ ရက်နေ့၌ ငွေကျပ်သိန်း ၂၀၀ ကို သွားရောက်ပေးပို့ပြီး ရွေးယူရန် ကြိုးစားခဲ့သော်လည်း ၎င်းတို့ တောင်းခံထားသည့် ငွေမပြည့်ဟုဆိုကာ သွားရောက်ပေးပို့သူ ၇ ဦးအဖွဲ့မှ ဦးစိုင်းစံလှတစ်ဦးကိုသာ ပြန်လွှတ်ပေးခဲ့ပြီး ကျန် ၆ ဦးကိုလည်း ထပ်မံဖမ်းဆီးထားခဲ့ပါသည်။

(ဂ) ဖမ်းဆီးခံထားရသူ ၁၂ ဦးမှာ ယနေ့အချိန်အထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးသဖြင့် ဒေသခံလူငယ်များ ပြန်လည်စေလွှတ်ပေးရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့ရှိ RCSS/SSA ဆက်ဆံရေးရုံးသို့ အကြောင်းကြားထားသည်ဟု ဖော်ပြပါရှိပါသည်။

၃။ အဆိုပါဖြစ်စဉ်သည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဖော်ဆောင်နေသည့် လုပ်ငန်းစဉ်ကို ထိခိုက်စေနိုင်သည့်အပြင် အပြစ်မဲ့ တိုင်းရင်းသားပြည်သူများ၏ အခြေခံလူ့အခွင့်အရေးကို ထိခိုက်စေသည်ဟု သုံးသပ်ရရှိပါသဖြင့် ဖမ်းဆီးထားသူများကို ပြန်လည်လွှတ်ပေးသင့်ပါကြောင်း အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်

## ရိုက်တာသတင်းထောက် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့အား ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်
## သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၉ /၂၀၁၈)

၁။ ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုသက်ဦးမောင် (ခ) ကိုဝလုံးနှင့် ကိုကျော်စိုးဦး (ခ) ကိုမိုးအောင်တို့နှစ်ဦးအား စတင်ဖမ်းဆီးသည့် ၁၂-၁၂-၂၀၁၇ ရက်နေ့မှစ၍ မိသားစုဝင်များနှင့် တွေ့ဆုံခွင့် မရရှိခြင်း၊ မည်သည့်နေရာတွင် ချုပ်နှောင်ထားသည်ကို မသိရှိရခြင်း၊ စွပ်စွဲချက်များကို ခုခံချေပ ဖြေရှင်းနိုင်ရေးအတွက် ရှေ့နေနှင့် တွေ့ဆုံခွင့် မရရှိခြင်း စသည့် တိုင်တန်းချက်များကြောင့် ၎င်းတို့အား ဖမ်းဆီးထိန်းသိမ်းခံထားရစဉ် ညှဉ်းပန်းနှိပ်စက်မှု မခံရစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရေး၊ မိသားစုဝင်များနှင့် တွေ့ဆုံခွင့်၊ ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိရေးတို့ အပါအဝင် ၎င်းတို့ရပိုင်ခွင့်ရှိသော အခြေခံ လူ့အခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ကြောင်းကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ၂၁-၁၂-၂၀၁၇ ရက်စွဲပါ သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁၄/၂၀၁၇) ဖြင့် တိုက်တွန်းခဲ့ပါသည်။

၂။ ၎င်းတို့အမှုကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတွင် အများပြည်သူ ရှေ့မှောက်၌ အမှုစစ်ဆေးနေစဉ်အတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က အခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့သည့်အပြင် ကော်မရှင်ရုံး အရာရှိများကိုလည်း တရားရုံးသို့စေလွှတ်၍ သွားရောက်လေ့လာစေခဲ့ရာ ကိုသက်ဦးမောင် (ခ) ကိုဝလုံးနှင့် ကိုကျော်စိုးဦး (ခ) ကိုမိုးအောင်တို့ နှစ်ဦးသည် မိသားစုနှင့် တွေ့ဆုံခွင့်၊ ရှေ့နေနှင့် တွေ့ဆုံခွင့်တို့ ရရှိခဲ့ပြီး ခုခံဖြေရှင်းခွင့်လည်း ရရှိခဲ့သည်ကို တွေ့ရှိရပါသည်။

၃။ ယခုအခါ ၎င်းတို့နှစ်ဦးအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးမှ ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့သည်ဟု သိရှိရပါသည်။ ထိုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် မိမိတို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေအရ တစ်စုံတစ်ရာ မှတ်ချက်ပြုရန် မရှိပါ။ သို့ရာတွင် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပမှ ပြင်းထန်စွာ ဝေဖန်ကန့်ကွက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းကိုလည်း သိရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါကိစ္စကို နိုင်ငံတော်အတွက် ရှုထောင့်ပေါင်းစုံမှ အလေးထား စဉ်းစားပေးပါရန်နှင့် အယူခံတက်ခွင့်၊ ရှေ့နေနှင့်တွေ့ဆုံခွင့်အပါအဝင် ၎င်းတို့၏ လူ့အခွင့်အရေးများကို ရရှိခံစားနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်

# ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၀/ ၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့၌ ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲတွင် လွှတ်တော် (၃) ရပ်၏ လစ်လပ်မဲ ဆန္ဒနယ် (၁၃) နေရာအနက် (၆) နေရာသို့ ကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်သည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ သွားရောက်ကာ လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းကဲ့သို့ စောင့်ကြည့်လေ့လာရာတွင် နိုင်ငံတကာရှိ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများက သက်ဆိုင်ရာရွေးကောက်ပွဲများကို စောင့်ကြည့်သည့် စံသတ်မှတ်ချက်များအား အခြေပြု၍ လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

၂။ ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်သည့် မဲရုံများအနက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် မိမိတို့ လူအင်အားနှင့်အညီ သတ်မှတ်မဲရုံများ၌ သတ်မှတ်ချိန်များအတွင်း သမာသမတ်ကျသော၊ ဘက်မလိုက်သော၊ တိကျမှန်ကန်သော လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ အထူးသဖြင့် လူ့အခွင့်အရေးစံ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိကို အလေးထား၍ စောင့်ကြည့်လေ့လာခဲ့ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂)၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့လွှတ်တော်၊ တာမွေမြို့နယ် မဲဆန္ဒနယ်၊ မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)၊ ပဲခူးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ ဆိပ်ကမ်း မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) နှင့် မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တို့အတွက် သတ်မှတ်သည့် မဲရုံများအနက် မဲရုံပေါင်း (၂၅) ရုံကို စောင့်ကြည့်လေ့လာခဲ့ပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က စောင့်ကြည့်လေ့လာခဲ့သော မဲရုံတို့၌ မိမိတို့ စောင့်ကြည့်လေ့လာခဲ့သော အချိန်များတွင် ပုံမှန်မဟုတ်သည့် အနေအထား တစ်စုံတစ်ရာ မတွေ့ရှိရပါကြောင်း၊ နိုင်ငံတကာ လူ့အခွင့်အရေးစံများနှင့် အတတ်နိုင်ဆုံး လိုက်လျောညီထွေစွာ ကျင်းပဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်းနှင့် အသေးစိတ် တွေ့ရှိချက်များကို သက်ဆိုင်ရာသို့ အစီရင်ခံစာ တင်သွင်းမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်

# ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကျရောက်သောကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှစ် (၇၀) ပြည့်အထိမ်းအမှတ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏သတင်းထုတ်ပြန်ချက် ထုတ်ပြန်ချက်အမှတ် ( ၁၁ / ၂၀၁၈)

၁။ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်းနှစ် (၇၀) ပြည့် အထိမ်းအမှတ် အခါသမယတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတကာ အသိုက်အဝန်းနှင့်အတူ ဤ သမိုင်းဝင် နေ့ထူးနေ့မြတ်ကို ဂုဏ်ပြုဆင်နွှဲအပ်ပါသည်။

၂။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ဖြစ်သည်သာမက ကုလသမဂ္ဂ အထွေထွေညီလာခံကထုတ်ပြန်ကြေညာခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ နှစ် (၇၀) ပြည့်မြောက်သည့် နေ့ရက် အခါသမယလည်း ဖြစ်ပါသည်။ ဤကဲ့သို့သောနေ့ထူးနေ့မြတ်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၈ ခုနှစ်၊ တစ်နှစ်တာကာလအတွင်း လူ့အခွင့်အရေး မြှင့်တင်ရေး၊ ကာကွယ်ရေးတို့နှင့် စပ်လျဉ်းသည့် ကြိုးပမ်းဆောင်ရွက်ချက်များကို အများပြည်သူသို့ အစီရင်ခံ တင်ပြရန် အသင့်လျော် ဆုံးအချိန်အခါဖြစ်ပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြပါရှိသည့် လူ့အခွင့်အရေးများနှင့် ၎င်းအခွင့်အရေးများသည် နေ့စဉ်လူမှုဘဝတွင် မည်သို့သက်ရောက်မှုရှိသည်ကို ပြည်သူများ သိရှိနားလည်စေရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် အသိပညာ ပြန့်ပွားရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန်အတွက် မြန်မာဘာသာအပြင် တိုင်းရင်းသားဘာသာ (၁၂) မျိုးဖြင့် ဘာသာပြန်ဆို ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ ပြည်သူများ လူ့အခွင့်အရေး အသိပညာနှင့် လူ့အခွင့်အရေး ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် ကော်မရှင်သည် ၂၀၁၈ ခုနှစ်အတွင်း၌ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြို့နယ်ပေါင်း (၂၃)မြို့နယ်သို့ သွားရောက်၍ လူ့အခွင့်အရေး အသိပညာပေး ဟောပြောပွဲများကို ကျင်းပခဲ့ပါသည်။ ထို့ပြင် မြို့ပြရှိပြည်သူလူထုသာမက ကျေးလက်နေ ပြည်သူလူထုပါ လူ့အခွင့်အရေး အသိပညာ ဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ကော်မရှင်သည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း (၁၂) ရွာတို့သို့ သွားရောက်၍ လူ့အခွင့်အရေး အသိပညာပေး စကားဝိုင်းများကို ကျင်းပခဲ့ပါသည်။ အစိုးရဝန်ထမ်းများ လူ့အခွင့်အရေး အသိပညာရရှိပြီး မိမိတို့ လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် လူ့အခွင့်အရေးစံများနှင့် အညီ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်သည် ရန်ကုန်မြောက်ပိုင်း ခရိုင်၊ တောင်ငူခရိုင်၊ မိတ္ထီလာခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကော့သောင်းခရိုင်နှင့် ပခုက္ကူခရိုင်များရှိ အစိုးရအရာထမ်းများအတွက် ခရိုင်အဆင့် အလုပ်ရုံသင်တန်း၊ မြို့နယ်အဆင့် ကလေးသူငယ် ကော်မတီဝင်များအတွက် သင်တန်းနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများအတွက် သင်တန်းစသည်ဖြင့် လူ့အခွင့်အရေး အသိပညာပေးသင်တန်း (၃) မျိုးစီကို အရပ်ဘက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျင်းပခဲ့ပါသည်။ အလားတူပင် ကော်မရှင်သည် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်နှင့် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းများရှိ တပ်မတော်အရာရှိသင်တန်းများနှင့် မန္တလေးမြို့ရှိ ရဲအရာရှိ အတတ်သင်ကျောင်း၊ ရဲအရာရှိများသင်တန်းတို့ အပြင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်/အထက်မြန်မာပြည်) တို့၌ ဖွင့်လှစ်သောအရာရှိ

သင်တန်းများနှင့် အထက်တန်း ကျောင်းအုပ်ကြီးများ၏ ကျောင်းစီမံခန့်ခွဲအုပ်ချုပ်မှု သင်တန်းတို့တွင် လူ့အခွင့်အရေး ဘာသာရပ်များကို ပို့ချခဲ့ပါ သည်။

၄။ ကော်မရှင်သည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို ကော်မရှင်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်ဆောင်ရွက်လျက် ရှိပါသည်။ ကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ လက်ခံရရှိသော တိုင်တန်းချက်ပေါင်း (၂၈၁၈) စောင်အနက် (၉၆၆) စောင်ကို စိစစ် ဆောင်ရွက်ခဲ့ပြီး တိုင်တန်းချက်အချို့နှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးမှုပေါင်း (၁၁) ကြိမ် ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် ကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလအထိ အကျဉ်းထောင် (၂၅) ခု၊ ကျောက်ထုတ်စခန်း (၁၀) ခု၊ စိုက်ပျိုးမွေးမြူရေး အတတ်သင်စခန်း (၁၂) ခု၊ ရဲစခန်းအချုပ်ခန်း (၃၂) ခု၊ တရားရုံးအချုပ်ခန်း (၃၂) ခု၊ ဆေးရုံအချုပ်ခန်း (၁၅) ခုနှင့် ဘိုးဘွားရိပ်သာ (၅) ခုတို့သို့ သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကိုသက်ဆိုင်ရာဌာနသို့ လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရန် ပေးပို့ခဲ့သည့်အပြင် အများပြည်သူ သိရှိနိုင်ရန်အတွက် ထုတ်ပြန်ချက်များလည်း ထုတ်ပြန်ခဲ့ပါသည်။ ကော်မရှင်သည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိဘူးသီးတောင်၊ မောင်တောဒေသသို့ သွားရောက်၍ လူ့အခွင့်အရေး အခြေအနေများကိုလေ့လာခြင်း၊ ကချင်ပြည်နယ်၊ ပူတာအို၊ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်းမြို့များရှိ နေရပ်စွန့်ခွာ ဒုက္ခသည်စခန်းများသို့ သွားရောက်လေ့လာ၍ တွေ့ရှိချက်များကို နိုင်ငံတော် သမ္မတရုံးသို့ အစီရင်ခံတင်ပြခဲ့ပါသည်။

၅။ ကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပသောကြားဖြတ် ရွေးကောက်ပွဲကျင်းပသည့် မဲဆန္ဒနယ်များအနက် မဲဆန္ဒနယ် ၆ ခုသို့ ကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်၍ သွားရောက်စောင့်ကြည့်လေ့လာပြီး တွေ့ရှိချက်များကို သတင်းထုတ်ပြန်ခဲ့ပါသည်။ ထို့ပြင် အသေးစိတ်တွေ့ရှိချက်နှင့် အကြံပြုချက်များကို နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့သို့ ပေးပို့တင်ပြခဲ့ပါသည်။

၆။ ဥပဒေရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ကော်မရှင်သည် တည်ဆဲဥပဒေများနှင့် ဥပဒေကြမ်းများကို လူ့အခွင့်အရေး ရှုထောင့်မှ လေ့လာသုံးသပ်၍ အကြံပြုချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်အတွင်း၌ ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မရှင်၏အကြံပြုချက်ကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။

၇။ ကော်မရှင်သည် ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်(South East Asia National Human Rights Institutions Forum – SEANF) နှင့် အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (Asia Pacific Forum of National Human Rights Institutions – APF) တို့သို့လည်းကောင်း၊ ကုလသမဂ္ဂ ကကမကထပြု ဖွဲ့စည်းထားသည့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး(Global Alliance of National Human

Rights Institutions – GANHRI) သို့လည်းကောင်း ပါဝင် တက်ရောက်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၈။ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review – UPR) အရ ဒုတိယအကြော့ သုံးသပ်မှုခံယူစဉ်တွင် လက်ခံခဲ့သည့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာအစိုးရဌာနများက အချိန်မီဆောင်ရွက်နိုင်ရန်အတွက် အကြံပြုတိုက်တွန်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းတစ်ရပ်နှင့် ပူးပေါင်းကျင်းပခဲ့ပါသည်။ ထို့ပြင် ကော်မရှင်သည် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ပူးပေါင်း၍ "စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲ" ကိုကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိသည့် အကြံပြုချက်များကို နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့တင်ပြခဲ့ပါ သည်။

၉။ မြန်မာနိုင်ငံသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာအပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights – ICESCR) ကို အတည်ပြုချုပ်ဆိုပြီး၍ စာချုပ်ဝင်နိုင်ငံဖြစ်ရာ အဆိုပါ သဘောတူစာချုပ်အရ မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာ တင်သွင်းရေးနှင့်စပ်လျဉ်း၍ အသိပညာပေး ဖိုရမ်တစ်ရပ် ကျင်းပရေးအတွက် International Commission of Jurists (ICJ) နှင့် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။

၁၀။ ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကော်မရှင်၏ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) နှင့် အာရှ–ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) တို့နှင့် ပူးပေါင်းကာ ကော်မရှင်၏ စွမ်းဆောင်ရည် အကဲဖြတ်သုံးသပ်မှုကို ဆောင်ရွက်ခဲ့ပါသည်။

၁၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် နိုင်ငံသားများ၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သန္နိဋ္ဌာန်ပြုပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## သတင်းထုတ်ပြန်ချက်အမှတ် (၁၂/၂၀၁၈)

၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါသည်။

၂။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သာမက နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းဖြေရှင်းပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဆောင်ကျဉ်းနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် အလေးထား ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ အဆိုပါ ထုတ်ပြန်ချက် သည်များစွာ အထောက်အကူဖြစ်စေသည့် အပြုသဘောဆောင်သော ထုတ်ပြန်ချက်တစ်ရပ် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ ဤကာလအတွင်း အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနနှင့် ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးအပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာများကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အားလုံးပါဝင်၍ ညှိနှိုင်းဆွေးနွေးသွားခြင်းအားဖြင့် တိုင်းရင်းသား ပြည်သူအများ မျှော်လင့်နေကြသည့် ထာဝရငြိမ်းချမ်းရေးကို အမြန်ဖော်ဆောင်နိုင်ကြပါစေကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## ဆောင်ရွက်ချက်အမှတ်စဉ် (၁/ ကာကွယ်/ ၂၀၁၈)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ မြန်မာတာ့ရှင်း အထည်ချုပ်စက်ရုံတွင် စက်ရုံတာဝန်ခံက ခံဝန်လက်မှတ်များ ဖိအားပေးရေးထိုးခိုင်းပြီး အလုပ်သမားအချို့အား အလုပ်ထုတ်ပစ်ရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေကြောင်း ၂၂-၁၂-၂၀၁၇ ရက်စွဲဖြင့် အလုပ်သမားများက တိုင်ကြားလာသဖြင့် ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၉-၁၂-၂၀၁၇ ရက်နေ့နှင့် ၂-၁-၂၀၁၈ ရက်နေ့များတွင် တာ့ရှင်းအထည်ချုပ်စက်ရုံသို့ သွားရောက်၍ စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားများ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံ အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမား ဆက်ဆံရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တို့မှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများအားတွေ့ဆုံမေးမြန်းဆွေးနွေးခဲ့ပါသည်။

၂။ ဆွေးနွေးမေးမြန်းချက်များအရ ၁၄-၁၁-၂၀၁၇ ရက်နေ့မှစ၍ ဦးဖြိုးဇာနည်စိုး ခေါင်းဆောင်၍ တောင်းဆိုမှုများ ပြုလုပ်ခဲ့ရာလိုအပ်သည့် ညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် ဆန္ဒပြအလုပ်သမားများမှ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လိုသော်လည်း အလုပ်ရှင်ဘက်မှ ဝန်ခံကတိပုံစံတွင် လက်မှတ်ရေးထိုးမှသာလုပ်ငန်းခွင်သို့ ဝင်ရောက်ခွင့်ပြုမည်ဟု တုံ့ပြန်ခဲ့ကြောင်း၊ ယင်းဝန်ခံကတိပုံစံတွင် “စက်ရုံမှ ချမှတ်ထားသောအခြားမည်သည့် စည်းကမ်းချက်ကိုမဆိုဖောက်ဖျက် ကျူးလွန်ပါက မိမိဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ပါမည်” ဟုဖော်ပြထားခြင်းကြောင့် အလုပ်သမားများက မထိုးရဲကြဘဲ EC စာချုပ်ပါ စည်းကမ်းများအတိုင်းဆိုပါက လက်မှတ်ထိုးနိုင်မည်ဟု သဘောထားကွဲလွဲခဲ့ကြပြီး အလုပ်သမား ၁၀၀ ကျော်မှာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်မှု မရှိခဲ့ကြရာမှ သတ်မှတ်ရက်ဖြစ်သည့် ဒီဇင်ဘာလ ၂၀ ရက်နေ့မှစ၍ အလုပ်မှ ထုတ်ပယ်ခြင်းခံခဲ့ရကြောင်း သိရှိရပါသည်။

၃။ ဦးဖြိုးဇာနည်စိုးခေါင်းဆောင်သော အလုပ်သမား ၁၈၄၀ ဦးသည် ၁၁-၈-၂၀၁၆ ရက်နေ့ကလည်း ထုတ်လုပ်မှုဆုကြေးနှင့် ရှားပါးစရိတ်များ တိုးမြှင့်ပေးရန်အပါအဝင် တောင်းဆိုမှုများ ပြုလုပ်ခဲ့ပြီး ယခုနှစ်တွင်လည်း တောင်းဆိုမှုများ ထပ်မံပြုလုပ်လာခဲ့ပြီး ယနေ့အထိ အလုပ်ပျက်ရက်ပေါင်း ၂၀ ခန့် အလုပ်ပျက်နေခြင်းကြောင့် အလုပ်ရှင်အနေဖြင့် လုပ်ငန်းထိခိုက်မည်ကို စိုးရိမ်သဖြင့် ၂၀-၁၂ -၂၀၁၇ ရက်နေ့ထိ အလုပ်မဆင်းပါက မိမိဆန္ဒအလျောက် နုတ်ပယ်ခြင်းဖြစ်သည်ဟု သတိပေးကြော်ငြာစာ ၃ ကြိမ် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ သို့ရာတွင် ထိုကဲ့သို့ နောက်ဆုံး သတ်မှတ်သည့် ရက်စွဲဖြစ်သော ၂၀-၁၂-၂၀၁၇ ရက်နေ့တွင် မြို့နယ်အလုပ်သမားရုံး၌ ညှိနှိုင်းဖြေရှင်းရန် အလုပ်ရှင်နှင့် အလုပ်သမားတို့အား အလုပ်သမားဆက်ဆံရေးဦးစီးဌာနမှ ချိန်းဆိုထားသည်ကိုလည်း တွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ အောက်ပါ အချက်များကိုသက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုခဲ့ပါသည်-

(က) အလုပ်ရှင်က လက်မှတ်ရေးထိုးခိုင်းသော ဝန်ခံကတိပြုချက်တွင်ပါရှိသည့် စက်ရုံစည်းကမ်းများသည် EC စာချုပ်ပါစည်းကမ်းချက်များနှင့် ကွာဟမှုမရှိကြောင်း အလုပ်သမားများအား ရှင်းလင်းပြခြင်း၊ အလုပ်ရှင်ဖက်မှလည်း အချို့အချက်များကို ဖြေလျော့ပေးခြင်းများ ပြုလုပ်ပြီး အလုပ်သမားများ လက်မှတ်ရေးထိုးနိုင်ရေး စည်းရုံး ဆောင်ရွက်ရန်၊

(ခ) ၎င်းတို့သတ်မှတ်ထားသည့် နောက်ဆုံးရက်တွင် အလုပ်မဆင်းသော အလုပ်သမားများ သည် အလုပ်ဆင်းလိုသော်လည်း ဝန်ခံကတိပြုချက်တွင် လက်မှတ် မရေးထိုးလိုခြင်း ကြောင့်သာ အလုပ်ဆင်းခွင့် မရခြင်းဖြစ်ရာ ယင်းအလုပ်သမားများအား ဆန္ဒအလျောက် အလုပ်မှနုတ်ထွက်သည်ဟု မှတ်ယူခြင်းမပြုရေး အလုပ်ရှင်အား စည်းရုံးဆောင်ရွက်ရန်၊

(ဂ) အကယ်၍ အလုပ်သမားများက ယင်းဝန်ခံကတိပြုချက်တွင် လက်မှတ်ရေးထိုးပါက အလုပ် ပြန်လည်ဆင်းခွင့်ပြုရေးအလုပ်ရှင်အားစည်းရုံးဆောင်ရွက်ရန်၊

(ဃ) ထိုကဲ့သို့ အလုပ်သမားများအား အလုပ်ပြန်လည်ဆင်းခွင့် မပြုလိုပါက ၎င်းတို့၏ လုပ်သက် အလျောက် အလုပ်ထုတ် နစ်နာကြေးများကို လုပ်ထုံးလုပ်နည်းနှင့်အညီ အလုပ်သမားများ သို့ ထုတ်ပေးနိုင်ရေး အလုပ်ရှင်အား စည်းရုံးဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၂/ကာကွယ်/၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်အကျဉ်းထောင်၊ ပေါင်းတည်အချုပ်ထောင်နှင့် ပြည်မြို့နှင့် ပေါင်းတည်မြို့ များရှိ ရဲစခန်းအချုပ်ခန်းတို့အား ၁၅-၁-၂၀၁၈ ရက်နေ့မှ ၁၇-၁-၂၀၁၈ ရက်နေ့ထိ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့အကြံပြုခဲ့ပါသည်။

၂။ ပြည်အကျဉ်းထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) စာကြည့်တိုက်တွင် ဗဟုသုတရရှိစေပြီး စိတ်ကိုပြောင်းလဲစေမည့် စာအုပ်စာစောင်များအား ထပ်မံဖြည့်ဆည်းပေးပြီး ယခုထက်ပိုမို၍ လွတ်လပ်စွာ ဖတ်ရှု ခွင့်ပြုပေးသင့်ပါသည်။

(ခ) မိလ္လာပိုက်များတွင် မိလ္လာများမဆင်းဘဲ ပိတ်ဆို့နေခြင်းကြောင့် အဆင်းပိုက်တွင် ချို့ယွင်း ချက် ရှိ မရှိ စစ်ဆေးခြင်းနှင့် ရေအလုံအလောက် သုံးစွဲနိုင်ရေးစီစဉ်ပေးခြင်းများ ပြုလုပ်ပေး သင့်ပါသည်။

(ဂ) မိလ္လာများအားခပ်ထုတ်၍ ပုံးများဖြင့် သယ်ပို့စွန့်ပစ်နေရခြင်းနှင့် ယင်းကဲ့သို့ ခပ်ယူသယ်ပို့ ချိန်တွင် အနံ့အသက်များ ဆိုးရွားကြောင်းသိရသဖြင့် မိလ္လာများအားမိလ္လာကန်သို့ ပိုက်ဖြင့် တိုက်ရိုက်ဆင်းသွားစေရေး အင်ဂျင်နီယာဖြင့် တိုင်ပင်ဆောင်ရွက်သင့်ပါသည်။ လိုအပ်ပါက ဘတ်ဂျက်တင်ပြတောင်းခံဆောင်ရွက်သင့်ပါသည်။

(ဃ) ဖယောင်းပုဆိုး ကောင်းမွန်မှုမရှိသော အိပ်ဆောင်များကို အသစ်လဲလှယ်ခင်းနိုင်ရေး စီစဉ် ဆောင်ရွက်သင့်ပါသည်။

(င) အိပ်ဆောင်ဟောင်းများတွင် အကျဉ်းသားအင်အား များပြားပြီး ညမိလ္လာတစ်လုံးစီသာ ရှိ သဖြင့် တိုးချဲ့ဆောက်လုပ်ပေးသင့်ပါသည်။

(စ) အိပ်ဆောင် (၃) တွင် လျှပ်စစ်မီး အချိန်ပြည့်ရရှိသော်လည်း အိပ်ဆောင် (၁) နှင့် (၂) တို့တွင် အချိန်ပြည့် မရရှိသေးကြောင်းသိရှိရသဖြင့် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဆ) အကျဉ်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းနှင့် ပြဿနာဖြစ်ပါက အခြားအခန်းမှ အကျဉ်းသားတန်းစီးများက ဝင်ရောက်ထိုးကြိတ် ဆုံးမမှုများရှိနေသဖြင့် မရှိစေရေး တာဝန်ရှိသူများမှ ကြပ်မတ်သင့်ပါသည်။

(ဇ) အကျဉ်းသားအချို့၏ တင်ပြချက်အရကြမ်းပိုးနှင့် ခြင်များကိုက်ကြောင်း သိရှိရသဖြင့် ကြမ်းပိုးသတ်ဆေးနှင့် ခြင်ဆေးများကို အခါအားလျော်စွာ ဖျန်းပေးသင့်ပါသည်။

(ဈ) ဝတ်စုံများ မလုံလောက်သူများကို ထုတ်ပေးရေးနှင့် ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့ လာရောက်စဉ် ထုတ်ပေးထားသော ပုံစံဝတ်စုံများကို ပြန်လည် မသိမ်းဆည်းရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ည) နေ့စဉ်ထုတ် သတင်းစာ အနည်းဆုံးတစ်စောင်နှင့်၊ ဂျာနယ်တစ်စောင်ကို အကျဉ်းသားများ ပုံမှန်ဖတ်ရှုနိုင်စေရေးအတွက် ဝယ်ယူပြီး စာကြည့်တိုက်တွင် ထားပေးသင့်ပါ သည်။

(ဋ) ယားနာပေါက်နေသူများကို ယားနာဆေး လုံလောက်စွာ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဌ) အိပ်ဆောင်အချို့တွင် ရုပ်မြင်သံကြားလိုင်းများကို သတ်မှတ်ထားသည့် အချိန်လိုက် ကြည့်ရှုခွင့်မရကြောင်း သိရှိရသဖြင့် ပြန်လည်စိစစ် ခွင့်ပြုပေးသင့်ပါသည်။

(ဍ) မိဘဆွေမျိုးများနှင့် နီးစပ်သင့်လျော်ရာ အကျဉ်းထောင်များသို့ ပြောင်းရွှေ့လိုသူများနှင့် ကျန်းမာရေးမကောင်းခြင်းကြောင့် ဆေးကုသလိုသည့် အကျဉ်းသား (၈) ဦးအား လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဎ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ခေါ်ယူတွေ့ဆုံမေးမြန်းသော အကျဉ်းသားများအပေါ် အငြိုးအတေးထား၍ ဆက်ဆံခြင်း၊ အခြားအကျဉ်းထောင်များသို့ ပြောင်းရွှေ့ခြင်းများအပါအဝင် လက်တုံ့ပြန်မှု မပြုစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေပုဒ်မ ၃၈ အရ အလေးထားဂရုပြု ဆောင်ရွက်ပေးပါရန် အကြံပြုအပ်ပါသည်။

၃။ ပေါင်းတည်အချုပ်ထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်းအကြံပြုခဲ့ပါသည် –

(က) စားဖိုကြီးတွင် ယင်ကောင်များ ပေါများနေကြောင်း တွေ့ရသဖြင့် ဝမ်းရောဂါ ဖြစ်ပွားနိုင်ရာ ယင်ကောင်များ လျော့နည်းရေး ဆောင်ရွက်သင့်ပါသည်။

(ခ) အိပ်ဆောင်များရှိ မိလ္လာနှင့် နံရံကြားနေရာများတွင် သန့်ရှင်းရေးမကောင်းသဖြင့် သန့်ရှင်းရေး ဆောင်ရွက်သင့်ပါသည်။

(ဂ) အကျဉ်းသူအိပ်ဆောင်တွင် ၉ လအရွယ် ကလေးငယ်တစ်ဦးရှိသဖြင့် ဖြည့်စွက်အစာများ ကျွေးမွေးနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဃ) တိုက်ခန်းတွင် ထားရှိသည့် တီဘီရောဂါသည် အကျဉ်းသား ၂ ဦးအား ခွန်အားဖြည့် အစာ ကျွေးမွေးရန်နှင့် ကိုယ်လက်လှုပ်ရှားရန် အချိန်ပေးသင့်ပါသည်။

(င) ရေမြောင်းများတွင် ရေဆိုးများအိုင်နေပြီး အနံ့အသက် မကောင်းခြင်းကြောင့် ထုံးဖြူးခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းရန် ပြုပြင်ခြင်းများ ဆောင်ရွက်သင့်ပါသည်။

(စ) အသည်းရောဂါဖြစ်ပွားနေသည့် အကျဉ်းသားတစ်ဦး သက်သာမှုမရှိကြောင်း သိရှိရသဖြင့် ဆေးရုံရှိသည့် အကျဉ်းထောင်တစ်ခုခုသို့ ပြောင်းရွှေ့ကုသနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဆ) စာကြည့်တိုက်တွင် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေများနှင့် စိတ်ဓာတ် တိုးတက် ကောင်းမွန်စေမည့် စာအုပ်များ ထပ်မံဖြည့်ဆည်းသင့်ပါသည်။

(ဇ) အချုပ်ထောင်တွင် ယောဂကဲ့သို့သော တရားထိုင်နည်းပြဆရာများကို ဖိတ်ကြား၍ တရားစခန်းများ အခါအားလျော်စွာ ဖွင့်လှစ်ပေးသင့်ပါသည်။

(ဈ) မိဘဆွေမျိုးများနှင့် နီးစပ်သင့်လျော်ရာ အကျဉ်းထောင်များသို့ ပြောင်းရွှေ့လိုသူနှင့် ကျန်းမာရေး မကောင်းခြင်းကြောင့် ဆေးကုသလိုသည့် အကျဉ်းသား ၂ ဦးအား လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

၄။ တရားရုံးအချုပ်ခန်းများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) **ပြည်ခရိုင်၊ မြို့နယ်တရားရုံးအချုပ်ခန်း**

(၁) ဝင်ပေါက်တံခါးများအမြင့် ၆ ပေအထိ ပြင်ဆင်ဖောက်လုပ်ပေးစေလိုပါသည်။

(၂) အချုပ်ခန်းအိမ်သာများ သန့်ရှင်းရေး ပြုလုပ်ရန် ညွှန်ကြားပေးစေလိုပါသည်။

(ခ) **ပေါင်းတည်မြို့နယ်တရားရုံးအချုပ်ခန်း**

(၁) ကွပ်ပျစ်များထားရှိပေးစေလိုပါသည်။

(၂) အိမ်သာဆောက်လုပ်ပေးစေလိုပါသည်။

(၃) မ အချုပ်ခန်းသီးခြားဆောက်လုပ်ပေးစေလိုပါသည်။

(၄) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို တစ်လလျှင် ၅ သောင်းကျပ်နှုန်း ပေးသွင်းနေခြင်းအစား လက်ရှိမြေနေရာကို တရားရေးဌာနပိုင်မြေနေရာအဖြစ် တင်ပြတောင်းခံခြင်းဖြစ်စေ၊ သီးခြားမြေနေရာရှာ၍ အဆောက်အဦ ဆောက်လုပ်ခွင့်ကို အစိုးရအဖွဲ့ထံ တင်ပြခြင်းဖြစ်စေ ဆောင်ရွက်သင့်ပါသည်။

၄။ ရဲစခန်းအချုပ်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းအကြံပြုခဲ့ပါသည် –

(က) **ပြည်မြို့အမှတ် (၁) ရဲအချုပ်ခန်း။** အချုပ်ခန်းအတွင်းရှိမိလ္လာများမှာသန့်ရှင်းမှု မရှိပါ။

(ခ) **ပြည်မြို့အမှတ် (၂) ရဲအချုပ်ခန်း**။ အချုပ်ခန်းများအတွင်း၌ ကွပ်ပျစ်များ မကောင်းခြင်းနှင့် မိလ္လာအနံ့အသက် မကောင်းခြင်းများကို တွေ့ရှိရပါသည်။

၅။ ပေါင်းတည်မြို့ ပြည်သူ့ဆေးရုံကြီးအား စစ်ဆေးရာ ဆေးရုံတက်ရောက်ကုသသည့် TB ရောဂါသည် အကျဉ်းသားတစ်ဦး တွေ့ရှိရပြီး သီးခြားအခန်း (Guard Ward) မရှိသဖြင့် မိလ္လာ၊ ရေချိုးခန်း မပါသည့် အခန်းတစ်ခုတွင် ထားရှိကုသနေရကြောင်း တွေ့ရှိရသဖြင့် ပေါင်းတည်ဆေးရုံတွင် အချုပ်သား/အကျဉ်းသားများ သီးခြားထားရှိနိုင်မည့် မိလ္လာ၊ ရေချိုးခန်းပါဝင်သော ဆေးရုံအချုပ်ခန်း (Guard Ward) တည်ဆောက်နိုင်ရေး လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန် အကြံပြုပေးပို့ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၃/ကာကွယ်/၂၀၁၈)

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ရွှေဘိုအကျဉ်းထောင်၊ မုံရွာအကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့ အား ၃၁-၁-၂၀၁၈ ရက်နေ့မှ ၁-၂-၂၀၁၈ ရက်နေ့ထိ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ အကြံပြုခဲ့ပါသည်။

၂။ ရွှေဘိုအကျဉ်းထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) စာကြည့်တိုက်တွင် ဗဟုသုတရရှိစေပြီး စိတ်ကိုတိုးတက် ပြောင်းလဲစေမည့် စာအုပ်၊ စာပေ၊ စာစောင်များအား ထပ်မံဖြည့်ဆည်းပေးပြီး ယခုထက်ပိုမို၍ လွတ်လပ်စွာ ဖတ်ရှုခွင့်ပြုပေးသင့်ပါသည်။

(ခ) အကျဉ်းသားအိပ်ဆောင် ၃ ၌ အမျိုးသမီးအဆောင် မိလ္လာပိုက်မှ အနံ့များ ဆိုးရွားစွာထွက်ရှိနေသဖြင့် ပြုပြင်သင့်ပါသည်။

(ဂ) ကျန်းမာရေးမကောင်းသည့် အကျဉ်းသား ၅ ဦးအား စစ်ဆေးကုသနိုင်ရေးနှင့် လိုအပ်ပါက ဆေးရုံတင်ပို့ ကုသနိုင်ရေးဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) အိပ်ဆောင် (၃) အခန်း (၃) မိလ္လာဘေးတွင် မိလ္လာမှ ကျသောရေကြောင့် ကြမ်းခင်း ကွပ်ပျစ်များ ပျက်စီးနေသဖြင့် ပြုပြင်သင့်ပါသည်။

(င) မိလ္လာနှင့် ထောင်ဝင်စာတွေ့ဆုံခန်းမှာ အကျဉ်းသားအင်အားနှင့် ညီမျှမှုမရှိသဖြင့် တိုးချဲ့ဆောက်လုပ်နိုင်ရေးတင်ပြ ဆောင်ရွက်သင့်ပါသည်။

(စ) ART ဆေးသောက်နေရသည့် HIV ရောဂါသည် အကျဉ်းသား/သူများကို ခွန်အားဖြစ်စေမည့် ဖြည့်စွက်အစာများ ကျွေးမွေးနိုင်ရေးဆောင်ရွက်သင့်ပါသည်။

(ဆ) တက္ကသိုလ်ဝင်တန်းဖြေဆိုလိုသူ အကျဉ်းသား/သူ ရှိပါက ဖြေဆိုခွင့်ရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဇ) အိပ်ဆောင်အများစုတွင် မိုးယိုသဖြင့် ပွင့်လင်းရာသီတွင် ဖာထေးပြုပြင်သင့်ပါသည်။

(ဈ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ခေါ်ယူတွေ့ဆုံမေးမြန်းသော အကျဉ်းသားများအပေါ် အငြိုးအတေးထား၍ ဆက်ဆံခြင်း၊ အခြားအကျဉ်းထောင်များသို့ ပြောင်းရွှေ့ခြင်းများအပါအဝင် လက်တုံ့ပြန်မှု မပြုစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေပုဒ်မ ၃၈ အရ အလေးထားဂရုပြု ဆောင်ရွက်ပေးပါရန် အကြံပြုအပ်ပါသည်။

၃။ မုံရွာအကျဉ်းထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) ထောင်ဝင်စာတွေ့ဆုံခန်းများမှာ အကျဉ်းသားဦးရေနှင့် နှိုင်းစာလျှင် ကျဉ်းမြောင်းနေ သဖြင့် လိုအပ်သလို တိုးချဲ့ပြုပြင်ပေးသင့်ပါသည်။

(ခ) ထမင်းထဲတွင် တစ်ခါတစ်ရံ ကျောက်ခဲများပါရှိကြောင်း သတင်းပို့တင်ပြမှုများ ရှိသဖြင့် မပါရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) နေမကောင်းသော အကျဉ်းသား/သူများအား တာဝန်ကျ ကျန်းမာရေးမှူးမှ စနစ်တကျ စစ်ဆေးပြီးရောဂါနှင့် သက်ဆိုင်သောဆေးဝါးများကိုသာပေးသင့်ပါသည်။

(ဃ) အကျဉ်းထောင် တာဝန်ခံအရာရှိသည် အကျဉ်းသား/သူများအပေါ်၌ မိသားစုသဖွယ် အုပ်ချုပ်ကြောင်း အကျဉ်းသားအများစုမှ တင်ပြသဖြင့် ယခုအခြေအနေအား ဆက်လက် ထိန်းသိမ်းထားသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၄/ကာကွယ်/၂၀၁၈)

၁။ ၃-၂-၂၀၁၈ ရက်နေ့တွင် စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ပန်းလှိုင်လမ်း၊ ပန်းလှိုင် ကုန်းတံတားအောက်၌ အသက် (၄) နှစ်အရွယ် မိန်းကလေးငယ်အား ဦးခေါင်းဒဏ်ရာများနှင့် မိန်းမကိုယ် တွင် သွေးထွက်ဒဏ်ရာ၊ ဦးခေါင်းတွင် တစ်လက်မခန့်အရွယ် ပေါက်ပြဲဒဏ်ရာများ ဖြင့် တွေ့ရှိသောကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသလျက်ရှိကြောင်း လူမှုကွန်ရက် မီဒီယာများတွင် တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင် အတွင်းရေးမှူး (ဒေါက်တာညွန့်ကြားရေးမှူးချုပ်) ဦးဘုန်းကြွယ် ဦးဆောင်သောအဖွဲ့မှ မိန်းကလေးငယ်အား ကုသပေးလျက်ရှိသော ရန်ကုန်ကလေးဆေးရုံကြီးသို့ ၉-၂-၂၀၁၈ ရက်နေ့ နံနက် ၁၀:၃၀ အချိန်ခန့်တွင် သွားရောက်ခဲ့ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေး ၏ အကူအညီဖြင့် ကလေးမိခင်ဖြစ်သူနှင့် သီးခြားတွေ့ဆုံ၍ အလှူငွေ ၁ သိန်းကျပ်ကို ပေးအပ်လှူဒါန်းခဲ့ပြီး အားပေးစကားများ ပြောကြားခဲ့ပါသည်။

၂။ ဆက်လက်၍ စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ သွားရောက်ကာ အမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု၊ တိုးတက်မှုအခြေအနေတို့ကို မေးမြန်းစုံစမ်းခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အတူ အခင်း

ဖြစ်ပွားရာ ပန်းလှိုင်ကုန်းတံတားအောက်သို့ သွားရောက်လေ့လာခဲ့ပါသည်။ ကော်မရှင်အနေဖြင့် အမှုအခြေအနေအား ဆက်လက်စောင့်ကြည့်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

**ဆောင်ရွက်ချက်အမှတ်စဉ် (၅/ကာကွယ်/၂၀၁၈)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ကော်မရှင်အတွင်းရေးမှူး၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ၁၄-၂-၂၀၁၈ ရက်နေ့တွင် ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခဲ့ပါသည်။

၂။ မင်းကုန်းစခန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) အကျဉ်းသားများအပေါ်တွင် ရိုက်နှက်ခြင်း၊ ထိုးကြိတ်ခြင်း၊ မတန်တဆ ခိုင်းစေခြင်း၊ ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းခြင်းပြုလုပ်သည့် ဒုတိယတာဝန်ခံနှင့် လက်ထောက်ကြီးကြပ်ရေးမှူးတစ်ဦးတို့ အပါအဝင် ဝန်ထမ်းတစ်ဦးတို့အား လိုအပ်သည့်စိစစ်မှုများပြုလုပ်ပြီး ထိုက်သင့်သလို အရေးယူသင့်ပါသည်။

(ခ) စခန်းအတွင်း ဖုန်းသွင်းခြင်း၊ ပြန်လည်ဖမ်းဆီးခြင်း၊ ပြန်ရောင်းခြင်း၊ ဥစ္စာသည်များထံမှ ဆေးလိပ်၊ ကွမ်းများသိမ်းဆည်းခြင်း စသည့် အလွဲလုပ်ဆောင်နေမှုများအား စိစစ်လေ့လာ၍ လိုအပ်သလို တားဆီးမှုများ ပြုလုပ်သင့်ပါသည်။

(ဂ) ဌာနမှ သတ်မှတ်ထားသည့် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများအပြင် အခြားပြင်ပ ပုဂ္ဂလိကလုပ်ငန်းများသို့ အကျဉ်းသားများအား ခိုင်းစေခြင်းကို ပြန်လည်စိစစ်၍ ပြုပြင်စေပြီး တရားဝင်လုပ်ငန်းများကိုသာ လုပ်ကိုင်စေသင့်ပါသည်။

(ဃ) အိပ်ဆောင်များရှိ ညမိလ္လာနှင့် ရေကန်များမှာ သန့်ရှင်းမှုမရှိခြင်းနှင့် အနံ့အသက်များ မကောင်းခြင်းကြောင့် သန့်ရှင်းရေးဆောင်ရွက်သင့်ပါသည်။

(င) နေ့မိလ္လာနှင့် အကျဉ်းသားအင်အား မျှတမှုမရှိသောကြောင့် အကျဉ်းသား အရေအတွက်နှင့် အချိုးကျ မိလ္လာများ တိုးချဲ့ဆောက်လုပ်ပေးသင့်ပါသည်။

(စ) လက်ရှိ ရေချိုးကန်အကျယ်မှာ ၄၀x၈ ပေ အကျယ်သာရှိသဖြင့် အကျဉ်းသားအင်အားနှင့် အချိုးညီ တိုးချဲ့တည်ဆောက်ပေးသင့်ပါသည်။

(ဆ) စခန်းအဝင်၊ အထွက် ဂိတ်ကြီးနှင့် အကျဉ်းသားအိပ်ဆောင်များအား လက်ရှိထရံဆောင်အဆင့်မှ အုတ်တိုက် အဆောက်အဦများအဖြစ် အဆင့်မြှင့်တင် ဆောက်လုပ်သင့်ပါသည်။

(ဇ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသား ၂၁ ဦးအပေါ် အငြိုးအတေးထား၍ ဆက်ဆံခြင်း၊ အခြားအကျဉ်းထောင်များသို့ ပြောင်းရွှေ့ခြင်းများ အပါအဝင် လက်တုံ့ပြန်မှု မပြုစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေပုဒ်မ ၃၈ အရ အလေးထား ဂရုပြုဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၆/ကာကွယ်/၂၀၁၈)

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့ထိ ရုံးဝန်ထမ်း ၃ ဦးနှင့်အတူ မော်လမြိုင်၊ ဘားအံအကျဉ်းထောင်များ၊ ရဲစခန်းအချုပ်ခန်းများအား ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခဲ့ပါသည်။

၂။ မော်လမြိုင်အကျဉ်းထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) မီးဖိုကြီးအောက်ခင်းကြမ်းပြင် ကွေခင်းအချို့မှာ ပျက်စီးနေသဖြင့် ပြုပြင်သင့်ပါသည်။

(ခ) ဆေးခန်းလိုက် အကျဉ်းသား/သူများအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှု အားနည်းကြောင်း သတင်းပို့ တင်ပြကြသဖြင့် တာဝန်ရှိသူများမှ စိစစ်သင့်ပါသည်။

(ဂ) မျက်စိရောဂါဖြစ်နေသည့် အကျဉ်းသူတစ်ဦးကို ကုသနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) အကျဉ်းသားများတွင် ဖြစ်ပွားနေသော ယားနာများ ပျောက်ကင်းရေး လိမ်းဆေး၊ သောက်ဆေးများ ဖြည့်ဆည်းပေးသင့်ပါသည်။

(င) Geology မေဂျာ ဒုတိယနှစ်တက်ရောက်နေစဉ် ပြစ်ဒဏ် ကျခံခဲ့ရသော အကျဉ်းသားတစ်ဦးအား တက္ကသိုလ်ပညာ ဆက်လက်သင်ကြားခွင့်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသင့်ပါသည်။

(စ) ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား လက်တုံ့ပြန်မှု မခံရစေရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၃၈ နှင့်အညီ အလေးထား ဂရုပြုဆောင်ရွက်ပေးပါရန် အကြံပြုအပ်ပါသည်။

၃။ ဘားအံအကျဉ်းထောင်နှင့်ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) တူးဖော်ထားသော စက်ရေတွင်း ရေထွက်နည်းနေသဖြင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ထပ်မံ ညှိနှိုင်း၍ နွေရာသီတွင် သုံးရေ အဆင်ပြေစေရေး ဆောင်ရွက်သင့်ပါသည်။

(ခ) စက်ရေတွင်းအဆင်မပြေပါက မြစ်မှရေတင်၍ ရေလှောင်ကန်များ တည်ဆောက်ပေးပြီး ရေလုံလောက်စေရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) အကျဉ်းသားတစ်ဦးသည် ခါးရိုးကွဲဒဏ်ရာဖြင့် ဘားအံဆေးရုံကြီး၌ ကုသနေစဉ် ဖမ်းဆီးခြင်းခံရသဖြင့် ဆေးဆက်လက်ကုသမှု ခံယူခွင့်ရရှိရေးအတွက် ၎င်း၏ဆေးကုသမှု မှတ်တမ်းကို ဘားအံပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းတောင်းခံ၍ ဆောင်ရွက်သင့်ပါသည်။

(ဃ) ထိုင်းနိုင်ငံသား အကျဉ်းသားတစ်ဦးမှ ထိုင်းနိုင်ငံသံရုံးနှင့် ဆက်သွယ်လိုသဖြင့် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ပေးသင့်ပါသည်။

(င) အကျဉ်းသား ကျပ်တည်းပြီး ရေရှားပါးမှုကြောင့် အကျဉ်းသားအများစုတွင် ယားနာနှင့် အနာစိမ်းများ ပေါက်နေကြောင်း သိရှိရသဖြင့် ဆေးဝါးများ ဖြည့်ဆည်းပေးသင့်ပါသည်။

(စ) ယခင်တာဝန်ခံအရာရှိထက် ယခုတာဝန်ခံအရာရှိက အကျဉ်းသားများ စားသောက်ရေးကောင်းမွန်စေရန် ဦးစားပေးလုပ်ဆောင်ကြောင်း အကျဉ်းသားများထံမှ သိရှိရသဖြင့် ယခုအခြေအနေကို ထိန်းသိမ်းထားသင့်ပါသည်။

(ဆ) ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား လက်တုံ့ပြန်မှုမခံရစေရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၃၈ နှင့် အညီ အလေးထား ဂရုပြုဆောင်ရွက်ပေးပါရန် အကြံပြုအပ်ပါသည်။

၄။ မာလာဖူးစခန်းနှင့်ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) လုပ်ငန်းခွင်တွင် နေအလွန်ပူသဖြင့် အကျဉ်းသားလုပ်အားရှင်များ နားနေရန်အတွက် အမိုးပါ နားနေဆောင် တစ်ဆောင် ဆောက်လုပ်ပေးသင့်ပါသည်။

(ခ) စခန်းဆေးခန်းတွင် သက်တမ်းလွန် ဆေးဝါးများ မထားရှိစေရေး တာဝန်ရှိသူများမှ ကာလအလိုက် စစ်ဆေးသင့်ပါသည်။

၅။ လက္ခဏစခန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) အိပ်ဆောင်များမှာ ဆွေးမြေ့နေပြီး ခိုင်ခံ့မှုမရှိသည့်အပြင် အောက်ခင်းကြမ်းများမှာ ပျက်စီးနေသဖြင့် အသစ် ဆောက်လုပ်ခွင့် ရရှိရေး တင်ပြဆောင်ရွက်သင့်ပါသည်။

(ခ) ဆေးခန်းတွင် နေ့စဉ်သုံးကုသရန် ဆေးဝါးများပြည့်စုံရေး ဖြည့်ဆည်းထားသင့်ပါသည်။

(ဂ) စာကြည့်တိုက်တွင် ဗဟုသုတရစေပြီး စိတ်ကို ပြောင်းလဲစေမည့် စာအုပ်စာပေများ ထပ်မံဖြည့်ဆည်းထားသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၇/ကာကွယ်/၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့ထိ ရုံးဝန်ထမ်း ၃ ဦးနှင့်အတူ ကသာ၊ ဗန်းမော် အကျဉ်းထောင်များ၊ ရဲစခန်းအချုပ်ခန်းများအား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။

၂။ ကသာအကျဉ်းထောင်နှင့် ပတ်သက်၍ အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်–

(က) ဆေးယဉ်ပါး TB နှင့် HIV ရောဂါသည် အကျဉ်းသားတစ်ဦးကို ဆေးရုံရှိသည့် အကျဉ်းထောင်တစ်ခုခုသို့ ပြောင်းရွှေ့ကုသနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ခ) အိပ်ဆောင်များတွင် ပြက္ခဒိန်များတပ်ဆင်ထားပေးသင့်ပါသည်။

(ဂ) ယားနာရောဂါ ဖြစ်ပွားနေသောတိုက်ခန်းမှ အကျဉ်းသား ၃ ဦးမှ အခြားအကျဉ်းသားများသို့ ကူးစက်မှုမရှိစေရေး စနစ်တကျ ကုသမှုပေး၍ လိုအပ်သောဆေးဝါးများကို ဖြည့်ဆည်းထားသင့်ပါသည်။

(ဃ) အကျဉ်းသားနှင့် မိလ္လာအချိုးမှာ မျှတမှု မရှိသေးသောကြောင့် တိုးချဲ့ဆောက်လုပ်နိုင်ရေးတင်ပြဆောင်ရွက်သင့်ပါသည်။

၃။ ဗန်းမော်အကျဉ်းထောင်နှင့် ပတ်သက်၍ အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်–

(က) အကျဉ်းထောင်စာကြည့်တိုက်တွင် ဗဟုသုတရရှိစေပြီး စိတ်ကို တိုးတက်ပြောင်းလဲစေမည့် စာအုပ်စာပေများ ထပ်မံဖြည့်ဆည်းသင့်ပါသည်။

(ခ) အကျဉ်းထောင်၌ စိတ်ဓာတ်ကြံ့ခိုင် ကောင်းမွန်စေသည့် စိတ်လေ့ကျင့်ရေး သင်တန်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဂ) အကျဉ်းသားအိပ်ဆောင်များတွင် ပြက္ခဒိန်များ ချိတ်ဆွဲပေးထားသင့်ပါသည်။

(ဃ) အကျဉ်းသားများအား စာဖတ်စေခြင်း၊ စာမဖတ်တတ်သူ၊ စာမဖတ်လိုသူများအတွက် ဖတ်တတ်သူအကျဉ်းသားများက ဖတ်ရှုပြစေခြင်း၊ ဝန်ထမ်းများက ဖတ်ရှုရှင်းလင်းပြခြင်း၊ အချင်းချင်းအတွေ့အကြုံများအားပြန်လည်ဝေမျှ ဟောပြောသည့်စနစ် ပြုလုပ်စေခြင်းတို့ဖြင့် အကျဉ်းသားများ၏စိတ် နူးညံ့စေရေး တိုးတက်ပြောင်းလဲစေရေးများ ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၈/ကာကွယ်/၂၀၁၈)

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ၂၀၁၇ ခုနှစ်အတွင်း အကျဉ်းထောင် ၂၆ ခုအား ကြည့်ရှုစစ်ဆေးတွေ့ရှိချက်များအရ အကျဉ်းထောင်များတွင် အကျဉ်းသားဦးရေမှာ မူလဝင်ဆံ့သည့်အင်အားထက် ၃၇.၃၇ % ပိုလျှံနေကြောင်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ အကျဉ်းသားဦးရေ များပြားမှုကို ဖြေလျှော့နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးသို့ အကျဉ်းသား လျှော့ချရေးဆိုင်ရာ အကြံပြုချက်စာတမ်းကို ပြုစုတင်ပြခဲ့ပါသည်။

၂။ အဆိုပါ အကြံပြုချက်စာတမ်းတင်ပြခြင်းကို မီဒီယာများမှတစ်ဆင့် ကြားသိကြရသူများက မိမိတို့၏ ဆွေမျိုးများအပါအဝင် လွတ်မြောက်စေလိုသည့် အကျဉ်းသားများ၏ အမည်စာရင်းကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့မှုများ ရှိလာခဲ့ပါသည်။ ကော်မရှင်အနေဖြင့် အကျဉ်းသားဦးရေ လျှော့ချနိုင်ရေးအတွက် စဉ်းစားရမည့်အချက်များ၊ ဆောင်ရွက်သင့်သည့် အစီအစဉ်များကို အဆိုပါ အကြံပြုချက်စာတမ်းတွင် ရေးသားဖော်ပြပြီးဖြစ်ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် သမ္မတရုံး၏ ခွင့်ပြုချက်ရရှိပါက တစ်ဦးချင်းစီ၏ အခြေအနေပေါ်မူတည်၍ ပြန်လည်စေလွှတ်နိုင်ရေး အတွက် အသေးစိတ်ဆောင်ရွက်ခြင်းကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကော်မရှင်အနေဖြင့် အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးတို့ထံမှ ပေးပို့လာ သော အကျဉ်းသားများစာရင်းကို မှတ်တမ်းအဖြစ်သာ ထားရှိမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၉/ကာကွယ်/၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှ ၂၆ ရက်နေ့ထိ ရုံးဝန်ထမ်း ၂ ဦးနှင့်အတူ ပူတာအိုအကျဉ်းထောင်အား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခဲ့ပါသည်။

၂။ ပူတာအိုအကျဉ်းထောင်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည် -

(က) စာကြည့်တိုက်တွင် ဗဟုသုတရရှိစေမည့် စာအုပ်စာပေများ ယခုထက်ပိုမိုဖြည့်ဆည်းသင့်ပြီး အကျဉ်းသားများ စာဖတ်နိုင်ရေး အလေးထားဆောင်ရွက်သင့်ပါသည်။

(ခ) ဆေးခန်းလိုက် အကျဉ်းသား/သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်စေရေးအတွက် တာဝန်ရှိသူများမှ စိစစ်ကြပ်မတ်သင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်း၍ လိုအပ်သလို ဖွင့်လှစ်သင်ကြားပေးသင့်ပါသည်။

(ဃ) အကျဉ်းသား၊ အချုပ်သား ၁၆၀ ဦးမှာ မူးယစ်ဆေးဝါးအမှုဖြင့် ကျခံနေရသူများဖြစ်ပြီး ၇၀.၄၈% ရှိသဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သော ဟောပြောပွဲများ ပြုလုပ်ပေးသင့်ပါသည်။

(င) အကျဉ်းသူများနှင့်အတူရှိနေသော ကလေးငယ် ၃ ဦးကို ဖြည့်စွက်အာဟာရများ ကျွေးမွေး နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(စ) တိုက်ခန်းရှိအကျဉ်းသား ၃ ဦးအား ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ရန် အချိန် တစ်ခု စီစဉ်ပေးသင့်ပါသည်။

(ဆ) အိပ်ဆောင်များနှင့် စားဖိုကြီးတွင် ယင်ကောင်များ ပေါများနေသဖြင့် လျော့နည်းစေရေး ဆေးဖျန်းခြင်း အပါအဝင် လိုအပ်သည်များ ဆောင်ရွက်သင့်ပါသည်။

(ဇ) ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား လက်တုံ့ ပြန်မှုမခံရစေရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၃၈ နှင့်အညီ အလေးထား ဂရုပြု ဆောင်ရွက်ပေးပါရန် အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၁၀/ကာကွယ်/၂၀၁၈)

ရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်မှ အသက် ၁၇ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးအား အဓမ္မ ပြုကျင့်ခံရခြင်းကြောင့် ရဲစခန်းတွင် အမှုဖွင့်လှစ်ခဲ့ရာ ရဲစခန်းမှူး၏ဇနီးမှ ကာယကံရှင် မိန်းကလေးငယ်ကို စစ်ဆေးရာတွင် သားသမီးချင်း စာနာမှုမရှိဘဲ မကြားဝံ့မနာသာ ပြောဆိုဆက်ဆံခြင်းများ ရှိကြောင်း တိုင်တန်းချက်ကို ပြည်သူ့လွှတ်တော်ရုံးမှ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ပေးပို့လာ သဖြင့် ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာဒေသသို့ ၁၉-၃-၂၀၁၈ ရက်နေ့မှ ၂၁-၃-၂၀၁၈ ရက်နေ့အထိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့်တကွ လူပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာနှင့် လုံခြုံမှုကို ထိပါးစေပြီး ရဲလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိသည့် ဆောင်ရွက်မှုများအတွက် ထိရောက်စွာ အရေးယူရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၁၁/ကာကွယ်/၂၀၁၈)

ရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်တွင် အသက် ၁၃ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးအား အဓမ္မပြုကျင့်ခံရခြင်းကြောင့် ရဲစခန်းသို့ တိုင်ကြားခဲ့သော်လည်း ကျူးလွန်သူအမျိုးသားသည် ကျေးရွာအုပ်ချုပ် ရေးမှူးနှင့် ဆွေမျိုးတော်စပ်သူဖြစ်သဖြင့် ထိရောက်စွာ အရေးယူမှုမရှိကြောင်း တိုင်တန်းချက်ကို ပြည်သူ့ လွှတ်တော်မှ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသဖြင့် ကော်မရှင်ကွင်းဆင်းစစ်ဆေး ရေးအဖွဲ့သည် အခင်းဖြစ်ပွားသည့်ဒေသသို့ ၁၉-၃-၂၀၁၈ ရက်နေ့မှ ၂၁-၃-၂၀၁၈ ရက်နေ့ထိ ကွင်းဆင်း

စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့်တကွ သက်ငယ်မုဒိမ်းကျူးလွန်ခဲ့သူ တရားခံအား အမြန်ဆုံး ဖမ်းဆီး၍ ထိရောက်စွာအရေးယူ ဆောင်ရွက်သင့်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၁၂/ကာကွယ်/၂၀၁၈)

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ပါဝင်သည့်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ပူတာအိုမြို့၊ လုံးစွပ်နှင့် ဒုတ္ထန်ရပ်ကွက်ရှိ တိုက်ပွဲရှောင်စခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး စခန်းများရှိ တိုင်းရင်းသားမိသားစုများ၏ တွေ့ရှိရသည့် အချက်များအပေါ်အခြေခံ၍ တိုက်ပွဲရှောင် တိုင်းရင်းသား မိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ အားကစားကွင်း ပြုလုပ်ပေးရေးနှင့် ကျောင်းသား/ ကျောင်းသူများ စာရေးကိရိယာ ထောက်ပံ့မှုရရှိရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ကြီးဌာနများ အနေဖြင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပေးပို့ညှိနှိုင်းခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၄ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၁၃/ ကာကွယ်/ ၂၀၁၈)

၁။ ရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ဒေါင့်ချောင်းကျေးရွာနေ မသက်သေတရားခံ ၂ ဦးအား ပိုးလောင်းရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်အချို့က ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာ ရာဝတီတိုင်းဒေသ ကြီးသို့ ၂၉-၃-၂၀၁၈ ရက်နေ့မှ ၁-၄-၂၀၁၈ ရက်နေ့အထိ ကွင်းဆင်းစုံစမ်း စစ်ဆေးခဲ့ပြီး ကော်မရှင်၏ တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၂။ ကော်မရှင်၏အကြံပြုချက်များတွင် လူ့အခွင့်အရေးဖောက်ဖျက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များကို ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ကြောင်းနှင့် အမှုနှင့်ပတ်သက်သည့် တရားခံကို ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးဖော်ထုတ်ပြီး သက်သေခိုင်လုံစွာဖြင့် တရားစွဲတင်နိုင်ရေး တွန်းအားပေးဆောင်ရွက်သင့်ကြောင်း ပါရှိသည့်အပြင် အထက်အကြီးအကဲများ၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှု အားနည်းခြင်း၊ ပျက်ကွက်ခြင်းများကြောင့် ညှဉ်းပန်းနှိပ်စက် စစ်ဆေးခြင်းကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်မှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရှိနေရသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် ပြည်သူ၏ ယုံကြည်လေးစား အားထားမှု ပိုမိုရရှိစေရေး၊ တပ်ဖွဲ့၏ ဂုဏ်သိက္ခာ တိုးတက်မြင့်မားစေရေး၊ စိတ်ဓာတ်စည်းကမ်း ကောင်းမွန် စေရေး၊ တပ်ဖွဲ့အတွင်း စည်းလုံးညီညွတ်ရေးတို့အတွက် တပ်ဖွဲ့ဌာနအကြီးအကဲများက ပြန်လည်စိစစ် သုံးသပ်ဆောင်ရွက်သင့်ကြောင်း စသည့် အကြံပြုချက်များပါဝင်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၁၄/ ကာကွယ်/ ၂၀၁၈)

၁။ ရိုက်တာသတင်းထောက် ကိုဝလုံး၊ ကိုကျော်စိုးဦးတို့နှင့် ဒုတိယရဲမှူးမိုးရန်နိုင်တို့ကို ဖမ်းဆီးထားသော အမှုဖြစ်စဉ်တွင် ဒုတိယရဲမှူးမိုးရန်နိုင်နှင့် ၎င်း၏မိသားစုဝင်များ လူ့အခွင့်အရေး ထိခိုက်နစ်နာမှု မရှိစေရေးဆောင်ရွက်ပေးပါရန် မြန်မာသတင်းသမားများ ကာကွယ်ရေးကော်မတီ (PCMJ) အဖွဲ့ဝင် ၅ ဦးတို့မှ ၂၃-၄-၂၀၁၈ (တနင်္လာနေ့) ရက်စွဲပါစာဖြင့် ကော်မရှင်သို့ တိုင်ကြားစာ ပေးပို့လာပါသည်။

၂။ အဆိုပါတိုင်တန်းချက်နှင့်ပတ်သက်၍ ၂၃-၄-၂၀၁၈ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် ကျင်းပပြုလုပ်သော ကော်မရှင်မျက်နှာစုံညီ အစည်းအဝေးဆုံးဖြတ်ချက်အရ ဒုတိယရဲမှူးမိုးရန်နိုင်နှင့် ၎င်း၏ မိသားစုဝင်များ တွေ့ဆုံခွင့်ရရှိရေး အပါအဝင် ၎င်းတို့၏အခြေခံ လူ့အခွင့်အရေးများ ထိခိုက်မှုမရှိစေရေး လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့အကြောင်းကြားထားပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၁၅/ ကာကွယ်/ ၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့ထိ ရုံးဝန်ထမ်း ၃ ဦးနှင့်အတူ ၄က်ပေါက်ကုန်ထုတ်စခန်းအား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီးသက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ အကြံပြုခဲ့ပါသည်။

၂။ ၄က်ပေါက် ကုန်ထုတ်စခန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည် -

(က) ချိုးရေ လုံလောက်စွာ ရရှိရေးချောင်းမှ ရေစုပ်စက်ဖြင့် ရေတင်၍ ရေလှောင်ကန်များ လုံလောက်စွာ ဆောက်လုပ်ပေးသင့်ပါသည်။

(ခ) လုပ်ငန်းခွင်အတွင်းနှင့် အိပ်ဆောင်အတွင်း၌ သန့်ရှင်းသော သောက်ရေကို အကျဉ်းသားများသာမက ဝန်ထမ်းများပါ သောက်သုံးနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) အကျဉ်းသား အိပ်ဆောင်များအတွင်းရှိ သောက်ရေပုံးများအား အသစ်လဲပေးကာ သင့်လျော်သည့် စင်များပေါ်တွင် တင်ထားပေးပြီး သောက်ရေခွက်တစ်ခွက်စီ ထားရှိပေးသင့်ပါသည်။

(ဃ) ၄က်ပေါက်စခန်းရှိ ဝန်ထမ်းများအနေဖြင့် အစိုးရမှ သတ်မှတ်ခွင့်ပြုပေးထားသည့် နေအိမ်များတွင် နေထိုင်ခွင့်မရရှိဘဲ စခန်းအစီအစဉ်ဖြင့် ဆောက်လုပ်ထားသည့် တဲအိမ်ငယ်များတွင် နေထိုင်နေရခြင်းဖြစ်သည့်အတွက် သင့်လျော်သည့် နေအိမ်စရိတ် ထောက်ပံ့ပေးခြင်းဖြစ်စေ၊ ကောင်းမွန်သင့်လျော်သော ဝန်ထမ်းလိုင်းခန်းများ ဆောက်လုပ်ပေးခြင်းဖြစ်စေ ဆောင်ရွက်ပေးသင့်ပါသည်။

(င) ရေချိုးချိန်၊ ထမင်းစားချိန်များ လုံလောက်မှုရှိစေရေး လုပ်ငန်းခွင်မှ အချိန်မီတန်းဖြုတ်ပေးသင့်ပါသည်။

(စ) လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာ ရရှိမှုများအတွက် ရှေးဦးသူနာပြုဆေးသေတ္တာများ ထားရှိပေးခြင်းနှင့် ဒဏ်ရာကြီးမားသူများအား အကျဉ်းစခန်းရှိ ဆေးခန်းမှ ထိရောက်စွာ ဆေးကုသပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။

(ဆ) စခန်းရှိဆေးခန်းတွင် လိုအပ်သည့်ဆေးဝါးများ ထပ်မံဖြည့်ဆည်းသင့်ပြီး လုပ်ငန်းခွင်အထိပါ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဇ) မနိုင်နင်းသောဝန်များကို မထမ်းရစေရေးအတွက် သင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးသင့်ပြီး မနိုင်နင်းသူများ သို့မဟုတ် ကျန်းမာရေးကြောင့် မလုပ်ကိုင်နိုင်သူများကို ဆဲဆိုမှုများ မပြုလုပ်စေရေး ကြပ်မတ်ညွှန်ကြားသင့်ပါသည်။

(ဈ) လုပ်ငန်းခွင်အတွင်း နေပူထဲမနားရစေရန်၊ ခနိမိုး လေးတိုင်စင်တဲများ ဆောက်လုပ်ခြင်းနှင့် မြေကြီးပေါ်မအိပ်ရစေရန် သင့်တင့်လျောက်ပတ်သည့် အခင်းများပြုလုပ် ပေးသင့်ပါသည်။

(ည) အိပ်ဆောင်များတွင် အချိန်ကာလသတ်မှတ်၍ ကြမ်းပိုးသတ်ဆေးများပုံမှန် ဖျန်းပေးရန်နှင့် ဖယောင်းပုဆိုးများ ခင်းပေးရန် လိုအပ်သလို ဆောင်ရွက်သင့်ပါသည်။

(ဋ) အကျဉ်းသားများ၏ လုပ်ငန်းမှာ ပင်ပန်းကြမ်းတမ်းသဖြင့် နံနက်စာအား အစိုးရရုံးပိတ်ရက်များတွင်သာ ထမင်းကြော်ကျွေးပြီး ကျန်ရက်များ ဆန်ပြုတ်ကျွေးနေခြင်းအစား နေ့စဉ်ထမင်းကြော် ကျွေးမွေးသင့်ပါသည်။

(ဌ) ရုပ်မြင်သံကြားကြည့်ရှုခြင်းကို နေ့စဉ်အချိန်သတ်မှတ်၍ ခွင့်ပြုပေးသင့်ပါသည်။

(ဍ) အိပ်ဆောင်များ၏ အမိုးမှာနိမ့်နေသဖြင့် အကျဉ်းသား အိပ်စက်ရန် ပူလွန်းခြင်းကြောင့် အမိုးများ မြှင့်တင်နိုင်ရေး ဘတ်ဂျက်တင်ပြ တောင်းခံသင့်ပါသည်။

(ဎ) ညာဘက် လက်ချောင်း ၂ ချောင်းပြတ်ပြီး အကြောသေနေသော အကျဉ်းသားတစ်ဦး၊ ခြေပွားရှိသော အကျဉ်းသားတစ်ဦး၊ အောက်ပိုင်းချိနဲ့ရောဂါ ဖြစ်ပွားနေသော အကျဉ်းသားတစ်ဦးတို့အား ဆေးကုသပေးနိုင်ရေးအတွက် သင့်လျော်သည့် အကျဉ်းထောင်သို့ ပြန်လည်စေလွှတ်သင့်ပါသည်။

(ဏ) အကျဉ်းသားတစ်ဦး ဇနီးဖြစ်သူမှာ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် မူးယစ်ဆေးဝါးမှုဖြင့် အကျဉ်းကျခံနေရပြီး HIV ရောဂါပိုးကူးစက်နေကြောင်း ကြားသိရသဖြင့် ၎င်းအနေဖြင့်လည်း HIV ရောဂါပိုး ရှိ မရှိ စစ်ဆေးလိုကြောင်း သတင်းပို့ တင်ပြသည့်အတွက် လိုအပ်သလို ဆောင်ရွက်ပေးသင့်ပါသည်။

(တ) အကျဉ်းသားများကို စိတ်ဓာတ်တိုးတက်ပြောင်းလဲစေရေးနှင့် ဗဟုသုတရရှိစေရေးအတွက် စာကြည့်တိုက်တစ်ခု ပီပြင်စွာ ထူထောင်ပေးသင့်ပြီး လိုအပ်သည့် စာအုပ်စာတမ်းများ

ရန်ပုံငွေမှ ဝယ်ယူခွင့်ပြုခြင်းနှင့် အလှူရှင်များထံမှ အလှူခံခြင်းများ ပြုလုပ်သင့်ပါသည်။ နေ့စဉ်ထုတ် သတင်းစာနှင့် ဂျာနယ်များကိုလည်း မှာယူထားရှိ ပေးသင့်ပါသည်။

(ထ) စာအုပ်များကို အကျဉ်းသားအချင်းချင်းဖြစ်စေ၊ ဝန်ထမ်းများမှဖြစ်စေ ဖတ်ရှုရှင်းလင်း ပြသပေးသည့် စာဖတ်ဝိုင်းများ အခါအားလျော်စွာ ပြုလုပ်ပေးသင့်ပါသည်။

(ဒ) မိမိတို့ ယုံကြည်ကိုးကွယ်သည့် ဘာသာအလိုက် ဘုရားရှိခိုးဝတ်ပြုရန် အချိန်၊ နေရာ စသည်တို့ကို စီစဉ်ခွင့်ပြုပေးသင့်ပါသည်။

(ဓ) ဗုဒ္ဓဘာသာဝင်များအတွက် တရားပွဲများ၊ ဝိပဿနာတရားစခန်းများ အခါအားလျော်စွာ စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(န) တာဝန်ခံအရာရှိမှာ အကျဉ်းသားများ အခက်အခဲတင်ပြပါက အရေးယူဆောင်ရွက်ပေးကြောင်း သိရှိရသဖြင့် ဆက်လက်ထိန်းသိမ်းထားသင့်ပါသည်။

(ပ) ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သောအကျဉ်းသားများ အား ကော်မရှင် ဥပဒေပုဒ်မ ၃၈ အရ လက်တုံ့ပြန် အရေးယူမခံရစေရေးအလေးထား ဆောင်ရွက်ပေးပါရန် အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၇ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၁၆/ ကာကွယ်/ ၂၀၁၈)

၁။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အင်းသဇင်ကျေးရွာအုပ်စု၊ ကတတ်မြောင်ကျေးရွာ ဘုန်းကြီးကျောင်းတွင် ငွေကျပ် ၁၁ သိန်းခန့် ပျောက်ဆုံးခဲ့သည့်အတွက် မသင်္ကာတရားခံ ကျော်ကျော် (ခ) ကျော်ကျော်အောင်အား ဖောင်တော်သီနယ်မြေရဲစခန်းမှ သက်သေခိုင်လုံခြင်းမရှိဘဲ ညှဉ်းပန်းနှိပ်စက်၍ အတင်းအကျပ် ဝန်ခံခိုင်းခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာ ဒိုက်ဦးမြို့သို့ ၂-၄-၂၀၁၈ ရက်နေ့မှ ၃-၄-၂၀၁၈ ရက်နေ့အထိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကော်မရှင်၏ တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၂။ ကော်မရှင်၏ အကြံပြုချက်များတွင် ဖြစ်စဉ်နှင့်ပတ်သက်၍ မသင်္ကာတရားခံကို စစ်ကြောမေးမြန်းရာတွင် ရဲလက်စွဲ၊ ရဲကျင့်ဝတ်များနှင့်အညီ လူ့အခွင့်အရေး ကြေညာစာတမ်းပါအတိုင်း ကျင့်သုံးလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲသူအဆင့်ဆင့်မှ အထူးကြပ်မတ်လျက် လက်အောက်တပ်ဖွဲ့ဝင်များ နားလည်သဘောပေါက်ပြီး လိုက်နာကျင့်သုံးစေရေး ဆောင်ရွက်သင့်ကြောင်း၊ ရဲတပ်ဖွဲ့မှ ဖမ်းဆီးချုပ်နှောင်၍ တရားစွဲတင်သောအမှုများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားစွဲတင်နိုင်ရေး ဆောင်ရွက်သင့်ကြောင်း၊ ရဲစခန်းအချုပ်တွင် တရားခံအား ဖမ်းဆီးချုပ်နှောင်စဉ်တွင်လည်းကောင်း၊ စစ်ကြောမေးမြန်းရာတွင်လည်းကောင်း အခြားမသက်ဆိုင်သည့် ပြင်ပ

ပုဂ္ဂိုလ်များမှ ဝင်ရောက်စွက်ဖက် ပြောဆိုမှုသည် ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုအပေါ် အထင်အမြင် လွဲမှားမှုများဖြစ်ပေါ်စေပြီး မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်နိုင်ပါသဖြင့် တာဝန်ရှိသူအဆင့်ဆင့်မှ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သင့် ပါကြောင်း စသည့် အကြံပြုချက်များ ဖော်ပြပါရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၇ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၁၇/ ကာကွယ်/ ၂၀၁၈)

၁။ ရိုက်တာသတင်းထောက် (၂) ဦးတို့ကို အရေးယူထားသော ဖြစ်စဉ်တွင် ဒုတိယရဲမှူး မိုးရန်နိုင်နှင့် အတူ ဖမ်းဆီးအရေးယူခံရသော ရဲတပ်ကြပ်ကြီး ခင်မောင်လင်းကို ရဲတရားရုံးဖြင့် စစ်ဆေးနေသည်ဟုသာ သိရှိရပြီး မည်သည့်နေရာတွင် ချုပ်နှောင်ထားသည်ကို မသိရှိရကြောင်း အင်တာနက် လူမှုကွန်ရက် စာမျက်နှာများတွင် တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ ရဲတပ်ကြပ်ကြီး ခင်မောင်လင်းအား အရေးယူနိုင်ရေးအတွက် ဖမ်းဆီးထိန်းသိမ်း ခံထားရစဉ် ညှဉ်းပန်းနှိပ်စက်မှု မခံရစေရေး၊ ကျန်းမာရေး စောင့်ရှောက်မှု ရရှိရေး၊ မိသားစုဝင်များ၊ ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိရေးတို့ အပါအဝင် ၎င်းရပိုင်ခွင့်ရှိသော အခြေခံ လူ့အခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၁၈/ ကာကွယ်/ ၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်နေ့မှ ၁၀ ရက်နေ့ထိ ရုံးဝန်ထမ်း ၃ ဦးနှင့်အတူ ထားဝယ်အကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းများအား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခဲ့ပါသည်။

၂။ ထားဝယ်အကျဉ်းထောင်နှင့်ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) အိပ်ဆောင် ၁၊ အခန်း ၄ တွင် ဖယောင်းပုဆိုးများ စုတ်ပြဲနေသဖြင့် အသစ်လဲလှယ်ပေးသင့်ပါသည်။

(ခ) အိပ်ဆောင်များတွင် ကြမ်းပိုးများ ပေါများကြောင်း သိရှိရသဖြင့် ပိုးသတ်ဆေးများ ပုံမှန်ဖျန်းပေးသင့်ပါသည်။

(ဂ) အကျဉ်းသားများ အဝတ်စိုများလှန်းရန် အိပ်ဆောင်အလိုက် အဝတ်လှန်းစင်များ ပြုလုပ်ပေးသင့်ပါသည်။

(ဃ) အတန်းပညာဆက်လက်သင်ကြားရန် ဆန္ဒရှိသူ အကျဉ်းသား/သူများကို စိစစ်၍ သင်ကြားနိုင်ရေးအထက် အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်သင့်ပါသည်။

(င) အကျဉ်းသားများကို နေ့စဉ်ထုတ်သတင်းစာနှင့် အပတ်စဉ်ထုတ်ဂျာနယ်အချို့ကို လွယ်ကူစွာ ဖတ်ရှုနိုင်ရေးဆောင်ရွက် ပေးသင့်ပါသည်။

(စ) အိပ်ဆောင် (၁) အပေါ်ထပ်သည် မျက်နှာကြက်နှင့်ကြမ်းပြင် နီးလွန်းသောကြောင့် အကျဉ်းသားများ အပူဒဏ်ကို ခံစားနေရသဖြင့် လိုအပ်သလို ပြုပြင်နိုင်ရေး တင်ပြဆောင်ရွက်သင့်ပါသည်။

(ဆ) ထောင်ဝင်စာတွေ့ဆုံသည့် အခန်းရှိအပေါက်မှာ ကျဉ်းလွန်းပြီး တစ်ဖက်သို့ မမြင်ရသဖြင့် နည်းလမ်းရှာဖွေ ဆောင်ရွက်သင့်ပါသည်။

(ဇ) လက်ရှိတွင် ရုပ်မြင်သံကြားကို ည ၈:၄၅ အချိန်ထိအစား ည ၉:၀၀ နာရီအချိန်ထိ ကြည့်ရှုခွင့်ပေးသင့်ပါသည်။

(ဈ) အကျဉ်းသားအမှတ် ထဝ/၁၇/၀၀၂၀၅/က သူရိန်အောင်မှ အကြောတက်ရောဂါ ရှိကြောင်း တင်ပြသဖြင့် ဆေးစစ်နိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ည) အကျဉ်းသားအမှတ် ထဝ/၁၈/၀၀၁၂၇/က ဟိန်းသူစိုးမှာ အစာအိမ်ရောင်ရောဂါနှင့် အသည်းရောင်ရောဂါရှိပြီး အကျဉ်းထောင်အတွင်း ဆေးရုံတွင် ကုသရာသက်သာမှု မရှိကြောင်း သတင်းပို့သဖြင့် လိုအပ်သလို ဆောင်ရွက်ပေးသင့်ပါသည်။

(ဋ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား ကော်မရှင်ဥပဒေပုဒ်မ ၃၈ အရ လက်တုံ့ပြန်အရေးယူမခံရစေရေး အလေးထားဆောင်ရွက်ပေးပါရန်တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၁၉/ ကာကွယ်/ ၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်၊ ဒေါက်တာမြင့်ကြည်နှင့် ဒေါက်တာ ဒေါ်တင်မေထွန်းတို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ရုံးဝန်ထမ်း ၃ ဦးနှင့်အတူ အင်းစိန်ဗဟိုအကျဉ်းထောင်အား ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခဲ့ပါသည်။

၂။ အင်းစိန်ဗဟိုအကျဉ်းထောင်နှင့်ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) ဘာသာတန်းများတွင် အမှိုက်ပုံးများ ထားရှိနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) အကျဉ်းသားအမှတ် အစ/၁၆/၁၀၇၁၅/က Milen Atavasov Tasev ၏ သတင်းပို့ချက်အရ ဘူဂေးရီးယားနိုင်ငံမှ ၎င်း၏ဇနီး လာရောက်တွေ့ဆုံချိန်တွင် အခြားနိုင်ငံခြားသား အကျဉ်း

သားများနည်းတူ အချိန်ကြာကြာ တွေ့ဆုံခွင့်ရရှိနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) အကျဉ်းသားအမှတ် အစ/၁၈/၀၅၂၂/က မောင်မောင်လွင်မှာ ခြေထောက်တွင် ထည့်ထားသော စတီးချောင်းမှာ ရာသီဥတုအေးချိန်နှင့် ညအချိန်များတွင် ကိုက်ခဲနေကြောင်း သတင်းပို့ တင်ပြသဖြင့် အရိုးအထူးကုဆရာဝန်ဖြင့် ပြသပေးသင့်ပါသည်။

(ဃ) အကျဉ်းထောင် တာဝန်ခံအရာရှိသည် အကျဉ်းသားများက သတင်းပို့သည့် အခက်အခဲများကို အဆင်ပြေစေရန် ဖြေရှင်းပေးသည့်အပြင် အကျဉ်းသားအများစုမှလည်း တာဝန်ခံအရာရှိအပေါ်တွင် ယုံကြည်ကိုးစားမှုရှိသည်ဟု သိရှိရသဖြင့် အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းထားသင့်ပါသည်။

(င) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား ကော်မရှင် ဥပဒေပုဒ်မ ၃၈ အရ လက်တုံ့ပြန်အရေးယူမခံရစေရေး အလေးထားဆောင်ရွက်ပေးပါရန်တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၂၀/ ကာကွယ်/ ၂၀၁၈)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မလက်တိုကျေးရွာအုပ်စု၊ ကွင်းအမှတ် ၉၆၉ (ပ) နှင့် ၉၆၉ (ဖ) ဒေသခံလယ်သမားများ၏ လယ်မြေ ၅၅၀ ဧကကို ၁၉၉၉ ခုနှစ် ကစပါး/ငါးစီမံကိန်း အကောင်အထည်ဖော်ရန် အော့ချက်(ဒ်) ကုမ္ပဏီသို့ မြို့နယ်ဥက္ကဋ္ဌနှင့် ရ.ယ.ကဥက္ကဋ္ဌတို့မှ လွှဲပြောင်းပေးခဲ့ရာ ကုမ္ပဏီမှ လယ်မြေများသိမ်းယူခဲ့ပြီး လက်တွေ့ဆောင်ရွက်ခြင်း မရှိသဖြင့် မူလလက်ငုတ်လယ်သမားများက ဝင်ရောက်ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ကြသည်ကို ရဲတပ်ဖွဲ့မှ အကြမ်းဖက် ဖြိုခွင်းနှိမ်နင်းခဲ့ကြောင်း တိုင်တန်းချက်နှင့် စပ်လျဉ်း၍ နစ်နာမှုများကို ပြည့်စုံစွာ စိစစ်ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်မှုအခြေအနေအား ပြန်ကြားပေးပါရန် အမျိုးသား လွှတ်တော်ရုံးမှတစ်ဆင့် ကော်မရှင်သို့ အမှုလွှဲပြောင်းပေးပို့လာပါသည်။

၂။ အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ကော်မရှင်၏ ၁၀-၄-၂၀၁၈ ရက်နေ့က ပြုလုပ်သော တိုင်ကြားစာများစုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၈) ၏ ဆွေးနွေးညှိနှိုင်းချက်အရ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခြေအနေမှန်ကို သိရှိနိုင်ရန် အခင်းဖြစ်ပွားရာဒေသသို့ ၂၃-၅-၂၀၁၈ ရက်နေ့မှ ၂၄-၅-၂၀၁၈ ရက်နေ့အထိ သွားရောက်၍ မြေပြင်ကွင်းဆင်း စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး၊ အော့ချက်ဒ်ကုမ္ပဏီလုပ်ပိုင်ခွင့် ရရှိခဲ့သော လယ်မြေ ၅၅၀ ဧကနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းရှိ/မရှိပြန်လည် စိစစ်ရန်၊ ဒေသခံ တောင်သူလယ်သမားများ၏ စားဝတ်နေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရေး ညှိနှိုင်းဖြေရှင်းရန်၊ အော့ချက် (ဒ်) ကုမ္ပဏီက အခင်းဖြစ်ပွားမှုဖြစ်စဉ်နှင့် စပ်လျဉ်းပြီး တရားစွဲဆိုခဲ့သော လယ်သမားများအနက် အမှုနှင့် ပါဝင်ပတ်သက်ခြင်း မရှိသူများပါဝင်ခြင်း မဖြစ်စေရန်နှင့်

လူ့အခွင့်အရေး နစ်နာဆုံးရှုံးမှု မရှိစေရန် သုံးသပ်စိစစ်ဆောင်ရွက်ရန် စသည့်အချက်များပါဝင်သော အကြံပြုချက်များကို အမျိုးသား လွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ မေလ ၃၁ ရက်

**ဆောင်ရွက်ချက်အမှတ်စဉ် (၂၁/ ကာကွယ်/ ၂၀၁၈)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ရုံးဝန်ထမ်း ၃ ဦးနှင့်အတူ မအူပင်အကျဉ်းထောင်အား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုချက်များ ပေးပို့ခဲ့ပါသည်။

၂။ မအူပင်အကျဉ်းထောင်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) ဘာသာအားလုံးအတွက် သီးသန့်ဝတ်ပြုနိုင်ရန် အခန်းတစ်ခုစီ စီစဉ်ပေးသင့်ပါသည်။

(ခ) ART ဆေးမရရှိသေးသည့် HIV ရောဂါသည် အကျဉ်းသားတစ်ဦးအား ART ဆေးရရှိရေး အလျင်အမြန် ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) ကျောက်ကပ်ရောဂါ ခံစားနေရသော အချုပ်သားတစ်ဦးအား ကုသပေးရန်နှင့် မိသားစုမှ ရောဂါနှင့် သက်ဆိုင်သောဆေးဝါးများ လာရောက်ပေးပို့ပါကလည်း အမြန်စိစစ်၍ ခွင့်ပြုပေးသင့်ပါသည်။

(ဃ) အိပ်ဆောင်ခေါင်မိုးနှင့်ကြမ်းပြင် နီးကပ်သဖြင့် အပူဒဏ်ကို ခံစားရကြောင်း သတင်းပို့တင်ပြကြမှုများရှိသဖြင့် ပန်ကာများ တပ်ဆင်ပေးရေးသို့မဟုတ် အပူဒဏ်လျော့ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(င) မျက်စိဆရာဝန်ဖြင့် ပြသသော်လည်း သက်သာမှုမရှိသော အကျဉ်းသားနှင့် လိပ်ခေါင်းရောဂါခံစားနေရသော အကျဉ်းသားတို့အားစိစစ်ပြီး သက်ဆိုင်ရာ အထူးကုဆရာဝန်များနှင့် ပြသ၍စနစ်တကျ ကုသပေးသင့်ပါသည်။

(စ) အကျဉ်းထောင်တွင် ခြင်ကိုက်ခံရမှုများကြောင်း တင်ပြမှုများရှိသဖြင့် ရေဆိုးမြောင်းများ သန့်ရှင်းရန် ပြန်လည်စစ်ဆေးခြင်း၊ ခြင်ဆေးဖျန်းခြင်းများကို ထပ်မံဆောင်ရွက်ပေးသင့်ပါသည်။

(ဆ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား ကော်မရှင်ဥပဒေပုဒ်မ ၃၈ အရ လက်တုံ့ပြန်အရေးယူမခံရစေရေး အလေးထားဆောင်ရွက်ပေးပါရန် အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၂၂/ ကာကွယ်/ ၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှ ၇ ရက်နေ့ထိ မိတ္ထီလာအကျဉ်းထောင်၊ ရွှေမြယာစိုက်ပျိုးမွေးမြူရေးနှင့် အတတ်သင်စခန်းနှင့် ဘုရားငါးဆူကုန်ထုတ်စခန်းတို့အား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခဲ့ပါသည်။

၂။ ရွှေမြယာ စိုက်/မွေးစခန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) မိလ္လာကန်များ ပြည့်သည့်အချိန်တွင် အကျဉ်းသားများဖြင့် ခပ်ထုတ်ရသည့် စနစ်အစား Septic Tank များဖြင့် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ချိုးရေ မလုံလောက်ကြောင်း သတင်းပို့ကြသဖြင့် အဝီစိတွင်းများ ထပ်မံတူးခြင်း၊ ရေလှောင်ကန်များ တိုးချဲ့ဆောက်လုပ်ပေးခြင်း စသည်ဖြင့် ရေလုံလောက်မှု ရှိစေရေး စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) အချို့အိပ်ဆောင်များတွင် ဖယောင်းပုဆိုးစုတ်ပြဲနေကြောင်း တွေ့ရှိရသဖြင့် အသစ်လဲလှယ်ခင်းကျင်းပေးသင့်ပါသည်။

(ဃ) သောက်ရေပုံးများနှင့် ရေခွက်များ သန့်ရှင်းမှု မရှိကြောင်း တွေ့ရှိရသဖြင့် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ အသစ်လဲလှယ်ပေးခြင်းများ ပြုလုပ်ပေးသင့်ပါသည်။

(င) စခန်းရှိ အကျဉ်းသားအချို့တွင် ယားနာနှင့် ပွေး ဖြစ်ပွားနေကြသဖြင့် ယားနာဆိုင်ရာဆေးဝါးများ ဖြည့်ဆည်းပေးသင့်ပါသည်။

(စ) ထောင်ဝင်စာ လာရောက်တွေ့ဆုံသူ မိသားစုများအပေါ် ဝန်ထမ်းများမှ လူမှုရေးအရအမြတ်ထုတ်မှု မရှိစေရေး တာဝန်ရှိသူများမှ အထူး ကြပ်မတ်သင့်ပါသည်။

(ဆ) အကျဉ်းသားများ၏ လက်သည်းညှပ်များကို လုံခြုံရေးအရ သိမ်းဆည်းထားသဖြင့် လက်သည်းညှပ်ချိန်များတွင် ခိုးဝှက်သိမ်းဆည်းထားသော ဘလိတ်ဓါးဖြင့် လှီးဖြတ်နေရသောကြောင့် လက်သည်းညှပ်ချိန်ပေး၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်စေသင့်ပါသည်။

(ဇ) အကျဉ်းသားများ အသုံးပြုနေသော စောင်၊ အိပ်ရာခင်းများမှာ အနံ့အသက် မကောင်းသဖြင့် အပတ်စဉ် အလှည့်ကျ လျှော်ဖွတ်နိုင်ရေး စီစဉ် ခွင့်ပြုပေးသင့်ပါသည်။

(ဈ) ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား လက်တုံ့ပြန်မှုမခံရစေရေး၊ ညှဉ်းပန်းနှိပ်စက်မှု မခံရစေရေးအတွက် ကော်မရှင်ဥပဒေ ပုဒ်မ ၃၈ နှင့်အညီ အလေးထားဂရုပြု ဆောင်ရွက်ပေးပါရန် အကြံပြုအပ်ပါသည်။

၃။ ဘုရားငါးဆူကုန်ထုတ်စခန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) လုပ်ငန်းခွင်သို့ သွားရောက်ရာ၌ အကျဉ်းသားများကို ဝါးကပ်များ ကာရံထားသည့် ဘောင်အတွင်းထည့်၍ သွားရောက်စေခြင်းအစား အခြားသင့်တော်မည့် လုံခြုံရေး အစီအမံကို သုံးသင့်ပါသည်။

(ခ) အိပ်ဆောင်များတွင် အကျဉ်းသားများ နံနက်မျက်နှာသစ်ရန်အတွက် ရေကန်ငယ် ဆောက်လုပ်ခြင်း သို့မဟုတ် ပလတ်စတစ်ပုံးများ ထားရှိပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) မိလ္လာများ အနံ့ထွက်နေသဖြင့် ပြုပြင်နိုင်ရေး အလျင်အမြန် ဆောင်ရွက်သင့်ပါသည်။

(ဃ) အိပ်ဆောင်များတွင် ကြမ်းပိုးကိုက်နေကြောင်း သိရသဖြင့် ပိုးသတ်ဆေးများ ဖျန်းပေးသင့်သည့်အပြင် ဖယောင်းပုဆိုးများ အသစ်လဲလှယ်ပေးသင့်ပါသည်။

(င) အောက်ပါအကျဉ်းသားများအား အကျဉ်းထောင်သို့ ပြန်ပို့ပြီး စစ်ဆေးကုသနိုင်ရေး တင်ပြဆောင်ရွက်သင့်ပါသည်-

- အကျဉ်းသားတစ်ဦးမှာ ယခင် ဆေးစစ်စဉ်က HIV ရောဂါပိုးရှိကြောင်း ၎င်း၏ တင်ပြချက်အရ သိရှိခဲ့ရပြီး စစ်ဆေးစဉ် ရေယုန်နာများပေါက်နေသည်ကို တွေ့ရှိ ရခြင်း၊
- အကျဉ်းသားတစ်ဦးမှာလည်း မိမိကိုယ်မိမိ HIV ရောဂါပိုးရှိသည်ဟု သံသယရှိနေခြင်း၊
- အကျဉ်းသားတစ်ဦး၏ ဇနီးဖြစ်သူမှာ HIV ရောဂါပိုးဖြင့် ကွယ်လွန်သွားရာ ၎င်းအနေဖြင့် HIV ရောဂါပိုးရှိသည်ဟု သံသယရှိခြင်း။

(စ) အကျဉ်းသားများ အသုံးပြုနေသော စောင်၊ အိပ်ရာခင်းများကို အခါအားလျော်စွာ အလှည့်ကျ လျှော်ဖွပ်ခွင့်ပေးသင့်ပါသည်။

(ဆ) ကျန်းမာရေးမှူးမှ အကျဉ်းသားများ ရောဂါဝေဒနာဖြစ်ကြောင်း တင်ပြပါက စနစ်တကျ အချိန်နှင့်တပြေးညီကုသမှု ပေးသင့်ပါသည်။

(ဇ) အကျဉ်းသားတစ်ဦးမှာ အူကျ၍ ဆီးခုံခွဲခဲ့ရသူ ဖြစ်ခြင်း၊ အကျဉ်းသားတစ်ဦးမှာ အူကျရောဂါရှိခြင်း၊ အကျဉ်းသားတစ်ဦးမှာ ဆီးသွားလျှင် သွေးရောင်များဖြစ်နေပြီး စီပိုးရှိနေသည်ဟု တင်ပြခြင်း၊ အကျဉ်းသားတစ်ဦးမှာ ခြေထောက်များ ဖောရောင်ခြင်း မျက်နှာများ ရောင်ကိုင်းခြင်း၊ နားကောင်းစွာ မကြားရခြင်း၊ အကျဉ်းသားတစ်ဦးမှာ ဗိုက်ခွဲဒဏ်ရာနှင့် အကျဉ်းသားတစ်ဦးမှာ ဆီးချို၊ သွေးချိုရှိနေသဖြင့် သင့်လျော်ရာ အကျဉ်းထောင်တစ်ခုခုသို့ ပြန်လိုကြောင်း ဆန္ဒရှိသဖြင့် ပြန်ပို့နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဈ) ရာသီဥတုအရ အနွေးထည် လိုအပ်ပါက အရပ်ဝတ်များ သုံးစွဲခွင့် ပြုပေးသင့်ပါသည်။

(ည) နားချိန်များတွင် အကျဉ်းသားများကို အားကစား ပြုလုပ်ခွင့် ပေးသင့်ပါသည်။

(ဋ) လုပ်ငန်းခွင်တွင် အကျဉ်းသားများ နားနေရန် တဲနှင့်မိလ္လာများ ဆောက်လုပ်ပေးသင့်ပါသည်။

(ဌ) ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား လက်တုံ့ပြန်မှုမခံရစေရေး၊ ညှဉ်းပန်းနှိပ်စက်မှု မခံရစေရေးအတွက်ကော်မရှင် ဥပဒေပုဒ်မ ၃၈ နှင့်အညီ အလေးထားဂရုပြု ဆောင်ရွက်ပေးပါရန် အကြံပြုအပ်ပါသည်။

၄။ မိတ္ထီလာအကျဉ်းထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) မိခင်အကျဉ်းသူနှင့်အတူ ပါရှိလာသော ၂ နှစ်အောက် ကလေးငယ်အား ဖြည့်စွက်စာနှင့် ကလေးအသုံးအဆောင်များ ဖြည့်ဆည်းပေးသင့်ပါသည်။

(ခ) စာကြည့်တိုက်တွင် ဗဟုသုတ ရရှိစေပြီး စိတ်ကို ပြောင်းလဲစေမည့် စာအုပ်၊ စာပေ၊ စာစောင်များ ထပ်မံ ဖြည့်ဆည်းထားသင့်ပါသည်။

(ဂ) အကျဉ်းသားများ စည်းကမ်းဖောက်ဖျက်ပါက အပြစ်ပေးရာတွင် ညှဉ်းပန်း နှိပ်စက် သည့် အသွင်မဖြစ်စေရန်နှင့် ဥပဒေနှင့်အညီသာ အပြစ်ပေးသင့်ပါသည်။

(ဃ) အကျဉ်းသားတစ်ဦးမှာ အမောဖောက် ရောဂါရှိခြင်းကြောင့် ပြင်ပဆေးရုံတွင် စစ်ဆေးကုသ လိုကြောင်း သတင်းပို့ တင်ပြသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးသင့်ပါ သည်။

(င) အခန်းလူကြီး၊ တန်းစီး၊ စည်းကမ်းထိန်း၊ အိပ်ဆောင်မှူးစသည့် အကျဉ်းသားတာဝန်ကျများ ကို အကျဉ်းသားအချင်းချင်း အုပ်ချုပ်စေရာတွင် လိုအပ်သည်ထက် ပိုမို၍ အခွင့်အာဏာ သုံးခြင်း၊ ရိုက်နှက်ညှဉ်းပန်းခြင်းများ မဖြစ်စေရေး ဂရုပြုကြပ်မတ်သင့်ပါသည်။

(စ) အကျဉ်းသားများအား ဝိုင်းခြင်းအပြင် အခြားအားကစားနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့် ခန်းများ ပြုလုပ်ခွင့်ပေးသင့်ပါသည်။

(ဆ) ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား လက်တုံ့ ပြန်မှုမခံရစေရေး၊ ညှဉ်းပန်းနှိပ်စက်မှု မခံရစေရေးအတွက် ကော်မရှင် ဥပဒေပုဒ်မ ၃၈ နှင့် အညီ အလေးထားဂရုပြု ဆောင်ရွက်ပေးပါရန် အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၂၃ /ကာကွယ်/၂၀၁၈)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တာမွေအဝိုင်းအနီးတွင် ၁၂-၅-၂၀၁၈ ရက်နေ့၊ ညနေ၌ စစ်ပွဲများရပ်တန့်ရေးအတွက် ဆန္ဒဖော်ထုတ်သူများကို ရဲတပ်ဖွဲ့မှ တားဆီးရာတွင် အရပ်ဝတ်အချို့က ဆန္ဒ ဖော်ထုတ်သူများကို ချုပ်နှောင်ဖမ်းဆီးပေးခဲ့ခြင်း၊ သတင်းရယူနေသော မီဒီယာသမားများကို ခြိမ်းခြောက်မှု များ ပြုလုပ်ခဲ့ခြင်းများနှင့် ပတ်သက်၍ တိုင်တန်းမှုများရှိလာသဖြင့် ကော်မရှင် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တိုင်တန်းသူများက တင်ပြထားသည့် ဗီဒီယိုရုပ်သံနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာခြင်း၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်တန်းသူများနှင့် တရားဝင် တာဝန်ပေးအပ်ထားခြင်းမရှိဘဲ ဝိုင်းဝန်းချုပ်နှောင် ဖမ်းဆီးပေးခဲ့သည်ဟု စွပ်စွဲခံရသူများအနက်မှ အချို့ကို ခေါ်ယူတွေ့ဆုံပြီး လိုအပ်သည်များ စုံစမ်းမေးမြန်းခဲ့ပါသည်။

၂။ စုံစမ်းမေးမြန်းချက်များအရ ဤဖြစ်စဉ်တွင် ဆန္ဒဖော်ထုတ်သူများသည် ငြိမ်းစုစီးဥပဒေနှင့် အညီ အသိပေးသော်လည်း ဒေသန္တရအမိန့်အရ ခွင့်ပြုနိုင်ခြင်းမရှိပါက မည်သည့်အတွက် ခွင့်မပြုနိုင်ကြောင်းကို တာဝန်ရှိသူများက ကြိုတင်တွေ့ဆုံ ညှိနှိုင်းခြင်း၊ ရှင်းလင်းအသိပေးခြင်း၊ နှစ်ဦးနှစ်ဖက် နားလည်မှုရယူ

ခြင်းများကို ဆောင်ရွက်ခြင်း မပြုခဲ့သည်ကို တွေ့ရှိရသကဲ့သို့ ငြိမ်းစုစီ ဥပဒေနှင့်အညီ ခွင့်ပြုချက် တောင်းခံခြင်းမရှိဘဲ တန်ပြန်ဆန္ဒပြမည့် ဆန့်ကျင်ဘက် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများကိုလည်း ထိုသို့ ပြုလုပ်မည်ကို သတင်းရရှိပါလျက် တာဝန်ရှိသူများက ကြိုတင်ဆွေးနွေး ညှိနှိုင်းတားဆီးခြင်း မပြုခဲ့ခြင်းကြောင့် ယခုကဲ့သို့ မလိုလားအပ်သော ပြဿနာများ ဖြစ်ခဲ့ရကြောင်း တွေ့ရှိရပါသည်။

၃။ ယခုဖြစ်စဉ်တွင် ခွင့်ပြုချက်မရရှိဘဲ စစ်ပွဲများရပ်တန့်ရေး ဆန္ဒဖော်ထုတ်သူများကို ၁၃-၅-၂၀၁၈ ရက်နေ့က ငြိမ်းစုစီဥပဒေပုဒ်မ ၂၀ ဖြင့် အမှုဖွင့် အရေးယူထားသကဲ့သို့ တရားဝင် တာဝန်ပေးအပ်မှုမရှိဘဲ တန်ပြန်ဆန္ဒပြသူများ၊ အရပ်ဝတ်ဖြင့် ဝင်ရောက်စွက်ဖက် ဖမ်းဆီးခဲ့သူများအနက် ၈ ဦးကို ၂၈-၅-၂၀၁၈ ရက်နေ့တွင် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့ပြီး ဗဟန်းမြို့နယ်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၂ နှင့်အညီ ချမှတ်ခဲ့သော အမိန့်အရ ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၄။ သတင်းရယူသည့် သတင်းမီဒီယာသမားများအနေဖြင့်လည်း သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး၊ သတင်းမီဒီယာသမားအဖြစ် သိသာထင်ရှားစေသော အမှတ်အသားများကို အသုံးပြု၍ သတင်းရယူရေး ဆောင်ရွက်သင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၂၄/ကာကွယ်/၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့ထိ မိုးညှင်း၊ မြစ်ကြီးနားအကျဉ်းထောင်များ၊ ရဲစခန်းအချုပ်ခန်းများကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခဲ့ပါသည်။

၂။ မိုးညှင်းအကျဉ်းထောင်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) ART ဆေး မရရှိသေးသော အချုပ်သား ၂၃ ဦးနှင့် အကျဉ်းသား ၃ ဦးတို့အတွက် အလျင်အမြန် ရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) HIV ရောဂါပိုးရှိသူ အကျဉ်းသားများအား အင်အားဖြည့် အစားအစာများ ကျွေးမွေးနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) HIV ရောဂါသည် အကျဉ်းသားအများစုသည် စိတ်ဓာတ်ကျ ရောဂါများ ခံစားနေရကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စိတ်ကျန်းမာရေး အထူးကုဆရာဝန်အား ပင့်ဖိတ်၍ ကြည့်ရှုကုသနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဃ) ကွပ်ပျစ်များတွင် ကြမ်းပိုးကိုက်ကြောင်း သတင်းပို့တင်ပြကြသဖြင့် ပိုးသတ်ဆေးဖျန်းခြင်းနှင့် ကွပ်ပျစ်များကို သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်သင့်ပါသည်။

(င) ဆေးရုံဆောင်အပေါ်ထပ်တွင် အမိုးသွပ်အပေါက်များမှ မိုးယိုနေခြင်းကို ဖာထေးလဲလှယ်ပေးသင့်ပါသည်။

(စ) လျှပ်စစ်မီးချောင်း မရှိသော အိပ်ဆောင်အချို့တွင် မီးချောင်းများ တပ်ဆင်ပေးသင့်ပါသည်။

၃။ မြစ်ကြီးနားအကျဉ်းထောင်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည် -

(က) အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသော ဘွဲ့ရအကျဉ်းသား/သူများဖြင့် စာမတတ်မြောက်သူများကို ပြန်လည် သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ခ) အမျိုးသမီးတိုးချဲ့ဆောင်တွင် မိုးယိုနေကြောင်း တွေ့ရှိရသဖြင့် ပြုပြင်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဂ) အကျဉ်းသားများအား စာဖတ်စေခြင်း၊ စာမဖတ်တတ်သူ၊ စာမဖတ်လိုသူများအတွက် ဖတ်တတ်သူ အကျဉ်းသားများက ဖတ်ရှုပြစေခြင်း၊ ဝန်ထမ်းများက ဖတ်ရှုရှင်းလင်းပြခြင်း၊ အချင်းချင်း အတွေ့အကြုံများအား ပြန်လည်ဝေမျှ ဟောပြောသည့်စနစ် ပြုလုပ်စေခြင်းတို့ဖြင့် အကျဉ်းသားများ၏ စိတ်နှုးညံ့စေရေး တိုးတက်ပြောင်းလဲစေရေးများ ဆောင်ရွက်သင့်ပါသည်။

(ဃ) အိပ်ဆောင်များအတွင်း အကျဉ်းသားများ အိပ်စက်ရန် ကွပ်ပျစ်များ ခင်းထားပေးသော်လည်း သမံတလင်းပေါ်တွင် အိပ်စက်နေရသော အကျဉ်းသားအချို့ ရှိနေဆဲဖြစ်သဖြင့် လိုအပ်သလို ဆောင်ရွက်ပေးသင့်ပါသည်။

၄။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား လက်တုံ့ပြန်မှုမခံရစေရေး၊ ညှဉ်းပန်းနှိပ်စက်မှု မခံရစေရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၃၈ နှင့်အညီ အလေးထား ဂရုပြုဆောင်ရွက်ပေးပါရန် အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၉ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၂၅/ ကာကွယ်/ ၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ပါဝင်သည့်ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှ ၁၃ ရက်နေ့ထိ ပခုက္ကူအကျဉ်းထောင်၊ မန္တလေးဗဟိုအကျဉ်းထောင်၊ ကုန်ထုတ်စခန်းများနှင့် ရဲစခန်းအချုပ်ခန်းများ ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ အကြံပြုခဲ့ပါသည်။

၂။ ပခုက္ကူအကျဉ်းထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) အသက် ၁၈ နှစ်မှ ၂၀ နှစ်အရွယ် အကျဉ်းသား/သူ ၂၁ ဦးနှင့် အချုပ်သား/သူ ၂၅ ဦး ရှိကြောင်း တွေ့ရှိရသဖြင့် လူငယ်များကို စိတ်ဓာတ် တိုးတက်ပြောင်းလဲစေမည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသင့်ပါသည်။

(ခ) အချုပ်သား/သူများထဲတွင် HIV ရောဂါပိုးရှိသူများရှိကြောင်း သတင်းပို့ တင်ပြကြသဖြင့် သွေးဖောက်စစ်ဆေးနိုင်ရေး၊ ART ဆေးရရှိရေးနှင့် လိုအပ်သော ကုသမှု ရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) အကျဉ်းထောင်ရှိ ဝန်ထမ်းလိုင်းခန်းအချို့မှာ ခိုင်ခံ့မှုမရှိတော့သည့်အပြင် ဟောင်းနွမ်းဆွေးမြေ့နေကြောင်း တွေ့ရှိရပြီး ဝန်ထမ်းအင်အားနှင့် ဝန်ထမ်းလိုင်းခန်းမှာ မျှတမှု မရှိသဖြင့် တိုးချဲ့တည်ဆောက်ပေးသင့်ပါသည်။

(ဃ) အချို့အိပ်ဆောင်များရှိ ညမိလ္လာများမှာ သန့်ရှင်းမှု မရှိသည့်အပြင် အနံ့အသက်များထွက်နေသဖြင့် သန့်ရှင်းရေး ဆောင်ရွက်သင့်ပါသည်။

(င) အိပ်ဆောင်အချို့တွင် ကြမ်းပိုးကိုက်ကြောင်း သတင်းပို့ တင်ပြကြသဖြင့် ကြမ်းပိုးသတ်ဆေးများ ဖျန်းနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(စ) မျက်လုံးခွဲစိတ်ထားသော အကျဉ်းသား ဦးအောင်ကြည် (အသက် ၇၄ နှစ်) မှာ မျက်မှန်ကျိုးနေကြောင်း သတင်းပို့ တင်ပြသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးသင့်ပါသည်။

၃။ ဘဲလင်း (၁) ကုန်ထုတ်စခန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်–

(က) စခန်းတွင် စာမတတ်မြောက်သူ ၁၂.၈ %၊ ရေး/ဖတ်သာ တတ်မြောက်သူ ၅.၆၇ % နှင့် မူလတန်းပညာ တတ်မြောက်သူ ၃၂.၈၃% ရှိကြောင်း တွေ့ရှိရသဖြင့် အကျဉ်းသားလုပ်အားရှင်များအား စာပေတတ်မြောက်ရေးအတွက် လိုအပ်သလို ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) လုပ်ငန်းခွင်တွင် အကျဉ်းသားလုပ်အားရှင်များ နားနေရန်အတွက် အရိပ်ရတဲများ ပိုမိုတိုးချဲ့ဆောက်လုပ်ပေးသင့်ပါသည်။

(ဂ) နေ့စဉ် ကျွေးမွေးနေသော ထမင်း၊ ဟင်းများကို ပုံမှန်ကောင်းမွန်မှု ရှိရေးအတွက် တာဝန်ရှိသူများမှ ကြီးကြပ်သင့်ပါသည်။

(ဃ) လုပ်ငန်းများ ခိုင်းစေရာတွင် သတ်မှတ်လုပ်ငန်းချိန်ထက် ပိုမိုခိုင်းစေခြင်း မဖြစ်စေရေးတာဝန်ရှိသူများမှ ကြပ်မတ်သင့်ပါသည်။

(င) အကျဉ်းသားအမှတ်၊ မတလ/၁၆/၀၃၀၆၈/က ရဲဝင်းအောင်မှာ ဘယ်ဘက်နံရိုးများ အောင့်၍တစ်ခါတစ်ရံ ချောင်းဆိုးလျှင် သွေးပါကြောင်း တင်ပြသဖြင့် ဆေးဝါးကုသမှုပေးနိုင်ရေးနှင့်မန္တလေးအကျဉ်းထောင်သို့ ပြန်လည်ပို့ဆောင်နိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(စ) အကျဉ်းသားအမှတ်၊ မတလ/၁၆/၀၁၈၉၉/က သိန်းသန်းဌေးမှာ မိသားစုနှင့်နီးရာ မန္တလေးဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့လိုကြောင်း သတင်းပို့တင်ပြသဖြင့် လိုအပ်သလိုဆောင်ရွက်ပေးသင့်ပါသည်။

(ဆ) အကျဉ်းသားအမှတ်၊ မတလ/၁၇/၀၄၂၈၀/က စိုးစံမှာ ဗိုက်အောင့်ရောဂါဖြစ်နေသဖြင့် လိုအပ်သလို ကုသနိုင်ရေးနှင့် ဗမ/၁၇/၀၀၄၈၈/က ဇော်မျိုးထွေးမှာ သွေးစစ်ဆေးရာ “ဘီ” ပိုးရောဂါရှိကြောင်း သတင်းပို့တင်ပြသဖြင့် အကျဉ်းထောင်တစ်ခုသို့ ပြန်လည်ပို့ဆောင်၍ ကုသပေးသင့်ပါသည်။

၄။ ဘဲလင်း (၂) ကုန်ထုတ်စခန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) အကျဉ်းသားအမှတ်၊ မခ/၁၃/၀၀၃၄၅/က ဘူးမနားမှာ လုပ်ငန်းခွင်တွင် လက်ကျိုးခဲ့ရကြောင်း နှင့် လွတ်မြောက်ချိန်တွင် ထောက်ပံ့မှု ရရှိလိုကြောင်းတင်ပြသဖြင့် လိုအပ်သလိုဆောင်ရွက် ပေးသင့်ပါသည်။

(ခ) နေ့စဉ်ကျွေးမွေးလျက်ရှိသော ထမင်း၊ ဟင်းများကို လက်ရှိထက် ပိုမိုကောင်းမွန်ရေး တာဝန် ရှိသူများမှ ကြပ်မတ်သင့်ပါသည်။

(ဂ) အကျဉ်းသားအမှတ်၊ မခ/၁၃/၀၀၁၂၆/က ထန်းဘူနိန်မှာ ပြစ်ဒဏ်ကျခံရချိန်မှစ၍ မိသားစု နှင့် အဆက်အသွယ် မရရှိသေးကြောင်း သတင်းပို့တင်ပြသဖြင့် လိုအပ်သလို ဆောင်ရွက် ပေးသင့်ပါသည်။

(ဃ) လုပ်ငန်းခွင် တက်/ဆင်းချိန်များ သတ်မှတ်ထားသည့်အတိုင်း ဖြစ်နိုင်ရန် တာဝန်ရှိသူများမှ ဆောင်ရွက်နိုင်ရေး ကြပ်မတ်သင့်ပါသည်။

(င) အကျဉ်းသားအများစု ဆန္ဒအရ ဘာသာအလိုက် သံဃာတော်နှင့် တရားဟောဆရာများ အပတ်စဉ် ဖိတ်ကြား၍ တရားနာယူနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

၅။ မန္တလေးဗဟိုအကျဉ်းထောင်နှင့်ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) လူငယ်ဆောင်ရှိ လူငယ်အကျဉ်းသားများကို ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) အကျဉ်းသားအမှတ်၊ မတလ/၁၆/၀၀၃၂၂/က ကိုထွန်းဝင်းမှာ မျက်လုံးကောင်းမွန်စွာ မမြင် ရသည့်အပြင် အောက်ပိုင်းမသန်သည့် ရောဂါဖြစ်နေသောကြောင့် ပြင်ပအထူးကုဖြင့် ပြသ လိုကြောင်း သတင်းပို့တင်ပြသဖြင့် ကုသနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) သီးသန့်ဆောင် ၉ တွင် မီးပျက်ချိန်များ၌ အပေါ့အလေးသွားရန် အဆင်မပြေသောကြောင့် အိပ်ဆောင်အားလုံး အရေးပေါ်မီးအလင်းရောင် (Emergency light) များ တပ်ဆင်ပေးသင့် ပါသည်။

(ဃ) ကင်းသာ (၂) ကုန်ထုတ်စခန်းမှ မျက်လုံးတိမ်စွဲရောဂါဖြင့် ပြန်လာခဲ့သော အကျဉ်းသား အမှတ်၊ မတလ/၁၃/၀၃၄၈၆/က ဦးဌေးမြင့်ကို မျက်စိအထူးကုဖြင့် ပြသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသင့်ပါသည်။

(င) အမျိုးသားအိပ်ဆောင် (၁) ၏ ကွန်ကရစ်တိုင်များမှာ ခိုင်ခံ့မှုမရှိကြောင်း သတင်းပို့တင်ပြကြ သဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်သူများဖြင့် စစ်ဆေးနိုင်ရေး စီစဉ်သင့်ပါသည်။

(စ) မိလ္လာများကို အကျဉ်းသားများဖြင့် သယ်ယူ၍ ကန်စွန်းခင်းအတွင်း သွန်ခြင်းကို အခြား နည်းဖြင့် ဆောင်ရွက်နိုင်ရေး စဉ်းစားသင့်ပါသည်။

(ဆ) အမျိုးသားအိပ်ဆောင် အမှတ် (၅) တွင် မိလ္လာနှင့် အကျဉ်းသားအချိုး မျှတမှု မရှိသဖြင့် တိုးချဲ့ဆောက်လုပ်ပေးသင့်ပါသည်။

(ဇ) သူနာပြုအကူအဖြစ် အကျဉ်းသားအချို့ကို တာဝန်ပေးရာတွင် ရောဂါအခံ ကင်းသူများကို အဓိကထား၍ တာဝန်ပေးစေခိုင်းသင့်ပါသည်။

(ဈ) အကျဉ်းသားအမှတ်၊ မတလ/၁၅/ဂ၃၁ဂ၇/က ရဲမင်းနိုင်မှာ ပြစ်ဒဏ်ကျခံချိန်မှစ၍ မိသားစု နှင့် အဆက်အသွယ်မရကြောင်း သတင်းပို့သဖြင့် လိုအပ်သလို ကူညီဆောင်ရွက်ပေးသင့် ပါသည်။

၆။ ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား လက် တုံ့ပြန်မှုမခံရစေရေး၊ ညှဉ်းပန်းနှိပ်စက်မှု မခံရစေရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၃၈ နှင့်အညီ အလေး ထားဂရုပြု ဆောင်ရွက်ပေးပါရန် စစ်ဆေးခဲ့သော အကျဉ်းထောင်၊ ကုန်ထုတ်စခန်းများကို အကြံပြုခဲ့ ပါသည်။

၇။ မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများသည် အကျဉ်းသားများအား ထိန်းသိမ်း ရာတွင် ယေဘုယျအားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ မတွေ့ရှိရဘဲ ပြုပြင်၍ရနိုင်သည့် လိုအပ်ချက်အချို့ ကိုသာ တွေ့ရှိရပါသည်။ ဝန်ထမ်းများနှင့် အကျဉ်းသား/သူများကို အုပ်ချုပ်မှုအရလည်းကောင်း၊ စည်းကမ်း အရလည်းကောင်း တာဝန်ခံအရာရှိအနေဖြင့် ကောင်းမွန်နိုင်နင်းစွာ အုပ်ချုပ်နိုင်သည့်အပြင် အကျဉ်းသား များကို အသက်မွေးဝမ်းကျောင်းပညာ၊ အတန်းပညာများ သင်ကြားပေးမှုများကိုလည်း အားရစွာ တွေ့ရှိရ ပါသည်။ ထို့ပြင် စားသောက်ရေးတွင်လည်း အားနည်းချက် အနည်းဆုံး ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရ ပါသည်။

၈။ ထုံးဘို (၁) ကုန်ထုတ်စခန်း၊ ထုံးဘို (၂) ကုန်ထုတ်စခန်းနှင့် ထုံးဘို (မ) ကုန်ထုတ်စခန်းများကို လုပ်ငန်းခွင်များအား ရှောင်တခင် ဝင်ရောက်ကြည့်ရှုခဲ့ရာ တွေ့ရှိချက်များအရ အောက်ပါ အချက်များကို အကြံပြုခဲ့ပါသည်-

(က) ကုန်ထုတ်စခန်းများတွင် လုပ်အားရှင်များ နားနေရန်အတွက် ယာယီ အဆောက်အဦများ လုံလောက်မှုမရှိသည်ကို တွေ့ရသဖြင့် ထန်းလက်တဲ ကဲ့သို့သော ယာယီတဲများ လိုအပ် သလို ဆောက်လုပ်ပေးသင့်ပါသည်။

(ခ) သောက်ရေများကို ပလတ်စတစ် ရေသန့်ဘူးကြီးများဖြင့် ထည့်ပြီး နေပူသဖြင့် ရေပူများ သောက်နေရခြင်းသည် ကြာရှည်ထားရှိပါက ကျန်းမာရေးထိခိုက်စေနိုင်သဖြင့် ပလတ်စတစ် ရေဘူးများအစား မြေသောက်ရေအိုးများဖြင့် ထည့်ပြီး အရိပ်ရနေရာများတွင် ထားရှိပေး သင့်ပါသည်။

(ဂ) အကျဉ်းသူ လုပ်အားရှင်များ သယ်ယူရသည့် တာယာကျောက်ပုံးများမှာ အမျိုးသမီးတစ်ဦး အနေဖြင့် ရေရှည်သယ်မပါက မနိုင်နင်းနိုင်သဖြင့် သင့်တင့်သော အလေးချိန်ရှိ ကျောက်ခဲများ ကိုသာထည့်ရန် တာဝန်ရှိသူများမှ စစ်ဆေးကြပ်မတ်သင့်ပါကြောင်း အကြံပြုအပ်သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၂၆/ ကာကွယ်/ ၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်၊ အတွင်းရေးမှူး (ခေတ္တညွှန်ကြားရေးမှူးချုပ်) ဦးဘုန်းကြွယ်တို့ ဦးဆောင်သော ကွင်းဆင်းစုံစမ်းစစ်ဆေး ရေးအဖွဲ့သည် ၂၃-၇-၂၀၁၈ ရက်နေ့မှ ၂၄-၇-၂၀၁၈ ရက်နေ့အထိ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ ညောင်တစ်ပင်ကျေးရွာနေ ကိုဇော်မင်းထွန်းအား ငါးဖမ်းပိုက်ပျောက်ဆုံးမှုအတွက် ဒေးဒရဲ မြို့မရဲစခန်းက ခေါ်ယူစစ်ဆေးစဉ် သေဆုံးခဲ့မှုနှင့်ပတ်သက်ပြီး အစ်မဖြစ်သူ၏တိုင်တန်းချက်အရ ဒေးဒရဲမြို့ သို့ သွားရောက်စစ်ဆေးခဲ့ပါသည်။

၂။ ကော်မရှင်ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် တိုင်တန်းသူ (သေဆုံးသူ၏အစ်မ)၊ သေဆုံးသူ၏ ဇနီးနှင့် မြို့နယ်ဆရာဝန်ကြီးအပါအဝင် အခြားသက်သေများ၊ ဒေးဒရဲမြို့မရဲစခန်းမှ တာဝန်ရှိ ရဲအရာရှိများ နှင့် တပ်ဖွဲ့ဝင်များ၊ စုစုပေါင်း ၁၆ ဦးကို စစ်ဆေးခဲ့ပြီး၊ ကော်မရှင်စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များ ပါဝင်သော အစီရင်ခံစာကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။

၃။ သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့သည့် ကော်မရှင်၏ အကြံပြုချက်များတွင် ဖြစ်စဉ်နှင့် ပတ်သက် ၍ မသင်္ကာတရားခံကို ရဲစခန်း၌ဖမ်းဆီးချုပ်နှောင် စစ်ကြောမေးမြန်းချိန်တွင် သေဆုံးသွားသဖြင့် အဓိက စစ်ဆေးခဲ့သူ ဒုရဲအုပ်ကျော်ဌေးလွင်နှင့် ကိုယ်တိုင်ပါဝင်ပတ်သက်သူ ရဲတပ်ဖွဲ့ဝင်များကို ထိရောက်စွာ အရေးယူရန်၊ ရဲစခန်းတွင် အဓိကတာဝန်ရှိသော မြို့မစခန်းမှူးသည် အရက်ကို စွဲလမ်းစွာ သောက်သုံးသူ တစ်ဦးဖြစ်ပြီး လက်ရှိအခြေအနေတွင် ကွပ်ကဲမှုတာဝန်ပေးအပ်ရန် မသင့်လျော်သဖြင့်လည်းကောင်း၊ ဖြစ်စဉ် နှင့်ပတ်သက်၍ တာဝန်ရှိသဖြင့်လည်းကောင်း၊ အမြန်ဆုံးထိရောက်စွာ အရေးယူရန်၊ ကျန်ရဲတပ်ဖွဲ့ဝင် အားလုံး စိတ်ဓာတ်ပျက်ပြားခြင်း မရှိစေရေးအတွက် စုပေါင်းအရေးယူခြင်းကို သတိပြုဆောင်ရွက်ရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်း ရဲစခန်းတွင် တရားခံသေဆုံး/ဒဏ်ရာရမှုဖြစ်စဉ်များ မကြာခဏ ဖြစ်ပွားနေ သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အနေဖြင့် ဖြစ်စဉ်များကို ပြန်လည်သုံးသပ်ပြီး ပြည်သူ ယုံကြည်ကိုးစား မှု ပိုမိုရရှိစေရေးအတွက် ရဲလုပ်ငန်းစဉ်နှင့်အညီ စနစ်တကျ ဆောင်ရွက်စေရေးအတွက် ကွပ်ကဲကြပ်မတ်မှု အဆင့်ဆင့်ကို တိုးမြှင့်ဆောင်ရွက်သင့်ကြောင်း စသည့် အကြံပြုချက်များ ဖော်ပြပါရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၂၇/ ကာကွယ်/ ၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့ထိ ရုံးဝန်ထမ်း ၄ ဦးနှင့်အတူ ဖျာပုံအကျဉ်းထောင်၊ ဆားမလောက် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင် စခန်းများအား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခဲ့ပါသည်။

၂။ ဆားမလောက်စိုက်/မွေးစခန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) အိပ်ဆောင်များရှိ ကွပ်ပျစ်များမှာ ပျက်စီးပြီး ကျွံကျနေကြောင်း တွေ့ရှိရသဖြင့် ပြုပြင်ပေးသင့်ပါသည်။

(ခ) စခန်းရှိမိလ္လာများမှာ သန့်ရှင်းမှု မရှိ၍ သန့်ရှင်းရေး ဆောင်ရွက်သင့်သည့် အပြင် စခန်းတွင် နေ့/ညမိလ္လာ ၂ လုံး၊ လုပ်ငန်းခွင်တွင် ၄ လုံးသာရှိသဖြင့် ထပ်မံ တည်ဆောက်ပေးသင့်ပါသည်။

(ဂ) စာကြည့်တိုက်တွင် ဗဟုသုတ ရရှိစေပြီး စိတ်ကို တိုးတက်ပြောင်းလဲစေမည့် စာအုပ်စာပေများ ထပ်မံ ဖြည့်ဆည်းသင့်ပါသည်။

(ဃ) အကျဉ်းသား အိပ်ဆောင်များသည် ရေများဝန်းရံနေသော ပတ်ဝန်းကျင် ဖြစ်သဖြင့် ယားနာပျောက်ဆေးများ လုံလောက်စွာ ထုတ်ပေးရန်နှင့် ခြင်မကိုက်စေရေး အပတ်စဉ် ဆေးဖျန်းပေးသင့်ပါသည်။

(င) စခန်းရှိဆေးခန်းကို လက်ရှိအခြေအနေထက် ပိုမို၍ စနစ်တကျ တည်ဆောက်ရန် လိုအပ်ပြီး ဆေးဝါးစုံလင်စွာ ထားရှိစောင့်ရှောက် ကုသမှုပေးသင့်ပါသည်။

(စ) အကျဉ်းသားများမှ ဧည့်တွေ့ချိန် နည်းပါးကြောင်း သတင်းပို့ တင်ပြကြသဖြင့် တာဝန်ရှိသူများမှ ဖြည့်ဆည်းဆောင်ရွက်ပေးသင့်ပါသည်။

၃။ ဖျာပုံအကျဉ်းထောင်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) အကျဉ်းသားများအတွက် ယဉ်ကျေးလိမ္မာသင်တန်း၊ "အ" သုံးလုံးသင်တန်းများကို လစဉ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) အကျဉ်းထောင်တွင်း တင်ပြထားသော အယူခံကိစ္စရပ်များ၏ တရားရုံး ဆုံးဖြတ်ချက်များမှာ အချိန်နောက်ကျပြီးမှ အကျဉ်းထောင်သို့ ရောက်ရှိလာသည့်အပြင် အကျဉ်းထောင် တာဝန်ရှိသူများအနေဖြင့်လည်း အကျဉ်းသားထံသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားမှု မရှိခြင်းကြောင့် နောက်တစ်ဆင့် အယူခံတက်ရန်အတွက် အချိန်လုံလောက်မှုမရှိဟု သိရှိရသဖြင့် တရားရုံးမှ အချိန်မီရောက်ရှိရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် တရားရုံးမှ ရောက်ရှိသည်နှင့်ချက်ချင်း အကျဉ်းသားများအား အသိပေးနိုင်ရေး၊ အကျဉ်းသားအနေဖြင့် နောက်တဆင့် အယူခံတက်လိုပါက အချိန်မီ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကူညီဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) တက္ကသိုလ်ဝင်တန်း ကျောင်းသားတစ်ဦးဖြစ်သည့် အချုပ်သားတစ်ဦးသည် လက်ရှိတွင် အမှုရင်ဆိုင်နေသူတစ်ဦးဖြစ်သဖြင့် တက္ကသိုလ်ဝင်တန်း ဆက်လက် တက်ရောက်နိုင်ရေး သက်ဆိုင်ရာ တရားရေးဌာနနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) အကျဉ်းထောင်တွင် ကြမ်းပိုးကိုက်ပြီး ယားနာဖြစ်နေသူများသဖြင့် ဆေးဝါးများ ဖြည့်ဆည်းခြင်း၊ လိမ်းဆေးများ ဖြည့်ဆည်းခြင်းများကို ဆောင်ရွက်ပေးသင့်ပါသည်။

(င) အိပ်ဆောင်များရှိ ဖယောင်းပုဆိုးများမှာ ကောင်းမွန်မှု မရှိသဖြင့် အသစ်လဲလှယ် ပေးသင့်ပါသည်။

(စ) စာကြည့်တိုက်နေရာတွင် စာအုပ်စင်များပြုလုပ်၍ စိတ်ဓါတ်ကို တိုးတက်မြင့်မား ပြောင်းလဲစေနိုင်မည့် စာအုပ်များ ထပ်မံဖြည့်ဆည်းပေးသင့်ပါသည်။

(ဆ) အကျဉ်းသားများ ထမင်းစားရန် နေရာသည် အမိုးမရှိသဖြင့် အမိုးများ ပြုလုပ်ပေးသင့်ပါသည်။

(ဇ) အကျဉ်းသူများနှင့်အတူ ပါရှိလာသော ကလေးငယ် ၃ ဦးကို ဖြည့်စွက်အစာများ ကျွေးမွေးနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဈ) အိပ်ဆောင်များသည် လေဝင်လေထွက် မကောင်းသဖြင့် သင့်လျော်သလို စီစဉ်ဆောင်ရွက်သင့်ပါသည်။

(ည) မိလ္လာများမှာ အနံ့အသက် ကောင်းမွန်မှုမရှိသဖြင့် အထူးသန့်ရှင်းရေး အခါအားလျော်စွာ ပြုလုပ်ပေးပြီး ပုံမှန်သန့်ရှင်းရေး ပြုလုပ်နိုင်ရန် တာဝန်ရှိသူများမှ ကြပ်မတ် ဆောင်ရွက်သင့်ပါသည်။

၄။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံ မေးမြန်းခဲ့သော အကျဉ်းသားများကို လက်တုံ့ပြန်မှု မခံရစေရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၃၈ နှင့်အညီ အလေးထားဂရုပြု ဆောင်ရွက်ပေးပါရန် အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

**ဆောင်ရွက်ချက်အမှတ်စဉ် (၂၈/ ကာကွယ်/ ၂၀၁၈)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှ ၁၀ ရက်နေ့ထိ လွိုင်ကော်အကျဉ်းထောင်အား ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခဲ့ပါသည်။

၂။ လွိုင်ကော်အကျဉ်းထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) မကြာသေးမီက တွေ့ရှိခဲ့ရသော HIV ရောဂါသည် အကျဉ်းသား ၅ ဦးအတွက် ART ဆေးများရရှိရေး သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် အမြန်ဆုံးရရှိရေး ဆက်လက်ဆောင်ရွက်သင့်ပါသည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် အကျဉ်းသား ၃ ဦးကို မန္တလေးဗဟိုအကျဉ်းထောင်သို့ အမြန်ဆုံးပြောင်းရွှေ့ခြင်း (သို့မဟုတ်) လွိုင်ကော်အကျဉ်းထောင်၌ပင် စာမေးပွဲဖြေဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) ဘွဲ့ရအကျဉ်းသား၊ တက္ကသိုလ်ရောက်ရှိ အကျဉ်းသား ၅၆ ဦးကို အခြား စာမတတ် အကျဉ်းသား/သူများအား အတန်းပညာများ ပြန်လည်သင်ကြား ပြသနိုင်ရေး စည်းရုံးတာဝန်ပေး ဆောင်ရွက်သင့်ပါသည်။

(ဃ) စာကြည့်တိုက်တွင် စိတ်ကို ပြုပြင်ပြောင်းလဲစေနိုင်မည့် စာအုပ်စာပေ၊ ဥပမာ– ချစ်နိုင် (စိတ်ပညာ)၊ လယ်တွင်းသားစောချစ်၊ ဆရာဖေမြင့် စသည့် စာရေးဆရာကြီးများ ရေးသားသော စာအုပ်များ ထပ်မံဖြည့်ဆည်းပေးသင့်ပါသည်။

(င) အကျဉ်းထောင်အတွင်း အားကစားပြုလုပ်နိုင်ရန် နေရာတစ်ခုသတ်မှတ်၍ စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(စ) တိုက်ထဲရှိ အကျဉ်းသားများ လမ်းလျှောက်ချိန်၊ အားကစားပြုလုပ်ချိန်ကို ယခုထက် ပိုမိုပေးသင့်ပါသည်။

(ဆ) ဖယောင်းပုဆိုး စုတ်ပြဲနေသည့် အိပ်ဆောင်များ၌ ဖယောင်းပုဆိုးအသစ်များ လဲလှယ်ပေးသင့်ပါသည်။

(ဇ) အမျိုးသားအိပ်ဆောင် ၁ ရှိ အခန်း ၆ ခန်းတွင်ရှိသော ဝင်ပေါက်တံခါးများမှာ အမြင့် ၃ ပေ ၆ လက်မ၊ အလျားမှာ ၂ ပေသာ ရှိသဖြင့် ၆ ပေအမြင့် ပြုပြင်သင့်ပါသည်။

၃။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများကို လက်တုံ့ပြန်မှု မခံရစေရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၃၈ နှင့်အညီ အလေးထားဂရုပြု ဆောင်ရွက်ပေးပါရန် အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်

**ဆောင်ရွက်ချက်အမှတ်စဉ် (၂၉/ ကာကွယ်/ ၂၀၁၈)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ ဒေါ်တင်မေထွန်းတို့ ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ဒိုက်ဦးအကျဉ်းထောင်၊ ကျိုက်စကောစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ကော်မရှင်ဥပဒေနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး အောက်ပါအကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၂။ ဒိုက်ဦးအကျဉ်းထောင်နှင့် ပတ်သက်သည့် အကြံပြုချက်များ–

(က) အိပ်ဆောင် ၁ တွင် လျှပ်စစ်မီးကြိုးများ သွယ်တန်းရာတွင် ရှုပ်ထွေးနေသဖြင့် ပြုပြင်သင့်ပါသည်။

(ခ) အိပ်ဆောင်တိုင်းတွင် ညမိလ္လာများ သန့်ရှင်းမှု အားနည်းကြောင်း တွေ့ရှိရသဖြင့် သန့်ရှင်းရေး ဆောင်ရွက်စေသင့်ပါသည်။

(ဂ) ART ဆေးမရရှိသေးသူ HIV ရောဂါသည် ၈ ဦးအား အမြန်ရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) အိပ်ဆောင်များရှိ ရေသန့်ဘူးများ သန့်ရှင်းမှုမရှိသဖြင့် သန့်ရှင်းရေး ဆောင်ရွက်စေသင့်ပါသည်။

(င) ခြေထောက်မှ ခွဲစိတ်ဒဏ်ရာအား ထပ်မံ ခွဲစိတ်ရန်လိုအပ်သည့် အကျဉ်းသားတစ်ဦးကို အကျဉ်းထောင်ဆေးရုံသို့ ကုသနိုင်ရေး ပြောင်းရွှေ့ပေးသင့်ပါသည်။

(စ) အကျဉ်းသား အများစုမှ ကျန်းမာရေး စောင့်ရှောက်မှု အားနည်းသည်ဟု သတင်းပို့ တင်ပြကြသဖြင့် တာဝန်ရှိသူများမှ ကြပ်မတ်သင့်ပါသည်။

(ဆ) အကျဉ်းထောင်တွင် သတင်းစာ၊ ဂျာနယ်များကို လွတ်လပ်စွာ ဖတ်ရှုခွင့် မရှိကြောင်း အကျဉ်းသားအချို့မှ တင်ပြသဖြင့် နေ့စဉ်ထုတ်သတင်းစာများ လွတ်လပ်စွာ ဖတ်ရှုခွင့်ပြုပေးသင့်ပါသည်။

(ဇ) မျက်လုံးရောဂါဖြစ်နေသော အကျဉ်းသားတစ်ဦးကို ကုသနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဈ) အူကျရောဂါ၊ သွေးတိုးရောဂါ၊ လိပ်ခေါင်းရောဂါဖြစ်နေသည့် အကျဉ်းသားတစ်ဦးမှ သက်သာမှုမရှိကြောင်း သတင်းပို့တင်ပြသဖြင့် လိုအပ်သလို စစ်ဆေး၍ ဆေးရုံတက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ည) ညာဒူးစတီးရိုးထည့်ထားသည့် အကျဉ်းသားတစ်ဦးမှ ဆေးရုံနှင့်နီးသည့် ပဲခူး အချုပ်ထောင်သို့ ပြောင်းရွှေ့လိုကြောင်း သတင်းပို့တင်ပြသဖြင့် လိုအပ်သလို ဆောင်ရွက်သင့်ပါသည်။

(ဋ) နေ့လည် ၁၂ နာရီမှ ၂ နာရီထိ တန်းပိတ်ချိန်များတွင် လျှပ်စစ်မီးပိတ်ထားသဖြင့် တီဗွီကြည့်ရန် အခက်အခဲရှိကြောင်း သတင်းပို့တင်ပြသဖြင့် လိုအပ်သလို ဆောင်ရွက်သင့်ပါသည်။

(ဌ) ဧည့်တွေ့ဆောင်သည် သံဇကာ ၄ ထပ် ကာထားသဖြင့် ဧည့်သည်နှင့် အကျဉ်းသား မျက်နှာမမြင်တွေ့ရခြင်းကြောင့် လိုအပ်သလို ပြင်ဆင်သင့်ပါသည်။

၃။ ကျိုက်စကော စိုက်/မွေးစခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များ-

(က) ရပ်ဝေးမှ အကျဉ်းသားမိသားစုများ ညအိပ်လာရောက် တွေ့ဆုံသူများအတွက် နားနေရန်နေရာ စီစဉ်ပေးသင့်ပါသည်။

(ခ) အကျဉ်းသားများကို နေ့စဉ် အားကစား ပြုလုပ်ခွင့် ပေးသင့်ပါသည်။

(ဂ) HIV ပိုးတွေ့ရှိသည့် အကျဉ်းသားတစ်ဦးကို မိသားစုနှင့်နီးရာ အင်းစိန်ဗဟို အကျဉ်းထောင်သို့ ပြန်လည်ပို့ဆောင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဃ) TB ရောဂါဖြစ်နေကြောင်း သံသယရှိသည့် အကျဉ်းသားတစ်ဦးသည် ဓာတ်မှန်ရိုက်ရာတွင် အဆုတ်တွင် အနာများပေါ်နေကြောင်း သတင်းပို့သဖြင့် လိုအပ်သလို ကုသပေးသင့်ပါသည်။

(င) ပြင်ပတွင် ယာဉ်မတော်တဆမှုဖြင့် ဒဏ်ရာရရှိခဲ့သည့် အကျဉ်းသားတစ်ဦးသည် စခန်းတွင် အလုပ်လုပ်ချိန် နာကျင်သဖြင့် အကျဉ်းထောင်ဆေးရုံတွင် ကုသလိုကြောင်း သတင်းပို့သဖြင့် လိုအပ်သလို ဆောင်ရွက်ပေးသင့်ပါသည်။

(စ) လေဖြန်းရောဂါ ဖြစ်နေသည့် အကျဉ်းသားတစ်ဦးကို အကျဉ်းထောင်သို့ ပို့ဆောင်၍ ပြန်လည် ကုသရေးဆောင်ရွက်ပေးသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

**ဆောင်ရွက်ချက်အမှတ်စဉ် (၃၀/ ကာကွယ်/ ၂၀၁၈)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နှင့် ၃၁ ရက်များတွင် ညောင်ရွှေအကျဉ်းထောင်၊ တောင်ကြီးအချုပ်ထောင်၊ စိုက်/မွေးစခန်းများနှင့် ရဲစခန်းအချုပ်ခန်းများအား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး အောက်ပါအကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၂။ ညောင်ရွှေအကျဉ်းထောင်နှင့် ပတ်သက်သည့် အကြံပြုချက်များ–

(က) နှစ်ကြီးအဆောင်တွင် ညမီးလ္ဘာ ၂ လုံးသာ ရှိသဖြင့် လူအင်အားနှင့် မီးလ္ဘာ မမျှတမှုကြောင့် လိုအပ်သလို ထပ်မံတည်ဆောက်ပေးသင့်ပါသည်။

(ခ) အကျဉ်းသားတစ်ဦး၏ မိခင်ဖြစ်သူမှာ လှိုင်ကော်မြို့တွင် နေထိုင်ပြီး အသက်အရွယ်ကြီးရင့်ပြီဖြစ်၍ လာရောက်တွေ့ဆုံနိုင်မှု မရှိခြင်းကြောင့် မိခင်နှင့်နီးရာ လှိုင်ကော်အကျဉ်းထောင်သို့ ပြောင်းရွှေ့လိုကြောင်း တင်ပြသဖြင့် လိုအပ်သလို ဆောင်ရွက်သင့်ပါသည်။

(ဂ) အကျဉ်းထောင်တွင်း ကျန်းမာရေးစောင့်ရှောက်မှု ပေးရာတွင် မည်သည့်ရောဂါဖြစ်ဖြစ် ဆေးတစ်မျိုးတည်းကိုသာပေးကြောင်း သိရှိရသဖြင့် ရောဂါနှင့်ဆေးဝါး မှန်ကန်မှုရှိစေရေး ကျန်းမာရေး စောင့်ရှောက်မှု ပေးနေသူများမှ ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) ထောင်တွင်းအယူခံ တက်လိုသည့် အကျဉ်းသားတစ်ဦးကို တာဝန်ရှိသူများမှ လိုအပ်သလို ကူညီဆောင်ရွက်ပေးသင့်ပါသည်။

(င) နှစ်ကြီးအကျဉ်းသားများမှ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားလိုသဖြင့် ဆောင်ရွက်ပေးသင့်ပါသည်။

(စ) နံနက်အိပ်ရာထချိန်တွင် အကျဉ်းသား/သူများကို မျက်နှာသစ်ခွင့် ပေးနိုင်ရန် တာဝန်ရှိသူများမှ ခွင့်ပြုပေးသင့်ပါသည်။

၃။ ထီးခမ်းစိုက်/မွေးစခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များ-

(က) စခန်းစာကြည့်တိုက်တွင် စာအုပ်စာပေများ ထပ်မံဖြည့်ဆည်းသင့်သည့်အပြင် စနစ်တကျ ထားရှိရေး၊ ဖတ်ရှုရန်နေရာများ ပြင်ဆင်ရေးတို့ကို ဆောင်ရွက်သင့် ပါသည်။

(ခ) စခန်းအိပ်ဆောင်များရှိ သောက်ရေသန့်ဘူးများမှာ သန့်ရှင်းမှုမရှိကြောင်း တွေ့ရှိရသဖြင့် သန့်ရှင်းရေး ဆောင်ရွက်စေသင့်ပါသည်။

(ဂ) စခန်းအတွင်း ဝင်ရောက်သည်နှင့် ရေဆိုးများဝပ်နေပြီး အနံ့အသက် မကောင်းသဖြင့် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်သင့်ပါသည်။

(ဃ) အိပ်ဆောင်များတွင် ခင်းထားသော ဖယောင်းပုဆိုးများမှ ကောင်းမွန်မှု မရှိသဖြင့် လဲလှယ်ပေးသင့်ပါသည်။

၄။ တောင်လေးလုံးစိုက်/မွေးစခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များ-

(က) မီးဖိုကြီးရှိ အစားအသောက်များနှင့် ရေကန်များတွင် ယင်ကောင်များတွေ့ရသဖြင့် မများစေရေး ဆောင်ရွက်သင့်ပါသည်။

(ခ) ဆေးခန်းတွင် မိုးယိုကြောင်း သိရှိရသဖြင့် ပြုပြင်ဆောင်ရွက်သင့်ပါသည်။

၅။ အချုပ်ထောင်နှင့် ပတ်သက်သည့် အကြံပြုချက်များ-

(က) HIV ရောဂါသည် အချုပ်သား ၁၀ ဦးကို ART ဆေးရရှိစေရေး သက်ဆိုင်ရာ ကျန်းမာရေး ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

(ခ) အမျိုးသမီးဆောင် ရေချိုးရန်နေရာသည် တောင်ကြီးဆေးတက္ကသိုလ် လူပျိုဆောင်၏ အောက်ဘက်တွင် တည်ရှိသဖြင့် မြင်ကွင်းကွယ်စေရန် အမိုး၊ အကာများ ဆောက်လုပ်ပေးသင့်ပါသည်။

(ဂ) အိပ်ဆောင်များတွင် အဝတ်ရေစိုများ လှန်းပါက သမံတလင်းပေါ် နေလှန်းနေရကြောင်း တွေ့ရသဖြင့် အဝတ်လှန်းတန်းများ ပြုလုပ်ပေးသင့်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

**ဆောင်ရွက်ချက်အမှတ်စဉ် (၃၁/ ကာကွယ်/ ၂၀၁၈)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့ထိ ကျိုင်းတုံအကျဉ်းထောင်၊ တာချီလိတ်အချုပ်ထောင်နှင့် ရဲစခန်း၊ တရားရုံးနှင့် ဆေးရုံအချုပ်ခန်းများအား ကော်မရှင်ဥပဒေနှင့်အညီကြည့်ရှု စစ်ဆေးခဲ့ပါသည်။

၂။ ကျိုင်းတုံအကျဉ်းထောင်နှင့်ပတ်သက်သည့် အကြံပြုချက်များမှာ–

(က) TB ရောဂါသည်များကိုယခုအခါ သီးခြားအဆောင်တွင် ထားရှိသော်လည်း ယခင်က အခြား အကျဉ်းသားများနှင့်အတူ ထားခဲ့သဖြင့် ကူးစက်ခဲ့ခြင်း ရှိ မရှိ စစ်ဆေးလိုကြောင်း တင်ပြချက်များအရ TB ဆရာဝန်ကြီးများ ဖိတ်ခေါ် စစ်ဆေးကုသပေးသင့်၊

(ခ) ART ဆေးမရရှိသေးသည့် HIV ရောဂါသည် အကျဉ်းသား ၃ ဦးနှင့် အကျဉ်းသူ ၁ ဦးကို အမြန်ရရှိရေး ဆောင်ရွက်ပေးသင့်၊

(ဂ) အကျဉ်းသူများနှင့်အတူ ပါရှိလာသောကလေးငယ် ၃ ဦးကို ဖြည့်စွက်အစာများ ကျွေးမွေးသင့်၊

(ဃ) အကျဉ်းထောင် စာကြည့်တိုက်တွင် ဗဟုသုတရရှိစေမည့် စာအုပ်စာပေများ ထပ်မံဖြည့်ဆည်းပေးသင့်။

၃။ တာချီလိတ်ရဲအချုပ်ထောင်ရှိ အခန်းအချို့၌ မိလ္လာခန်းများ သန့်ရှင်းမှုအားနည်းပြီး ရေဝပ်နေသဖြင့် ရေရှည်တွင် ခြင်များခိုအောင်းနိုင်ပြီး ဝမ်းရောဂါများ ဖြစ်ပွားနိုင်သဖြင့် သန့်ရှင်းရေး ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၃၂/ ကာကွယ်/ ၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့များတွင် ခန္တီးအကျဉ်းထောင်နှင့် ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများအား ကော်မရှင်ဥပဒေနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ ခန္တီးအကျဉ်းထောင်နှင့် ပတ်သက်၍ အကြံပြုချက်များမှာ–

(က) HIV ရောဂါပိုးရှိသူများအနက် ART ဆေးမရရှိသေးသူ အကျဉ်းသား/သူ ၃ ဦးကို ဆေးရရှိရေး ဆောင်ရွက်နေကြောင်း သိရပြီး အမြန်ရရှိရေး ဖြည့်ဆည်း ပေးသင့်၊

(ခ) ခန္တီးသို့ လာရောက်ရသည်မှာ ခက်ခဲဝေးလံသဖြင့် နယ်ဝေးမှ ထွေ့တွေ့လာသူများ ညအိပ်တည်းခိုနိုင်ရေး သင့်တင့်သော အဆောက်အဦတစ်ခု တည်ဆောက်ပေးသင့်၊

(ဂ) အကျဉ်းထောင်စာကြည့်တိုက်တွင် စိတ်ကိုနူးညံ့သိမ်မွေ့စေမည့် စာအုပ်စာပေများ (ဥပမာ– ဖေမြင့်၊ ချစ်နိုင် (စိတ်ပညာ) တို့ ရေးသားသောစာအုပ်များ)ကို ဖြည့်ဆည်းပေးသင့်၊

(ဃ) ဝန်ထမ်းများ၊ အကျဉ်းသားများ သောက်သုံးနေသည့် ချောင်းရေကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ အဆိပ်အတောက်များ မပါရှိစေရေး လစဉ်ဆောင်ရွက်သင့်၊

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၃၃/ ကာကွယ်/ ၂၀၁၈)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့မ ရဲစခန်းအချုပ်ခန်းတွင် အငှားယာဉ်မောင်း ဖြစ်သူ ကိုအောင်အောင်ကို ခိုးမှုမသင်္ကာဖြင့် ဖမ်းဆီးချုပ်နှောင်ပြီး ရဲတပ်ဖွဲ့ဝင်များက နည်းမျိုးစုံ နှိပ်စက် ညှဉ်းပန်းစစ်ဆေးခဲ့သောကြောင့် ရရှိခဲ့သောဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သေဆုံးသူ၏ မိခင်ဖြစ်သူ က ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာပါသည်။

၂။ အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၀-၁၁-၂၀၁၈ ရက် နေ့တွင် အခင်းဖြစ်ပွားရာ သန်လျင်မြို့နယ်ရှိ တိုင်တန်းသူ မိသားစုဝင်များအားလည်းကောင်း၊ ၂၃-၁၁- ၂၀၁၈ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်ရှိ အမှုမှ တရားခံ ၂ ဦးကိုလည်းကောင်း၊ ၂၆-၁၁-၂၀၁၈ ရက်နေ့ တွင် လိုအပ်သောသက်သေကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးသို့ ခေါ်ယူ၍ လည်းကောင်း၊ ၂၈-၁၁-၂၀၁၈ ရက်နေ့တွင် သန်လျင်မြို့မ ရဲစခန်း ရဲတပ်ဖွဲ့ဝင်များအားလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကော်မရှင် စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။

၃။ ကော်မရှင်၏ အကြံပြုချက်များတွင် အမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ တာဝန်ရှိသော ရဲတပ်ဖွဲ့ဝင်များကို စုံစမ်းစစ်ဆေးဖော်ထုတ်ပြီး လိုအပ်သလို အရေးယူဆောင်ရွက်သင့်ကြောင်း၊ အရေးယူ ဆောင်ရွက်ထားရှိမှု များကိုလည်း သေဆုံးသူ ကိုအောင်အောင်၏ မိသားစုအား ခရိုင်/တိုင်းအဆင့် တာဝန်ရှိသူများက နားလည် သဘောပေါက်အောင် ရှင်းလင်းပြောကြား ဆွေးနွေးဆောင်ရွက်သင့်ကြောင်း၊ ရဲစခန်းတွင် CCTV တပ်ဆင် ထားမှုစနစ်မှာ ကောင်းမွန်သည့် စနစ်တစ်ခုဖြစ်၍ ထိရောက်စွာ အသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက် သင့်ကြောင်း၊ နောင်တွင် ယခုကဲ့သို့ မလိုလားအပ်သည့် ဖြစ်ရပ်များ မပေါ်ပေါက်စေရေး သင်ခန်းစာ ဖော်ထုတ်ဆောင်ရွက်သင့်ကြောင်း စသည့် အကြံပြုချက်များ ဖော်ပြပါရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၃၄/ ကာကွယ်/ ၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့ထိ အကျဉ်းဦးစီးဌာနအောက်ရှိ ဂယ်လောင်း၊ ကြူအင်း၊ ဟိုခို၊ လွင်ကြီး၊ ကုန်းစံစိုက်ပျိုး မွေးမြူ ရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှု စစ်ဆေးခဲ့ပြီး အောက်ပါ အကြံပြု ချက်များကို ပေးပို့ခဲ့ပါသည်။

၂။ ဂယ်လောင်းစိုက်/မွေးစခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များမှာ-

(က) စခန်းတည်နေရာသည် အုပ်ချုပ်မှုအရ အလွန်ဝေးကွာသော အခြေအနေတွင် တည်ရှိပြီး စခန်းရှိ ဝန်ထမ်းအင်အားမှာ ၂၀ ဦးသာရှိသဖြင့် ဝန်ထမ်းအင်အားကို အဓိကထား၍ ဖြည့်ဆည်းပေးသင့်ပါသည်။

(ခ) စခန်းရှိ အကျဉ်းသားအချို့တွင် ပွေး၊ ဝဲ၊ ယားနာအချို့ တွေ့ရှိရသဖြင့် ပျောက်ကင်းစေရေး လိမ်းဆေးနှင့် သောက်ဆေးများ ဖြည့်ဆည်းပေးသင့် ပါသည်။

(ဂ) ညဘက်တွင် ကိုယ်ထူကိုယ်ထ ရေအားလျှပ်စစ်ဖြင့် ရရှိသည့် အလင်းရောင်မှာ လုံလောက်မှု မရှိသဖြင့် လျှပ်စစ်မီးကောင်းစွာ ရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) အကျဉ်းသား လုပ်အားရှင်အချို့တွင် ငှက်ဖျားရောဂါဖြစ်ပွားကြောင်း သိရှိရသဖြင့် ငှက်ဖျားတိုက်ဖျက်ရေးနှင့် ညှိနှိုင်းပြီး ကာကွယ်ဆေးကျွေးခြင်းနှင့် ခြင်ဆေး ပုံမှန်ဖျန်းပေးသင့်ပါသည်။

(င) အကျဉ်းသားတစ်ဦး၏ မိသားစုမှာ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့တွင် နေထိုင်ပြီး ထောင်ဝင်စာ လာရောက်တွေ့ဆုံရန် ခက်ခဲကြောင်း သတင်းပို့တင်ပြသဖြင့် အဆင်ပြေသည့်အချိန်တွင် ပြောင်းရွှေ့ပေးသင့်ပါသည်။

(စ) အသည်းရောင်စီပိုး ရှိသည်ဟုသတင်းပို့ တင်ပြသော အကျဉ်းသားတစ်ဦးနှင့် အစာအိမ်ရောဂါရှိကြောင်း သတင်းပို့တင်ပြသော အကျဉ်းသားတစ်ဦးကို လိုအပ်သော ကုသမှုများ ခံယူနိုင်ရန် သင့်လျော်သည့် အကျဉ်းထောင်သို့ ပြောင်းရွှေ့ပေးသင့်ပါသည်။

(ဆ) စခန်းရှိ အိပ်ဆောင်များ အောက်ခင်းသည် သံမံတလင်းပေါ်တွင် ဝါးကပ်ခင်းများဖြင့်သာ ခင်းထားကြောင်း တွေ့ရှိရသဖြင့် သစ်သားကြမ်းခင်းများ လဲလှယ် ပေးသင့်ပါသည်။

၃။ ကြူအင်းစိုက်/မွေးစခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များမှာ-

(က) လက်ရှိတွင် ကျန်းမာရေးမှူး (၁) တစ်ဦးဖြင့် ကြူအင်းစခန်းနှင့် ကောင်းမှူ စခန်းခွဲ ၂ ခုလုံးကို ကုသနေရသဖြင့် ကောင်းမှူ စခန်းအတွက် ကျန်းမာရေးမှူး သို့မဟုတ် သူနာပြု ၁ ဦးကို သီးခြားတောင်းခံ ဖြည့်ဆည်းပေးသင့်ပါသည်။

(ခ) "အ"သုံးလုံးသင်တန်းဆင်း အကျဉ်းသားများကို ရုပ်ပြ၊ ကာတွန်းနှင့် ဗဟုဒ္ဓဝင် ကဲ့သို့သော စာပေများဖတ်ရှုစေခြင်းဖြင့် ပိုမိုတိုးတက်ရန် ဆောင်ရွက်ပေးသင့်ပါသည်။

၄။ ဟိုခိုစိုက်/မွေးစခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များမှာ-

(က) လက်ရှိတွင် ဗီဒီယိုကိုသာ ကြည့်ရှုခွင့်ရရှိပြီး အကျဉ်းသားအများစုက တီဗွီသတင်း ကြည့်ရှုလိုကြောင်း တင်ပြကြသဖြင့် လိုအပ်သလိုစီစဉ် ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) မိလ္လာရေခပ်သည့် စနစ်အစားအခြား အဆင်ပြေနိုင်မည့် ရေလောင်းမိလ္လာစနစ်ကို ပြုလုပ်ပေးသင့်ပါသည်။

(ဂ) အကျဉ်းသားတစ်ဦးမှာ ထောင်တွင်း အယူခံတင်လိုကြောင်း သတင်းပို့ တင်ပြသဖြင့် လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ပေးသင့်ပါသည်။

၅။ လွင်ကြီးစိုက်/မွေးစခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များမှာ-

(က) ဘယ်ဘက်မျက်ခုံးတွင် အကြိတ်ပေါက်နေသည့် အကျဉ်းသားတစ်ဦးကို လိုအပ်သလို စစ်ဆေးကုသပေးသင့်ပါသည်။

(ခ) တစ်ကိုယ်လုံးနီးပါး ဝဲ၊ ယားနာရောဂါ ကာလကြာရှည် ဖြစ်နေသော အကျဉ်း သားတစ်ဦးကို ဆေးရုံရှိရာ အကျဉ်းထောင်တစ်ခုခုသို့ ပို့ဆောင်ကုသနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဂ) လည်ပင်းတွင် အကြိတ်ဖြစ်နေသော အကျဉ်းသားတစ်ဦး၏ ဆေးစစ်ချက် တင်ထား ကြောင်း သတင်းပို့တင်ပြသဖြင့် လိုအပ်သလို စစ်ဆေးကုသပေးသင့်ပါသည်။

(ဃ) ပြင်ပမှာကတည်းက ဆိုင်ကယ်မှောက်သည့် ဒဏ်ရာဖြင့်အူဖြတ်၍ ဗိုက်ခွဲထားခြင်း၊ ခြေလက်များ အဆစ်ပြုတ်ထားသည့် အကျဉ်းသားတစ်ဦးကို မိသားစုနှင့်နီးစပ်ရာ အကျဉ်းထောင်တစ်ခုခုသို့ ပြောင်းရွှေ့နိုင်ရေး လိုအပ်သလို ဆောင်ရွက် ပေးသင့်ပါသည်။

(င) ပြင်ပတွင် ဗိုက်ခွဲပြီး ကျောက်ကပ်ထုတ်ထားရသည့် အကျဉ်းသားတစ်ဦးကို အကျဉ်းထောင်တစ်ခုခုသို့ ပြောင်းရွှေ့လိုကြောင်း သတင်းပို့တင်ပြရာ လိုအပ်သလို ဆောင်ရွက်ပေးသင့်ပါသည်။

၆။ ကုန်းစံစိုက်/မွေးစခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များမှာ–

(က) စခန်းတွင် နေ့မိလ္လာ ၁ လုံး၊ အိပ်ဆောင် ၃ ဆောင်၌ ၁ ဆောင်လျှင် ညမိလ္လာ ၂ လုံးစီသာရှိပြီး လူအင်အားအရ လုံလောက်မှု မရှိကြောင်း သိရှိရသဖြင့် လိုအပ်သလို ဆောက်လုပ်ပေးသင့်ပါသည်။

(ခ) အကျဉ်းသား လုပ်အားရှင်များကို စိတ်ကိုနူးညံ့သိမ်မွေ့စေမည့် ဓာတ်လမ်း ရုပ်ရှင်များကိုသာ ပြသပေးသင့်ပါသည်။

(ဂ) အလုပ်မှ ပြန်လာချိန်တွင် သုံးရေမလောက်ငှကြောင်း သတင်းပို့တင်ပြသဖြင့် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) ညမိလ္လာမှာ အိပ်ဆောင်တစ်ဆောင်လျှင် ၂ လုံးသာရှိသဖြင့် အပေါ့သွားရန် နေရာများ တိုးချဲ့ဆောက်လုပ်ပေးသင့်ပါသည်။

(င) ရေသန့်စက် ပျက်နေကြောင်းသိရသဖြင့် အမြန်ပြင်ဆင်သင့်ပါသည်။

(စ) နေ့စဉ်ထုတ် သတင်းစာ၊ ဂျာနယ်များကို အချိန်နှင့်တစ်ပြေးညီ ရရှိရေးအတွက် တာဝန်ရှိသူများမှ ဆောင်ရွက်ပေးသင့်ပါသည်။

(ဆ) အိပ်ဆောင် (၃) မှာ အလင်းရောင်အားနည်း၍ မှောင်နေခြင်း လေဝင်လေထွက် နည်းခြင်းတို့ကြောင့် လေပန်ကာများ တပ်ဆင်ပေးခြင်း အပါအဝင် လိုအပ်သလို စီစဉ်ပေးသင့်ပါသည်။

(ဇ) အကျဉ်းသားအချို့တွင် ပွေး၊ ဝဲ၊ ယားနာများပေါက်နေကြောင်း တွေ့ရှိရသဖြင့် လိုအပ်သော ဆေးဝါးများ ဖြည့်ဆည်း၍ ကုသပေးသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၃၅/ ကာကွယ်/ ၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဦးခင်မောင်လေးနှင့် အတွင်းရေးမှူး (ခေတ္တညွှန်ကြားရေးမှူးချုပ်) ဦးဘုန်းကြွယ်တို့သည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးကော်မတီ၊ ကော်မတီဝင်များနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၂။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် တွေ့ဆုံဆွေးနွေးရာတွင် ကြားဖြတ်ရွေးကောက်ပွဲ သွားရောက်ကြည့်ရှု လေ့လာခြင်းကိစ္စ၊ ဒိုက်ဦးမြို့နယ်တွင် တစ်သောင်းတန် ငွေစက္ကူအတုကိစ္စဖြင့် ဖမ်းဆီးခံထားရသည့် အမျိုးသမီးငယ်၏ အမှုကိစ္စ၊ ဒေါက်တာစိုးသူရဇော် အားစုံစမ်းစစ်ဆေး အရေးယူနေသည့်ကိစ္စ၊ မြင်းခြံအမှတ် (၇) ရပ်ကွက်တွင် ဖြစ်ပွားခဲ့သည့်ကိစ္စ၊ တမူးဒေသရှိ အကျဉ်းစခန်းများကိစ္စ၊ အကျဉ်းဦးစီးဌာန ကျောက်ထုတ်စခန်းများတွင် လုပ်အားခ ၂၀၀ ကျပ် ရရှိနေသည့်ကိစ္စ၊ UPR အစီရင်ခံစာ တင်ပြရေးကိစ္စ၊ ဘိုကလေးအချုပ်ခန်းတွင် အကျဉ်းသားတစ်ဦး သေနတ်မှန် သေဆုံးသည့်ကိစ္စများကို ကော်မတီဝင်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းသဖြင့် ကော်မရှင် အဖွဲ့ဝင်များမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

၃။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေးရာတွင် လက်ရှိ မျက်မှောက် အခြေအနေ၌ ရဲစခန်းအချုပ်ခန်းများတွင် ညှဉ်းပန်းနှိပ်စက်မှုများ မကြာခဏ ဖြစ်ပွားနေသည့် ကိစ္စ၊ အကျဉ်းထောင်များသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ သွားရောက်စစ်ဆေး၍ အကြံပြုချက်များ ပေးပို့နေသော်လည်း ရမည်းသင်းအကျဉ်းထောင်အား လွှတ်တော်ကိုယ်စားလှယ်များ သွားရောက်စစ်ဆေးသည့်အခါ ယင်ကောင် အလွန်များနေသည့်ကိစ္စ၊ တာချီလိတ်ရဲအချုပ်ထောင်တွင် မူးယစ်တရားခံများ အလွန်များပြား ကြပ်ညှပ်နေသည့်ကိစ္စ၊ NGOs, CSOs, ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်း များနှင့် ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ Business and Human Rights ဆိုင်ရာကိစ္စရပ်များ၊ အလုပ်သမား အခွင့်အရေး ပြဿနာများ၊ မိတ္ထီလာမလှိုင်ကိစ္စ၊ လူ့အခွင့်အရေး ရပ်မြင်သံကြားပညာပေး အစီအစဉ် ရိုက်ကူးရေးကိစ္စများကို ကော်မတီဝင် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းဆွေးနွေးခဲ့ကြ ပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အမျိုးသားလွှတ်တော် နိုင်ငံသားများ ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးကော်မတီတို့မှ ကော်မတီဝင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပုံမှန် တွေ့ဆုံ၍ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

## ဆောင်ရွက်ချက်အမှတ်စဉ် (၃၆/ကာကွယ်/၂၀၁၈)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့ထိ မြိတ်အကျဉ်းထောင်၊ နတ်စင်ကုန်း၊ ကျောက်ဖြူတောင် ကုန်ထုတ်စခန်းများ၊ ဆင်ဖြူရှင် စိုက်/မွေးစခန်းနှင့် ရဲစခန်းအချုပ်ခန်းများအား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပြီး အောက်ပါ အကြံပြုချက်များကို ပေးပို့ခဲ့ပါသည်။

၂။ မြိတ်အကျဉ်းထောင်နှင့် ပတ်သက်သည့် အကြံပြုချက်များမှာ–

(က) HIV၊ TB ရောဂါ ခံစားနေရသော အကျဉ်းသားတစ်ဦး၏ မိသားစုမှာ ရန်ကုန်မြို့တွင် နေထိုင်သောကြောင့် လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ပါက မိသားစုနှင့်နီးရာ အကျဉ်းထောင်တစ်ခုခုသို့ ပြောင်းရွှေ့ပေးသင့်ပါသည်။

(ခ) မိသားစုနှင့် အဆက်အသွယ် မရရှိသေးသည့် အကျဉ်းသားတစ်ဦးအား မိသားစုနှင့် အဆက်အသွယ် ရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

၃။ ကျောက်ဖြူတောင်၊ နတ်စင်ကုန်းကုန်ထုတ်စခန်းများနှင့် ပတ်သက်သည့် အကြံပြုချက်များမှာ–

(က) နတ်စင်ကုန်းစခန်း လုပ်ငန်းခွင်တွင် လုပ်အားရှင်များ နားရန်နေရာနှင့် စခန်းဆေးခန်းတို့ကို အမြန် ဆောက်လုပ်ပေးသင့်ပါသည်။

(ခ) နတ်စင်ကုန်းစခန်းမှ ကျေးလက်ကျန်းမာရေးဌာနသို့ နေမကောင်းသူများအား နေ့စဉ်အသွားအပြန် လုံခြုံရေးရယူ ပြသပေးနေရသောကြောင့် ကျန်းမာရေးမှူးအား အပတ်စဉ်ပင့်ဖိတ်ကုသနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

(ဂ) အကျဉ်းသားတစ်ဦးမှာ ယခင်ကလည်း TB ရောဂါဖြစ်ဖူးသူ တစ်ဦးဖြစ်ပြီး ယခုတွင်လည်း အသက်ရှူမဝဘဲ ရင်ဘတ်အောင့်နေသဖြင့် စစ်ဆေးကုသပေး သင့်ပါသည်။

(ဃ) အကျဉ်းသားမှာ အသက်ရှူကြပ်ရောဂါ ခံစားနေရကြောင်း တင်ပြသဖြင့် စစ်ဆေးကုသပေးသင့်ပါသည်။

၄။ ဆင်ဖြူရှင် စိုက်/မွေးစခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များမှာ–

(က) အကျဉ်းသားတစ်ဦးမှာ မျက်စိမှုန်နေပြီး မျက်မှန်တပ်ဆင်လိုကြောင်း တင်ပြသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) လုပ်ငန်းခွင်တွင် မိလ္လာမရှိခြင်းနှင့် အိပ်ဆောင်များတွင် ညမိလ္လာ ၁ လုံးစီသာ ရှိခြင်းကြောင့် ထပ်မံတိုးချဲ့ တည်ဆောက်ပေးသင့်ပါသည်။

(ဂ) စခန်းရှိ စာကြည့်တိုက်တွင် ဗဟုသုတရရှိစေပြီး စိတ်ကိုနူးညံ့စေမည့် စာအုပ်စာပေများ ထပ်မံ ဖြည့်ဆည်းပေးသင့်ပါသည်။

၅။ ကုန်ထုတ်စခန်းများ၊ စိုက်/မွေးစခန်းများတွင် ဖွဲ့စည်းပုံအရ ကျန်းမာရေးဝန်ထမ်းများ ဖြည့်တင်းရန် အခက်အခဲရှိနိုင်သဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ ရှေးဦးသူနာပြု သင်တန်းနှင့် သူနာပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်

# နောက်ဆက်တွဲများ

## ခရိုင်အဆင့် အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း၊ ခရိုင်အဆင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီဝင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များအတွက် အလုပ်ရုံ သင်တန်းများတွင် တက်ရောက်လာသူများမှ မေးမြန်းသော မေးခွန်းများနှင့် အဖြေများ

**တောင်ငူခရိုင် အစိုးရအရာထမ်းများအတွက် အလုပ်ရုံသင်တန်း**

**မေး။** ပညာရေး အခမဲ့လို့ဆိုတဲ့နေရာမှာ အခြေခံပညာ ကျောင်းတွေမှာတော့ အခမဲ့ဖြစ်ပေမယ့် ပုဂ္ဂလိက ကျောင်းတွေကတော့ အခပေးဖြစ်နေပါတယ်။

**ဖြေ။** မူလတန်းမှ အထက်တန်းထိ အခမဲ့ပညာရေး သတ်မှတ်ထားသော်လည်း အထက်တန်းအခမဲ့ ပညာရေးကို မနှစ်ကမှစပါတယ်။

**မေး။** ကျေးလက်ဒေသတွေမှာ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေ သိထားသင့်တဲ့အတွက် လူ့အခွင့်အရေးကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီ သိရှိလာအောင် ဆွေးနွေးပွဲတွေ ကျင်းပ ပြုလုပ်ပေးသင့်တယ်လို့ ဆွေးနွေး တင်ပြချင်ပါတယ်။

**ဖြေ။** နံပါတ် (၁) အနေနဲ့ ဘဏ္ဍာရေး လုံလောက်ရပါမယ်။ နံပါတ် (၂) အနေနဲ့ ကျေးရွာဆင်းပြီး တော့ သင်ကြားပေးနိုင်မယ့် ဝန်ထမ်းတွေလိုပါတယ်။ (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှ စတင် အကောင် အထည်ဖော်နေပြီ ဖြစ်ပါသည်)

**ပြင်ဦးလွင်ခရိုင် အစိုးရအရာထမ်းများ အလုပ်ရုံသင်တန်း**

**မေး။** တိုင်တန်းချက်များ နှစ်အလိုက် လျော့သွားတာနဲ့ ပတ်သက်ပြီး ဘာကြောင့်လျော့သွားတာလဲ၊ ချိုးဖောက်မှုတွေလျော့သွားလို့လား။

**ဖြေ။** အခြားတိုင်တန်းစရာ လမ်းကြောင်းတွ ပေါ်လာတဲ့အတွက် လျော့နည်းသွားတယ်လို့ ထင်မြင် ယူဆရ၊ လွှတ်တော်နှစ်ရပ်ရှိ လူ့အခွင့်အရေး ကော်မတီများထံမှ တိုင်စာလွှဲပို့မှုများ ရှိလာ၊ ၂၀၁၇ တွင် တစ်နေ့ကို ၁၄ စောင်နှုန်း ရရှိနေသည်ကိုတွေ့ရ၊ မီဒီယာများတွင် တိုင်တန်း နိုင်သည့် နည်းလမ်းများကို ထည့်သွင်းအသိပေးခြင်းများဆောင်ရွက်ခဲ့ပါတယ်။

**မေး။** လူ့အခွင့်အရေး စာချုပ်များကို လက်မှတ်ရေးထိုးသည့်အခါ ကုလသမဂ္ဂက အာမခံခြင်းများ ထောက်ပံ့ခြင်းများ ရှိပါသလား။

**ဖြေ။** နိုင်ငံတော်အတွက် ကမ္ဘာ့မျက်နှာစာမှာ နိုင်ငံရေး လူ့အခွင့်အရေး ပုံရိပ်ကောင်းလာခြင်းသာရှိ ပါတယ်။ အထောက်အပံ့များ တိုက်ရိုက်လာခြင်းမရှိပါ၊ စာချုပ်များလက်မှတ်ရေးထိုးခြင်းမှာ အထောက်အပံ့များ မျှော်ကိုးခြင်းထက် ကိုယ့်နိုင်ငံအတွက် အကျိုးရှိတာကို ဆောင်ရွက်ခြင်း သာ ဖြစ်ပါသည်။

**မေး။** စာချုပ်ကနေပြန်ထွက်လို့ရလား။

**ဖြေ။** ယနေ့အထိ နုတ်ထွက်သည့် နိုင်ငံများမရှိပါ၊

## မိတ္ထီလာခရိုင်အစိုးရအရာထမ်းများ အလုပ်ရုံသင်တန်း

**မေး။** မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားတဲ့ စာချုပ်တွေနဲ့ပတ်သက်ပြီး ဘာတွေလုပ်ထားပါသလဲ။ ဘယ်လို အကျိုးခံစားခွင့်တွေရှိပါသလဲ။

**ဖြေ။** သဘောတူစာချုပ်ထဲ အဖွဲ့ဝင်အဖြစ် ဝင်လိုက်တယ်ဆိုရင်ပဲ ကျွန်တော်တို့မှာ ဥပဒေ ရှိရှိ၊ မရှိရှိ အဲ ဥပဒေမှာ လိုက်လျောညီထွေမှုရှိအောင် ပြန်လည်ရေးဆွဲရပါတယ်။ ကလေးသူငယ် အခွင့်အရေးထဲမှာ အသက်ရှင်သန် ရပ်တည်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ပါဝင်ဆောင်ရွက်ပိုင်ခွင့် တွေ ပါပါတယ်။ ဒီအချက်တွေကို ဆောင်ရွက်ပေးဖို့ အစိုးရမှာ တာဝန်ရှိတဲ့နည်းတူ ဆရာ၊ ဆရာမ၊ မိဘတွေမှာလည်း တာဝန်ရှိပါတယ်။ CEDAW စာချုပ်ပါဝင်ချုပ်ဆို ပြီးတာနဲ့ တစ်ပြိုင်နက် အမျိုးသမီးများအား ခွဲခြားမှုမှ ဆန့်ကျင်ရေးတွေကို အကောင်အထည်ဖော်ရ ပါတယ်။ CRPD ကို လက်မှတ် ရေးထိုးပြီး ဖြစ်တဲ့အတွက် မသန်စွမ်းသူများ အခွင့်အရေး ဥပဒေကို ပြဋ္ဌာန်းပေးပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်နေပြီ ဖြစ်ပါတယ်။

**မေး။** လူတွေက လူ့အခွင့်အရေးလို့ ဆိုလိုက်တာနဲ့ သိသလားဆိုတော့ မသိကြဘူး၊ လူ့အခွင့်အရေး ဆိုတာကို သိရှိဖို့ ဘယ်လောက်အချိန်ကြာကြာယူရမလဲ။

**ဖြေ။** လူ့အခွင့်အရေးဆိုတာ လွယ်မယောင်နဲ့ ခက်ပါတယ်၊ တိမ်မယောင်နဲ့ နက်ပါတယ်။ လူ့အခွင့် အရေးကို ကိုယ်ကိုယ်တိုင်က နားလည်အောင်လုပ်ရမယ်။ လူ့အခွင့်အရေး ဘယ်လောက် တတ်ပြီ လဲဆိုရင် သင်နေတုန်းပါပဲ။ ကျွန်တော်တို့အနေနဲ့ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး သွားရောက် ဟောပြောပို့ချလာတာ မြို့နယ်ပေါင်း ၁၁၂ မြို့ရှိပါပြီ။ ခရီးရောက်ပြီလားဆိုတော့ မရောက် သေးပါဘူး။ တဖြည်းဖြည်းလုပ်သွားရပါမယ်။

**မေး။** မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိတယ်ဆိုတဲ့ နိုင်ငံတကာက စွပ်စွဲချက် တွေအပေါ် ဆရာတို့အနေနဲ့ ဘယ်လိုစီစဉ်ထားပါသလဲ။ လူ့အခွင့်အရေးဆိုတဲ့ စကားလုံးက ဘယ်ကနေ ရောက်လာသလဲဆိုတာ သိချင်ပါတယ်။

**ဖြေ။** လူ့အခွင့်အရေးဆိုတဲ့ စကားလုံးကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှာ စတင်ရေးသားခဲ့တာကို တွေ့ရှိရပါတယ်။ ၁၉၄၈ ခုနှစ်မှာ ပေါ်ပေါက်လာတဲ့ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မှာတော့ လူ့အခွင့်အရေးဆိုတဲ့စကားလုံးကို တိုက်ရိုက်အသုံးပြုပြီး လူသိများလာတာဖြစ်ပါ တယ်။ ပထမပိုင်း မေးခွန်းနဲ့ပတ်သက်ပြီး နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းက နိုင်ငံရေးအရ ဖိအား တွေပေး နေတယ်ဆိုတာပါပဲ။ နိုင်ငံရေးအရ ဖိအားပေးနေတာကို ကျွန်တော်တို့ ကော်မရှင် အနေနဲ့ ဘာမှလုပ်ပေးလို့မရပါဘူး။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ ဘယ်လိုလုပ်ပေးနေ တယ်၊ ဘာတွေဆောင်ရွက်ပေးနေတယ်ဆိုတာကို ကျွန်တော်တို့က ကမ္ဘာ့လူ့အခွင့်အရေး မျက်နှာစာမှာ အလျှဉ်းသင့်တဲ့အခါတိုင်း မှန်ကန်တဲ့ဘက်က ရပ်တည်ပြီးတော့ ပြောဆိုပေး နေတယ်ဆိုတာတော့ ပြောချင်ပါတယ်။

**မေး။** လူ့အခွင့်အရေး ချိုးဖောက်တယ်လို့ တိုင်ကြားလာတဲ့အခါမှာ ဆရာတို့အနေနဲ့ ဘယ်လို အရေးယူ မှုတွေ လုပ်ပါသလဲ။

**ဖြေ။** တိုင်ကြားစာတစ်ရပ် ရောက်ရှိလာတဲ့အခါမှာ အခွင့်အရေးများ အမှန်တကယ် ချိုးဖောက်ခံရခြင်း ရှိမရှိကို တိုင်တန်းစာစိစစ်ရေးအဖွဲ့က နေ့စဉ် အစည်းအဝေးပြုလုပ်ပြီး စိစစ်ပါတယ်၊ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိချက်များကို အကြံပြုတိုက်တွန်းချက်များနှင့်အတူ သက်ဆိုင်သည့် အဖွဲ့အစည်းများထံသို့ ပေးပို့မှုများ ဆောင်ရွက်ပါတယ်။ တရားရုံး ရောက်ပြီးသား အမှုဆိုရင် ကော်မရှင်ဥပဒေအရ ဝင်ရောက် စွက်ဖက်လို့ မရပါဘူး။

**တောင်ငူခရိုင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဝင်များအတွက် အလုပ်ရုံသင်တန်း**

**မေး။** ကလေးသည် မိသားစုအတွင်းမှာသာ ကြီးပြင်းရမယ်။ အကြောင်းမျိုးစုံကြောင့် အပြင်ရောက်နေတာတွေ ရှိပါတယ်။ ကလေးကို ခိုင်းစားတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ကလေးသူငယ်ရဲ့ အကောင်းဆုံး အကျိုးစီးပွားကို ရှေးရှုသင့်တယ်ဆိုတာလေး ဆွေးနွေးတင်ပြချင်ပါတယ်။

**ဖြေ။** ကလေးသူငယ်ကိစ္စရပ်များနှင့် ပတ်သက်လာပါက ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားကိုသာ ရှေးရှုသင့်ပါတယ်။ မေးမြန်းချက်သည်လည်း CRC နှင့် ကိုက်ညီမှုရှိကြောင်း ဖြေကြားလိုပါတယ်။

မေး။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု ရပိုင်ခွင့်ဆိုတဲ့အချက်အပေါ် ဆွေးနွေးပေးစေလိုပါတယ်။

ဖြေ။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူ မရှိခြင်း၊ တောင်းရမ်းစားသောက်နေရခြင်း၊ မိဘက သွန်သင်ဆုံးမ မရသောကလေး၊ မူးယစ်ဆေးစွဲနေသည့်ကလေး၊ ရက်စက်ယုတ်မာတဲ့ မိဘလက်ထဲက ကလေးများဟာ ကာကွယ်စောင့်ရှောက်မှု ရပိုင်ခွင့်ရှိတဲ့ ကလေးများ ဖြစ်ပါတယ်။

**မေး။** ကလေးသူငယ်ကို ပြစ်ဒဏ်ပေးခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပေးစေလိုပါတယ်။

**ဖြေ။** ကလေးသူငယ်ကို သေဒဏ်နှင့် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လို့ မရပါကြောင်း၊ ကျိုးကြောင်းခိုင်လုံမှသာ ၇ နှစ်ထက်မပိုသော ထောင်ဒဏ်ကို ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

**မိတ္ထီလာခရိုင် အရပ်ဘက်လူမှု အဖွဲ့အစည်းဝင်များအတွက်  အလုပ်ရုံသင်တန်း**

**မေး။** ပညာရေးကဏ္ဍတွင် ဆရာ/ဆရာမများက ရိုက်နှက် အပြစ်ပေးခြင်းနှင့် စပ်လျဉ်း၍ မိဘများက ထိလွယ်ရှလွယ် ရှိပါသည်။ စေတနာကောင်းနှင့် ပဲ့ပြင်ဆုံးမမှု ဖြစ်သော်လည်း ကလေးသူငယ်များ၏မလိမ္မာမှု စည်းကမ်းမရှိမှုများကို အုပ်ထိန်းသူများက  ပြဿနာရှာမှာကြောက်၍ ဒီအတိုင်း နေမိခြင်းများရှိ၊ တစ်ဖက်တွင်လည်း လူ့အခွင့်အရေးအရ ကလေးများကို ရိုက်နှက်ခြင်းဟာ မသင့်လျော်သည့်အတွက် ဘာလုပ်သင့်သလဲဆိုတာကို အကြံဉာဏ်များ ပေးစေလိုပါတယ်။

**ဖြေ။** ကလေးများ၏ ဂုဏ်သိက္ခာကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါတယ်။ Mental Scar မဖြစ် အောင် ဆောင်ရွက်ဖို့လိုအပ်ပါသည်။ ဆရာ၊ ဆရာမများအနေဖြင့် Child Psychology

ကို နားလည် အောင်သိရှိဖို့ ကြိုးစားဖို့ရန် လိုအပ်ပါတယ်၊ ရိုက်ပြီးဆုံးမမှ ရိုသေသမှု ရရှိခြင်း မဟုတ်ပါ။

**ပြင်ဦးလွင်ခရိုင် အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များ အလုပ်ရုံသင်တန်းတွင် မေးမြန်းခြင်း**

**မေး။** မိသားစုတစ်စုမှာ ကလေးတစ်ယောက်မွေးတိုင်း မွေးစားရင်းထုတ်ပေးရပြီး မွေးစာရင်းတွင် မိဘ မှတ်ပုံတင်နံပါတ် ရေးသွင်းရပါတယ်။ လူတိုင်းမှာ မှတ်ပုံတင်ရဖို့ အခွင့်အရေး ရှိပေမယ့် တချို့ နေရာဒေသတွေမှာ မိဘကိုယ်တိုင်က လက်ရှိ အသက်အရွယ်အထိ မှတ်ပုံတင်မရှိကြ သေးပါဘူး၊ မှတ်ပုံတင်ရဖို့ ဒါဟာ ကျေးရွာတွေမှာ ပညာရေးစနစ် အားနည်းမှုကြောင့် ဖြစ် တယ်လို့ထင်ပါတယ်၊ မှတ်ပုံတင်မရရှိခြင်း၊ မွေးစာရင်း မရရှိခြင်းကို လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန်။

**ဖြေ။** မိမိရပ်ကွက်၊ မိမိလမ်း၊ မိမိရွာမှာ ကလေးတစ်ယောက်မွေးမယ်ဆိုရင် သူ့ရဲ့လုပ်ငန်းစဉ်အရ အုပ်ချုပ်ရေးမှူးက ဆောင်ရွက်ပေးရမယ်၊ ဒီဒေသမှာ တာဝန်ကျတဲ့ ဆရာ/ ဆရာမနဲ့ မဟုတ်ဘဲ အရပ်လက်သည်နဲ့ မွေးတာဆိုရင် မွေးပေးတဲ့သူက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူး ကို အသိပေးရပါမယ်၊ အသိပေးပြီးတော့မှ ဒီဆရာ/ဆရာမတွေက မွေးစာရင်း လုပ်ပေးရတာ ပါ၊ အုပ်ချုပ်ရေးမှူးက တိုက်ရိုက်တာဝန်ယူပြီး လုပ်ပေးရတာတော့မဟုတ်ဘူး၊ အုပ်ချုပ်ရေး မှူးက နယ်မြေခံ ဆရာမ ထောက်ခံချက်ပါမှ ဆောင်ရွက်ပေးရတာပါ၊ ဆရာ/ဆရာမတွေက တာဝန်ယူပြီး လုပ်ပေးရတာပါ။

**မေး။** လူသတ်မှုသံသယနဲ့ စွဲချက်တင်ခံရတဲ့ လူတစ်ယောက်ဟာ အမှုမပြီးပြတ်ခင်အထိ တရားခံ တစ်ယောက်လို အချုပ်ခံရပြီး တစ်နှစ်ခြောက်လလောက်ကျမှ တရားခံ အစစ်အမှန် ပေါ်လာ တာဟာ သံသယနဲ့ စွဲချက်တင်ခံရတဲ့သူအတွက် အများကြီး နစ်နာခဲ့ရပါတယ်၊ သူ့အတွက် ဘာ အခွင့်အရေး ရပိုင်ခွင့်၊ ခံစားခွင့်ရှိပါသလဲ သိချင်ပါတယ်။

**ဖြေ။** တရားခံ အစစ်အမှန် ပေါ်လာပြီးဆိုကတည်းက ဥပဒေပညာရှင်နဲ့ ဆွေးနွေးသင့်ပါတယ်၊ ဥပဒေအရ ကုစားခွင့်နဲ့ လူမှုရေး ကုစား ခွင့်တို့ရှိပါတယ်။

**မေး။** ကလေးသူငယ်နဲ့ ပတ်သက်တဲ့ဥပဒေတွေကို ဆရာ/ဆရာမတွေ၊ မိဘအုပ်ထိန်းသူတွေဟာ မသိရှိ ကြသေးပါဘူး၊ ကလေးသူငယ်ဥပဒေကို လူတိုင်းသိရှိအောင် မည်ကဲ့သို့ ဆောင်ရွက် နိုင်မလဲ သိချင်ပါတယ်။

**ဖြေ။** ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ အချက်များကို တပ်မတော် သင်တန်းများ၊ အရာရှိတွေရဲ့ အလုပ်ရုံသင်တန်းများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းတွေ မှာ ထည့်သွင်းပို့ချပါတယ်၊ တာဝန်ရှိသူတွေအနေနဲ့လည်း စိတ်ဝင်တစားနဲ့ လေ့လာဖို့လို ပါတယ်၊ ဆင့်ပွား ဆင့်ပွား လုပ်ဖို့လည်းလိုပါတယ် ဟူ၍ ပြန်လည်ဆွေးနွေးခဲ့ပါသည်။

# လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကျင်းပရာတွင် သက်ဆိုင်ရာမြို့နယ်များမှ တက်ရောက်လာသူများ၏ မေးခွန်းနှင့် အဖြေများ

## ကလေးမြို့နယ်၊ လူ့အခွင့်အရေးအသိပညာပေး ဟောပြောပွဲ

**မေး။** ပြည်တွင်းစစ်များ နှစ်ပေါင်းများစွာ ဖြစ်နေရခြင်းသည် လူ့အခွင့်အရေးကို မသိရှိ နားမလည်ခြင်းကြောင့် ဖြစ်နေရသည်ဟု ယူဆမိပါကြောင်း၊ အားလုံးသိရှိပါက ငြိမ်းချမ်းနိုင်မည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

**ဖြေ။** လူ့အခွင့်အရေးသည် လွယ်မယောင်နှင့် ခက်ပါကြောင်း၊ သုံးတတ်ရင်ဆေး၊ မသုံးတတ်ပါက ဘေးဖြစ်သွားနိုင်ပါကြောင်း၊ လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးမှုဖြင့် တစ်ဦးနှင့် တစ်ဦး စာနာ နားလည်မှုများဖြင့် ငြိမ်းချမ်းသာယာသော လူ့ဘောင်ကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

**မေး။** အမျိုးသား အကျိုးစီးပွား ကာကွယ်ခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်ခြင်း ဟုတ် မဟုတ်။

**ဖြေ။** အမျိုးသား အကျိုးစီးပွား ကာကွယ်ခြင်းသည် တိုင်းပြည်ရဲ့ အကျိုးနှင့်ယှဉ်သော ကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံသားအားလုံးရဲ့ အကျိုးကို ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ကိုယ့်နိုင်ငံ အကျိုးစီးပွားဆောင်ရွက်ခြင်းသည် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်ပါကြောင်း၊ ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွား ဆောင်ရွက်ခြင်းသည် နိုင်ငံသားများ၏ လူ့အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ခြင်း ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပါ သည်။

## တမူးမြို့နယ်၊ လူ့အခွင့်အရေး အသိပညာပေး ဟောပြောပွဲ

**မေး။** လူ့အခွင့်အရေးများကို ဘာသာတရားများနှင့် ဥပဒေများတွင် ရှိပြီးဖြစ်ပါကြောင်း၊ လွတ်လပ်ရေး ရပြီးနောက်ပိုင်း မည်သည့်လက်ထက်တွင် လူ့အခွင့်အရေး ကြေညာစာတမ်းကို အသုံးပြုခွင့် မရှိခဲ့သည်ကို သိရှိလိုပါကြောင်း၊ အပိုဒ် ၃၀ နှင့် စပ်လျဉ်း၍လည်း သိရှိလိုပါကြောင်း။

**ဖြေ။** ကော်မရှင်အနေဖြင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို RWI ၏ ထောက်ပံ့ကူညီမှုနှင့် အများပြည်သူသိရှိအောင် စတင် ထုတ်ဝေခဲ့ပါကြောင်း၊ ယခင်ကာလများတွင် နှစ်ပေါင်း ၇၀ ကျော် ကန့်သတ်ချက်များနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ကော်မရှင်အနေဖြင့် တိုင်းရင်းသား ဘာသာများနှင့်လည်း ထုတ်ဝေမှုများ ဆောင်ရွက်နေပါကြောင်း၊ အပိုဒ် ၃၀ ပါပြဋ္ဌာန်းချက်သည် မိမိ ကိုယ်ကျိုးအတွက် ကြေညာစာတမ်းပါ အခွင့်အရေးများကို အလွဲသုံးစားမှု မရှိစေရေး ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း ပြန်လည် ဆွေးနွေးခဲ့ပါသည်။

**မေး။** လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်း၍ တန်းတူညီမျှ ဖြစ်စေလိုပါကြောင်း၊ UDHR အပိုဒ် ၂၂ အနည်းဆုံးလုပ်ခလစာ တက်လာသည့်နည်းတူ အငြိမ်းစားဝန်ထမ်းများအတွက် လူမှုဘဝ ဖူလုံရေးကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးပါရန် ဆွေးနွေးခဲ့ပါသည်။

**ဖြေ။** ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အရ လွတ်ငြိမ်းချမ်းသာခွင့်ကို သမ္မတက ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၏ သဘောတူညီချက်နှင့်အညီ ပေးခွင့်ရှိပါကြောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးတိုင်း ဝေဖန်မှုများရှိတတ်ပါကြောင်း၊ သို့ရာတွင် ဥပဒေနှင့်အညီသာ ဆောင်ရွက်နေကြ

ခြင်းဖြစ်ပါကြောင်း၊ ဥပဒေကို လေးစားတတ်သည့် အလေ့အကျင့်ရှိရန် လိုအပ်ပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအရ ရေးရှုဆောင်ရွက်ရခြင်းများလည်း ရှိပါကြောင်း၊ အငြိမ်းစား ဝန်ထမ်းများ၏ လူမှုဘဝဖူလုံရေးများကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှု အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

**ကလေးဝမြို့နယ်၊ လူ့အခွင့်အရေးအသိပညာပေး ဟောပြောပွဲတွင် မေးမြန်းခြင်း**

**မေး။** လူ့အခွင့်အရေး ကြေညာစာတမ်းကို မိမိအနေဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်ကလည်း လက်ခံ ရရှိခဲ့ပါကြောင်း၊ မိမိအနေဖြင့် အလုပ်ပြုတ်ထောင်ကျဖူးခဲ့ပါကြောင်း၊ အာဏာရှင်ကို တိုက်ခဲ့တာ ထက် လူ့အခွင့်အရေးကို ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါကြောင်း၊ တိုင်းရင်းသား ချစ်ကြည်ရေးကို ရေးရှု၍ ပြည်နယ်များသို့ သွားရောက်ရာတွင် သက်ဆိုင်ရာ ဘာသာစကား ဖြင့် တင်ပြခြင်းက ပိုမို အကျိုးရှိစေပါကြောင်း၊ မိမိအနေဖြင့် မြို့နယ်အတွင်း လူ့အခွင့်အရေး သင်တန်းများ ဖွင့်လှစ်ရန် ကြိုးပမ်းခဲ့ရာတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရပါကြောင်း ဆွေးနွေး ခဲ့ပါသည်။

**ဖြေ။** ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် စာပေများ ကို ဆောင်ရွက်ခွင့်ပေးထားပါကြောင်း၊ အဖွဲ့အစည်း အသီးသီးအနေဖြင့် လူ့အခွင့်အရေး သင်တန်းများ ဖွင့်လှစ်ရာတွင် အချို့သော အဖွဲ့များသည် အပြုသဘောဆောင်သော်လည်း အချို့အဖွဲ့များက အရှိတရား၊ ပကတိတရားများကို မျက်ကွယ်ပြုခြင်းများ ရှိပါကြောင်း၊ ထို့ကြောင့် နယ်မြေ အာဏာပိုင်များက စောင့်ကြည့်ရခြင်းများ ဖြစ်လာပါကြောင်း ပြန်လည် ဆွေးနွေးခဲ့ပါသည်။

**ဒိုက်ဦးမြို့၊ လူ့အခွင့်အရေးအသိပညာပေး ဟောပြောပွဲတွင် မေးမြန်းခြင်း**

**မေး။** မိမိတို့ အရန်မီးသတ်ဆိုသည်မှာ စေတနာ့ဝန်ထမ်း (NGO) ဖြစ်ကြောင်း၊ မိမိတို့၏ အခွင့် အရေးကို စောင့်ကြည့်သူရှိပါသလား၊ အခွင့်အရေးကို ကာကွယ်ပေးခြင်းရှိပါသလား။

**ဖြေ။** စောင့်ကြည့်သူမရှိပါ။ မိမိတို့အသင်းအဖွဲ့၏ အသင်းအဖွဲ့ စည်းမျဉ်းတွင် ပါသည့်အတိုင်း ပြည်သူ့အတွက် စေတနာ့ဝန်ထမ်း တာဝန်ထမ်းခြင်းသာဖြစ်ကြောင်း၊ အသင်းအဖွဲ့နှင့် မဆိုင် သော အခွင့်အရေး ချိုးဖောက်မှုများကိုမူ ကော်မရှင်နှင့် အခြားအဖွဲ့အစည်းများက စောင့်ကြည့်ပြီး တရားဥပဒေလမ်းကြောင်းပေါ် တင်ပေးရမှာဖြစ်ကြောင်း ပြန်လည် ရှင်းလင်း ဆွေးနွေးသည်။

**မေး။** ဌာနဆိုင်ရာဝန်ထမ်းများ၊ ပင်စင်စားအငြိမ်းစားများ လစာတိုးသွားသည်ဟု သိရှိရကြောင်း၊ မိမိတို့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လစာမှာ ၇၀၀၀၀ ကျပ်သာ ရရှိကြောင်း၊ မိမိ တို့မှာ ဝန်ထမ်းများနည်းတူ အလုပ်လုပ်ရသည်ဖြစ်၍ လစာထပ်တိုးရန် ရှိ မရှိ သိလိုပါသည်။

**ဖြေ။** မြို့နယ်အုပ်ချုပ်ရေးမှူးအား လွှဲပြောင်းဖြေကြားစေရာ ၎င်းက ဌာနဆိုင်ရာဝန်ထမ်းများအား ပြေ လမှစ၍ လစာတိုးမြှင့်ခဲ့ကြောင်း၊ ဤအခမ်းအနားတွင် ယခုကဲ့သို့ တင်ပြမှုကို

သက်ဆိုင်ရာ အထက်အဆင့် တာဝန်ရှိသူများထံ ဆက်လက်တင်ပြပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

**မေး။** မိမိသည် မသန်စွမ်းကလေးငယ်များ ပညာသင်ကြားရေးအတွက် စာအုပ် စသည့် လိုအပ်သည်များကို လိုက်လံထောက်ပံ့သူဖြစ်ကြောင်း၊ အချို့ပွဲများ၊ အခမ်းအနားများတွင် ဆင်းရဲနွမ်းပါး ကလေးများကို ထောက်ပံ့ချီးမြှင့်ပွဲဟု ခေါင်းစဉ်တပ်ထားသည်များ တွေ့ရသဖြင့် လူအများရှေ့ စင်ပေါ်တက်ချိန်တွင် ချီတုံချတုံဖြစ်နိုင်ပြီး ထိုကလေးကို ထိခိုက်နိုင်ကြောင်း၊ သို့ဖြစ်၍ ထောက်ပံ့ ရန် လိုအပ်သော ကလေးများဟု သုံးနှုန်းသင့် ကြောင်း ဆွေးနွေးပါသည်။

**ဖြေ။** စကားလုံးအသုံးအနှုန်းပေါ်မူတည်၍ လူ့ဂုဏ်သိက္ခာကို ထိခိုက်နိုင်သဖြင့် ဆင်းရဲနွမ်းပါး အသုံး အနှုန်းကို သတိထားသင့်ကြောင်း၊ ထို့အတူ AIDS ဝေဒနာရှင်များ၊ HIV ပိုး ရှိခြင်း၊ ဘိန်းစားဟူသော အသုံးအနှုန်းတို့မှာ သိလျှင်သော်မှ စောင့်ထိန်းရမည့် ကိစ္စများဖြစ်ကြောင်း၊ ခွဲခြားသည့် သဘောကို ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေး သည်။

**ရွှေကျင်မြို့နယ်၊ လူ့အခွင့်အရေးအသိပညာပေး ဟောပြောပွဲတွင် မေးမြန်းခြင်း**

**မေး။** ယခင်ကာလက ရွှေကျင်မြို့နယ်နေ ပြည်သူများမှာ နယ်မြေ မငြိမ်းချမ်းသဖြင့် ဒုက္ခရောက်ကြ ကြောင်း၊ NCA ထိုးပြီး အပစ်အခတ်ရပ်စဲသည့် နောက်ပိုင်း များစွာသက်သာရာ ရသော်လည်း အချို့သော စီမံခန့်ခွဲသူများ၏ ကန့်သတ်ချုပ်ချယ်မှုများကြောင့် လုပ်ကိုင်စားသောက်ရ ခက်ခဲကြောင်း၊ ဥပမာအားဖြင့် တောထဲတွင် မျှစ်ချိုးဖို့ကိုပင် မချိုးရဟုဆိုသဖြင့် အခြေခံ လူတန်းစားအတွက် အလွန်ပင်အခက်အခဲရှိကြောင်း၊ ယင်း Message ပေးလိုခြင်း ဖြစ် ကြောင်း၊ ယခုကဲ့သို့ မကြာခဏလာရောက် ဆွေးနွေးပေးရန်လည်း တင်ပြလိုပါသည်။

**ဖြေ။** တင်ပြချက်ကိုမှတ်သားပြီး ကော်မရှင်လစဉ်အစည်းအဝေးတွင် တင်ပြဖြစ်ကြောင်း၊ နယ်မြေ အတော်များများတွင် ယင်းသို့ဖြစ်လေ့ရှိသဖြင့် တာဝန်ရှိသူများ၊ စီးပွားရေးအဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရမှာဖြစ်ကြောင်း၊ မည်သူတွင် တာဝန်ရှိသည်ဟု ပြောရခက် ကြောင်း၊ နိုင်ငံတော်သည် ရေမြေအားလုံး၏မူလပိုင်ရှင်ဖြစ်၍ စီမံခန့်ခွဲ ရမည်သာဖြစ် ကြောင်း၊ နိုင်ငံတော်အတွက် လုပ်ဆောင်ရာတွင် ဒေသခံများလည်း ခံစားခွင့်ရှိရမှာဖြစ် ကြောင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ရာ၌ နယ်မြေခံလူထုကိုထိခိုက်မှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတို့နှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းစဉ်ကပင် နယ်မြေခံလူထု အကျိုးအတွက် ထည့်သွင်းစဉ်းစားဖို့လိုကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေး သည်။

**မေး။** တရားဥပဒေလိုက်နာရေးနှင့်ပတ်သက်၍ ဆွေးနွေးလိုကြောင်း၊ ရာဇသတ်ကြီးတွင် ပုဒ်မ ၅၁၁ ခုရှိရာ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိကြစေရန်၊ ထွေ/အုပ်ရုံး၊ ရဲစခန်း စသည်တို့တွင် အများပြည်သူသိရှိအောင် ဆောင်ရွက်ထားရှိသင့်သည်ဟု အကြံပြုလိုပါသည်။

**ဖြေ။** “Ignorance of the law is no excuse.” ဟူသော ဆိုရိုးရှိသည့်အတိုင်း ဥပဒေကို မိမိတို့က သိအောင်ကြိုးစားရမည်ဖြစ်ကြောင်း၊ ရာဇသတ်ကြီးပုဒ်မ ၅၁၁ ခုကို ထုတ်နုတ် အသိပေး နိုင်ရေး စဉ်းစားဆွေးနွေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**မေး။** လူ့အခွင့်အရေး ချိုးဖောက်သည် ဆိုသည်မှာ မည်သည့်အတိုင်းအတာကို ခေါ်သနည်း၊ မည်သို့ စုံစမ်းမှုများ ပြုလုပ်ပါသနည်း။

**ဖြေ။** ရာဇသတ်ကြီးတွင် ပုဒ်မ ၅၀၀ ကျော်ရှိပြီး ဥပဒေကိုချိုးဖောက်ခြင်းမှာ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း၊ လူတစ်ဦး လမ်းလျှောက်သွားသည်ကို အရှက်ရအောင် နှောင့်ယှက်ဟန့်တားလျှင် လူ့အခွင့်အရေး ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း၊ ရာဇဝတ်မှု ဖြစ်မှ မဟုတ်ဘဲ လင်မယားချင်း ရန်ဖြစ်ခြင်းမှာလည်း တစ်ဦးနှင့်တစ်ဦး ချိုးနှိမ်ပြောဆို ကြပြီး လူသား ဂုဏ်သိက္ခာကို ထိခိုက်စေသဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခြင်းပင် ဖြစ်ကြောင်း၊ ကော်မရှင်သို့ တိုင်ကြားချက်များနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူးအဆင့်က ဦးစွာ သုံးသပ်ကြောင်း၊ ထို့နောက် အနည်းဆုံး ကော်မရှင်အဖွဲ့ဝင် ၂ ဦးပါ ဝင်သောအဖွဲ့က သုံးသပ် စစ်ဆေးကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုပေါ်ပေါက်ပါက အဆုံးအဖြတ် ပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတို့ထံ ပေးပို့ကြောင်း၊ ၎င်းတို့က လူ့အခွင့်အရေးကို လေးစားသောအားဖြင့် ကော်မရှင်က ပေးပို့သည့်ကိစ္စကို ဆောင်ရွက်ကြောင်း၊ ဆောင်ရွက်မှုပြီးစီးပါက ကော်မရှင်သို့ ပြန်ကြားပေးကြောင်း၊ အချို့ သော တိုင်းဒေသကြီး/ပြည်နယ် အစိုးရတို့၏ ပြန်ကြားဆောင်ရွက်မှုမှာ ၃၀ ရာခိုင်နှုန်း၊ အချို့မှာ ၇၀ ရာခိုင်နှုန်း အထိရှိကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေး သည်။

**ကျောက်ကြီးမြို့နယ်၊ လူ့အခွင့်အရေးအသိပညာပေး ဟောပြောပွဲတွင် မေးမြန်းခြင်း**

**မေး။** စားကျက်မြေကို မကျူးကျော်ရဟု သိနားလည်ထားကြောင်း၊ ယခုအခါ ကျွဲနွားမွေးမြူ လွှတ်ကျောင်းသူများက စားကျက်မြေတွင် လွှတ်ကျောင်းကြရာ စားကျက်မြေအတွင်း သီးနှံ စိုက်ပျိုးထားသူက ကျူးကျော်စိုက်ပျိုးသူ သို့မဟုတ် ကျွဲ၊ နွားကျောင်းသူများက ကျူးကျော်သူ မည်သူက ကျူးကျော်သူဖြစ်သနည်း၊ မည်သို့ဆောင်ရွက်ပေးမည်နည်းဆိုသည်ကို သိလို ကြောင်း မေးမြန်းသည်။

**ဖြေ။** ဗြိတိသျှခေတ်ကတည်းက ဥပဒေသတ်မှတ်ချက်များရှိပြီးဖြစ်ကြောင်း၊ နောင်အစိုးရ အဆက် ဆက်က သတ်မှတ်ချက်အတိုင်း စီမံခန့်ခွဲ ဆောင်ရွက်ရန်လိုကြောင်း၊ လူအများ၏ အနာဂတ် အတွက် စားနပ်ရိက္ခာလိုအပ်ချက် ထည့်တွက်ရသကဲ့သို့ လူတို့နှင့်အတူတကွ လုပ်ကိုင် ဆောင်ရွက်ကြရသည့် ကျွဲနွားများအတွက်လည်း အစားအစာလိုအပ်ကြောင်း၊ မည်သူက ချိုးဖောက်သနည်း ဟူသောမေးခွန်းမှာမူ တစ်ထိုင်တည်းဖြေဆိုရန် မလွယ်ကြောင်း၊ နှစ်ဦး နှစ်ဖက်ရှိရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရပြီး မည်သူက ဥပဒေကို ချိုးဖောက်သည်ဆို သည့် အပေါ်မူတည်၍ ဥပဒေနှင့်မညီပါက လူ့အခွင့်အရေးချိုးဖောက် သည်ဟုဆိုနိုင်ကြောင်း၊ သို့သော်လည်း တစ်ခါတစ်ရံ တွင် ဥပဒေနှင့်ညီတိုင်းလည်း လူ့အခွင့်အရေး မချိုးဖောက်ဟု မဆိုနိုင်ကြောင်း ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**မေး။** ကော်မရှင်သည် သီးခြားရပ်တည်၍ လုပ်ငန်းများကို ဆောင်ရွက်သည်ဟု သိရှိရကြောင်း၊ အကယ်၍ အမှုတစ်ခုက တရားရုံး တစ်ရုံးတွင် စွဲတင်ထားသောအမှုကို စုံစမ်းပေးရန် တိုင်တန်းလာပါက မည်သို့ ဆောင်ရွက်သည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဖြေ။** ကော်မရှင်ဥပဒေပုဒ်မ ၃၇ အရ တရားရုံးကကြားနာဆဲအမှု၊ တရားရုံးတွင် အယူခံဆဲအမှု၊ တရားရုံးက အပြီးသတ် စီရင်ချက်ချပြီးသော အမှုများကို စုံစမ်းစစ်ဆေးခြင်း မပြုလုပ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**မေး။** ယခင်အစိုးရ လက်ထက်ကတည်းက မြေပိုင်ဆိုင်မှု အငြင်းပွားခဲ့ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးက တရားစွဲခိုင်းသဖြင့် ခြံမြေရလိုမှုဖြင့် တရားစွဲခဲ့ကြောင်း၊ သို့သော် တပ်မတော် ထောက်လှမ်းရေးနှင့် ပတ်သက်သည်ဆိုပြီး လာဘ်ပေးလာဘ်ယူလုပ်ကာ အမှုကို ပလပ်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အစိုးရပြောင်းပြီးနောက်ပိုင်းတွင် ထပ်မံတင်ပြခဲ့ပါကြောင်း၊ ကော်မရှင်သို့လည်း တင်ပြထားပါကြောင်း မေးမြန်းခဲ့ပါသည်။

**ဖြေ။** သက်ဆိုင်ရာ မြို့နယ်မြေယာစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြနိုင်ကြောင်း၊ ဤကိစ္စမှာ တစ်ထိုင်တည်း အဖြေပေး၍မရကြောင်း၊ တိုင်ကြားလိုပါက အထောက်အထား ပြည့်ပြည့်စုံစုံဖြင့် တိုင်ကြားနိုင်ကြောင်း၊ မှတ်ပုံတင်မိတ္တူစသည့် အထောက်အထားများ ပါရှိပါက တိုင်တန်းချက်ကို တစ်ပါတည်း ပေးလိုက်နိုင်ကြောင်း ပြောကြားခဲ့သည်။

## ဖြူးမြို့နယ်၊ လူ့အခွင့်အရေး အသိပညာပေး ဟောပြောပွဲ

**မေး။** မိမိတို့နိုင်ငံတွင် မငြိမ်းချမ်းသောဒေသများ၌ တိုက်ပွဲများဖြစ်ပွားနေမှုက နိုင်ငံဖွံ့ဖြိုးရေး အတွက် စိန်ခေါ်မှုများဖြစ်ကြောင်း၊ ငြိမ်းချမ်းသော ဒေသများတွင်မူ အဂတိလိုက်စားမှုများရှိနေသဖြင့် ကော်မရှင်က စုံစမ်းဖော်ထုတ်ပေးစေလိုကြောင်း တင်ပြသည်။

**ဖြေ။** **ငြိမ်းချမ်းရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍** ကိစ္စတစ်ခုချင်း မဟုတ်သော်လည်း အလားတူ ကိစ္စများကိုစုစည်း၍ နိုင်ငံတော်အကြီးအကဲထံ တင်ပြပေးပါကြောင်း၊ အဂတိလိုက်စားမှုများအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က သီးခြားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားခဲ့သည်။

## မတ္တရာမြို့နယ် လူ့အခွင့်အရေးအသိပညာပေး ဟောပြောပွဲ

**မေး။** မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ အတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းဆွေးနွေးခဲ့ပါသည်။

**ဖြေ။** တိုင်းဒေသကြီး/ ပြည်နယ်များ၊ ခရိုင်များ၊ ကျေးရွာများအထိ သွားရောက်၍ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ကျေးလက်နေ ပြည်သူများအတွင်း လူ့အခွင့်အရေး အသိပညာ ပြန့်ပွားရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးပါတီများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးနိုင်ရန် အကြံပြုချက်မှာလည်း သင့်မြတ် ကောင်းမွန်သော အကြံပြုချက် ဖြစ်ပါကြောင်း၊ ကော်မရှင် မျက်နှာစုံညီ အစည်းအဝေးတွင် တင်ပြသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ပါသည်။

The Human Resources Director for Heineken Myanmar, Ms. Yadira Sepulveda Cavazos, described her company's pro–active approach to embedding respect for human rights as they operate their organization in Myanmar. She went on to say how this is an on–going process that requires meeting with stakeholders regularly to ensure that their enterprise is not undermining human rights and, in fact, contributes to the well–being of the community.

Next, Ms. Claire Kirkham, Head of Economy and Prosperity Section of the Embassy of the United Kingdom in Myanmar, discussed how the United Kingdomestablished National Action Plan in 2013 for promoting respect for human rights in the private sector. In the UK's Action Plan she mentioned, *inter alia,* the Government's intention to "support, motivate and incentivise UK businesses to meet their responsibility to respect human rights throughout their operations both at home and abroad.

The panel discussion on Business and Human Rights on the subject of"Opportunities and Challenges for Myanmar" was moderated by Mr. Sean Lees, UNDP Specialist on Business and Human Rights with U Nyunt Swe, Commissioner of MNHRC, Mr. Rory Mungoven, Liaison Officer, International Labour Organization's Office in Myanmar, Daw Khine Khine Nwe, Secretary–General of Myanmar Federation of Chambers of Commerce and Industry andMs. Vicky Bowman, Director of Myanmar Centre for Responsible Business serving as panelists.

The Seminar encourages the Government to promote the wider awarenessraising of the United Nations Guiding Principles on Business and Human Rights and to consider development of an Action Plan.

နောက်ဆက်တွဲ (ည)

ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ သံရုံးများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ မှ ကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံသည့်မှတ်တမ်း

| စဉ် | ရက်စွဲ | လာရောက်တွေ့ဆုံသူ | လက်ခံတွေ့ဆုံသူ |
|---|---|---|---|
| ၁ | ၉-၁-၂၀၁၈ | Reuters News Agency မှ Bureau Chief of Myanmar ဦးဆောင်သောအဖွဲ့ | ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ |
| ၂ | ၉-၁-၂၀၁၈ | Human Rights Watch မှ Senior Researcher of Women Rights Division | ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ |
| ၃ | ၉-၁-၂၀၁၈ | University of Virginia (School of Law) မှ ကျောင်းသား/ ကျောင်းသူများ | ဥက္ကဋ္ဌ |
| ၄ | ၁၁-၁-၂၀၁၈ | UNDP မှ Resident Representative and Humanitarian Coordinator ဦးဆောင်သောအဖွဲ့ | ဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဦးခင်မောင်လေး |
| ၅ | ၁၅-၁-၂၀၁၈ | LWF မှ ကိုယ်စားလှယ်အဖွဲ့ | အဖွဲ့ဝင် ဦးညွန့်ဆွေ |
| ၆ | ၅-၂-၂၀၁၈ | ဂျပန်သံရုံးမှ Deputy Assistant Minister ဦးဆောင်သောအဖွဲ့ | ဥက္ကဋ္ဌ |
| ၇ | ၅-၂-၂၀၁၈ | မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး | ဥက္ကဋ္ဌ |
| ၈ | ၈-၂-၂၀၁၈ | Democracy Reporting International မှ Country Representative ဦးဆောင်သောအဖွဲ့ | ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ |
| ၉ | ၉-၂-၂၀၁၈ | LWF မှ ကိုယ်စားလှယ်အဖွဲ့ | အဖွဲ့ဝင် ဦးညွန့်ဆွေ |
| ၁၀ | ၁၆-၂-၂၀၁၈ | Community of Democracies မှ Secretary General ဦးဆောင်သောအဖွဲ့ | ဥက္ကဋ္ဌ |
| ၁၁ | ၁၆-၂-၂၀၁၈ | ဩစတြေးလျသံရုံးမှ Senior Policy Officer ဦးဆောင်သောအဖွဲ့ | ဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဦးစိုးဘုန်းမြင့် |
| ၁၂ | ၁၉-၂-၂၀၁၈ | Voluntary Principles on Security and Human Rights (VPSHR) မှ Managing Partner and Europe Conflict and Security အဖွဲ့ | အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဒေါက်တာ မြင့်ကြည် |
| ၁၃ | ၂၆-၂-၂၀၁၈ | Kuwait Times သတင်းစာမှ ဒုတိယအမှုဆောင် အယ်ဒီတာချုပ် | ဥက္ကဋ္ဌ |
| ၁၄ | ၆-၃-၂၀၁၈ | Institute for Human Rights and Business (IHRB) နှင့် Myanmar Center for Responsible Business (MCRB) မှ Chair of Trustees and International Advisory Council Member ဦးဆောင်သောအဖွဲ့ | အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဒေါက်တာ မြင့်ကြည် |
| ၁၅ | ၁၅-၃-၂၀၁၈ | Danish Institute မှ Department of Social Sciences and Business ဌာနကိုယ်စားလှယ်အဖွဲ့ | ဥက္ကဋ္ဌ |
| ၁၇ | ၁၉-၃-၂၀၁၈ | I-School Myanmar မှ ကိုယ်စားလှယ်အဖွဲ့ | အဖွဲ့ဝင် ဦးယုလွင်အောင် |
| ၁၈ | ၁၀-၄-၂၀၁၈ | မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး | ဥက္ကဋ္ဌ |
| ၁၉ | ၁၀-၄-၂၀၁၈ | ဂျပန်သံရုံးမှ Chief of Political Section ဦးဆောင်သောအဖွဲ့ | ဥက္ကဋ္ဌ |
| ၂၀ | ၁၈-၄-၂၀၁၈ | ဗြိတိန်သံရုံးမှ First Secretary | ဥက္ကဋ္ဌ |
| ၂၁ | ၂၃-၄-၂၀၁၈ | မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး | ဥက္ကဋ္ဌ |

| စဉ် | ရက်စွဲ | လာရောက်တွေ့ဆုံသူ | လက်ခံတွေ့ဆုံသူ |
|---|---|---|---|
| ၂၂ | ၂၆-၄-၂၀၁၈ | OHCHR မှ Chief of Asia-Pacific Section ဦးဆောင်သောအဖွဲ့ | ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ |
| ၂၃ | ၂-၅-၂၀၁၈ | University of Copenhagen မှ Master Student Ms. Claudia Gleeson | အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဒေါက်တာ မြင့်ကြည်နှင့် ဦးခင်မောင်လေး |
| ၂၄ | ၁၄-၅-၂၀၁၈ | UNDP မှ Deputy Country Director Ms. Dawn Del Rio ဦးဆောင်သောအဖွဲ့ | ဥက္ကဋ္ဌ |
| ၂၅ | ၁၅-၅-၂၀၁၈ | Centre for Humanitarian Dialogue မှ Country Representative Mr. Adam Cooper ဦးဆောင်သောအဖွဲ့ | ဥက္ကဋ္ဌ |
| ၂၆ | ၁၄-၆-၂၀၁၈ | ICJ မှ International Legal Adviser Mr. Sean Bain ဦးဆောင်သောအဖွဲ့ | အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်၊ ဦးစိန်သန်း |
| ၂၇ | ၃-၇-၂၀၁၈ | LANDMINE & CLUSTER MUNITION (MONITOR) မှ Research Coordinator and Editor Mr. Yeshua Moser-Puangsuwan | အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဒေါက်တာ မြင့်ကြည် |
| ၂၈ | ၅-၇-၂၀၁၈ | ICRC မှ Deputy Protection Coordinator, Aleena Pitisant | ဥက္ကဋ္ဌ |
| ၂၉ | ၆-၇-၂၀၁၈ | Office of Justice Affairs, Ministry of Justice, Bangkok မှ Lecturer Dr. Piti Eiamchamroonlarp | ဥက္ကဋ္ဌ |
| ၃၀ | ၁၀-၇-၂၀၁၈ | Monash University, Australia မှ Senior Lecturer Dr. Lennon Yao-chung Chang ဦးဆောင်သောအဖွဲ့ | ဥက္ကဋ္ဌ၊ အဖွဲ့ဝင် ဦးစိုးဘုန်းမြင့် |
| ၃၁ | ၁၆-၇-၂၀၁၈ | UNDP မှ Chief Technical Advisor, Mr. Scott Ciment ဦးဆောင်သော အဖွဲ့ | ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ |
| ၃၂ | ၁၇-၇-၂၀၁၈ | Reducing Emission from Deforestation and Forest Degradation (REDD) မှ ဦးဇာနည်အောင် | အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်၊ ဒေါက်တာဒေါ်တင်မေထွန်း |
| ၃၃ | ၃၀-၇-၂၀၁၈ | UNHCR Office, Myanmar မှ Assistant Representative Ms. Cecile Fradot | အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဒေါက်တာ မြင့်ကြည် |
| ၃၄ | ၂-၈-၂၀၁၈ | Good Neighbours International (Myanmar) မှ Country Director, Mr. Eun Chang Jang ဦးဆောင်သောအဖွဲ့ | ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ |
| ၃၅ | ၈-၈-၂၀၁၈ | Religions for Peace မှ ကိုယ်စားလှယ်အဖွဲ့ | ဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဦးခင်မောင်လေး |
| ၃၆ | ၂၃-၈-၂၀၁၈ | UNDP မှ Chief Technical Advisor, Mr. Scott Ciment ဦးဆောင်သော အဖွဲ့ | အဖွဲ့ဝင် ဦးညွှန့်ဆွေ |
| ၃၇ | ၂၄-၈-၂၀၁၈ | Swedish Association of the Visually Impaired မှ Programme Officer, Mr. Hannes Juhlin Lagrelius ဦးဆောင်သော အဖွဲ့ | ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဦးညွှန့်ဆွေ |

| စဉ် | ရက်စွဲ | လာရောက်တွေ့ဆုံသူ | လက်ခံတွေ့ဆုံသူ |
|---|---|---|---|
| ၃၈ | ၃-၉-၂၀၁၈ | Karen Human Rights Group | အဖွဲ့ဝင် ဦးယုလွင်အောင်၊<br>ဒေါက်တာမြင့်ကြည်နှင့်<br>ဒေါက်တာဒေါ်တင်မေထွန်း |
| ၃၉ | ၆-၉-၂၀၁၈ | U.S Embassy မှ Political Officer, Mr. Lan R. Mackenzie ခေါင်းဆောင်သော အဖွဲ့ | ဥက္ကဋ္ဌ |
| ၄၀ | ၂၈-၉-၂၀၁၈ | ICJ မှ Legal Advisor, Mr. Sean Bein ဦးဆောင်သောအဖွဲ့ | အဖွဲ့ဝင် ဦးညွန့်ဆွေ၊<br>ဦးစိုးဘုန်းမြင့် |
| ၄၁ | ၂-၁၀-၂၀၁၈ | Friedrich Naumann Foundation (FNF) မှ Programme Manager ဦးအောင်သူဟိန်းနှင့် ဒေါ်နှင်းဝင့်ခိုင် | အဖွဲ့ဝင် ဦးညွန့်ဆွေ |
| ၄၂ | ၄-၁၀-၂၀၁၈ | ICJ မှ Legal Advisor, Mr. Sean Bian | ဥက္ကဋ္ဌ |
| ၄၃ | ၈-၁၀-၂၀၁၈ | United Nations Development Programme မှ Chief Technical Advisor, Mr. Scott Ciment | အဖွဲ့ဝင် ဦးညွန့်ဆွေ |
| ၄၄ | ၈-၁၀-၂၀၁၈ | Landholt Consult, Human Rights Laws and Development မှ APF Consultant Ms. Lone Lindholt | ဥက္ကဋ္ဌ |
| ၄၅ | ၉-၁၀-၂၀၁၈ | Kuwait Embassy မှ CDA Mr. Adel M. Al-Adgham | ဥက္ကဋ္ဌ |
| ၄၆ | ၉-၁၀-၂၀၁၈ | Frontier Myanmar မှ Mr. Ben Dunant | ဥက္ကဋ္ဌ |
| ၄၇ | ၁၁-၁၀-၂၀၁၈ | Myanmar Center for Responsible Business (MCRB) မှ MS. Vickey Boman | ဥက္ကဋ္ဌ |
| ၄၈ | ၁၅-၁၀-၂၀၁၈ | DRI မှ Country Representative, Ms. Eva Gil | အဖွဲ့ဝင် ဦးညွန့်ဆွေ |
| ၄၉ | ၁၉-၁၀-၂၀၁၈ | Reuter သတင်းမှ Local Correspondent မရွှန်းနိုင် | အဖွဲ့ဝင် ဦးညွန့်ဆွေ |
| ၅၀ | ၂၉-၁၀-၂၀၁၈ | မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E Mr. John Nielsen | ဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဦးခင်မောင်လေး |
| ၅၁ | ၁၆-၁၁-၂၀၁၈ | UNDP မှ Mr. Endreous | ဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဦးခင်မောင်လေး |
| ၅၂ | ၁၆-၁၁-၂၀၁၈ | ICJ မှ National Legal Advisor Ms. Michelle နှင့် ဒေါ်ဇာလီအေး | အဖွဲ့ဝင် ဦးစိုးဘုန်းမြင့် |
| ၅၃ | ၂၉-၁၁-၂၀၁၈ | မြန်မာနိုင်ငံဆိုင်ရာ အစ္စရေး သံအမတ်ကြီး | ဥက္ကဋ္ဌ |
| ၅၄ | ၁၁-၁၂-၂၀၁၈ | MCRB မှ Director ဖြစ်သူ Ms. Vickey Boman | အဖွဲ့ဝင် ဦးညွန့်ဆွေ၊<br>ဒေါက်တာမြင့်ကြည် |
| ၅၅ | ၁၄-၁၂-၂၀၁၈ | DRI မှ Country Representative Ms. Eva Gil | အဖွဲ့ဝင် ဦးညွန့်ဆွေ |
| ၅၆ | ၁၉-၁၂-၂၀၁၈ | UNHCR မှ ကိုယ်စားလှယ်အဖွဲ့ | အဖွဲ့ဝင် ဦးယုလွင်အောင်၊<br>ဒေါက်တာမြင့်ကြည်နှင့်<br>ဒေါက်တာဒေါ်တင်မေထွန်း |
| ၅၇ | ၂၆-၁၂-၂၀၁၈ | LWF မှ ကိုယ်စားလှယ်အဖွဲ့ | အဖွဲ့ဝင် ဦးညွန့်ဆွေ |

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး
ကော်မရှင်

# စွမ်းဆောင်ရည်ဆန်းစစ်မှု အစီရင်ခံစာ

ဒီဇင်ဘာ ၂၀၁၈

OHCHR

UNDP

Empowered lives.
Resilient nations.

APF

# အကျဉ်းချုပ်တင်ပြချက်

၂၀၁၈ ခုနှစ်၊ မေလတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်ကို ကော်မရှင်အား စွမ်းဆောင်ရည်ဆန်းစစ်မှုတစ်ခု ပြုလုပ်ရန်အတွက် ကူညီပေးရန် တောင်းဆိုခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို နိုင်ငံတော်သမ္မတ၏ အမိန့်ဖြင့် ၂၀၁၁ခုနှစ်တွင် ပထမဦးစွာတည်ထောင်ခဲ့သည်။ ၎င်းကို ၂၀၁၄ခုနှစ်၊ မတ်လ၂၈ရက်တွင်ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေဖြင့် ပိုမိုခိုင်မြဲစေခဲ့သည်။ စိန်ခေါ်မှုအလွန်များသော ပတ်ဝန်းကျင်တွင်၄နှစ်ကြာလုပ်ကိုင်ခဲ့သောအတွေ့အကြုံဖြင့် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ သဘောတူညီ ခဲ့သည်မှာ စွမ်းဆောင်ရည် ဆန်းစစ်မှုတစ်ခုသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် အကာအကွယ်ပေးခြင်း လုပ်ငန်းများပိုမိုခိုင်မာစေရန် လိုအပ်သော သတင်း အချက်အလက်များပေးမည် ဆိုသည့် အချက်ဖြစ်ပါသည်။

ဤ၂၀၁၈ ခုနှစ် ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ စွမ်းဆောင်ရည်ဆန်းစစ်မှု အစီရင်ခံစာ သည် ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ၅ရက် (တနင်္လာနေ့) မှ ၁၆ရက် (သောကြာနေ့) နေ့အထိ ဆောင်ရွက်ခဲ့သော စွမ်းဆောင်ရည်ဆန်းစစ်မှု ၏ရလဒ်များကိုမှတ်တမ်းတင်ထား ခြင်းဖြစ်သည်။

# စွမ်းဆောင်ရည် ဆန်းစစ်မှုလုပ်ငန်းစဉ်

စွမ်းဆောင်ရည်ဆန်းစစ်မှုကိုမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်အတူအာရှပစိဖိတ်ဖိုရမ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဘန်ကောက်ဒေသဆိုင်ရာရုံးခွဲနှင့်ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးတို့မှပံ့ပိုးသူများက လုပ်ဆောင်ခဲ့သည်။

စွမ်းဆောင်ရည်ဆန်းစစ်မှု၏ရည်ရွယ်ချက်မှာကော်မရှင်အဖွဲ့ဝင်များနှင့်ခေတ္တညွှန်ကြားရေးမှူးချုပ်တို့ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏လက်ရှိအားသာချက်များ၊ အားနည်းချက်များနှင့်စိန်ခေါ်မှုအလွန်များသောလူ့အခွင့်အရေးဆိုင်ရာပတ်ဝန်းကျင်တွင်၎င်း၏လုပ်ငန်းတာဝန်များကိုထမ်းဆောင်နိုင်ရန် လိုအပ်သည်များကို နက်နက်နဲနဲပြန်လည်ဆန်းစစ်မှုတစ်ခုအားပေးအပ်ရန်ဖြစ်သည်။၎င်းသည်စွမ်းဆောင်ရည်ကိုပိုမိုအားကောင်း စေရန်၊စွမ်းဆောင်ရည်လိုအပ်ချက်များကိုဖြည့်ဆည်းရန်အတွက်မဟာဗျူဟာများနှင့်လုပ်ဆောင်ချက်များကိုအဆို ပြုပါသည်။

စွမ်းဆောင်ရည် ဆန်းစစ်မှုလုပ်ငန်းစဉ်တွင်ပါဝင်သည်များမှာ-

- သက်ဆိုင်သော စာရွက် စာတမ်းများနှင့်အစီရင်ခံစာများကို ဆန်းစစ်လေ့လာမှု
- ဥက္ကဋ္ဌနှင့်ကော်မရှင်အဖွဲ့ဝင်များကိုတွေ့ဆုံမေးမြန်းမှုများ
- ရန်ကုန်ရှိဗဟိုရုံးနှင့်မန္တလေးနှင့်နေပြည်တော်ရှိရုံးခွဲနှစ်ခုတွင်ရှိသောခေတ္တညွှန်ကြားရေးမှူးချုပ်(အတွင်းရေးမှူး)နှင့်ညွှန်ကြားရေးမှူးများ၊ဒုတိယညွှန်ကြားရေးမှူးများ၊လက်ထောက်ညွှန်ကြားရေးမှူးများနှင့်ဝန်ထမ်းများအားလုံးနှင့်အဖွဲ့လိုက်ဆွေးနွေးခြင်းများ။ မှတ်ချက် - ဝန်ထမ်းများနှင့် တွေ့ဆုံ မေးမြန်းမှုများကိုယေဘုယျအားဖြင့်လုပ်ငန်းသဘောအရတူညီသောအဖွဲ့များဖြင့်ပြုလုပ်ပြီး၊အမျိုးသမီးများသာပါဝင်သောအဖွဲ့လိုက် မေးမြန်းမှုတစ်ချို့ ပြုလုပ်နိုင်ခဲ့ပါသည်။
- ရန်ကုန်နှင့်နေပြည်တော်တွင်အစိုးရဌာနများ၊အရပ်ဘက်အဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများကိုမေးမြန်းခဲ့သည်။
- အဖွဲ့လိုက်ဆွေးနွေးခြင်းများအပေါ်အခြေခံ၍ အဓိကစွမ်းဆောင်ရည်ကိစ္စရပ် ၁၈ ခု ကိုဖော်ထုတ်နိုင်ခဲ့ပါသည်။
- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏အဖွဲ့ဂင်များအပါအဂင် ဝန်ထမ်း ၈၆ ဦး မှပေးခဲ့သောအရေအတွက်ဆိုင်ရာစွမ်းဆောင်ရည်အဆင့်သတ်မှတ်ချက်များနှင့်အရည်အသွေးဆိုင်ရာမှတ်ချက်များမှတဆင့်တိကျသောအဓိကစွမ်းဆောင်ရည်ကိစ္စရပ်၁၈ခုအတွက်မိမိကိုယ်မိမိဆန်းစစ်မှုမေးခွန်းလွှာ

# အဓိကတွေ့ရှိချက်များ

တွေ့ဆုံမေးမြန်းမှုများနှင့်အဖွဲ့လိုက်ဆွေးနွေးမှုများတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ခေါင်းဆောင်များနှင့်ဝန်ထမ်းများသည် ၎င်းကိုတည်ထောင်ချိန်၂၀၁၁ မှစ၍ တိုးတက်မှုကိုဖော်ပြသောအဖွဲ့အစည်းဆိုင်ရာအားသာချက်များကိုဖော်ထုတ်ခဲ့သည်။ ၎င်းတို့တွင်အောက်ပါတို့ပါဝင်သည် -

- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ
- ဥက္ကဋ္ဌ၏ ရာထူး အဆင့်သည်ပြည်ထောင်စုဝန်ကြီးအဖြစ်၊ အဖွဲ့ဝင်များသည် ဒုတိယဝန်ကြီးများ အဖြစ် အဆင့်အတန်းသတ်မှတ်မှု
- အချိန်ပြည့် အဖွဲ့ဝင်များ
- အဖွဲ့ဝင်များမှ အားလုံးသဘောတူညီသောဆုံးဖြတ်ချက်ချမှတ်ခြင်း
- ပိုမိုသင်ယူလိုပြီးပိုမိုလုပ်ဆောင်လို စိတ်ရှိသော ဝန်ထမ်းများ
- ဘဏ္ဍာရေးဆိုင်ရာအမှီအခိုကင်းမှုတိုးတက်လာခြင်း- သီးခြားဘတ်ဂျက်အမျိုးအစား
- ရုံးခွဲများစတင်တည်ထောင်ခြင်း
- လွှတ်တော်နှင့်ဆက်ဆံရေး
- တိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင်အသိအမြင်ဖွင့်ပေးခြင်းနှင့်လူ့အခွင့်အရေးဆိုင်ရာပညာပေးခြင်း
- အကျဉ်းထောင်များကိုလေ့လာစောင့်ကြည့်ခြင်းနှင့်တိုးတက်လာသောအခြေအနေများ
- ရွေးကောက်ပွဲကိုလေ့လာစောင့်ကြည့်ခြင်း
- မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ တိုင်တန်းချက်လုပ်ငန်းစဉ်အာ းအစိုးရဌာနများမှ လေးစားခြင်း
- ဥပဒေနှင့်မူဝါဒဆိုင်ရာအကြံပြုချက်များအားသမ္မတ၏လျှင်မြန်ကောင်းမွန်စွာတုန့်ပြန်မှု
- အမျိုးသမီးများ၊ကလေးအခွင့်အရေးများ၊မသန်စွမ်းအခွင့်အရေးများနှင့်လူကုန်ကူးမှုနှင့်တရားဥပဒေစိုးမိုးရေးတို့နှင့်သက်ဆိုင်သောအမျိုးသားအဆင့်ကော်မတီများ၏အဖွဲ့ဝင် ဖြစ်ခြင်း
- ကမ္ဘာ့ နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း
- အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၊ အာရှပစိဖိတ် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်နှင့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီးတွင် အဖွဲ့ဂင်အဖြစ်ပါဂင်မှု

ကော်မရှင်အဖွဲ့ဝင်များ၊ဝန်ထမ်းများနှင့်ပြင်ပမှအကျိုးစီးပွားသက်ဆိုင်သူများတို့နှင့် ဆွေးနွေးမှုများမှ တစ်ဆင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှရင်ဆိုင်နေရသော စိန်ခေါ်မှုများကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည်ဒီမိုကရေစီစနစ်သို့ကူးပြောင်းဆဲဖြစ်သည်။ အကယ်၍အာဏာပိုင်များအကြောင်း တိုင်ကြားလျှင် သို့မဟုတ်ပြောကြားလျှင် ဖြစ်ပေါ်လာမည့်မလိုလားသောနောက်ဆက်တွဲ သက်ရောက်မှုများကိုကြောက်ရွံ့မှုများသည် ပြည်သူများတွင်ရှိနေသေးသည်။ လူထုနှင့်အစိုးရဌာနများတွင်လည်း လူ့အခွင့်အရေးဆိုင်ရာဗဟုသုတ နည်းပါးသည်။ ယေဘူယျအားဖြင့် ခိုင်မာကောင်းမွန်သော်လည်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ဥပဒေအရ ပေးအပ်ထားသော လုပ်ပိုင်ခွင့်သည်ပိုမိုခိုင်မာလာစေရန်လိုအပ်သည်။

ကော်မရှင်အတွင်းတွင်အောက်ပါအချက်တို့ရှိသည် -

- ကျားမအရေးအတွက်ညီမျှမှုမရှိခြင်းနှင့်ကော်မရှင်အဖွဲ့ဝင်များတွင်မတူကွဲပြားမှုများနည်းပါးခြင်း
- ဝန်ထမ်းစီမံရေးရာရာထူးများတွင်ကျားမမညီမျှခြင်း

- ဝန်ထမ်းများတွင်မတူကွဲပြားမှုမရှိခြင်း
- အရည်အချင်းပြည့်မီသောဝန်ထမ်းအားခန့်အပ်ရန်နှင့်အဆိုပါဝန်ထမ်းအားအလုပ်မြဲစေရန်အတွက်ခက်ခဲခြင်း
- မူဝါဒဆိုင်ရာသုတေသနစွမ်းဆောင်ရည်မရှိခြင်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင်အောက်ပါ အချက်များလည်း ရှိသည် -

- လက်ရှိတွင်မဟာဗျူဟာစီမံကိန်းနှင့်ဦးစားပေးအစီအစဉ် မရှိပါ။
- အများပြည်သူသိမြင်သောပုံရိပ်အနည်းငယ်သာရှိသည်။
- အသိအမြင်ဖွင့်ပေးခြင်းဆိုင်ရာနည်းလမ်းများနှင့်ပစ္စည်းများအနည်းငယ်သာအသုံးပြုသည်။
- ပြည်နယ်များမှတိုင်ကြားမှုများအနည်းငယ်လက်ခံရရှိသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ယုံကြည်မှုနည်းပါးသည်။

တွေ့ဆုံမေးမြန်းမှုများနှင့်အဖွဲ့လိုက်ဆွေးနွေးခြင်းများပြုလုပ်ခြင်းဖြင့်မေးခွန်းလွှာဖြင့်ထပ်မံစစ်ဆေးရန်လိုအပ်သော အဓိကစွမ်းဆောင်ရည်ကိစ္စရပ် ၁၈ ခုကို ဖော်ထုတ်ခဲ့သည်။ ၎င်းတို့ကိုခေါင်းစဉ် ၄ခုဖြင့်အုပ်စုဖွဲ့ထားသည်။

- လုပ်ပိုင်ခွင့် နှင့်ဦးဆောင်မှု
- ဝန်ထမ်း၊ပစ္စည်းကိရိယာနှင့် အရင်းအမြစ်များ
- လုပ်ငန်းဆောင်ရွက်ချက်များ
- ဆက်ဆံရေးများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

## မေးခွန်းများ

မေးခွန်းလွှာ တည်ဆောက်ရာတွင် အခြေခံထားသော အဓိကစွမ်းဆောင်ရည်ကိစ္စရပ် ၁၈ခုမှာအောက်ပါတို့ဖြစ်သည်။

| | |
|---|---|
| ၁ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုမြန်မာနိုင်ငံသားအားလုံးက ယုံကြည်ကြသည်၊ လေးစားကြသည်၊ လွတ်လပ်သည်ဟု လက်ခံကြသည်။ |
| ၂ | လူ့အခွင့်အရေးများကိုထိရောက်စွာကာကွယ်ရန်နှင့်မြှင့်တင်ရန်မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင်လုံလောက်သောဥပဒေဆိုင်ရာလုပ်ပိုင်ခွင့်ရှိသည်။ |
| ၃ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များသည် အရည်အချင်းပြည့်ဝပြီးအချိန်နှင့် တပြေးညီ အသိအမြင်ပြည့်ဝသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့်စွမ်းဆောင်ရည်ရှိသည်။ |
| ၄ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တွင် ကော်မရှင်အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ မိမိတို့၏အလုပ်အတွက် ရှင်းလင်းသောညွှန်ကြားချက်များရှိစေရန် မဟာဗျူဟာ စီမံကိန်းရှိသည်။ |
| ၅ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် သည် ၎င်း၏ ဦးဆောင်မှု ကဏ္ဍနှင့် ဝန်ထမ်းများတွင် ကျားမညီမျှမှုကို ထင်ဟပ်မှုရှိစေပြီး ၎င်း၏ လုပ်ငန်းတစ်လျှောက်လုံးတွင် ကျားမတန်းတူညီမျှရှိရေးကို ထိရောက်စွာ ကာကွယ်မြှင့်တင်မှုတို့ကို ထင်ဟပ်မှုရှိစေသည်။ |
| ၆ | ၎င်း၏ဦးဆောင်မှုနှင့်ဝန်ထမ်းများတွင်မြန်မာနိုင်ငံ၏မတူကွဲပြားသောတိုင်းရင်းသားနှင့်ဘာသာရေးအုပ်စုများကိုသင့်တင့်စွာပါဝင်ပြီး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည်ခွဲခြားဆက်ဆံခြင်းမရှိခြင်းနှင့်မျှတမှုကိုမြှင့်တင်သည်။ |
| ၇ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တွင်၎င်း၏လုပ်ပိုင်ခွင့်ကိုအပြည့်အဝ ထမ်းဆောင်နိုင်ရန် အရည်အချင်းပြည့်မီသောဝန်ထမ်းအရေအတွက်လုံလုံလောက်လောက်ရှိသည်။ |
| ၈ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင်လုံလောက်သောလစာနှင့်အကျိုးခံစားခွင့်များပေးခြင်း၊ဝန်ထမ်းလုံခြုံရေး၊သက်သာချောင်ချိရေးအတွက်နှင့်ဝန်ထမ်းတိုးတက်မှုအတွက်အခွင့် အလမ်းများစီစဉ်ပေးခြင်းများမှတဆင့်အလွန်ထူးချွန်သောဝန်ထမ်းများကိုဆွဲဆောင်ရန် နှင့် ထိန်းသိမ်းရန်စွမ်းဆောင်ရည်ရှိသည်။ |

| | |
|---|---|
| ၉ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင်ဆုံးဖြတ်ချက်ချခြင်း၌ဝန်ထမ်းများပါဝင်ရန်နှင့်အစီအစဉ်များနှင့် ဝန်ဆောင်မှုများကိုအကောင်အထည်ဖော်ရာတွင် ဝန်ထမ်းများ တာဝန်ယူမှုရှိနိုင်စေရန် စွမ်းဆောင်ရည်ရှိသည်။ |
| ၁၀ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဝန်ထမ်းများ ကိုသူတို့၏ရုံးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သောရုံးလုပ်ငန်းသုံးပစ္စည်းကိရိယာများအားလုံးထောက်ပံ့ပေးသည်။ |
| ၁၁ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၌မြန်မာနိုင်ငံတဝှမ်းတွင်၎င်း၏ လုပ်ပိုင်ခွင့်ကို ဆောင်ရွက်ရန်လုံလောက်သောဘဏ္ဍာငွေအရင်းအမြစ်များရှိသည်။ |
| ၁၂ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၌မြန်မာနိုင်ငံ၏တိုင်းဒေသကြီးများနှင့်ပြည်နယ် များအားလုံးသို့ လက်လှမ်းမီသွားရောက်ကာ ထိရောက်သော အသိအမြင်ဖွင့်ခြင်း နှင့်လူ့အခွင့်အရေးဆိုင်ရာပညာပေးခြင်းကို ဆောင်ရွက်ရန်စွမ်းဆောင်ရည်ရှိသည်။ |
| ၁၃ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တွင်ပညာရှင်ဆန်ပြီး သမာသမတ်ကျသောလူ့အခွင့်အရေးဆိုင်ရာစစ်ဆေးမှုများကိုအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်နှင့်၎င်းတို့ကိုအချိန်နှင့်တပြေးညီဖြေရှင်းရန်စွမ်းဆောင်ရည်ရှိသည်။ |
| ၁၄ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင်အရည်အသွေးမြင့်မားသောမူဝါဒဆိုင်ရာသုတေသနနှင့်ဆန်းစစ်လေ့လာမှု ကိုဆောင်ရွက်ရန်နှင့်၎င်းတို့မှ ထွက်ပေါ်လာသည့် အကြံပေးချက်များအတွက်ထောက်ခံပြောဆိုရန်စွမ်းဆောင်ရည်ရှိသည်။ |
| ၁၅ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင်မြန်မာဘာသာစကားနှင့်အခြားတိုင်းရင်းသားဘာသာစကားများဖြင့်ဆက်သွယ်နိုင်သောလူမှုမီဒီယာအပါအဝင်ခိုင်မာသောဆက်သွယ်ရေးမဟာဗျူဟာတစ်ခုရှိသည်။ |
| ၁၆ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင်ဥပဒေပြုခြင်း၊စီမံကိန်းရေးဆွဲခြင်းနှင့်မူဝါဒချမှတ်ခြင်းများ အတွက်လူ့အခွင့်အရေးအခြေပြုချဉ်းကပ်ပုံကိုတိုးမြှင့်ရန်ပြည်ထောင်စု၊တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်များတွင်လွှတ်တော်များ၊တရားစီရင်ရေး၊အစိုးရအဖွဲ့အစည်းများနှင့်ထိရောက်သောချိတ်ဆက်ဆောင်ရွက်မှုကိုတည်ဆောက်ရန်မဟာဗျူဟာများရှိသည်။ |
| ၁၇ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တွင်ပြည်ထောင်စု၊တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်များ၌အရပ်ဘက်အဖွဲ့ အစည်းများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်နှင့်ပူးပေါင်းဆောင်ရွက်ရန်စွမ်းဆောင်ရည်ရှိသည်။ |
| ၁၈ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင်ကုလသမဂ္ဂ၏လူ့အခွင့်အရေးစနစ်၊ဒေသဆိုင်ရာနှင့်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့်ထိရောက်စွာချိတ်ဆက်ဆောင်ရွက်နိုင်သည့်စွမ်းဆောင်ရည်ရှိသည်။ |

မေးခွန်းလွှာသည်ဖြေဆိုသူများကိုကိစ္စတစ်ရပ်စီတွင်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏လက်ရှိစွမ်းဆောင်ရည်နှင့်ထိုကိစ္စရပ်တွင်နောင်၅နှစ်၌ ရှိရမည့်လိုအပ်သောအနာဂတ်စွမ်းဆောင်ရည်ကိုစကေး "၁" မှ"၅"အထိ ဖော်ပြရန်မေးမြန်းခဲ့သည်။ မေးခွန်းလွှာ၈၆ခုမှရမှတ်များပေါ် အခြေခံ၍လက်ရှိနှင့်မျှော်မှန်းသောအနာဂတ်စွမ်းဆောင်ရည် အတွက်ပျမ်းမျှအဆင့်များကိုတွက်ချက်ပြီးသောအခါ၊စွမ်းဆောင်ရည်ဆန်းစစ်မှုဖွဲ့သည်ကိစ္စရပ်တစ်ခုစီအတွက် 'စွမ်းဆောင်ရည်ကွာဟမှု' ရမှတ် (လက်ရှိအဆင့်မှမျှော်မှန်းသောအနာဂတ်အဆင့်သို့ရောက်ရှိရန်တိုးတက်ရမည့်ပမာဏ) ကိုရရှိရန်ကိစ္စရပ်တစ်ခုစီအတွက်လက်ရှိစွမ်းဆောင်ရည်နှင့်မျှော်မှန်းသောအနာဂတ်စွမ်းဆောင်ရည်ကြားကွာဟချက်ကိုတွက်ချက်သည်။

လက်ရှိစွမ်းဆောင်ရည်များနှင့်မျှော်မှန်းသောအနာဂတ်စွမ်းဆောင်ရည်များရရှိစေရန် မည်ကဲ့သို့ဆောင်ရွက်သင့်သည့်ဟူသော အကြံပြုချက်များကို မေးခွန်းလွှာကပေးထားသည်။

မေးခွန်းလွှာများအတွက်တုန့်ပြန်မှုများတွင်အရေအတွက်နှင့်အရည်အသွေးဆိုင်ရာအဖြေနှစ်မျိုးသည်အဖွဲ့လိုက်ဆွေးနွေးမှုများတွင်ပြောဆိုဆွေးနွေးခဲ့သည့် အဖြေများနှင့်ကိုက်ညီသည်။

## မေးခွန်းလွှာဆန်းစစ်မှုရလဒ်များ၏အနှစ်ချုပ်

အနိမ့်ဆုံးအဆင့်သတ်မှတ်ခံရသောလက်ရှိစွမ်းဆောင်ရည်ကိစ္စရပ်၅ခုမှာ -

| အဆင့်သတ်မှတ်ချက်အလိုက် အမှတ်စဉ် | စွမ်းဆောင်ရည်ကိစ္စရပ် | လက်ရှိစွမ်းဆောင်ရည် အဆင့်သတ်မှတ်ချက် |
|---|---|---|
| ၁ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင်လုံလောက်သောလစာနှင့်အကျိုးခံစားခွင့်များပေးခြင်း၊ဝန်ထမ်းလုံခြုံရေး၊သက်သာချောင်ချိရေးအတွက်နှင့်ဝန်ထမ်းတိုးတက်မှုအတွက်အခွင့် အလမ်းများစီစဉ်ပေးခြင်းများမှတဆင့်အလွန်ထူးချွန်သောဝန်ထမ်း များကိုဆွဲဆောင်ရန်နှင့်ထိန်းသိမ်းရန်စွမ်းဆောင်ရည်ရှိသည်။ | ၁.၇၂ |
| ၂ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် မြန်မာဘာသာစကားနှင့်အခြားတိုင်းရင်းသားဘာသာစကားများဖြင့်ဆက်သွယ်နိုင်သောလူမှုမီဒီယာအပါအဝင်ခိုင်မာသောဆက်သွယ်ရေးမဟာဗျူဟာတစ်ခုရှိသည်။ | ၂.၃၇ |
| ၃ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင်၎င်း၏လုပ်ပိုင်ခွင့်ကိုပြည့်မီစေရန်အရည်အချင်းပြည့်မီသောဝန်ထမ်းအရေအတွက်လုံလုံလောက်လောက်ရှိသည်။ | ၂.၄၉ |
| ၄ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် တွင်ဆုံးဖြတ်ချက်ချခြင်း၌ဝန်ထမ်းများပါဝင်ရန်နှင့်အစီအစဉ်များနှင့်ဝန်ဆောင်မှုများကိုအကောင်အထည်ဖော်ရာတွင် ဝန်ထမ်းများ တာဝန်ယူမှုရှိနိုင်စေ ရန်စွမ်းဆောင်ရည်ရှိသည်။ | ၂.၆၀ |
| ၅ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၌ မြန်မာနိုင်ငံတဝှမ်းတွင်၎င်း၏လုပ်ပိုင်ခွင့်ကိုဆောင်ရွက်ရန်လုံလောက်သောဘဏ္ဍာငွေအရင်းအမြစ်များရှိသည်။ | ၂.၇၆ |

အနာဂတ်တွင် အမြင့်ဆုံးစွမ်းဆောင်ရည်လိုချင်သော အဓိကစွမ်းဆောင်ရည်ကိစ္စရပ် ၆ခု(တစ်နည်းအားဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ **အနာဂတ်တွင်ကောင်းမွန်စွာလုပ်ကိုင်ရန် အရေးအကြီးဆုံး** ဟု ထင်မြင်သော ကိစ္စရပ် ၆ခု)မှာ-

| ကိစ္စရပ်နံပတ် | စွမ်းဆောင်ရည်ကိစ္စရပ် | လိုချင်သောအနာဂတ် စွမ်းဆောင်ရည် |
|---|---|---|
| ၁ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်များသည်အရည်အချင်းပြည့်ဝပြီး အချိန်နှင့်တပြေးညီအသိအမြင်ပြည့်ဝသောဆုံးဖြတ်ချက်များချမှတ်ခြင်းအတွက်စွမ်းဆောင်ရည်ရှိသည်။ | ၄.၄၄ |
| ၂ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် တွင်ကုလသမဂ္ဂ၏လူ့အခွင့်အရေးစနစ်နှင့်၊ဒေသဆိုင်ရာနှင့်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့်ထိရောက်စွာစေ့စပ်ရန်စွမ်းဆောင်ရည်ရှိသည်။ | ၄.၃၂ |
| ၃ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၌မြန်မာနိုင်ငံ၏တိုင်းဒေသကြီးများနှင့်ပြည်နယ်များအားလုံးသို့ ရောက်ရှိရန်ထိရောက်သောအသိအမြင်နိုးကြားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာပညာပေးခြင်းကိုဆောင်ရွက်ရန်စွမ်းဆောင်ရည်ရှိသည်။ | ၄.၃၀ |
| ၄ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင်ပြည်ထောင်စု၊တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်များ၌အရပ်ဘက်အဖွဲ့အစည်းများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ထိတွေ့ပူးပေါင်းဆောင်ရွက်ရန်စွမ်းဆောင်ရည်ရှိသည်။ | ၄.၃၀ |
| ၅ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တွင် လူ့အခွင့်အရေးများကို ထိရောက်စွာကာကွယ်ရန်နှင့်မြှင့်တင်ရန် လုံလောက်သော ဥပဒေဆိုင်ရာလုပ်ပိုင်ခွင့်ရှိသည်။ | ၄.၂၈ |
| ၆ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကိုမြန်မာနိုင်ငံသား အားလုံးမှ ယုံကြည်ကြသည်၊လေးစားကြသည်၊အမှီအခိုကင်းမဲ့သည်ဟုလက်ခံကြသည်။ | ၄.၂၅ |

အကြီးဆုံးသောစွမ်းဆောင်ရည်ကွာဟမှု၅ခု - တစ်နည်းအားဖြင့်**တိုးတက်ရန်အကြီးဆုံးလိုအပ်မှုရှိသောနေရာများမှာ** -

| အဆင့် သတ်မှတ်ချက် | စွမ်းဆောင်ရည်ကိစ္စရပ် | စွမ်းဆောင်ရည် ကွာဟမှု |
|---|---|---|
| ၁ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် တွင်လုံလောက်သောလစာနှင့် အကျိုးခံစားခွင့်များပေးခြင်း၊ဝန်ထမ်းလုံခြုံရေး၊သက်သာချောင်ချိရေးအတွက်နှင့် ဝန်ထမ်းတိုးတက်မှုအတွက်အခွင့်အရေးများစီစဉ်ပေးခြင်းများမှတဆင့်အလွန်ထူး ချွန်သောဝန်ထမ်းများကိုဆွဲဆောင်ရန်နှင့်ထိန်းသိမ်းရန်စွမ်းဆောင်ရည်ရှိသည်။ | ၁.၇၀ |
| ၂ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တွင်၎င်း၏လုပ်ပိုင်ခွင့်ကိုပြည့်မီစေ ရန်အရည်အချင်းပြည့်မီသောဝန်ထမ်းအရေအတွက်လုံလုံလောက်လောက်ရှိသည်။ | ၁.၆၀ |
| ၃ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တွင်မြန်မာဘာသာစကားနှင့်အ ခြားတိုင်းရင်းသားဘာသာစကားများဖြင့် လူမှုမီဒီယာမှတဆင့်ဆက်သွယ်မှုအပါ အဝင်ခိုင်မာသောဆက်သွယ်ရေး မဟာဗျူဟာတစ်ခုရှိသည်။ | ၁.၂၃ |
| ၄ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၌မြန်မာနိုင်ငံတဝှမ်းတွင်၎င်း၏ လုပ်ပိုင်ခွင့်ကိုဆောင်ရွက်ရန်လုံလောက်သောဘဏ္ဍာငွေအရင်းအမြစ်များရှိသည်။ | ၁.၂၀ |
| ၅ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တွင် ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ မိမိတို့၏အလုပ်အတွက် ရှင်းလင်းသောညွှန်ကြားချက်များရှိစေရန် မဟာဗျူဟာ စီမံကိန်းရှိသည်။ | ၁.၁၅ |

တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများ၊ ဦးတည်အုပ်စုများ၏ရလဒ်များနှင့်မေးခွန်းလွှာရလဒ်များပေါ်မူတည်၍ စွမ်းဆောင်ရည် ဆန်းစစ်မှုအဖွဲ့သည် အကောင်အထည်ဖော်ရန်အကြံပြုထားသည့်လုပ်ဆောင်ချက် ၁၈ခုပါဝင်သော နည်းဗျူဟာ ၄ခု ကို တင်ပြထားသည်။

### မဟာဗျူဟာ၁ - လုပ်ပိုင်ခွင့်နှင့်ဦးဆောင်မှု

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကိုအမှီအခိုကင်းမဲ့သောအမျိုးသားလူ့အခွင့်အရေး အင်စတီကျူ (NHRI)အဖြစ်ယုံကြည်မှုတည်ဆောက်ခြင်း

### ဦးစားပေး၂ - ဝန်ထမ်း၊ကိရိယာပစ္စည်းများနှင့်အရင်းအမြစ်များ

အဖွဲ့အစည်း၏အဆင့်အားလုံးတွင်အရည်အချင်းပြည့်မီသော၊အလွန်ကျွမ်းကျင်မှုရှိသည့်ဝန်ထမ်းအဖွဲ့အားတည်ဆောက်ခြင်း

### ဦးစားပေး၃ - လုပ်ငန်းဆောင်တာများ

တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင်လူ့အခွင့်အရေးများကိုထိရောက်စွာမြှင့်တင်ရန်နှင့်ကာကွယ်ရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏စွမ်းဆောင်ရည်ကိုမြှင့်တင်ခြင်း

### ဦးစားပေး၄ - ဆက်ဆံရေးနှင့်ပူးတွဲလုပ်ဆောင်ခြင်း

နိုင်ငံအတွင်း၊ဒေသအတွင်းနှင့်နိုင်ငံတကာတွင်ပူးပေါင်းဆောင်ရွက်ရန်နှင့်စေ့စပ်ရန် ထိတွေ့ဆောင်ရွက်ရန် အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏စွမ်းဆောင်ရည်ကိုနက်ရှိုင်းစေခြင်း

## မဟာဗျူဟာ ၁ - လုပ်ပိုင်ခွင့်နှင့်ဦးဆောင်မှု
## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကိုအမှီအခိုကင်းမဲ့သောအမျိုးသားလူ့အခွင့်အရေး အင်စတီကျူ (NHRI)အဖြစ်ယုံကြည်မှုတည်ဆောက်ခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ဥပဒေဆိုင်ရာလုပ်ပိုင်ခွင့်အတွက်ဥပဒေနှင့်ဆိုင်သောပြုပြင်မှုများကိုတင်ပြခြင်းဖြင့်ခိုင်မာလာစေခြင်းတွင်အောက်ပါတို့ပါဝင်သည်။

(က) ကော်မရှင်အဖွဲ့ဝင်များကိုရွေးချယ်ခြင်းအတွက်လုပ်ထုံးလုပ်နည်းတွင်ပွင့်လင်းမြင်သာမှုကိုတိုးတက်စေရန်နှင့်၊ ကျားမအရေးအတွက်ညီမျှမှုနှင့်လူ့အခွင့်အရေးဆိုင်ရာကျွမ်းကျင်မှုအပါအဝင်နောက်ခံအခြေအနေများ၏ပိုမိုသောမတူကွဲပြားမှုကိုသေချာစေရန်။

(ခ) ထိန်းသိမ်းထားသောနေရာများသို့သွားရောက်ရန်ကြိုတင် အသိပေးရမည်ဟူသည့် လိုအပ်ချက်ကိုဖယ်ရှားရန်။

(ဂ) တရားရုံးကိစ္စရပ်များတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည်ဘက်မလိုက်သောအကြံပေးအဖြစ် ဆောင်ရွက်နိုင်စေရန်။

၂။ ဘတ်ဂျက်၊ ရှင်းလင်းသောအောင်မြင်မှုပန်းတိုင်များချမှတ်၍ ပွင့်လင်းမြင်သာမှုရှိသော အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ် တို့ပါဝင်သည့် ၃နှစ်မှ၅နှစ်မဟာဗျူဟာစီမံကိန်းကိုဝန်ထမ်းများနှင့်သာမကပြင်ပပါဝင်ပတ်သက်သူများနှင့်ပါ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး၍ရေးဆွဲရန်။

၃။ ရုံး၏အများပြည်သူသိမြင်သောပုံရိပ်ကိုမြင့်မားစေရန်အောက်ပါတို့ပါဝင်သောဆက်သွယ်မှုများနှင့်စည်းရုံးပြောဆိုမှုမဟာဗျူဟာတစ်ခုခုကိုလက်ခံကျင့်သုံးပါ။

(က) လူ့အခွင့်အရေးများနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့်ပတ်သက်၍အများပြည်သူသိမြင်မှုအတွက် အခြေခံသတ်မှတ်ချက်တည်ဆောက်ခြင်း

(ခ) လူ့အခွင့်အရေးနှင့်ဆိုင်သောကိစ္စရပ်များအတွက် အများပြည်သူ သိရှိစေရန် သတင်းထုတ်ပြန်ချက်များပိုမို၍မကြာခဏထုတ်ဝေခြင်း

(ဂ) မြန်မာဘာသာနှင့်တိုင်းရင်းသားဘာသာများဖြင့်သတင်းအချက်အလက်များထုတ်ဝေခြင်း (ရေဒီယို၊ တီဗီ၊ လူမှုမီဒီယာအပါအဝင်)

(ဃ) မီဒီယာအမျိုးအစားအားလုံးနှင့်ဆက်ဆံရေးကိုတည်ဆောက်ခြင်း။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏တည်ရှိမှုနှင့် နိုင်ငံတစ်ဝှမ်း လက်လှမ်းမီသွားရောက်နိုင်မှုတို့ကိုအောက်ပါနည်းလမ်းများဖြင့် တိုးချဲ့ရန်-

(က) တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုစီအတွက်တာဝန်ခံကော်မရှင်အဖွဲ့ဝင် တစ်ဦးစီကိုခန့်အပ်ခြင်း

(ခ) တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင်ရုံးခွဲများကို ပိုမိုတိုးချဲ့ ဖွင့်လှစ်ခြင်း၊ ။မန္တလေးနှင့်နေပြည်တော်တွင် ကနဦးစမ်းသပ်မှုများနှင့်ပြည်နယ်တစ်ခုတွင်တတိယကနဦးစမ်းသပ်မှုကိုတည်ဆောက်ခြင်း၊ရုံးခွဲများတွင်ဝန်ထမ်းခန့်အပ်ခြင်းသည်၄င်းတို့အမှုထမ်းသောရပ်ရွာလူထုများကိုထင်ဟပ်ခြင်းရှိသည်။

## ဦးစားပေး ၂ - ဝန်ထမ်း၊ကိရိယာပစ္စည်းများနှင့်အရင်းအမြစ်များ

**အဖွဲ့အစည်း၏ အဆင့်အားလုံးတွင်အရည်အချင်းပြည့်မီသော၊ အလွန်ကျွမ်းကျင်မှုရှိသည့်ဝန်ထမ်းအဖွဲ့အား တည်ဆောက်ခြင်း**

၅။ ပြီးပြည့်စုံသောဝန်ထမ်းဖွံ့ဖြိုးမှုအစီအစဉ်တစ်ခုကို အောက်ပါတို့ပါဝင်ပြုလုပ်ခြင်းဖြင့် ရေးဆွဲပြီးအကောင်အထည်ဖော်ရန် -

(က) ဝန်ထမ်းအားလုံးတွင်လူ့အခွင့်အရေးနှင့်ပတ်သက်သောအခြေခံဗဟုသုတနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏လုပ်ပိုင်ခွင့်များကိုသိရှိမှုသေချာစေရန်၄င်းတို့၏အလုပ်ခန့်အပ်ခြင်းအစတွင်ဝန်ထမ်းအသစ်များအတွက် မိတ်ဆက်ဆွေးနွေးပွဲများကိုပြုလုပ်ခြင်း

(ခ) ဝန်ထမ်းများ၏သက်ဆိုင်ရာလုပ်ငန်းဆောင်တာတွင်လိုအပ်သောကျွမ်းကျင်မှုများရှိစေရန်၊ ဝန်ထမ်းတစ်ဦးတစ်ယောက်ချင်းစီအတွက်အဆင့်ဆင့်သင်တန်းများကို ပေးမည့်လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်ကိုလက်ခံကျင့်သုံးခြင်းနှင့်လူပုဂ္ဂိုလ်ဆိုင်ရာစွမ်းဆောင်ရည်ဆန်းစစ်မှုကိုဆောင်ရွက်ခြင်း

(ဂ)ဝန်ထမ်းများအားအင်္ဂလိပ်စာဘာသာရပ်သင်တန်းတက်ရောက်ရန်လက်လှမ်းမှီမှုနှင့်အားပေးမှုရှိရန်မည်သို့ပြုလုပ်လျှင်အကောင်းဆုံးဖြစ်မည်ကိုပြန်လည်ဆန်းစစ်ခြင်း။

၆။ အစိုးရဝန်ထမ်းများမှခံစားခွင့်ရှိသည့်အတိုင်းအစီအစဉ်များနှင့်လမ်းညွှန်များကိုတည်ထောင်ပြီးဝန်ထမ်းသက်သာချောင်ချိရေး အတွက်တည်ဆောက်စီစဉ်ပေးရန်

(က) ဝန်ထမ်းသက်သာချောင်ချိရေးခံစားခွင့်များတွင် ပင်စင်၊ အိမ်ရာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်အရေးပေါ်အထောက်အပံ့များပါဝင်ခြင်း

(ခ) အချိန်ပိုကြေးပေးရန်နှင့်နယ်ခရီးသွားလာသည့်အခါတွင်ခရီးသွားလုံခြုံမှုရှိစေခြင်း

၇။ ကွန်ပြူတာ၊ မိတ္တူကူးစက်၊ ဖက်(စ်) ပေးပို့ရန်စက်(facsimile)နှင့် အခြားကိရိယာများစသည့်လက်တွေ့အသုံးဝင်သောရုံးသုံးကိရိယာများကို လုံလုံလောက်လောက် စီစဉ်ပေးခြင်းဖြင့် ရုံးလုပ်ငန်းလုပ်ကိုင်မှုကိုတိုးတက်စေရန်

၈။ လူ့စွမ်းအားအရင်းအမြစ်မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများကိုအောက်ပါတို့အားဦးစားပေးခြင်းဖြင့်တည်ဆောက်ရန် -

(က) ဦးဆောင်မှု၊ဆုံးဖြတ်ချက်ချမှု၊ဝန်ထမ်းခန့်အပ်မှုနှင့်ရာထူးတိုးခြင်း၊နှင့်ပညာရပ်ဆိုင်ရာတိုးတက်မှုနှင့်ဆိုင်သောအရာများတွင်အမျိုးသမီးများပါဝင်မှုကိုခိုင်မာစေရန်အတွက်စောင့်ကြည့်လေ့လာရေးနည်းလမ်းများပါဝင်ပြီး၊ညီမျှသည့်အခွင့်အရေးများပါဝင်သောမူဝါဒများ။

(ခ) နိုင်ငံတကာအကောင်းဆုံးကျင့်သုံးမှုများနှင့်ကိုက်ညီပြီးတိုင်ကြားသူများကိုကျူးလွန်သူအဖြစ်စွပ်စွဲခြင်းမှကာကွယ်သောထိရောက်သည့်တိုင်ကြားရေးနည်းလမ်းများအပါအဝင်လုပ်ငန်းခွင်တွင်အနိုင်ကျင့်ခြင်း၊စော်ကားနှောင့်ယှက်ခြင်းနှင့်ခွဲခြားဆက်ဆံခြင်းတို့ကိုတားဆီးသောမူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများရှိရန်အပြင်ဝန်ထမ်းအားလုံးကို၄င်းတို့နှင့်ပတ်သက်၍သင်တန်းပေးခြင်း။

၉။ ကော်မရှင်၏ မဟာဗျူဟာမြောက်အစီအစဉ်များအတွက် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာရေးတွင် ဝန်ထမ်းပါဝင်မှုကို အောက်ပါတို့အားပြုလုပ်ခြင်းဖြင့်တိုးတက်စေရန်

(က) ဝန်ထမ်းတို့၏လုပ်ငန်းဆောင်တာတာဝန်များနှင့်တာဝန်ခံမှုကိုတရားဝင်လွှဲအပ်ခြင်းဖြင့်ကျယ်ပြန့်စေခြင်း

(ခ) ပုံမှန်ဝန်ထမ်းအစည်းအဝေးများပြုလုပ်ခြင်းဖြင့်ပါဝင်မှုနှင့်ထိရောက်သောတုံ့ပြန်မှုနည်းလမ်းများအတွက်အခွင့်အရေးများစီစဉ်ပေးခြင်း။

၁၀။ နိုင်ငံ၏ဘတ်ဂျက်မှလိုအပ်သောဘဏ္ဍာရေးဆိုင်ရာအရင်းအမြစ်များနှင့်နိုင်ငံတကာမိတ်ဖက်အဖွဲ့များမှနည်းပညာအထောက်အပံ့ရရှိရန်တို့အတွက် အရင်းအမြစ်စည်းရုံးမှုမဟာဗျူဟာကို တက်ကြွစွာထိတွေ့ဆောင်ရွက်ရန်။

## ဦးစားပေး ၃ - လုပ်ငန်းဆောင်တာများ
## တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင်လူ့အခွင့်အရေးများကိုထိရောက်စွာမြှင့်တင်ရန်နှင့်ကာကွယ်ရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏စွမ်းဆောင်ရည်ကိုမြှင့်တင်ခြင်း

### မြှင့်တင်ခြင်း

၁၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏အသိအမြင် မြှင့်တင်ရေး နှင့်လူ့အခွင့်အရေးဆိုင်ရာပညာပေးခြင်းအစီအစဉ်သည်အောက်ပါတို့ကိုလုပ်ဆောင်နေကြောင်းသေချာစေရန်။

(က) မြန်မာနိုင်ငံတလွှားရှိလူ့အခွင့်အရေးချိုးဖောက်မှုအန္တရာယ်အများဆုံးရှိသောသီးသန့်လူထုအုပ်စုများနှင့်အမိက အစိုးရအေဂျင်စီများကို သတ်မှတ်ရန်။

(ခ) အရွယ်ရောက်ပြီးသူအတွက် ခေတ်ပေါ်သင်ယူသူဗဟိုပြုပညာရေး နည်းလမ်းများဖြင့် လုပ်ဆောင်သည်။

(ဂ) မြန်မာနိုင်ငံတွင်အသုံးပြုသည့်အဓိကဘာသာစကားအားလုံးဖြင့်လက်လှမ်းမှီပြီးဆွဲဆောင်မှုရှိသောစံနမူနာဖြစ်သည့်အများပြည်သူနှင့်ဆိုင်သော အသိပညာမြှင့် တင်မှု အချက်အလက်များ၊ စာအုပ်စာတမ်းများ ရေးဆွဲခြင်း။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏အခန်းကဏ္ဍနှင့်လုပ်ပိုင်ခွင့်တို့နှင့်၊လူ့အခွင့်အရေးနှင့်သက်ဆိုင်သောစည်းမျဉ်းများနှင့်စံနှုန်းများအပေါ်တွင်မတူကွဲပြားသောမီဒီယာကိုအသုံးပြုခြင်း။

(ဃ) အစိုးရ၊လုံခြုံရေးနှင့်တရားရေးကဏ္ဍအေဂျင်စီများနှင့်ပူးပေါင်းရာ၌စံနမူနာဖြစ်သည့်လူ့အခွင့်အရေးနှင့်ဆိုင်သောပညာပေးသင်ရိုးညွှန်းတမ်းများရေးဆွဲခြင်း။သို့မှသာ၎င်းတို့၏နေ့စဉ်လုပ်ဆောင်မှုတွင်လူ့အခွင့်အရေး သဘောတရားများကိုအသုံးချရန်တိကျခိုင်မာသောလမ်းညွှန်မှုကိုပေးမည်။

(င) ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းရန်၊ အဆင့်အားလုံးရှိသင်ရိုးညွှန်းတမ်းများတွင်လူ့အခွင့်အရေးနှင့်ဆိုင်သော ပညာပေးခြင်းနှင့်ကျောင်းများတွင်လူ့အခွင့်အရေးကိုပေါင်းထည့်ရန်အတွက်မဟာဗျူဟာရေးဆွဲခြင်း။

### ကာကွယ်ခြင်း

၁၂။ ရေးဆွဲရန် -

(က) တိုင်ကြားမှုများကိုကိုင်တွယ်ရန်၊စုံစမ်းရန်နှင့်ထိန်းသိမ်းထားသောနေရာများကိုသွားရောက်ရန်စံနမူနာဖြစ်သည့် လုပ်ထုံးလုပ်နည်းများ။

(ခ) ကျားမရေးရာသိနားလည်မှုရှုထောင့်မှလူ့အခွင့်အရေးစောင့်ကြည့်လေ့လာခြင်း၊မှတ်တမ်းတင်ခြင်း၊တွေ့ဆုံမေးမြန်းခြင်း၊အစီရင်ခံစာပြုလုပ်ခြင်းတို့ပါဝင်သောစနစ်ကျ၍စံနမူနာဖြစ်သည့်သင်တန်းပေးခြင်းကိုစုံစမ်းစစ်ဆေးသူများအားလုံး အတွက်ပေးအပ်ခြင်းဖြင့် အကျဉ်းထောင်နှင့်အချုပ်ခန်း နေရာများသို့သွားရောက်သည့်အခါများတွင်ကောင်းမွန်လာခြင်း။

### မူဝါဒ

၁၃။ စနစ်နှင့်ဆိုင်သောလူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ(ခွင့်ပြုပါကနိုင်ငံနှင့်ဆိုင်သောစုံစမ်းမှုများကိုပါဆောင်ရွက်ရန် ပါဝင်သော)ကိုသုတေသနနှင့် လေ့လာဆန်းစစ်မှု ပြုလုပ်ရန်စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊တိုင်ကြားမှုများနှင့် စုံစမ်းမှုများမှအချက်အလက်များနှင့်တွေ့ရှိချက်များကိုစုစည်းခြင်းနှင့် ၊ပညာပေးလှုံ့ဆော်မှု၊ လူ့အခွင့်အရေးဆိုင်ရာ ပညာပေးခြင်းနှင့်အသိအမြင်နိုးကြားရေးကိုသတင်းပေးရန်တွေ့ရှိချက်များကိုအသုံးပြုခြင်း။

၁၄။ လူ့အခွင့်အရေးရှုထောင့်မှမဟာဗျူဟာကျသောကိစ္စများအတွက်တရားရုံးများ ကို ကျွမ်းကျင်သောလူ့အခွင့်အရေးဆိုင်ရာအကြံဉာဏ် ရရှိနိုင်ရန် နည်းလမ်းရှာဖွေခြင်း။

## ဦးစားပေး ၄ - ဆက်ဆံရေးနှင့်ပူးတွဲလုပ်ဆောင်ခြင်း
နိုင်ငံအတွင်း၊ ဒေသအတွင်းနှင့် နိုင်ငံတကာတွင်ပူးပေါင်းဆောင်ရွက်ရန်နှင့်ထိတွေ့ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏စွမ်းဆောင်ရည်ကိုနက်ရှိုင်းစေခြင်း

### အစိုးရ
၁၅။ လူ့အခွင့်အရေးနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များကြား ဆက်စပ်မှုများကို ဖော်ပြရန်နှင့်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ (SDGs)မှတဆင့်လူ့အခွင့်အရေးကိစ္စရပ်များတွင်အစိုးရနှင့်ထိတွေ့ဆောင်ရွက်ရန် အတွက်စတင်လုပ်ကိုင်မည့်နေရာများကိုကြိုတင်တက်ကြွစွာဖော်ထုတ်ရန်စွမ်းဆောင်ရည်ကို တည်ဆောက်ခြင်း။

၁၆။ ရုံးခွဲများသည်တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်များတွင်ဒေသအစိုးရ၊တရားရုံးဆိုင်ရာနှင့်လုံခြုံရေးဆိုင်ရာအေဂျင်စီများ၊ NGOs များနှင့်  ထိတွေ့ဆောင်ရွက်ခြင်း ကိုသေချာစေခြင်း။ ၄င်းတွင်ဒေသရှိဦးစားပေးလူ့အခွင့်အရေးကိစ္စရပ်များအပေါ် အခြေခံ၍သင်တန်းပေးခြင်း၊အသိအမြင်နိုးကြားရေး၊ဥပဒေဆိုင်ရာအထောက်အပံ့နှင့်ဆက်စပ်၍တရားဥပဒေစိုးမိုးရေးဗဟိုဌာနများနှင့်ဒေသရှိဥပဒေဆိုင်ရာအကူအညီပေးသူများနှင့်ပူးပေါင်းဆောင်ရွက်မှုများပါဝင်သည်။

### လွှတ်တော်
၁၇။ လူ့အခွင့်အရေးမူဝါဒများနှင့်ဥပဒေပြုရေးအတွက် ပူးပေါင်းစည်းရုံးလှုံ့ဆော်မှုကို ပိုမို ခိုင်မာစေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီများ နှင့်ဆက်ဆံရေးကို ပိုမို လေးနက်စေခြင်း။

### အရပ်ဖက် အဖွဲ့အစည်းများ (CSOs)
၁၈။ အမျိုးမျိုးသောစတင်လုပ်ဆောင်မှုများမှတဆင့်လူ့အခွင့်အရေးကာကွယ်သူများအပါအဝင်အမျိုးမျိုးကွဲပြားခြားနားသောအရပ်ဘက်အဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက် မှုကိုတိုးမြှင့်စေခြင်း။ ဥပမာ -

(က) နှစ်လတစ်ကြိမ်အနည်းဆုံးတွေ့ဆုံသော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် -NGO အဖွဲ့များပါဝင်သော ကွန်ယက်တစ်ခု ကိုတည်ထောင်ခြင်း

(ခ) ဥပဒေမူကြမ်းနှင့်ဆက်စပ်၍၄င်းတို့၏အကြံဉာဏ်များနှင့်တိုက်တွန်းချက်များကိုစုစည်းရန် NGOs များနှင့်ဆွေးနွေးမှုများ ပြုလုပ်ခြင်း

နောက်ဆက်တွဲ (၄)

## ကော်မရှင်ရုံး ရုံးချုပ်နှင့် ရုံးခွဲများရှိဝန်ထမ်းအင်အား

| စဉ် | ရာထူး | ရုံးချုပ် အင်အား | ရုံးခွဲအင်အား | | စုစုပေါင်း အင်အား |
|---|---|---|---|---|---|
| | | | နေပြည်တော် | မန္တလေး | |
| ၁ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၁ | - | - | ၁ |
| ၂ | ညွှန်ကြားရေးမှူး | ၂ | - | - | ၂ |
| ၃ | ဒုတိယညွှန်ကြားရေးမှူး | ၆ | - | - | ၆ |
| ၄ | လက်ထောက်ညွှန်ကြားရေးမှူး | ၆ | - | - | ၆ |
| ၅ | စာကြည့်တိုက်မှူး | ၁ | - | - | ၁ |
| ၆ | လူ့အခွင့်အရေးအရာရှိ | ၈ | ၁ | ၁ | ၁၀ |
| ၇ | ဒုတိယလူ့အခွင့်အရေးဦးစီးမှူး | ၇ | - | - | ၇ |
| ၈ | အကြီးတန်းစာရေး | ၇ | ၁ | - | ၈ |
| ၉ | အငယ်တန်းစာရေး | ၁၈ | ၁ | ၁ | ၂၀ |
| ၁၀ | ယာဉ်မောင်း (၂) | ၁ | - | - | ၁ |
| ၁၁ | ယာဉ်မောင်းစက်ပြင် (၃) | ၁ | - | - | ၁ |
| ၁၂ | ယာဉ်မောင်း (၃) | ၄ | - | - | ၄ |
| ၁၃ | ရုံးအကူ | ၆ | ၁ | ၁ | ၈ |
| ၁၄ | သန့်ရှင်းရေး | ၂ | - | - | ၂ |
| ၁၅ | အစောင့် | ၂ | - | - | ၂ |
| ၁၆ | ဥယျာဉ်လုပ်သား | ၁ | - | - | ၁ |
| | **စုစုပေါင်း** | ၇၃ | ၄ | ၃ | ၈၀ |

နောက်ဆက်တွဲ (ဥ)

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး
## ဌာနအလိုက် ဝန်ထမ်းအင်အားစာရင်း

| စဉ် | ရာထူးအမည် | ဌာနများအမည် | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | မြှင့်တင်/ ပညာပေး | ကာကွယ်/ စောင့်ရှောက် | ဥပဒေ | နိုင်ငံတကာ | စီမံ/ ဘဏ္ဍာ | |
| ၁ | ဒုတိယညွှန်ကြားရေးမှူးချုပ် | | | | | ၁ | ၁ |
| ၂ | ညွှန်ကြားရေးမှူး | ၁ | ၁ | | | | ၂ |
| ၃ | ဒုတိယညွှန်ကြားရေးမှူး | ၂ | ၁ | ၁ | ၁ | ၁ | ၆ |
| ၄ | လက်ထောက်ညွှန်ကြားရေးမှူး | ၂ | ၂ | | | ၃ | ၇ |
| ၅ | လူ့အခွင့်အရေးအရာရှိ | ၁ | ၅ | ၁ | ၁ | ၂ | ၁၀ |
| ၆ | ဒုတိယလူ့အခွင့်အရေးဦးစီးမှူး | ၂ | ၃ | | | ၂ | ၇ |
| ၇ | အကြီးတန်းစာရေး | ၁ | ၂ | | ၁ | ၄ | ၈ |
| ၈ | အငယ်တန်းစာရေး | ၃ | ၈ | ၂ | ၃ | ၄ | ၂၀ |
| ၉ | ယာဉ်မောင်း | | | | | ၆ | ၆ |
| ၁၀ | ရုံးအကူ | | ၂ | | | ၆ | ၈ |
| ၁၁ | သန့်ရှင်းရေး | | | | | ၂ | ၂ |
| ၁၂ | အစောင့် | | | | | ၂ | ၂ |
| ၁၃ | ဥယျာဉ်လုပ်သား | | | | | ၁ | ၁ |
| စုစုပေါင်း | | ၁၂ | ၂၄ | ၄ | ၆ | ၃၄ | ၈၀ |

## ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြန်ကြားစာ ရရှိမှု အခြေအနေ

| စဉ် | ဝန်ကြီးဌာန | ပေးပို့ | ပြန်ကြား | လက်ကျန် | ပြန်ကြားမှု% |
|---|---|---|---|---|---|
| ၁ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၃၅ | ၃၅ | ၀ | ၁၀၀.၀၀% |
| ၂ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၇ | ၇ | ၀ | ၁၀၀.၀၀% |
| ၃ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၆ | ၆ | ၀ | ၁၀၀.၀၀% |
| ၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၆ | ၆ | ၀ | ၁၀၀.၀၀% |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၆ | ၆ | ၀ | ၁၀၀.၀၀% |
| ၆ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၄ | ၄ | ၀ | ၁၀၀.၀၀% |
| ၇ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၈ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၉ | နိုင်ငံတော်သမ္မတရုံး | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၁၀ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁၄ | ၁၂ | ၂ | ၈၅.၇၁% |
| ၁၂ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၆ | ၅ | ၁ | ၈၃.၃၃% |
| ၁၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၀၄ | ၈၅ | ၁၉ | ၈၁.၇၃% |
| ၁၄ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၄၄ | ၃၆ | ၈ | ၈၁.၈၂% |
| ၁၅ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၁၄ | ၁၁ | ၃ | ၇၈.၅၇% |
| ၁၆ | ပညာရေးဝန်ကြီးဌာန | ၁၄ | ၁၀ | ၄ | ၇၁.၄၃% |
| ၁၇ | ကာကွယ်ရေးဝန်ကြီးဌာန | ၃၀ | ၁၇ | ၁၃ | ၅၆.၆၇% |
| ၁၈ | စက်မှုဝန်ကြီးဌာန | ၂ | ၁ | ၁ | ၅၀.၀၀% |
| ၁၉ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၂ | ၁ | ၁ | ၅၀.၀၀% |
| ၂၀ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၄ | ၁ | ၃ | ၂၅.၀၀% |
| ၂၁ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၁ | ၀ | ၁ | ၀.၀၀% |
| ၂၂ | သမ္မတရုံးဝန်ကြီးဌာန | ၁ | ၀ | ၁ | ၀.၀၀% |
| | **စုစုပေါင်း** | **၃၀၄** | **၂၄၇** | **၅၇** | **၈၁.၂၅%** |

နောက်ဆက်တွဲ (ဏ)

## ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများမှ ပြန်ကြားစာရရှိမှု အခြေအနေ

| စဉ် | တိုင်း/ ပြည်နယ်အစိုးရ | ပေးပို့စာစောင်ရေ | ပြန်ကြားစာစောင်ရေ | လက်ကျန်စောင်ရေ | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ချင်းပြည်နယ် | ၂ | ၂ | ၀ | ၁၀၀.၀၀% |
| ၂ | မွန်ပြည်နယ် | ၁၁ | ၁၀ | ၁ | ၉၀.၉၁% |
| ၃ | မကွေးတိုင်းဒေသကြီး | ၈ | ၇ | ၁ | ၈၇.၅၀% |
| ၄ | ကချင်ပြည်နယ် | ၇ | ၆ | ၁ | ၈၅.၇၁% |
| ၅ | နေပြည်တော်ကောင်စီ | ၅ | ၄ | ၁ | ၈၀.၀၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃ | ၂ | ၁ | ၆၆.၆၇% |
| ၇ | ရန်ကုန်တိုင်းဒေသကြီး | ၇၂ | ၄၁ | ၃၁ | ၅၆.၉၄% |
| ၈ | မန္တလေးတိုင်းဒေသကြီး | ၃၂ | ၁၈ | ၁၄ | ၅၆.၂၅% |
| ၉ | ရခိုင်ပြည်နယ် | ၁၁ | ၆ | ၅ | ၅၄.၅၅% |
| ၁၀ | ရှမ်းပြည်နယ် | ၁၂ | ၆ | ၆ | ၅၀.၀၀% |
| ၁၁ | ပဲခူးတိုင်းဒေသကြီး | ၃၅ | ၁၆ | ၁၉ | ၄၅.၇၁% |
| ၁၂ | ဧရာဝတီတိုင်းဒေသကြီး | ၃၈ | ၁၇ | ၂၁ | ၄၄.၇၄% |
| ၁၃ | ကရင်ပြည်နယ် | ၅ | ၁ | ၄ | ၂၀.၀၀% |
| ၁၄ | ကယားပြည်နယ် | ၀ | ၀ | ၀ | ၀.၀၀% |
| **၁၅** | **စစ်ကိုင်းတိုင်းဒေသကြီး** | **၂၃** | **၀** | **၂၃** | **၀.၀၀%** |
| **စုစုပေါင်း** | | **၂၆၄** | **၁၃၆** | **၁၂၈** | **၅၁.၅၂%** |

နောက်ဆက်တွဲ (တ)

## အခြားဌာန၊ အဖွဲ့အစည်းများမှ ပြန်ကြားစာရရှိမှု အခြေအနေ

| စဉ် | အဖွဲ့အစည်းများ | ပေးပို့ | ပြန်ကြား | လက်ကျန် | ပြန်ကြားမှု% |
|---|---|---|---|---|---|
| ၁ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၆ | ၆ | ၀ | ၁၀၀.၀၀% |
| ၂ | မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း | ၄ | ၄ | ၀ | ၁၀၀.၀၀% |
| ၃ | လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ | ၂ | ၂ | ၀ | ၁၀၀.၀၀% |
| ၄ | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | ၂ | ၂ | ၀ | ၁၀၀.၀၀% |
| ၅ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂ | ၂ | ၀ | ၁၀၀.၀၀% |
| ၆ | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၇ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ | ၂ | ၂ | ၀ | ၁၀၀.၀၀% |
| ၈ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၉ | မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၁၀ | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၁၁ | ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | ၃ | ၃ | ၀ | ၁၀၀.၀၀% |
| ၁၃ | မီးသတ်ဦးစီးဌာန | ၂ | ၂ | ၀ | ၁၀၀.၀၀% |
| ၁၄ | အကျဉ်းဦးစီးဌာန | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၁၅ | မွန်ပြည်နယ်လွှတ်တော် | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၁၆ | ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ၅၈ | ၄၇ | ၁၁ | ၈၁.၀၃% |
| ၁၇ | ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ | ၃၁ | ၂၄ | ၇ | ၇၇.၄၂% |
| ၁၈ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | ၄ | ၃ | ၁ | ၇၅.၀၀% |
| ၁၉ | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် | ၄ | ၂ | ၂ | ၅၀.၀၀% |
| ၂၀ | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် | ၅ | ၂ | ၃ | ၄၀.၀၀% |
| ၂၁ | မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ | ၄ | ၁ | ၃ | ၂၅.၀၀% |
| ၂၂ | မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ | ၁၉ | ၄ | ၁၅ | ၂၁.၀၅% |
| ၂၃ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | ၁ | ၀ | ၁ | ၀.၀၀% |
| ၂၄ | ရခိုင်ပြည်နယ်တရားလွှတ်တော် | ၁ | ၀ | ၁ | ၀.၀၀% |
| ၂၅ | စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် | ၁ | ၀ | ၁ | ၀.၀၀% |
| | စုစုပေါင်း | ၁၅၈ | ၁၁၃ | ၄၅ | ၇၁.၅၂% |